www.burmeseclassic.com

မှုခင်းအန္တရာယ် ကြုံရင်ကာကွယ်နိုင်ကြစေဖို့

# မှုခင်းရှာဖော်

မှုခင်းနှင့်ရသစုံမဂ္ဂဇင်း

VOL (E) , N0 ( 42 ) ၂၀၁၄ ခုနှစ် ၊ အောက်တိုဘာလ



www.burmeseclassic.com

…ယ်မှန်မှုခင်းဝတ္ထုများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ကြစေရန် ရည်ရွယ်လျက်----
…ခင်းပညာပေးအစီအစဉ်အရ **ခွင့်ပြုချက်မြ-၀၃၈၂၈**ဖြင့် ရှထောင့်မှုခင်းနှင့်ရာဇဝတ်မဂ္ဂဇင်းအား လစဉ်လဆန်း (၁)ရက်နေ့တိုင်း ပုံမှန်ထုတ်ဝေပါသည်။

…ာက - ဦးတင်လှိုင် (ဝန်ကြီး-ငြိမ်း)
…ာကအဖွဲ့ ဝင်များ - ဦးစောငွေ (ဒုညွှန်ချုပ်-ငြိမ်း၊ အကျဉ်းဦးစီးဌာန)၊
ရဲမှူးချုပ်တင်ဝင်း (ငြိမ်း)၊ ရဲမှူးကြီးအောင်ဒိုင်း (ငြိမ်း)၊ ရဲမှူးကြီး မြင့်စိုး (ငြိမ်း)
…ဒအကြံပေးအဖွဲ့ - ဒုရဲမှူးကြီးဝင်းမြင့် (ငြိမ်း)၊ ဒုရဲမှူးကြီး ခင်မောင်ဝင်း (ငြိမ်း)၊ ဦးဘဝင်း (ဒုညွှန်မှူး-ထွေ/အုပ်(ငြိမ်း)၊
ဦးရဲထွန်း (လက်ထောက်ညွှန်မှူး-ဥပဒေ-ငြိမ်း)
…ကြံပေးလမ်းညွှန်မှု - ဒေါ်သက်ရီ (အကြံပေး-မြန်မာနိုင်ငံအမျိုး သမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)
…ယ်ဒီတာချုပ်/ထုတ်ဝေသူ - ဦးသက်နိုင်ဦး (အမှုဆောင်အရာရှိချုပ်)
…တိယအယ်ဒီတာချုပ်နှင့်တာဝန်ခံအယ်ဒီတာ -မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ (မြန်မာနိုင်ငံစာရေးဆရာအသင်း၊ တွဲဖက်အတွင်းရေးမှူး)
…ထွေထွေအုပ်ချုပ်ရေးမှူး- ဒေါ်ညိုညိုစိမ့် (ဒုတိယအမှုဆောင်အရာရှိချုပ်)
…ထွေထွေအကြံပေးအဖွဲ့ - ဦးမင်းဆွေ(AE ဆောက်လုပ်ရေး-ငြိမ်း)၊ ဗိုလ်ကြီးစိုးပိုင် (ငြိမ်း)၊ ဦးသိန်းဝင်း (ကြို့ပင်ကောက်)
…လုပ်ငန်းကြီးကြပ်ရေးမှူး - ဒေါ်တင်တင်အောင်
…က်အုပ်ချုပ်ရေးမှူး - ဦးငွေးနိုင်၊ ဦးအောင်ကျော်ဦး
…အဖွဲ့မှူး - ဒေါ်ခင်စန်းဝင်း၊ဒေါ်ဖြူဖြူလှိုင်
…င်းတာဝန်ခံ - စောဝဏ္ဏ
…လုပ်ငန်းအဖွဲ့ - ဦးတင်လင်းဦး၊ ဦးတင်ကြိုင်၊ ဒေါ်လှိုင်လေးဝင်း
…အုပ်ချုပ်အဖွဲ့ - ဦးတင်ဦး၊ ဦးမြင့်ဦးအဖွဲ့
…နှိပ် - စိန်နဂါးပုံနှိပ်တိုက်၊ (၀၃၀၃၇)၊ အမှတ်(၈၉)၊ (၅၆)လမ်းတို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
…ပုံးဖလင် - EAGLE COLOUR SEPARATION

## ရှထောင့်ဗီဒီယာအဖွဲ့၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဗီဒီယာရုံးခွဲများ

…အောင်မင်းအဖွဲ့(ရန်ကုန်တိုင်း)၊ ဦးအောင်ကျော်ဦးအဖွဲ့(ကချင်ပြည်နယ်)၊ ဦးခိုင်မင်းအဖွဲ့(နေပြည်တော်)၊ ဦးခင်ဇော်ဦးအဖွဲ့(ကရင်ပြည်နယ်)၊ ဦးသိန်းလှိုင်အဖွဲ့(မွန်ပြည်နယ်)၊ …သိန်းဇော်ဦးအဖွဲ့(မူဆယ်/ရှမ်းမြောက်)၊ ဦးစံဇာထီအောင်အဖွဲ့(လားရှိုး/ရှမ်းမြောက်)၊ ဦးမြင့်အောင်အဖွဲ့(ကယားပြည်နယ်)၊ ဦးဇော်ရှင်းအဖွဲ့(ပဲခူးတိုင်းဒေသကြီး-အရှေ့ပိုင်း)၊ …မှူးကြီးခင်မောင်ဝင်း (ငြိမ်း)အဖွဲ့(ပဲခူးတိုင်းဒေသကြီး-အနောက်ပိုင်း)၊ ဦးတင်စိုး/ဦးထွန်းအဖွဲ့(သာယာဝတီခရိုင်)၊ ဦးခင်မောင်ဝင်း/ဦးလှထူးအဖွဲ့(မကွေးတိုင်း)၊ ဦးညီညီဦးအဖွဲ့ …ဘားအံခရိုင်)၊ ဦးရွှေဝင်းအဖွဲ့(ပြည်ခရိုင်)၊ ဦးအောင်သန်းထွန်းနှင့် ဦးမျိုးဆွေဦးအဖွဲ့(ပြည်မြို့နယ်)၊ ဦးထွန်းမြင့်အဖွဲ့(ပန်းတောင်း/ဥက္ကစ်ဝင်)၊ ဦးလှထူးအဖွဲ့(အောင်လံ/ပြလို့)၊ …မျိုးသက်အောင်အဖွဲ့ (ဇီးကုန်း)၊ ဦးအောင်မြင့်/ဦးမြင့်အောင်အဖွဲ့ (ရွှေတောင်)၊ ဦးတင်ဝင်းအဖွဲ့ (ပုတီးကုန်း)၊ ဦးခင်သောင်း/ဦးစည်သူအောင်အဖွဲ့ (သဲကုန်း)၊ ဦးတင် …ဆင်ကြည်/ဦးဖိုးဇော်အဖွဲ့ (ပေါင်းတည်)၊ ဦးထွန်းဝေအဖွဲ့ (တံမ)၊ ဦးတင်ဝင်းအဖွဲ့ (အုတ်ဖို)၊ ဦးသိန်းလွင်အဖွဲ့ (နတ်တလင်း)၊ ဦးစိုင်းဇော်ဇော်အဖွဲ့ (အင်းမ/ဝက်ပုတ်)၊ …မောင်မောင်သိန်း/ဦးသက်ဝင်းအဖွဲ့ (မင်းလှ)၊ ဦးမြင့်လွင်အဖွဲ့ (သာပေါင်း)၊ ဦးအေးအောင်အဖွဲ့ (ပေါင်းတလည်)၊ ဦးထက်အောင်လှိုင်/ဦးသက်မြင့်ဝင်းအဖွဲ့ (လက်ပံတန်း)၊ …ဝင်းဇော်အဖွဲ့(မိုးညို)၊ ဦးမောင်မောင်စိုးအဖွဲ့(ဘုရားကြီး)၊ ဦးအောင်မျိုးဦးအဖွဲ့(ကျောက်တံခါး)၊ ဦးအောင်ဇော်မင်းအဖွဲ့(မြန်အောင်)၊ ဒုရဲမှူးတင်လှိုင်(ငြိမ်း)အဖွဲ့(ပေါက်ခေါင်း)၊ …ချစ်လှအဖွဲ့(ကြံခင်း)၊ ဦးစိုးမင်းအဖွဲ့(ဘက်ရဲ)၊ ဦးကျော်နိုင်ဦးအဖွဲ့(ကဝမြို့နယ်)၊ ဦးသန်းဝင်းအဖွဲ့(ဇလွန်)၊ ဦးလှရွှေအဖွဲ့(ကျောက်ပန်းတောင်း)၊ ဦးစိန်ဝင်းအဖွဲ့(ရေစကြို)၊ …မိုးအဖွဲ့(အရှေ့ပိုင်းခရိုင်/သာကေတ)၊ ဦးအောင်အောင်လွင်အဖွဲ့(မြစ်ကြီးနား)၊ ဦးထွန်းထွန်းမင်းအဖွဲ့(ပိုင်းဇော်)၊ ဒေါ်လှလှကြည်အဖွဲ့(မြောက်ပိုင်းခရိုင်-လှိုင်သာယာ-၁)၊ …တင်ထွန်းဦးအဖွဲ့ (မြောက်ပိုင်းခရိုင်-လှိုင်သာယာ-၂)၊ ဦးဝင်းလှိုင်အဖွဲ့ (ဒေါပုံ၁)၊ ဦးတင်လှိုင်အဖွဲ့ (ဒေါပုံ၂)၊ ဦးထိုက်နိုင်အဖွဲ့ (ရွှေပြည်သာ)၊ ဦးရင်သန်းအဖွဲ့ (ဥတ္တံ)၊ …ကျော်ငွေးအောင်အဖွဲ့(ပခုက္ကူ)၊ ဦးမောင်မောင်အဖွဲ့(သာကေတ-၂)၊ ဦးထွန်း/ဦးစိုးတင်မြင့်အဖွဲ့(ကြို့ဝင်တောတ်)၊ တိုမျိုးနှင့်အဖွဲ့(ဒဂုံဆိပ်ကမ်း)၊ ဝန်းချိုသန်းဝင်းအဖွဲ့(ကျောက် …ဦး)၊

## သတင်းနှင့်စာမူများပေးပို့ရန်လိပ်စာ

ရှထောင့်မှုခင်းနှင့်ရာဇဝတ်မဂ္ဂဇင်းရုံး သတင်းစုဆောင်းရေးရုံးခွဲ (၉၆)၊ မဟာသုခလမ်း ကျိုက်ကဲ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
PH: 01-297297, 01-9000017, FAX : 01-397164

www.burmeseclassic.com



# ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း၊ အောက်တိုဘာလထုတ် (၂၀၁၄)

## မာတိကာ


### ကဗျာရှုထောင့်

☆ မောင်ယဉ်မှူး ၈
☆ ဇော်နောင် ၉
☆ ရွှေညာသားမြတ်မင်း ၁၀
☆ မျိုးခိုင် (မူဆယ်) ၁၁

### ကာတွန်းရှုထောင့်

✿ ရွှေကိုဦး
✿ ဖွဲ့နေ
✿ ရန်ကြီးအောင်

### ဥပဒေရှုထောင့်

✣ မောင်ဉာဏ်ရှင် (ဥပဒေ) ၁၅

### ရှုထောင့်မှုခင်းဝတ္ထုတို/ရှည်

✹ သာစည်အောင်တင်
(ဩော် လောဘ--လောဘ) ၁၉
✹ လူရှိန်းအောင်
(ဖလင်မဖြုန်းနဲ့) ၂၃
✹ ကျော်စိုးသူ (ဥသျှစ်ပင်)
(မခန်းတဲ့မျက်ရည်) ၂၉
✹ ရွှေဘိုဘာမထီ ခင်အောင်
(သခင်မျိုးဟော့တို့ဗမာ) ၃၄
✹ ကျော်အေးရွှေ
(နှိမ်နင်းတားဆီးဖေကြီးသမီး) ၄၀
✹ ဆွေမြင့်သူ (ကြေး/မြေ)
(မှားပြီးရင်းမှားကလဲ့စား) ၄၅
✹ မောင်မောင်စိန်လင်း (နတ်မောက်)
(မာယာကျော့ကွင်း) ၅၅
✹ ကိုကိုလှ (ကမာမြေ)
(သံလျောင်ချိုင့်ဆီသို့) ၆၅
✹ သင်းသင်းလှိုင် (တပ်ကုန်း)
(လွဲမှားသောမေတ္တာ) ၆၉
✹ မောင်မောင် (ပိတောက်မြိုင်)
(လူသတ်ဓားပြ) ၇၃
✹ မောင်မျိုးသက်
(တားမရဆီးမရ) ၈၀
✹ အောင်မင်း (ယက္ကန်းမြေ)
(နှစ်ပါးဂဟေဆက်ဖို့) ၈၅


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com




- ကျော်သန်းစံ
  (နာမည်ကြီးလူဆိုးမြတ်စံ) ၉၅
- ဦးခင်ဇော် (မရမ်းကုန်း)
  (ကလေးသူငယ်များနှင့်လောကပါလ) ၁၀၀
- ဇေယျရွှေ (မော်လမြိုင်)
  (မသူတော်မောင်ကျော်နှင့်-----) ၁၁၀

### ဘာသာပြန်ဝတ္ထု

- စိန်ဝင်းမော်
  (ရှော့ခ်ဘုရင် (သို့မဟုတ်)မှူးယစ်ဆေးဝါး) ၁၂၁

### ရသဝတ္ထု

- အောင်ဆင့်
  (၂က/နှစ်ထောင်ကျော်) ၁၃၅

### ရှုထောင့်ဆောင်းပါး

- ဆုးသစ်
  (ကိုယ်လျှောက်ခဲ့တဲ့လမ်း) ၁၄၃

### နှလုံးသားရှုထောင့်ကဏ္ဍ

- လူထက်မင်းဝေ
  (အမြစ်တွယ်နေတဲ့အဖြည့်ခံပုံပြင်) ၁၄၇
- တာဝန်ခံအယ်ဒီတာသုံးသပ်ချက် ၁၅၇

### ရှုထောင့်ဖြောင့်ချက်နှလုံးသားကဏ္ဍ

- ဟန်နီ (တောင်ကြီး)
  (လွမ်းသမျှအပူတို့ငြိမ်းပါစေ) ၁၅[illegible]

### ရှုထောင့်ရုပ်ရှင်ကဏ္ဍ

- ကျော်ဇောဟိန်း (ဒေါပုံ)
  (မော်ဒန်ရာဇဝင်) ၁၆၅
- ခိုင်စင်သန့်
  (ခြံအမှတ်-၅၂) ၁၆၈

### စာအုပ်စင်ရှုထောင့်

- ကိုကြီးထူး ၁၇၁

### ရှုထောင့်ဗေဒင်ကဏ္ဍ

- တက္ကသိုလ်စိုးမိုးနိုင် ၁၇၄






www.burmeseclassic.com

www.burmeseclassic.com



# "ရစ်ထန့်ခြင်း"

ဓောင်ထဥ်မှူး



✿ မပြည့်ခင်က
အစဉ်ဖြည့်ဆည်း ပြည့်ဝ၏။

✿ မသိခင်က
အစဉ်ကြိုးစားရင့်ကျက်၏။

✿ မတတ်ခင်က
အစဉ်ဆည်းပူး တိုးတက်၏။

✿ တတ်ပြီထင်သည်
ဤတွင် ရပ်တန့်သွားလေသတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



# "သံသရာခရီးသည်

ဇော်နောင်

❑ သံသရာခရီးလမ်းမှာဖြင့်
လူ့ဘဝကို သင်ဖြတ်သန်းချိန်၌
လျှောက်လှမ်းရာ ခြေတစ်လှမ်း
ကုဋေတစ်သန်းမက တန်ပါစေ။

❑ လူ့ဘဝ
ရခဲရာ သည်စခန်းဆီက
ဘယ်ရပ်ဘယ်ဆီမြန်းချင်သတုန်း
စိတ်အကြံ နိဗ္ဗာန်လမ်းဆီလည်း
လှမ်းလျှောက်နိုင်ပေ။

❑ ခြေလှမ်းတိုင်းမှာ
ဒါန, သီလ, ဘာဝနာ
တစ်ခုခုပါ ပါစေ
လှမ်းပါလေ အမှန်စခန်း။



❑ အခွင့်သာအခါကောင်းမှာဖြင့်
လွတ်ကြောင်းကိုရည်ရွယ်လို့
ကာမနယ်အမှောင်ဖုံးလေတဲ့
အဝိဇ္ဇာ သည်နှောင်ကုန်းဆီက
ရုန်းထွက်ကြစမ်း။ ။



www.burmeseclassic.com

www.burmeseclassic.com



# “အသိနှင့်ထုဦ”

ရွှေညာသားမြတ်ခင်း



✻ အနိစ္စ ဒုက္ခ၊ အနတ္တကို
ဉာဏ်မှထင်စွာ၊ မရှုပါလျှင်
လူရွာလူသား၊ လူအများတို့
တရားမရ၊ မှားတတ်စွ။

✻ ဣဋ္ဌာရုံလှ၊ တွေ့ကြုံကြစဉ်
ကာမတဏှာ၊ တပ်မက်စွာဖြင့်
သာယာမူးမေ့ ‘ယင်’သို့ မွေ့။

✻ အနိဋ္ဌာရုံ၊ ကိုယ်တွေ့ကြုံလျှင်
တုန်လှုပ်ချောက်ချား၊ ပူမီးပွား၍
တရားလက်လွှတ် ‘ငှက်’တောင်ကျွတ်။

✻ ဩော်....
မြင်မြင်သမျှ၊ အနိစ္စကို
ဒုက္ခထင်ကာ၊ ရှုမှတ်ကြလျှင်
သူငါအစွဲ၊ ရှောင်ဖယ်လွှဲ၍
ရင်ထဲငြိမ်းအေး၊ ပူဆွေးမဖက်
ဖြစ်ပျက်အစဉ်၊ သိအမြင်ကြောင့်
ကျင်လည်နေကြ၊ ဝဋ်ဒုက္ခမှ
မုချကင်းစင်၊ နိဗ္ဗူခွင်သို့
ကြိုတင် မဂ်ပန်း ကြိုင်စေသည်။
ခိုဝင်တက်လှမ်း နိုင်ပေမည်။ ။



www.burmeseclassic.com

www.burmeseclassic.com



# "ချိန်းတဲ့ည"

မျိုးခိုင် (မူဆယ်)

❑ လသာတဲ့ညအခါမှာ
ခဏတာချိန်းတွေ့
ထွေးပွေ့ယုဖွဖွနမ်း
ချမ်းမြကြည်မွေ့။



❑ တစ်ယောက်ရဲ့မျက်နှာ
သေချာစွာ စေ့စေ့ကြည့်
ရင်ခုန်နှုန်းလုံးသား
အပြုံးများပီတိ။

❑ သိပ်ချစ်တဲ့စကားတွေ
နားမနေဖောင်ဖွဲ့
ပြောမဆုံးပေါင် တောသုံးတောင်
ဒီမောင်ချစ်ခဲ့။

❑ အကြင်နာယုယ
ပြသမျှရင်ခုန်မြန်၊
ချစ်သက်သေတစ်သက်မခွဲ
လက်တွဲဖို့ မိဋ္ဌာန်။

❑ ခွဲခွာနီးအချိန်တန်
အိမ်အပြန်ဝမ်းနည်း၊
ကျွမ်းအခက်ဝေ သာဓက
နှမ်းရက်ရှည်ကြာသမျှ
အလွမ်းမျက်ရည်ဖြာကျ
နာရအသည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှယောင့်




www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေရေးရာအမေးအဖြေ

မောင်ဉာဏ်ရှင် (ဥပဒေ)

**မေး။** ဆရာ့ကိုတစ်ခုမေးပါရစေ။ ကျွန်တော်က တောကပါ။ ကျွန်တော်ငယ်ငယ်က အဘိုး၊ အဘွားများက ရှင်ပြုပေးတယ်။ ရှင်ပြုပေးတုန်းက ကျွန်တော့်အဘိုးရဲ့ အဖေ၊ အမေများ လက်ထက်ကတည်းက လုပ်ထားတဲ့ ရွှေကြယ်သီးတစ်စုံကို အဘိုးနဲ့အဘွားက ကျွန်တော့်ကို လက်ဖွဲ့ခဲ့တယ်။ အဘိုး၊ အဘွားများဆုံးတော့ ကျွန်တော် တောင်းတယ်။ အဘိုး၊ အဘွားအိမ်မှာ အတူနေခဲ့တဲ့ ဦးလေးက မပေးပါဘူး။ အဲဒီလိုမပေးဘဲ နေလို့ရသလား ဖြေကြားပေးပါဆရာ။

**မောင်သန်းဆောင်၊ နတ်မောက်မြို့။**

**ဖြေ။** မြန်မာဓလေ့ထုံးတမ်းမှာ မိဘ ဒါမှမဟုတ် အဘိုး၊ အဘွားက သားသမီး၊ မြေးများကို ပုခက်တင်တဲ့အခါ ခေါင်းရိတ်တဲ့အခါ၊ နားထွင်းတဲ့အခါ၊ ရှင်ပြုတဲ့အခါ၊ ထိမ်းမြားတဲ့အခါ ပေးကမ်းလက်ဖွဲ့လေ့ရှိတယ်။ ပေးကမ်းလက်ဖွဲ့တဲ့အခါမှာလည်း မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်း၊ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းဆိုတာလည်းရှိတယ်။ နောက်ပြီး ဒီလို ပေးကမ်းလက်ဖွဲ့တဲ့အခါ လက်ရောက်ပေးအပ်မှု၊ မပေးအပ်မှုဆိုတာလည်းရှိတယ်။

ဓမ္မသတ်များအရ အဘိုးအဘွားတို့က မြေးများကို ရှင်ပြုချိန်ပေးကမ်းလက်ဖွဲ့တဲ့ ပစ္စည်းနဲ့ပတ်သက်ပြီး လက်ရောက်ပေးအပ်ရန်မလိုဘူး။ ပေးကမ်းခြင်း၊ ခိုင်မာတည်မြဲတယ်လို့ဆိုတယ်။ အဘိုးအဘွားများက မြေးများအား ပေးကမ်းလက်ဖွဲ့တဲ့ပစ္စည်းကို အဘိုးအဘွားများ အသက်ရှင်နေစဉ်တွင် ပစ္စည်းရတဲ့ မြေးက အခွင့်အရေးတစ်ရပ်အနေနဲ့ တောင်းဆိုပိုင်ခွင့်မရှိဘူး။ အဘိုးအဘွားများ၏ ဆန္ဒအတိုင်း အဲဒီပစ္စည်းကို ပေးလိုကပေးထား၊ မပေးလိုကလည်း နေနိုင်တယ်။

တကယ်တော့ အဘိုးအဘွားက မြေးများအား မင်္ဂလာအခမ်းအနားတစ်ခုခုမှာ ပစ္စည်းတစ်စုံတစ်ရာ ပေးကမ်းလက်ဖွဲ့ခြင်းဆိုတာ စင်စစ်မှာ အမွေပေးနည်းတစ်ရပ်ဖြစ်တယ်။ ဘိုးဘွားများ သေဆုံးတဲ့အခါ မြေးများအနေနဲ့ သူတို့ရဲ့ ဦးကြီး၊ ဦးလေးအစရှိတဲ့ သူတို့နဲ့ ယှဉ်ပြိုင်၍ အမွေခွဲတဲ့နေရာမှာ မနစ်နာစေရန်ဖြစ်တယ်။ ဘိုးဘွားများက ပေးကမ်းလက်ဖွဲ့ထားတဲ့ ပစ္စည်းကို လက်ရောက်မပေးကမ်းသေးဘဲ ဘိုးဘွားလက်ဝယ်ရှိနေတယ်ဆိုရင် အဘိုးအဘွားများ သေဆုံးချိန်မှာ ရပိုင်ခွင့်ရှိပါတယ်။ အခု မောင်သန်းဆောင် အဘိုးအဘွားများမရှိတော့ဘူးဆိုတော့ ရှင်ပြုစဉ်က

www.burmeseclassic.com



မောင်သန်းဆောင်ကို ပေးကမ်းလက်ဖွဲ့ထားခဲ့တဲ့ ရွှေကြယ်သီးတစ်စုံကို မောင်သန်းဆောင် ရခွင့်ရှိပါကြောင်း ဖြေကြား
လိုက်ရပါတယ်။

**မေး။** ဗုဒ္ဓဘာသာမြန်မာလူမျိုးများ ထိမ်းမြားလက်ထပ်ခြင်းဟာ ဘာသာရေးနဲ့ သက်ဆိုင်ပါသလား။ လူမှုရေ
သက်သက်ပဲ ဖြစ်ပါသလား ဖြေကြားပေးပါဆရာ။

**မနှင်း၊ ဗိုလ်ထထောင်**

ဖြေ။ ဗုဒ္ဓဘာသာတရားတော်ဟာ လူ့လောကီဘုံမှ လွတ်မြောက်အောင် ရှာဖွေတဲ့တရားတော်ဖြစ်တယ်။ မြန်မ
လူမျိုးတို့ရဲ့ လက်ထပ်ထိမ်းမြားရေးဟာ လူ့လောကီမှ လွတ်မြောက်အောင်လုပ်ကိုင်တဲ့ လုပ်ငန်းမဟုတ်ဘူး။ ယနေ့
တည်ရှိနေတဲ့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ယောကျ်ားနဲ့မိန်းမတို့ ထိမ်းမြားလက်ထပ်ခြင်းဟာ အကြင်လင်မယား
အဖြစ် ပေါင်းသင်းပြီး လူ့လောကီ၌ နေထိုင်ရန် ရည်ရွယ်လက်ထပ်ကြခြင်းသာ ဖြစ်တယ်။ ဒါကြောင့် လက်ထ
ထိမ်းမြားခြင်းဟာ ဘာသာရေးနဲ့လုံးဝမသက်ဆိုင်ဘဲ လောကီရေးသက်သက်သာဖြစ်တယ်။ မြန်မာ့ဓလေ့ ထုံးတမ်းအ
ထိမ်းမြားလက်ထပ်ခြင်းဟာ ဟိန္ဒူဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များနဲ့ မတူဘူး။ ၄င်းတို့ရဲ့ လက်ထပ်ထိမ်းမြ
ခြင်းဟာ ဘာသာရေးအခမ်းအနားတစ်ရပ် ဖြစ်တယ်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ရဲ့ ထိမ်းမြားမှုဟာ လူမှုရေးသက်သက်သာဖြစ်ကြောင်းကို ၁၉၆၅ခုနှစ် တရား
ကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးချစ်နဲ့ တရားသူကြီး ဦးစိန်သင်းတို့က မောင်ကိုကြီးနဲ့ ဒေါ်အုန်း
စီရင်ထုံးမှာ "ယဉ်ကျေးသော မည်သည့်နိုင်ငံတွင်မဆို ထိမ်းမြားလက်ထပ်ခြင်း၊ အိမ်ထောင်တည်ဆောက်ခြင်း စသ
တို့ကို ကုန်ရောင်းကုန်ဝယ် ဆက်ဆံကူးလူးခြင်းနှင့် အတူမထားကြပေ။ သိမ်မွေ့၍ အရေးကြီးသော လူမှုရေးတစ်
အရ လက်ခံကျင့်သုံးကြသည်"လို့ ဖော်ပြထားတာ တွေ့ရတယ်။

အဲဒီလို အလားတူပဲ ဦးသန်းငွေနဲ့ မခင်ရီ စီရင်ထုံးမှာလည်း "လက်ထပ်ထိမ်းမြားအိမ်ထောင်တည်
သည် ဘာသာရေးကိစ္စမဟုတ်။ လူမှုရေးကိစ္စဖြစ်ကြောင်း၊ ကျွန်ုပ်တို့နိုင်ငံ၌ အမွန်ရှည်စွာ လက်ခံကျင့်သုံးခဲ့ကြသည်
ဟု ဆုံးဖြတ်ထားတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ရဲ့ ထိမ်းမြားလက်ထပ်ရေးဟာ ဘာသာရေးနဲ့မဆိုင်ဘဲ လူမှုရေး
သက်သာဖြစ်ကြောင်း ဖြေကြားလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**မေး။** မြန်မာ့ဓလေ့ထုံးတမ်းအရ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ လက်ထပ်ထိမ်းမြားရင် အခမ်းအနား လို/မလို ဖြေကြားပေးပါ ဆရာ။

**မောင်သက်နိုင်၊ ကြည့်မြင်တိုင်မြို့နယ်။**

ဖြေ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ထိမ်းမြားလက်ထပ်ရမှာ တရားဝင်စေရန် အခမ်းအနားမလိုဘူး။ လက်ထပ်ထိမ်းမြားခြင်း ထင်ရှားအောင် လူအများရှေ့၌ လင်မယားဖြစ်တယ်လို့ အသိအမှတ်ပြုနိုင်လောက်အောင် နေထိုင်ကြလျှင် အကြင်လင်မယားအရာ မြောက်တယ်လို့ဆိုတယ်။ အဓိကကတော့ ကာယကံရှင်နှစ်ဦးရဲ့ သဘောတူညီမှုဟာ အလွန်အရေးကြီးပါတယ်။

ဥပမာအားဖြင့် တစ်အိမ်တည်း အကြင်လင်မယားအဖြစ် အတူနေထိုင်ခြင်း၊ အတူတကွ ဘုရားကျောင်းသွားခြင်း၊ အလှူမင်္ဂလာဆောင်သွားခြင်း စတာတွေဟာ အကြင်လင်မယားဖြစ်မြောက်စေတဲ့ အချက်တွေပဲဖြစ်တယ်။

လက်ထပ်ထိမ်းမြားတဲ့အခါ မင်္ဂလာအခမ်းအနား အကျွေးအမွေးများဖြင့် ငွေကြေးအလိုက် ညှိခံလေ့ရှိတယ်။ အိမ်ထောင်ကြီးများနဲ့အသက်ကြီးမှ အိမ်ထောင်ကျသူများဟာ ဘုန်းကြီးဆွမ်းကျွေးခြင်း၊ ဆွေမျိုးရင်းချာများတို ကျွေးမွေးခြင်းစတဲ့ နည်းများနဲ့ အကြင်လင်မယားဖြစ်ကြောင်းကို လူအများရဲ့ အသိအမှတ်ပြုခြင်း ခံယူလေ့ရှိကြတယ်။ ဒီလိုအခမ်းအနားပြုလုပ်ပြီး ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ကြားကျွေးမွေးကြခြင်းဟာ ဓလေ့ထုံးစံပင်ဖြစ်နေပါပြီ။ အမှန်ကတော့ ထိမ်းမြားလက်ထပ်တဲ့အခါ အခမ်းအနား မလိုပါကြောင်း ဖြေကြားလိုက်ရပါတယ်။

**မေး။** ဆရာ နိုင်ငံခြားသားများ မြန်မာပြည်အတွင်း နေထိုင်နေရင်း ပြစ်မှုကျူးလွန်ရင် မြန်မာနိုင်ငံဥပဒေနဲ့ အရေးယူလို့ ရပါသလား ဆရာ၊ ဖြေကြားပေးပါဆရာ။

**ဦးခင်းထက်အောင်၊ ဗထန်းမြို့နယ်**

ဖြေ။ မြန်မာနိုင်ငံဥပဒေနဲ့ အရေးယူလို့ရပါတယ်။ မြန်မာပြည်အတွင်းနေထိုင်သူ အားလုံးဟာ မြန်မာနိုင်ငံအစိုးရက သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေကို လိုက်နာရပါတယ်။ မြန်မာပြည်အတွင်း နေထိုင်နေသမျှကာလပတ်လုံး ပြစ်မှုဆိုင်ရာ ဥပဒေနဲ့ သက်ဆိုင်နေပါတယ်။

ဒါပေမယ့် သံတမန်များကိုတော့ သံတမန်အခွင့်အရေးအရလည်းကောင်း၊ နိုင်ငံတကာ အခွင့်အရေးအရလည်းကောင်း ကင်းလွတ်ခွင့်ပေးထားတဲ့ကိစ္စများ ရှိပါတယ်။ အဲဒါကြောင့် သံတမန်အခွင့်အရေးရတဲ့ သံတမန်အမှုထမ်း၊ အရာထမ်းများကို ကင်းလွတ်ခွင့်ပေးထားတဲ့အတွက် မြန်မာနိုင်ငံအစိုးရက အရေးယူလို့ မရပါဘူး။ သက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရာ နိုင်ငံကို အကြောင်းကြားပြီး အဲဒီနိုင်ငံက သူတို့ရဲ့ဥပဒေများအရ လိုအပ်သလိုအရေးယူနိုင်ပါကြောင်း ဖြေကြား လိုက်ရပါတယ်။

**မေး။** ဆရာ မယားခိုးမှုဆိုတာ လင်ရှိမယားတစ်ယောက်ကို ခိုးယူပေါင်းသင်းတာလို့တော့ အကြမ်းဖျင်းသိပါတယ်။ ဘယ်လိုအချက်အလက်နဲ့ ပြည့်စုံရင် မယားခိုးမှု မြောက်ပါသလဲ။ မယားခိုးမှုကို ကျူးလွန်ရင် ဘယ်လောက်အထိ အပြစ်ပေးနိုင်သလဲ ဖြေကြားပေးပါဆရာ။

**ဇောင်ခိုင်မြင့်၊ သာကေတမြို့နယ်။**

ဖြေ။ မယားခိုးမှုကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇အရ အရေးယူပြီး ထောင်ဒဏ်ကတော့ ငါးနှစ်အထိဖြစ်စေ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်တယ်။ ပုဒ်မ ၄၉၇ဟာ ရဲအရေးမပိုင်တဲ့အတွက် ရဲစခန်းမှာ အမှု ဖွင့် မတိုင်ကြားနိုင်ပါဘူး။ တရားရုံးမှာ ဦးတိုက်လျှောက်ထားရမှာ ဖြစ်တယ်။

မယားခိုးမှုဆိုတာက သူတစ်ပါးရဲ့ လင်ရှိမယားကို ခိုးယူပေါင်းသင်းရင် ဒါမှမဟုတ် ကာမစပ်ယှက်ရင် မယား ခိုးမှုမြောက်တယ်။ အဓိကအားဖြင့် ဘယ်သူမဆို–

(၁) လင်ရှိမယားတစ်ယောက်ကို ကာမစပ်ယှက်ခြင်းပြုရင်၊

(၂) အမျိုးသမီးကို အခြားသူတစ်ယောက်ရဲ့ မယားဖြစ်မှန်းသိရင်၊ မယားဖြစ်မှန်း ယုံကြည်ရန် အ ကြောင်းရှိရင်၊

(၃) အမျိုးသမီးရဲ့ လင်ယောကျ်ားက သဘောမတူရင်၊

(၄) ကာမစပ်ယှက်ခြင်း၊ ပေါင်းသင်းဆက်ဆံခြင်းတို့ကို ကျူးလွန်ရင် ကျူးလွန်သူဟာ မယားခိုးမှု ကျူးလွန်ရာရောက်တယ်။

အထူးမှတ်သားရမှာက လင်ယောကျ်ားရှိတဲ့ အမျိုးသမီးက သဘောတူသည့်တိုင်အောင် မယားခိုးမှုမြောက် တယ်။ တကယ်လို့ အဲဒီအမျိုးသမီးက သဘောမတူဘဲ ကာမစပ်ယှက်ရင် မယားခိုးမှုမမြောက်ဘဲ မုဒိမ်းမှုမြောက်နိုင် ပါကြောင်း ဖြေကြားလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဪ ...
# လောဘ လောဘ

သာစည်-အောင်တင်



www.burmeseclassic.com

www.burmeseclassic.com



**"ဩော် ...**

**ယောဒ ... ယောဒ"**

**ဘာစည်-အောင်တင်**

(၁)

"ဆရာလေး ဒေါ်သီ ရီ" နေ့ဆွမ်းအပြီး ကျောင်းရှေ့မန်ကျည်းပင်အောက်က ကွပ်ပျစ်မှာ အေးအေးလူလူ ပြောင်းဖူးဖက် ဆေးလိပ်တစ်လိပ်ကို ဖွာနေတုန်းမှာ စာပို့သမားတစ်ယောက်က ကြေးနန်းစာလာပို့၍ ဖောက်ဖတ်တဲ့အခါမှာတော့ ....

"အမေ သမီး ကလေး ပျက်ကျလို့ ဆေးရုံတက်နေရပါတယ်။ အမေ့မြေးနှစ်ယောက်နဲ့ ကိုပြား တစ်ယောက်တည်း ဘယ်လိုမှ မဖြစ်လို့ပါ။ ဆိုက်ကားတလဲ နေ့တိုင်းထွက်မှာဖြစ်မှာ။ မထွက်ရင် အုံနာက ဆိုက်ကားပြန်သိမ်းမှာ။ ဒါကြောင့်မို့လို့ ခေတ္တခဏလောက် အိမ်ပြန်လာခဲ့ပါဦး"

မအေး

xxxx

အဲဒီ ကြေးနန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ

"အင်း ... ဒုက္ခ ... ဒုက္ခ သံယောဇဉ် မီးတွေပါလား"

"အေးလေ သင်းတို့တတွေ ဒုက္ခပင်လယ်ဝေနေတုန်းမယ် မသွားလို့တော့ဖြင့် မတော်လေဘူး။ ခဏလောက်တော့ ပြန်လိုက်ဦးမှပါပဲလေ။ မပြန်လာလဲ တစ်နှစ်ကျော်လောက်ရှိနေပြီကပဲ"

ဒီလိုနဲ့ ဒေါ်သီရီ တစ်ယောက် ကမန်းကတန်း ဘူတာသို့ မီးရထားလက်မှတ်တစ်စောင်ဝယ်ပြီး တွဲပေါ်ကို တက်လိုက်တယ်ဆိုရင်ပဲ တစ်တွဲလုံး ထိုင်ခုံအပြည့် လူအပြည့် ...

(၂)

"တွဲပေါ်မယ်"

လူရွယ်တစ်ယောက် ပြုံးတိပြုံးကြောင်နဲ့ ဂနာမငြိမ်ထိုင်နေပြီး သူ့ဘေးမှာ သေတ္တာတစ်လုံးကိုလည်း တင်ထားတာကို ဒေါ်သီရီ တွေ့လိုက်ရတယ်ဆိုရင်ပဲ သွားတဲ့ပြီးမှ-

"ဒကာလေး ဒီသေတ္တာကို ခုံအောက်သွင်းပြီး ဆရာလေးပါ ထိုင်လို့ ရနိုင်မလား"

အဲသလို မေးလိုက်တယ်ဆိုရင်ပဲ ပြုံးပြုံးပျာပျာနဲ့

"ခင်ဗျာ ... ဗျာ ... ဩော် အင်း .. အင်း ရပါတယ်ဗျ၊ ရပါတယ်ခင်ဗျာ"

ဒီလိုမျိုး ဗလုံးဗထွေး ပြောရင်း သေတ္တာကို အတူမချလို့ ခုံအောက်သွင်းလိုက်ပါတယ်။

ဒီလိုနဲ့ ဒေါ်သီရီလည်း ထိုင်စရာနေရာရပြီး မောမောနဲ့ မှိန်းလိုက်တာ နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်ပျော်လို့ သွားလေတော့တယ်။ မီး ရထားကြီးကလည်း တစ်ဘူတာပြီး တစ်ဘူတာ၊ တစ်မြို့ပြီး တစ်မြို့နဲ့ ကျော်လို့ဖြတ်လို့ လာခဲ့လေရာက-

ပဲခူးဘူတာ ...

ဒီမှာတင် ရှာဖွေရေး အဖွဲ့တစ်ဖွဲ့ တွဲပေါ်ကိုအုံလိုက်ကျင်းလိုက် တက်လို့ လာခဲ့လေပါတော့တယ်။ ဆရာလေး ဒေါ်သီရီလည်း အိပ်ရာထနိုးလာပြီး ကြည့်လိုက်တဲ့အခါမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့တာ သူ့ဘေးကလူရှယ်လည်း ရှိတော့ပါဘူး။ ပျောက်ချင်းမလှ ပျောက်သွားပါလေတော့တယ်။

ရှာဖွေရေး အဖွဲ့ဝင်တစ်ယောက် ....

ဒေါ်သီရိ အနီးကို ရောက်လာခဲ့လေရာက ဟိုဟိုဒီဒီကြည့်ပြီး နံ့အောက်မှ သေတ္တာကို တွေ့တယ်ဆိုရင်ပဲ

"ဆရာလေး ဒီ သေတ္တာက ဆရာလေးသေတ္တာလား"

ဒီလို မေးလိုက်တယ် ဆိုရင်ပဲ

"ဒေါ်သီရိ"

"အင်း ... ဟိုလူရှယ်လဲ မရှိတော့ဘူး။ သေတ္တာထဲ ဘယ်လို အဖိုးတန်ပစ္စည်းတွေပါလဲမသိဘူး။ အင်းလေ ငါ့ သေတ္တာလို့ပဲ ဖြေလိုက်တာ ကောင်းပါတယ်။ ဒါမှ သမီးတို့အတွက်လဲ အစစအရာရာ အဆင်ပြေသွားမှာပဲလေ"

"အဲသလိုမျိုး အတွေးတွေ ရှုပ်ယှက်ခတ်နေလေတော့ကာ ရှာဖွေရေးတာဝန်ရှိသူက–


"ဆရာလေး ဒီ သေတ္တာ ဆရာလေးဟာလား ခင်ဗျာ"

ဒီလို ထပ်ဆင့်ပြီး မေးလိုက်တယ်ဆိုရင်ပဲ

"ဪ .... အင်း .. အင်း ဟုတ်ပါတယ် ဒကာ ဟုတ်ပါတယ်"

ဒီလို ပြောဆိုလိုက်တဲ့အခါမှာတော့

"ဒါဖြင့်ရင် သေတ္တာသော့



www.burmeseclassic.com



**"ခုတ်ထစ်ပိုင်းဖြတ်ထားတဲ့ မိန်းမပျိုကလေးရဲ့ အလောင်းတစ်လောင်းကို တွေ့ကြမြင်ကြရလို့ပါပဲ။ တကယ့်ကို မြင်မကောင်း၊ ကြည့်မကောင်း၊ ရှုမကောင်းတဲ့ အနိဋ္ဌာရုံ မြင်ကွင်းတစ်ခု ဖြစ်နေလို့ပါ---"**

ပေးပါဆရာလေးဖွင့်ကြည့်ရအောင်"

"ဟိုက်"

"ဒါမှခက်ပြီ။ ငါ့ သေတ္တာမှ မဟုတ်ဘဲ ဘယ်မှာသော့ရှိပါ့မလဲ"

ဒီလိုမျိုး အတွေးဝင် စဉ်းစားမိပြီးနောက်

"အဲ .. အဲ ကမန်းကတန်းနဲ့ သော့မေ့ကျန်ရစ်ခဲ့တယ် ကွယ်"

"ဒါဖြင့်ရင် တပည့်တော်တို့ ဖြစ်တဲ့နည်းနဲ့ ဖွင့်တော့မယ်နော်။ တာဝန်အရပါ။ စိတ်မဆိုးပါနဲ့နော် ဆရာလေး"

"မဆိုးပါဘူးကွယ်၊ ဖွင့်ပါ ဖွင့်ကြပါ"

သေတ္တာကို ဖွင့်လိုက်တဲ့ အခါ

"အမယ်လေးဗျာ"

"ဟာ"

"အမယ်လေးတော့်"

"ကြောက်စရာကြီးပါလား"

ရှာဖွေရေး အဖွဲ့ဝင်များ တွဲပေါ်က ခရီးသည်များအားလုံး အားလုံး အံ့သြထိတ်လန့် တုန်လှုပ်လို့သွားကြတာကတော့ ပြီးရင်

"သေတ္တာ အတွင်းမှာက"

ခုတ်ထစ်ပိုင်းဖြတ်ထားတဲ့ မိန်းမပျိုကလေးရဲ့ အလောင်း တစ်လောင်းကို တွေ့ကြမြင်ကြရလို့ပါပဲ။ တကယ့်ကို မြင်မကောင်း၊ ကြည့်မကောင်း၊ ရှုမကောင်းတဲ့ အနိဋ္ဌာရုံ မြင်ကွင်းတစ်ခု ဖြစ်နေလို့ပါ။

"ဒေါ်သီရိ"

ချုံးပွဲ ကျလို့ ငိုပါတော့တယ်။ ပါးစပ်ကလဲ

"ဩော် ... လောဘ ... လောဘ"

"ဒီလိုမျိုးပဲ ဆိုနေရလေတော့တာပါ"

"တိုင်း ... ကိုင်း ဆရာလေး ရဲစခန်းကိုသာ လိုက်ခဲ့ပါတော့ဗျာ"

"သီလရှင်က လူသတ်ပြီး အလောင်းဖျောက်တာတဲ့"

"အသတ်ခံရတာက မိန်းမပျိုလေးတဲ့"

"ဘူတာတစ်ခွင်မယ် လူတွေက အုံးအုံးကျွက်ကျွက်နဲ့ ထင်မြင်ချက်တွေ ပေးနေကြလေတော့တာပါ။ မီးရထားကြီးကတော့ဖြင့်ရင် ရန်ကုန်ကို ဆက်လက်ထွက်ခွာသွားပါလေပြီ .....

**သာစည်–အောင်ဖေး**

www.burmeseclassic.com




"မြရင်ရေ ... ဝေး ... မြရင်"

ကိုရီးယား စတားတွေကို အားပေးဖို့ ခတ်ကွင်းပြင်နေသော ဒေါ်မြရင် တွန့်ခနဲဖြစ်သွားတယ်။ အောက်စက်သည် ပါးစပ်ကြီးပွင့်လျက်။ ဟတ်ကော့ကြီး။ ရမှ ( Remove )ကိုင်ကာ ....

"ရှင် .... ဘကြီး"

"နင့်လင်နဲ့ နင့်သား အရက်ဆိုင်မှာ နပန်းသတ်နေကြတယ်ဟ"

"ဩော် ... ဟုတ်လား"

"ခြေလွန် လက်လွန်မဖြစ်ခင် သွားလိုက်ဦးဟဲ့"

လတ်ဆတ်ပူနွေးသော သတင်းတစ်ပုဒ်ကို သက်ဆိုင်ရာသို့ လက်တို့ကာ အဘမှတ်ကြီး ထွက်သွားလေပြီ။ နင့်လင်နဲ့ နင့်သားဆိုတော့ ဆွေမျိုးစပ်ကြည့်ရင် သားအဖလို့ ဂရန်ပေါက်နေတာလေ။

အဖေနဲ့သား နောင်ကျိန်းပလေးတဲ့ ကိစ္စဟာ အကြောင်းမသိတဲ့ သူစိမ်းတွေအတွက်တော့ သတင်းဆန်းကြီးဥစ္စာ။ သက်ဆိုင်သူ ဒေါ်မြရင်ကတော့ ရင်မခုန်ပါဘူး။ ကိုရီးယားကားကို ဆက်ပြီး အားပေးနေတော့တာ။

ကိုရီးယား စတားတွေကို သနားနေတုန်းမှာပဲ ယမကာ ရနံ့သင်းသော ခြေသံများက အိမ်ပေါ်သို့ ပေါက်ခနဲရောက်လာပါတယ်။ ဒေါ်သသံတွေက ဩော်လို့ကောင်းဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်းကို စုတ်ပြတ်သတ်သွားအောင် ... အမုန်းဆွဲလိုက်လို့ရတယ်နော်။ အမေ့မျက်နှာကြောင့် အရှော်ဖယားခင်းလိုက်တာ"

သားတော်မောင် ဘိုထောက်ရဲ့ အသံ။

"သွားစမ်းပါ သားကြီးရာ။ ငါကလဲ မင်းကို ဝပ်ဆင်းသွားအောင် ဖယားခင်းလိုက်လို့ရတယ်ကွ။ အစ်မ မျက်နှာကြောင့် ... ဟွန်း"

လင်တော်မောင် မိုးကြီးကလည်း ခေသူ မဟုတ်ဆိုပဲ။ တစ်ယောက်နဲ့တစ်ယောက် ငြိမ်းချမ်းရေး တည်ဆောက်လို့ မရသေးဘူး။ လမ်းထိပ်က ရန်ပွဲကို အိမ်ပေါ်အရောက် ခေါ်လာကြတာ။

သရုပ်ဆောင်ချက်လန်ထွက်နေအောင် ကောင်းလှပါသည်ဆိုသော ကိုရီးယား စတားတို့သည် ဒေါ်မြရင်၏ အာရုံကို မဖမ်းစားနိုင်တော့။ ဒေါ်မြရင်သည် တီဗွီကိုရမှုဖြင့် ဆတ်ခနဲလှမ်းပိတ်ကာ ...

"ဟဲ့ ... အကောင်တွေ"

ဒေါ်မြရင်ရဲ့ အော်သံကကားဘီးပေါက်သံအလား ....

"ခင်ဗျား ... အစ်မ"

"ဗျာ ... အမေ"

ဒေါ်မြရင်ရဲ့ ဇာဒေါသတို့ကို အတွင်းသိ၊ အစင်းသိဖြစ်ကြကုန်သော လင်တော်မောင်နှင့် သားတော်မောင်တို့သည် အတွန့်မတက်ရဲတော့။ မျက်နှာအိုလေးတွေနဲ့ အော်တိုကို ငြိမ်ကုပ်ကုန်တာ။

ဒေါသတို့ဖြင့် တိုင်ပင်ကိုက်နေပြီဖြစ်သော ဒေါ်မြရင်သည် ထဘီကို တိုတိုပြင်ဝတ်ပြီးတော့၊ လင်တော်မောင်နှင့်သားတော်မောင်ကို ဘီလူးကြည့်ကြည့်ကာ ...

"နင်တို့ သတ်နေကြတာဆို"

သား ဘိုတောက်က အောက်ကလီအာသံလေးဖြင့်

"ဒါက ဒီလို အမေရဲ့ ... ဟိုဒင်း"

လင်မိုးကြီးက ဆန်ခိုးမိဟန်ကြီးဖြင့်–

"သူ့ဘက်က နာလို့ပါ ... အစ်မရဲ့ ... အဲနာ"

ဆင်ခြေ ဆင်လက်ပေးကာ အသီးသီး အယူခံဝင်ဖို့ လုံ့လ ပြုကြရှာပါတယ်။ ဒါပေသိပေါ့။ နာယက အဓိပတိရာထူးကို ထက်ထိုင်ထားတဲ့ ဒေါ်မြရင်က လုံးဝ (လုံးဝ)ကို လက်မခံတာ။ ဗီတိုအာဏာကို ထုတ်သုံးပြီ––

"နင်တို့ အပေါက်တွေကို ပိတ်"

သားနှင့်လင်သည် တစ်ပြားသားမှ အတွန့်မတက်ရဲ။ ဟာစိ ဟာစိ ဖြစ်နေသော ပါးစပ်ပေါက်တွေကို ကြုံသလို ဖမ်းဆွဲပြီး ပိတ်လိုက်ရတာ။

"ငါ့ရဲ့ ထဘီအနားကို ခိုစားနေတဲ့ အကောင်တွေ ... ရန်ဖြစ်တာလေ ... ချစ်ကြည်ရေးလို့ ခေါင်းစဉ်တပ်ထားလို့လားဟဲ့ ... အသေသတ်ကြပါလားဟဲ့"

စွတ်ဆက်ကောပြီး လင်တော်မောင် မိုးကြီးရဲ့ နှ ကြောင်ကြောင် ဆံပင်တို့ကို ဆွဲ ကိုင်ကာ ကြင်နာစွာဖြတ်ရိုက်၏ မိုးကြီး ခါထွက်သွားလေ၏။

"ဘာလို့ သက်ရှိ ထင်ရှား ပြန်လာကြတာလဲ..ကဲ"

အာသာ မပြေသေး သား သားလေး ဘိုတောက်အား ခြေထောက်ဖြင့် ဆောင့်ကန်ပြန် လေ၏။ ဘိုတောက်လန်ထွက် သွားပြန်လေ၏။ အမေ့ခြေရာ ကြောင့် ဝေဒနာတွေ ခံစားနေ သော ဘိုတောက်သည် ကလေး အထာဖြင့်ထဘီစကိုဆွဲကာ ...

"ကြောက်ပါပြီ အမေ ... အီး ... ဝါး"

ကုန်းအော် နေပေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ဖရိုဖရဲဖြစ်နေသော မိုးကြီးသည် ကပိုကရို ထလာကာ အမှတ်မရှိ မျက်နှာပေးကြီးဖြင့်

"မောင်က စေတနာနဲ့ ပြောတာကို မမ သားက ... အား"

မျက်နှာကို ဖြတ်ရိုက်ထည့်လိုက်သဖြင့် မိုးကြီး ကားထွက်သွားပြန်လေ၏။ လင်နှင့်သားသည် ဆက်ပြီး အာမချောင်ရဲတော့။ လည်စင်းပေးထားလိုက်ကြတော့၏။ ဒေါ်မြရင်က စိတ်တိုင်းကျဆော်၏၊ နှက်၏၊ တွယ်၏။

"နင်တို့ကို ရိုက်ရတာ ငါ့ လက်နာတယ်ဟဲ့ ... ကာလနာတွေရဲ့ ... အီး ... ဝါး"

ခုနစ်ချီသံ ရင်ဖွင့်လေပြီ။ အခွင့်အခါကို စောင့်နေသော မိုးကြီးသည် ပရုတ်ဆီဘူးကို ပြေးယူကာ မယားကြီး ဒေါ်မြရင်ရဲ့ လက်ကို ဆေးလိမ်းပေးနေလေတော့၏။

"လက်မောင်းလောက်ရှိတဲ့ လင်နဲ့ သားရှိပေမယ့် သူတို့ လုပ်စာကို မစားရတဲ့ ဘဝပါ အရပ်ကတို့ရဲ့ ... အီး .. ဝါး"

ဒေါ်မြရင် နှပ်တို့ဖြင့် ရင်ဖွင့်နေချိန်တွင် သားဘိုတောက်သည် မီးဖိုချောင်သို့ သုတ်ခြေနဲ ပြေးဝင်သွားလေတော့၏။ အိုး၊ ခွက်လှုန်လျှောသံများ ကြားရ၏။ မယားကို ဆေးလူးပေးနေသော မိုးကြီးက ...

"ဟော့ကောင် အကုန်မဆွဲနဲ့နော် ... ငါ့အတွက်ချန်ဦး ... ဟွန်း"

အသံဖြင့် ဟောက်စားလုပ်၏။ မိုးကြီးသည် မယားဖြစ်သူရဲ့ ခါးတုတ်တုတ်ကြီးကို သွေးတိုးစမ်း၏။ ဒေါ်မြရင် အရှူးကွက်နင်းကာ ငြိမ်နေ၏။ မိုးကြီးက စင်ထောင်သံလေးဖြင့်-

"စိတ်လျှော့လိုက်ပါတော့ မမရယ် ... မောင်မမိုက်တော့ပါဘူးနော် .. ပွက်(စ်)"

မခန့်တာ။ အာဘွားတောင်ပေးလိုက်သေး။ ယမကာရနံ့သင်းသော အာဘွားကြောင့် ဒေါ်မြရင်ကြီး ဖီး(လ်)တက်သွားလေပြီ။

"တီဗွီဖွင့်ပေးနော် မမ"

ထဘီအနား ခိုစားတဲ့အကောင်။ အထက်ဆင်အနားကပ်စားတဲ့ အကောင်။ ဇာဘော်လီအနားမှာ မှီစားတဲ့အကောင်။ ကြိုက်တဲ့ခေါင်းစဉ်တပ်လိုက်။ မိုးကြီးက ရင်မခုန်ဘူး။ မတုန်လှုပ်တာ။ အမိကကတော့ သက်သာဖို့ပဲလေ။ မိုးကြီးက မယားကြီးရဲ့ အကြောကို နှောကျေပြီးသား။

အစာကောက်၍ ဝသွားသော ဘိုတောက်သည် ငေါက်ခနဲ ထွက်လာတယ်။ အဆီဝေ့နေသော ပါးစပ်ကို ပုဆိုးဖြင့် ပြီးစလွယ်သုတ်ကာ ...

"အမေ ပိုက်ဆံ"

"ဘာရယ် ... ဘာရယ်"

ဘိုတောက်က စိတ်မရှည်သံကြီးဖြင့်-

"အမေကလဲဗျာ .. ဖလင် သိပ်ဖြုန်းတာပဲ"

"ငါက ဘာကိစ္စနဲ့ ဖလင် ဖြုန်းရမှာလဲဟဲ့"

"အမေနဲ့ သား စကားစစ်ထိုးနေကြတာ။ မလိုအပ်ဘဲ ပေရှည်နေတာကိုပြောတာ၊ အဲဒါ ဖလင်ဖြုန်းတာပေါ့။ ပေးနေကျ ပေးလိုက်ပြီးရော"

ဖလင်ဖြုန်းတာဆိုပဲ။ ဘယ်သူက ထွင်လိုက်တဲ့ စကားလုံးလည်းမသိ။ မလိုအပ်ဘဲ ပေရှည်နေတာဆိုပဲ။ ဘိုတောက်က ဘာသာပြန်ပေးလိုက်သေးတယ်။

"ငါက ပိုက်ဆံပေးရမှာလေ ... ဒါလောက်လေးတောင် မေးခွင့်မရှိတော့ဘူးလား နွားရဲ့"

ဘိုတောက်က မျက်နှာကို ရှုံ့တွကာ..

"သူ့ လင်လေးကျတော့ ... ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



စကားကို ဘရိတ်ကာ ဖေဖေလေး မိုးကြီးကို ဂြိုဟ် ကြည့်ကြည့်တယ်။ မိုးကြီးက အံ ကြိတ်ပြတယ်။

"ပက်ခနဲ ... ပက်ခနဲ ပေးတာလေ။ သားအရင်း ခေါက် ခေါက်ကြတော့ တရားခံစစ် စစ် နေတာ မမိုက်ပါဘူး"

နောက်ဆုံး ဒီဘူတာပဲ ဆိုက်မယ်ဆိုတာ ဒေါ်မြရင်သိပြီး သား။ တစ်ထောင်တန် တစ်ရွက် ကို ထုတ်ကာ ...

"ဟဲ့ နွား ... နင်လဲ ဖလင် မဖြုန်းနဲ့ရော့"

တစ်ထောင်တန်ကို ယူ ကာ ဘိုတောက် အိမ်ပေါ်မှ ဆင်း သွားလေပြီ။မယားကို ဖက်ကြော ဆွဲပေးနေသော မိုးကြီးက ...

"'.... ။ ....'"

ကိုယ့်ချင်း ကိုယ့်ချင်း သာ နားလည်နိုင်တဲ့ အသံ။ ချက်ဆို ဒေါ်မြရင်က ဓာတ် ပေါက်ပြီးသား။ နှစ်ရာတန်တစ် ရွက်ကိုပေးရင်း..

"မူးအောင် သောက် မလာနဲ့"

"မမကလဲ .. အဟီး"

"ဖက်ကျိုး ပြန်လာလို့ ကတော့ သေပြီသာမှတ်"

"ပြောစရာလားလို့ .. အဟီး"

* * *

မိုးကြီးဟာ ကုန်စုံဆိုင် ပိုင်ရှင် ဒေါ်မြရင်ရဲ့ တတိယ မြောက်လင်ပါ။ မိုးကြီးနဲ့ ဒေါ်မြ ရင်ဟာ အသက်သိပ်မကွာပါဘူး။ (၃၀)ကျော်လောက်ပဲ ကွာတာ။ မိုးကြီးဟာ ဘိုတောက်ရဲ့ ဖေဖေ လေးပေါ့။

အသက်ချင်း သိပ်မကွာ တဲ့ ဖေဖေလေး မိုးကြီးနဲ့ သား သားဘိုတောက် သတိရတိုင်း ထထသတ်တာ ထူးပြီးတော့ ဆန်းမနေတော့ပါဘူး။ အလုပ်ကို သေမင်းထက်ကြောက်ပြီး ယမ ကာကို သေမတတ်ကြိုက်တဲ့ မိုး ကြီးဟာ ဒေါ်မြရင်နဲ့ ညားတာ မနာသလို၊ ယောကျ်ားမရှိရင် မနေတတ်တဲ့ ဒေါ်မြရင်အတွက် လည်း မိုးကြီးနဲ့ ဂဟေဆက်မိ တာကို နောင်တရမနေပါဘူး။

ထူးခြား ဖြစ်စဉ်ကတော့ ရှိပါတယ်။ ဒေါ်မြရင် ယူလိုက်တဲ့ လင်မှန်သမျှဟာ ဂိနေတဲ့ အရုပ် သည် အရက်သမားလေးတွေ ဖြစ်နေတာပါပဲ။ အဲဒါထက် ထူး ခြားဖြစ်စဉ်တွေရှိပါသေးတယ်။

ဒေါ်မြရင်ကို လင်တော် မိတဲ့ ဂိလေးတွေဟာ သက်ဆိုး သိပ်မရှည်ရှာပါဘူး။ အရက် ကြောင့်လား။ ဘာကြောင့်လား ဆိုတာ ခေါင်းစဉ်တပ်ချိန်မရဘဲနဲ့ လောကကြီးကို တာ့တာ။ ဘိုင့် ဘိုင်လုပ်သွားကြတာပါပဲ။

အရုပ်ထဲက ပြောကြပါ တယ်။ ဒေါ်မြရင်ဟာ လင်ယူ တမ်း ကစားပြီး အရက်သမား ဂိလေးတွေကို မျိုးဖြုတ်နေတာ ဆိုပဲ။

* * *

အရက်ဆိုင်က လွင့် လာတဲ့ မီးပွားလား။ ဘီလီယက် ခုံက စလောင်တဲ့ မီးလား။ လက် ဖက်ရည်ဆိုင်က စတဲ့ ပြဿနာ လား မသိ။ ကျွက်ကျွက်ညံနေ သော အသံဗလံတို့သည် လမ်း ကြားထဲသို့ ဖုတ်ပူမီးတိုက်ပြေးဝင် လာလေ၏။

အကြွေးစာရင်းများကို တွက်ချက်နေသော ဒေါ်မြရင် သည် သူ့လင် သူ့သားမှစ၍ လောင်သောမီး မဟုတ်ပါစေနဲ့ ဟု ကျိတ်ကာ ဆုတောင်းနေ၏။ ကျွက်ကျွက်ညံနေသော အသံ ဗလံတို့သည် တိုးမသွား။ ပို၍ပင် ထုထည်ကြီးမားလာချေ၏။

ကိုယ့်ထမင်းကိုယ်စား ကာ စပ်စုတာ ဝါသနာထုံသော လူအချို့သည် လမ်းထိပ်သို့ ပြေး ထွက်သွားကြလေ၏။ ဒေါ်မြရင် စိတ်မဖြောင့်တော့။ အယောင် ယောင် အမှားမှားပင်ဖြစ်သွားနှိ၏။ ရင်တုန်ပန်းတုန် ဖြစ်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ရေသန့်ဘူးကို ဖွင့်ကာ ရေသောက်နေစဉ် …

"အန်တီမြ … အန်တီမြ"

"အွန် … အဟွတ်"

ဒေါ်မြရင် ရေသီးလေပြီ။

"ဟဲ့ ဖိုးခွား ဘာလဲ"

ဖိုးခွားက မျက်လုံး အပြူးကြီးဖြင့်–

'အန်တီ သားနဲ့ ယောက်ျား"

"သတ်ကြပြန်ပြီ လား"

"မိုးကြီး သေနေပြီ"

"ဘာ …"

ဒေါ်မြရင် ထိတ်ခနဲ ဖြစ်သွားသည်။ ဆံပင်ဖားလျား ဒီနပ်ဗလာဖြင့် လမ်းထိပ်သို့ ပြေးထွက်လာခဲ့သည်။ အရက်ဆိုင်ရှေ့မှာတော့ လူအုပ်သည် အုံခဲနေဆဲ။ဒေါ်မြရင်သည် လူအုပ်ကြားထဲသို့ ခေါင်းထိုးထည့်လိုက်သည်။

"ဟင်"

မိုက်ခနဲ မျက်လုံးတွေ ပြာဝေသွားသည်။ ကတ္တရာလမ်းပေါ်မှာ မှောက်ခုံကြီး။ မိုးကြီး တစ်ယောက် အသက်ပျောက်နေပြီ။ သွေးတွေမြင်မကောင်း။ ရုပ်နှင့်နာမ် လမိုင်းမကပ် ဖြစ်နေသော ဒေါ်မြရင်သည် အနောက်ဘက်သို့ ငဲ့ကြည့်သည်။

"ဟင်း … သား … ဘိုတောက်"

ဘိုတောက် လက်ထိတ်ကြီးနဲ့။

"အ … အမေ"

"မိုးကြီးကို သတ်လိုက်တာလား"

"သား မသတ်ဘူး"

ရဲအရာရှိက …

"စခန်းရောက်မှရှင်း"

အရက်ဆိုင် ရှေ့မှာ ကွမ်းယာရောင်းသော ကောင်မလေးနှင့် ဘိုတောက် ဟိုမရောက်ဒီမရောက်ဖြစ်နေတာ ကြာပြီ။ ကောင်မလေးမှာ တရားဝင်လင်ရှိတယ်။ရှေ့ဆက်မတိုးရန် မိုးကြီးက တားသည်။

မှုန်နေသော ဘိုတောက်ကနားမဝင်။ ယောက်ျားဖြစ်သူ အလစ်မှာ ကြုံသလို နှစ်ပါးသွားသည်။ ဘိုတောက်နှင့် မိုးကြီး အရက်သောက်နေကြစဉ် ကောင်မလေး၏ ယောက်ျားနှင့် အဖော်နှစ်ယောက်ရောက်လာကြသည်။

စကားများကာ ရန်ဖြစ်ကြသည်။ ဖျန်ဖြေပေးသော မိုးကြီး ကြမ္မာငင်ကာ ဓားထိုးခံရသည်။ အသက်ပျောက်ခဲ့ရသည်။ ဘိုတောက်က ခုံဖြင့်ရိုက်သဖြင့် ပါလာသော လူတစ်ယောက်မှာ ဆေးရုံရောက်သွား၏။

မိုးကြီး အသက်ပျောက်ကာ ဘိုတောက်မှာ ရိုက်မှုဖြင့် ထောင်ကျလေပြီ။

သနပ်ခါး အဖွေးသား။ ပန်းတွေနဲ့ဝေနေသော ဒေါ်မြရင်သည် လမ်းထိပ်သို့ ထွက်လာခဲ့သည်။ အဘွားကြီးတစ်ယောက်က–

"ထောင်ဝင်စာ သွားတွေ့မလို့လား"

ဆိုက်ကား ထွက်လေပြီ။ စိတ်ကြိုက်ရွေးခေါ်ထားတဲ့ ဆိုက်ကားသမားလေးကလည်း ဂီတလေး။ ဂီလာန အရက်သမားလေး။ အရုပ်သည်လေး။ သားတော်မောင် ဘိုတောက်ရဲ့ စကားကို ကြားယောင်ကာ ဒေါ်မြရင် စိတ်ကူးတွေယဉ်လို့။ ဘာတဲ့။


"ဖလင်မဖြုန်းနဲ့"တဲ့

လူရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com



# မသန်းတဲ့မျက်ရည်

ကျော်စိုးသူ (ဥသျှစ်ပင်)



www.burmeseclassic.com

www.burmeseclassic.com



“မခန်းတဲ့မျက်ရည်”

ကျော်စိုးသူ

(ဥလျှစ်ပင်)

မုဆိုးမ ဒေါ်ခင်စန်းတစ်ယောက် ခင်ပွန်းသည်ဆုံးပါးပြီး (၁၀)နှစ်ကျော်ခန့်အကြာမှာ သားအကြွ၊ သမီးဒုက္ခတွေနဲ့ ကျွဲခေါင်းရွာလေးမှာ သောကပင်လယ်ဝေနေခဲ့ရတာ အပူမိလို့ လူလည်းမချိတရိဖြစ်နေရပြီဖြစ်သည်။ ခင်ပွန်းသည် နေမကောင်းစဉ်ကာလကစပြီး ဆုံးပါးသွားသည်အထိ သူများတွေဆီက ယူထားတဲ့ ကြွေးတွေက အတိုးအရင်းပေါင်းလိုက်ရင် ရှိတဲ့လယ်နဲ့ ဥယျာဉ်ခြံတွေရောင်းဆပ်ရင်တော့ ကျေနိုင်ပါသည်။ သို့သော်လည်း လက်ရှိသားတွေက ရောင်းချင်ပေမဲ့၊ သမီးတွေက မရောင်းစေချင်၊ လုပ်မယ့်လူမရှိရင် သူတို့လုပ်မယ်ပြောတော့ သားတွေက အမေ့သမီးတွေခိုင်း ကျွန်တော်တို့ ဘာမှလုပ်မပေးဘူးဆိုပြီး ရှောင်ကြတော့ ကြားက ဒေါ်ခင်စန်းတစ်ယောက် ဗျာများနေရသည်။

ဒေါ်ခင်စန်းတွင် သား(၃)ယောက်၊ သမီး(၂)ယောက်ရှိပြီး သား(၂)ယောက်၊ သမီး(၂)ယောက် အိမ်ထောင်ကျသွားကြသော် လည်းအိမ်ထောင်ရေးအဆင်မပြေဖြစ်ကာ အိမ်ပြန်ရောက်နေကြသည်။ အငယ်ဆုံးသားက (၁၀)နှစ်သား အရွယ်မှာမန်ကျည်းပင်ပေါ်မှ ပြုတ်ကျ၍ ကျန်းမာရေး သိပ်မကောင်းချေ။ ကျန်သားတွေကလည်း လက်ကြောတင်းအောင် မလုပ်ချင်ကြ။ ကြွေးဆပ်ဖို့ လယ်ရောင်းမည် ဆိုပြန်တော့ သမီးတွေက မိဘအမွေအနှစ်မို့ မရောင်းစေချင်တာက အရေးမကြီး ဘဏ်ကြွေးအတွက် ဒေါ်ခင်စန်း ပူပန်နေရလေပြီ။

“ဒီအတိုင်းနေလို့ မဖြစ်သေးဘူး။ မဲလေးကွင်းကသားဆီကို သွားပြီးတိုင်ပင်ဦးမှ”

ဒေါ်ခင်စန်း တစ်ယောက်တည်းတွေးပြီး မဲလေးကွင်းရွာကို ထွက်လာခဲ့သည်။ သားဖြစ်သူ မောင်လှစိုး၏တဲသို့ ရောက်သည်နှင့် ဘာမျှပြည့်ပြည့်စုံစုံမရှိသော တဲတွင်းကိုကြည့်ရင်း သက်ပြင်းချလိုက်သည်။

“ဟဲ့ ... နင့် တဲမလဲ ကွမ်းလည်းမရှိ၊ ဆေးလည်းမရှိ ရောက်လာရင် အမြဲတမ်းရင်မောရတယ်။ ရော့ ငွေတစ်ထောင် ယူသွား ကွမ်းနဲ့ကွမ်းသီးဝယ်ပြီး မြန်မြန်ပြန်လာခဲ့။ နင်နဲ့ ငါနဲ့ စကားပြောစရာရှိတယ်”

လှစိုးသည် အမေပေးသော ငွေတစ်ထောင်ကိုယူပြီး ကွမ်းဝယ်ရန် လှေကြောရွာသို့ ထွက်ခဲ့ရာ နောက်မှနေ၍ မိခင်ဒေါ်ခင်စန်းတစ်ယောက် ဖတဆိုးသားလေးကိုကြည့်ပြီး သွားလေသူကို သတိရလာကာ ဝဲလာသော မျက်ရည်ကို လက်ဖမိုးနှင့် သုတ်လိုက်သည်။

“ဟဲ့ ... လှစိုး သီချင်းတကြော်ကြော်နဲ့ ဘယ်လဲ”



www.burmeseclassic.com

www.burmeseclassic.com





လေ့ကြောရှာမှ ဒေါ်အုန်းဆန်းက လှမ်းမေးလိုက်ရာ

"အမေက ကွမ်းဝယ်နိုင်းလို့ဗျ"

"အတော်ပဲပဲဟယ်။ ငါ့ကို မန်ကျည်းသီးတက်လှုပ်ချပေးစမ်းပါ ငါနင့်ကို ပိုက်ဆံတစ်ထောင်ပေးပါ့မယ်"

"တကယ်လားဗျ ဒါဆို အတော်ပဲ ကွမ်းဖိုးရတာပေါ့ဗျ။ တက်မယ်ဗျာ ဘယ်အပင်လဲ"

ဒေါ်အုန်းဆန်းညွှန်ပြသော အပင်ပေါ်သို့ မောင်လှစိုး သွက်လက်ပေါ့ပါးစွာ တက်သွားပြီး မန်ကျည်းသီးများ တစ်ကိုင်းပြီးတစ်ကိုင်း လှုပ်ချနေသည်။ သည်လိုနှင့် တစ်နာရီခန့်အကြာမှာ

"တော်ပြီဗျာ ခေါင်းတွေမူးလာပြီ ဆင်းတော့မယ်"

အပင်ပေါ်မှ မောင်လှစိုးကပြောသည်ကို ဒေါ်အုန်းဆန်းက

"ဘယ်လောက်မှလည်း မရသေးဘူး။ ဆက်ခူးပေးပါဦးဟယ်။ နင့်ရှေ့ကအကိုင်းလေ။ ဟုတ်ပြီ အဲဒါပြီးရင် ဘေးကအကိုင်း"

ဒေါ်အုန်းဆန်း၏ အသံအတိုင်း လိုက်လုပ်ပေးနေသော မောင်လှစိုး "အမလေး"ဆိုသော အသံနှင့်အတူ "အုန်း"ခနဲအသံ ဆက်တိုက်ကြားရပြီး ကြည့်လိုက်ရာ အတောင် ၂၀ ကျော်ခန့်အမြင့်မှ ပြုတ်ကျလာသော မောင်လှစိုးသည် မန်ကျည်းပင်အောက်တွင် ထိုင်ရက်ကျသွားပြီး ပါးစပ်မှ ညည်းညူသံ ထွက်လာပြီးတုံး လုံး လဲကျသွားတော့သည်။

"လာကြပါဦး လှစိုး ရယ် အပင်ပေါ်ကပြုတ်ကျလို့"

အော်သံကြောင့် အနီး အနားမှ လူများရောက်လာချိန် တွင် မောင်လှစိုးသတိမရတော့ ပေ ...

ဒေါ်ခင်စန်း စိတ်မရှည် နိုင်တော့ပေ။

"နိုင်းလိုက်ရင် ဒီ တိုင်းပဲ၊ ဘယ်တော့မှ အချိန်တန် လို့မရောက်ဘူး။ ဒီအားသမီးတွေ

တစ်ယောက်မှ အားမကိုးရဘူး။ မဖြစ်ဘူး လိုက်သွားဦးမှ''

ပုဆိုးလေးခေါင်းပေါင်းပြီး ခမောက်ကိုလက်ကကိုင်ကာ ခန္ဓာကိုယ်က၀၀ လည်ပင်းကတုန်တုန်နဲ့ သားကိုဒေါသဖြစ်ရင်း တွမ်းဝယ်နိုင်းတာ ပြန်မလာနိုင်တဲ့သားကို ရှာဖို့ထွက်လာခဲ့ရာ သမ်းခုလတ် အရောက်တွင် အမောတကောနှင့် ပြေးလာတဲ့သူနဲ့တွေ့ပြီး

''အရီးလေး လုစိုးရယ် ခန်ကျည်းပင်ပေါ်ကပြုတ်ကျပြီး သတိလစ်နေလို့ အမြန်လိုက်ခဲ့ဒါ''

ကြားရသည့်သတင်းက ရင်ဝကိုအကန်ခံရသလိုမို့ မိမိခန္ဓာကိုယ်ကို သတိမမူနိုင်ဘဲ သယ်ကွက်တွေကို ခြေဘယ်နှစ်လှမ်းနဲ့ ကျော်ဖြတ်ခဲ့သည်ကို သတိမမူနိုင်ဘဲ သားရှိရာအရောက် အပြေးတပိုင်းလှမ်းခဲ့ရာလေ့ကြောရွာအရောက်တွင် သားကို လှည်းပေါ်တွင် သတိမရတစ်ချက်ရတစ်ချက်ဖြင့် အခန့်သားတွေ့လိုက်ရာ ပြေးလာသည့်အရှိန်၊ တွေ့ရသည့်မြင်ကွင်းဇရာနှင့်သောက၏ ဖိစီးနှိပ်စက်မှုဒဏ်တွေပေါင်းပြီး ဒေါ်ခင်စန်းပစ်လဲကျသွားပြီး သတိလစ်သွားလေသည်။

**''ခင်စန်းကို သတိရအောင် ဝိုင်းပြီး ပြုစုလိုက်ကြ။ လူနာက အရေးကြီးတယ်။ တောင်ကွင်းကို ရောက်အောင် အမြန်ပို့ကြ''**

''ခင်စန်းကို သတိရအောင် ဝိုင်းပြီး ပြုစုလိုက်ကြ။ လူနာက အရေးကြီးတယ်။ တောင်ကွင်းကိုရောက်အောင် အမြန်ပို့ကြ''

ရွာလူကြီးများ၏ စီမံမှုဖြင့် တောင်တွင်းရွာသို့အရောက်တွင် ဗန်းမော်မြို့မှရောက်နေသော ဆရာတော်၏ ကူညီမှုကြောင့် သာပေါင်းဆေးရုံမှတစ်ဆင့် ပုသိမ်ဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ကုသခဲ့ကြသည်။ ဒေါ်ခင်စန်းခမျာမှာ ပြန်လည်သတိရလာချိန်တွင် သားအနောက်ကိုလိုက်ရန် ကျန်ခဲ့သောသားသမီးများကို ခေါ်ယူစီမံရင်းသောကဗျာပါဒတွေကြားတွင် ရုန်းကန်နေရလေသည်။

''အမေ လုစိုးအတွက် ဆေးဖိုးငွေလိုလို့ ပို့လိုက်ပါဦး''

ပုသိမ်ဆေးရုံမှ လူနာစောင့်သားက လှမ်းမှာလို့ လူကြုံနှင့်ငွေပို့လိုက်ရသည်။

''အမေ ဓာတ်မှန်ရိုက်ရ



www.burmeseclassic.com

www.burmeseclassic.com

မယ် ငွေရှာပေးလိုက်ပါဦး''

''အမေ ခါးဆစ်ရိုးကျိုးပြီး အာရုံကြောထိသွားတယ်တဲ့ ငွေပို့လိုက်ပါဦး''

''အမေ ... အမေ ... အမေ ... အမေ''

ကြာလာတော့ လာပြောတဲ့လူတွေကို ဒေါ်ခင်စန်းမ တွေ့ဝံ့တော့။ သူတို့ပြောမယ့် စကားတွေက သက်သာစရာ တစ်ကွက်မှမရှိ။ သို့သော် တစ်နေ့နေတော့ မင်္ဂလာသတင်း ကြားလာရသည်။



''စကားပြောနိုင်လာတယ်။ ခြေထောက်တွေလက်တွေ လှုပ်လာနိုင်တယ်''

အရက် (၂၀) ကြာအောင် မလှုပ်နိုင်တဲ့သူက ပြန်လှုပ်ရှားနိုင်တယ်ဆိုတော့

''ဘယ်လောက်ကုန်ကုန် ကုန်ပါစေ။ ငါ့သားလေး ပြန်ကောင်းရင်ပြီးရော''

ဒေါ်ခင်စန်း အားတင်းလိုက်ပါပြန်သည်။ ဒီကြားထဲ ရဲစခန်းက တာဝန်ရှိသူတွေ လာရောက်မေးမြန်းတော့လည်း ဖြေ

ကြားရသေးသည်။ သူတို့က လည်း တာဝန်ရှိသူတွေပဲလေ မကျည်းသီးလှုပ်ချခိုင်းမိသော ဒေါ်အုန်းဆန်းခမျာလည်း မ သက်သာလှပါ။ လာရောက်စစ် ဆေးမေးမြန်းသူတွေကလည်း ဆေးရုံကြီး မှူခင်းဌာနက စုံစမ်း စစ်ဆေးတာဝန်ပေးသည်ဆို၍ လာကြပြန်တော့သည်။ ဒေါ်အုန်း ဆန်း တာဝန်ကျေရသည်မှာ လည်း မသက်သာလှပေ။ မ မျှော်လင့်တဲ့တစ်နေ့မှာ မမျှော် လင့်တဲ့သတင်းဆိုးက ဒေါ်ခင် စန်းဆီကို ရောက်လာပါတော့ သည်။ လူနာက အပူတွေတက် လို့ အရေးပေါ်ဆေးကုခန်းကို ပြောင်းထားရတယ်။ မသက် သာဘူးဟု သတင်းကြားရသည် အတွက် ခြေမကိုင်မိလက်မကိုင် မိဖြစ်ကာ လိုအပ်သည်များကို အရေးပေါ်ဖြစ်သလို လုပ်ပြီး ပုသိမ်ကို လိုက်သွားခဲ့ရာ အလာ ကောင်းသော်လည်း အခါနှောင်း ခဲ့ပြီမို့ သားအလောင်းကိုပိုက်ကာ

www.burmeseclassic.com



ရွာသို့ပြန်ခဲ့ရသည့် မိခင်တစ်ဦး၏သောကဝေဒနာသည် ခရမ်းလွန်ရောင်ခြည် လွန်ကဲပါသည်ဆိုသည့် အပူထက် အဆမည်မျှပူသည်ကို မည်သည့်ကိရိယာနှင့် တိုင်းကြည့်ကြမည်နည်း။

သားအလောင်းကို ရွာအရောက်ပြန်ယူခဲ့ပြီး ကိစ္စအားလုံးပြီးစီးသွားခဲ့သော်လည်း မပြီးဆုံးသည့်ကိစ္စတွေက ကျန်သေးသည်။ မောင်လှစိုးနောက်ဆုံးအချိန် အသက်လုရန်သွားရောက်စဉ်က ဖြစ်သလိုလုပ်သွားခဲ့သည့်ပြဿနာသည် ရက်လည်ဆွမ်းမသွပ်မီ ပေါ်လာခဲ့သည်။

"ကဲ ... မခင်စန်းရေ သွေးပူတုန်း စကားပြောကြရအောင်။ နင်တို့ယူထားတဲ့ ငွေတွေအတွက် လယ်မြေပုံစံ(ဂ)ကို အပေါင်ထားမယ်ဆိုတာ ငါလိုချင်တယ်။ ငါ့အဖွဲ့တွေလဲပါလာတုန်း အားလုံးရှေ့မှာအပ်ပါ"

အရေးပေါ် လိုအပ်မှုကြောင့် မျက်ရည်ခံထိုးပြီး အောက်ကျခံပြောခဲ့သော ကတိစကားကို အပိုင်ကိုင်ပြီး ရပ်ရွာတွင် အုပ်ချုပ်ရေးမှူးတာဝန်ယူထားသူနှင့် သူ၏အဖွဲ့က ငွေထုတ်ပေးခဲ့စဉ်က သူခင်းပေးခဲ့သည့်လမ်းပေါ်တွင် မျက်စိမှိတ်လျှောက်ခဲ့ရသည့်အဖြစ်ကို အမိအရသူ၏ လုပ်နေကျလမ်းစဉ်အတိုင်း တောင်းဆိုနေလေပြီ။ တကယ်တော့ လယ်မြေပုံစံ(ဂ)ဟူသည် မိမိပိုင်ဆိုင်မှု သက်သေခံအဖြစ် ပြုလုပ်ပေးထားသော်လည်း သတ်မှတ်သည့်စည်းကမ်းများနှင့်အညီ ပေါင်နှံလိုပါက မည်သည့်နေရာတွင် မည်ကဲ့သို့ ပေါင်နှံမည်ကို သတ်မှတ်ထားပါသည်။ ဤသည်ကို မလေ့လာမစူးစမ်းဘဲ မိမိဆန္ဒသဘောထားဖြင့် ယခင်ငွေရှင်ကြေးရှင်တို့၏ နည်းလမ်းဟောင်းအတိုင်း ကျင့်သုံးခဲ့သော အုပ်စုတာဝန်ရှိပုဂ္ဂိုလ်များ၏ အကျပ်ကိုင်မှုကြောင့် လင်ကလည်းသေ သားသမီးများကလည်း အားမကိုးရ၊ လက်ရှိမှာလည်း သားတစ်ဦးကသေလို့ ရက်တောင် မလည်သေး၊ အားကိုးစရာ လယ်မြေပိုင်ဆိုင်မှု ပုံစံ(ဂ)ကိုလည်း ကြွေးမဆပ်နိုင်၍ ပေးလိုက်ရပြန်သည်။

အောင်နိုင်သူများပမာ လူမှုစာနာစိတ်ကင်းမဲ့စွာ မိမိလိုချင်ဆန္ဒပြည့်ဝသွား၍ ဒေါ်ခင်စန်းပေးလိုက်ရသော ပုံစံ(ဂ)စာအုပ်ကိုကိုင်၍ ထွက်သွားကြသောသူများကိုကြည့်ရင်း မျက်ရည်အသွယ်သွယ်စီးကျနေသည့် ဒေါ်ခင်စန်းကို သားသမီးဆွေမျိုးတစ်စု ဝိုင်းကြည့်နေကြရုံမှတစ်ပါး မည်သို့မှ မတတ်နိုင်ကြတော့ပါဟုသာ ဆိုလိုက်ရပါစေလား ....။

ကျော်စိုးသူ(ဥသျှစ်ပင်)



www.burmeseclassic.com

www.burmeseclassic.com



# သခင်မျိုးဟေ့ ဒို့ဗမာ

## ရွှေဘိုဘာမထီခင်အောင်

"သခင်မျိုးဟေ့ ဒို့ဗမာ"
"သခင်မျိုးဟေ့ ဒို့ဗမာ"
"သခင်မျိုးဟေ့ ဒို့ဗမာ"
"သခင်မျိုးဟေ့ ဒို့ဗမာ"

သခင်မ ဒေါ်လှရင်နှင့် သခင်အောင်ဒင်သည် လက်သီး လက်မောင်းတန်းကာ 'သခင်မျိုး ဟေ့ ဒို့ဗမာ'ဟု ရဲရဲတောက် ဘယ်သူကိုမှ မကြောက် အတိုင်အဖောက်ညီညီ သံကုန်ဟောက်ရင်း ရွှေဘိုပုလိပ် (၅)ယောက်နောက်သို့ ရင်ကော့၍ ခေါင်းမော့ထားကာ ကောက်ကောက်ပါ လိုက်ချသွားသည်။

ဈေးကြီးအတွင်း ငါးခြောက်တန်းတွင် ဈေးသူဈေးသားမြောက်များစွာသည် ငါးခြောက်သည်ကြီးတို့သားအမိအား "ကုလားဖြူကို မကြောက်နဲ့ဟေ့၊ ကုလားဖြူကို မကြောက်နဲ့ကွ တို့ရှိတယ်။ တို့တယ်"ဟု အသံပြဲကြီးနှင့် ဖိုင်းဝန်းဟစ်အော်ကာ အားပေးလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဈေးကြီးတစ်ခုလုံး ဆူပွက်လို့ ဈေးအတွင်းမှ လက်ထိတ်ကိုယ်စီနှင့် ထိပ်များ နောက်သို့ ရင်ကော့၍ ထွက်ပါလာသော သားအမိအား လူ အုပ်ကြီးမှ သတင်းထောက် သခင် ကြည် (မြန်မာ့အလင်းသတင်း ထောက်)က အတင်းတိုးဝှေ့ပြီး ဓာတ်ပုံရိုက်၏။ ပြီး လက်သီးလက် မောင်းတန်းကာ "သခင်မျိုးဟေ့ ဒို့ ဗမာ" ဟု ဟစ်တော့သည်။ အဲဒီတွင် သခင်မ ဒေါ်လှရင်နှင့် သခင် အောင် ဒင်တလည်း ချက်ချင်းပဲ 'သခင်မျိုး ဟေ့ ဒို့ဗမာ" ဟု ရဲဝံ့ပြတ်လတ် ရင့် ကျက်စွာ လက်ခမောင်းခတ်လိုက်ကြ သည်။

"လှရင်၊ နင်လုပ်ပြီးမှတော့ ကြောက်မနေနဲ့နော် .. ကောင်မ ။ ရွှေဘိုသူဆိုတာ မေ့မနေနဲ့"

"ဟေ့ကောင်မ ... လှရင် ဆိုတာ သေရမှာမကြောက်လို့ လူသတ် တာဟေ့၊ ကုလားဖြူသွေးသောက် ပြီးမှတော့ ဟောဒီလို ဟောဒီလို ပြုံးလေး ပြုံးပြရင်း သေပေလိုက် တော့"

သခင်မ ဒေါ်လှရင် (၅၀) နှစ် က လည်တိုင်ကလေး တုန်ခါခါ လုပ် ရင်း ပြုံးထေ့ထေ့လုပ်ပြသွားရာ ဈေး သူဈေးသားအများမှာ ငိုအားထက် ရယ်အားသန်ဆိုတာလို ဖြစ်ကုန်ကြ ပေသည်။ ဒေါ်လှရင်ကြီး၏ သား လူပျိုကြီး အောင်ဒင်ကလည်း

"မကြောက်လိုက်တာက ညာ .. တစ်သက်တစ်ခါပဲ သေကြရ တာ ဥစ္စာကို .. ဟား ... ဟား .. အောင်ဒင်တို့ သားအမိ အင်္ဂလိပ်ရဲ့ သွေးသောက်ရပြီးမှတော့ ဆယ်ခါပြန် သေရဲသမှနော်" ဟု တုံ့ပြန်သွားချေ သည်။

ရွှေဘိုဈေးကြီး၏ မြောက် ဘက်ရှိ အလောင်းဘုရား ဦးအောင် ဇေယျ၏ ပြာသာဒ်အနီးသို့ အ ရောက်ဝယ် သူရိယသတင်းစာ သ တင်းထောက် သခင်စံမြနှင့် သခင် မြရီတို့ နှစ်ယောက်က စောင့်ကြို နေပြီ။

"သခင်မျိုးဟေ့ ဒို့ဗမာ .. သခင်မျိုးဟေ့ ဒို့ဗမာ" ဟု သံပြိုင်ဟစ် ကြွေးကာ အားပေးကြပြန်သည်။

ကိုလိုနီနယ်ချဲ့ အရင်းရှင် အင်္ဂလိပ် မျက်နှာဖြူ အစိုးရခေတ်က တို့ဗမာတွေ သွေးစည်းကြသကိုး။

**ထူးခြားသော စားခုတ်မှုကြီး**

၁၉၃၆ ခုနှစ်၊ ဒီဇင်ဘာ (၂၁) ရက် နံနက် ၇ နာရီလောက်က ဖြစ် သည်။ ရွှေဘိုခရိုင်တွင် ထူးထူး ခြား ခြား ဓားခုတ်မှုကြီးပေါ်တည်း။ ဒီလို အမှုမျိုး ရှာမှရှားလှ၏။ ကိုလိုနီ ခေတ်တွင်ဝယ် အဲဒီလို အမှုမျိုး ရွှေ ဘိုမြို့ တစ်မြို့တည်း၌သည်သာ ပေါ် ပေါက်ခဲ့ဖူးသည်ဟု သိရသည်။ (ထို စဉ်ကာလက ပုလိပ်စုံထောက် ရာဇ ဝတ်အုပ်ဖြစ်ဖြစ်သူ ကျွန်တော်၏ ဖခင် ကိုဖေခင်၏ အင်္ဂလိပ်လို ရေးသား ထားသော မှုခင်းမှတ်တမ်းအရ ၁၉၃၆) အဲဒီဓားခုတ်မှုဖြစ်သည့်နေ့ ကစပြီး ရွှေဘိုခရိုင်အတွင်းတွင် တာ ဝန် ကိုယ်စီနှင့် ရှိနေကြကုန်သော အင်္ဂလိပ်မျက်နှာဖြူ ဂေါရာတို့သည် တကယ်ပင် ထိတ်လန့်စိုး ရိမ်လာကြ တော့သည်။ "တို့အင်္ဂလိပ်တွေကို တကယ်တမ်းကြတော့ ဗမာ အမျိုး သမီးကတောင် မကြောက်ပါက

www.burmeseclassic.com

လား" ဟု တီးတိုးပြောကြရသည်။ သိသွားပြီလေ .. ဗမာသွေး .. ဗမာ့ဇာတိမာန်ကို။

တတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ပေးခဲ့သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အောင်မြင်ထမြောက်စွာ လုပ်ဆောင်ပေးနိုင်ခဲ့လေသော ဗမာ့သူရဲကောင်းကြီး အလောင်းဘုရား ဦးအောင်ဇေယျ၏ အနွယ်တွေဖြစ်ကြသော ရွှေဘိုသား ရွှေဘိုသူအားလုံး (အားလုံး)၏ အသည်းတစ်နေရာမှာ ပြည်ပသားဟူသမျှကို တော်လှန်ပစ်ရမည်ဟူသော ဇာတိသွေး ဘယ်လိုလူမျိုးကိုမှ ဘာမထီတဲ့ မကြောက်သည့် သတ္တိသွေး အစဉ် သန္ဓေတည်လျက်ရှိနေကြသည်ကို အင်္ဂလိပ်အစိုးရ မသိလေချေ။ အရေးကြီးလျှင် သွေးနီးတတ်သည့် ရွှေဘိုသား ရွှေဘိုသူ အပေါင်း၏လက္ခဏာကို အင်္ဂလိပ် အကဲမခတ်တတ်။

**ငါးခြောက်သည်နှင့်**

**တရားသူကြီးကတော်**

"နင် .. ဒီငါးခြောက်ကို ငါ့ကို ညာပြီးရောင်းတယ်။ ဝိသာမဝီဘူး ... နင်လူလည်ရော့ နှင့် ငါးခြောက်ပြား ပိုက်ဆံပြန်ပေးရမယ်"

ဂါဝန်အပြာနှင့် အဖြူပန်းပေါက်၊ အကျီလက်စက အဖြူရောင်ကို ဝတ်ဆင်ထားပြီး ဒေါက်ဖိနပ်အနက်ရောင်ကို စီးထားသည့် အသားဖြူ ဖွေးအိအိ နှုတ်ခမ်းနီရဲတွတ်တွတ် ဆိုးထားသူ အသက်(၃၅)နှစ်ခန့် ရှိမည်ဟု ထင်ရသော ဝဝဖိုင့်ဖိုင့် အင်္ဂလိပ်မသည် ငါးခြောက်ပြားနှစ်ချပ်ကို ငါးခြောက်သည် ဒေါ်လှရင် ကို ပစ်ပေးလိုက်သည်။ အင်္ဂလိပ်မနောက်သို့ စျေးခြင်းတောင်း ကိုင်ရန် လိုက်ပါလာသော ကုလားလင်မယားက အင်္ဂလိပ်မ အနီး၌ရပ်နေ၏။

အသက် (၅၀)အရွယ် အသားမည်းကျုတ်ကျုတ် အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး မေးရိုးလေးထောင့်နှင့် ငါးခြောက်ရောင်းသူ ဒေါ်လှရင်ကြီး၏ ရင်ဘတ်ကို အင်္ဂလိပ်မကြီးက ပစ်လိုက်သည့် ငါးခြောက်ပြား မှန်လိုက်သည်နှင့် တစ်ပြိုင်နက် ဒေါ်ထလာတာ–

"မိုက်ရိုင်းလှချည်လား၊ အင်္ဂလိပ်မရဲ့ဟင် .. နင်ကစပြီး ရိုင်းမှတော့ ငါကလဲ ကြမ်းပြရသေးတာပေါ့။ ထဲ ... ဟယ် .. ကဲဟယ်..

"လှရင်တဲ့ဟေ့ .. လှရင် ... ဟေ့"

ဒေါ်လှရင်ကြီးက အလေး... နှင့် ပစ်ပေါက်တော့သည်။ အင်္ဂလိ... မ၏ ရင်ဝကို ထိမှန်သွားသည်။ အင်္ဂလိပ်မကြီးက–

"နင့်ကို ဖမ်းချုပ်မယ် .. နင့် ... ကို ဖမ်းချုပ်မယ် ..ငါ့ယောကျ်ား... တရားသူကြီးဟဲ့ ..နားလည်လား ..အခုလာဖမ်းမယ်"

ယင်းသို့ ဖြည်တွန် ... ခြောက်ပြီး အမြန်ဆုံးဆုတ်ခွာ... သည်။

"လာခဲ့ဟေ့ .. လာခဲ့ .. န... တို့ အင်္ဂလိပ် အမြောက်တစ်ကြိ... ခေါ်ခဲ့ .. သခင်လှရင်အကြောင်း ... သေးတာပ"

ဒေါ်လှရင်၏ တုံ့ပြန်... ရွှေဘိုတစ်စျေးလုံး လှုပ်ခြမ်တတ် ...

www.burmeseclassic.com



**“ဘယ်သူလဲဟေ့ .. ငါ့မိန်းကလေးကို အလေးနဲ့ ပစ်တာ။ နင်တို့ကို ငါကလဲ ပစ်မယ်”**

ထည်းလို့သွားသည်။

“ဟဲ့ .. အောင်ဒင် .. အခင်သင့်လုပ်ထား .. တိုက်ပွဲဝင်ရတော့မှာ”

“ဝင်လိုက်ရုံပဲ့ ..အမေရယ် အောင်ဒင် .. သလိုပွဲမျိုး မျှော်နေတာပါ ..ဟဲဟဲ”

သွေးအေးအေးနှင့် ဖြေလိုက်၏။ အသက်(၃၀)ခန့်ရှိ အောင်ဒင်သည် အသားညိုညိုမောင်း မောင်း အရပ်ပုပုပြတ်ပြတ်၊ မြန်မာ့ရိုးရာလက်သီးသမားဖြစ်၏။ သူတို့ သားအမိသည် တို့ဗမာအစည်းအရုံး (သခင်) အဖွဲ့ဝင်တည်း။

**ဗမာသွေး ဗမာ့သတ္တိ**

အင်္ဂလိပ်မကြီး ပြန်ချသွားပြီးနောက် နာရီဝက်ကျော်ကျော်အကြာတွင် အော်စတင်ကားနှင့် အင်္ဂလိပ်လင်မယားနှစ်ယောက် ပေါက်ချလာသည်။ အရပ် ၆ ပေခန့် ကိုယ်အလေးချိန် ပေါင် ၃၀၀ ခန့် စီးလေးတန်ရှိသော အင်္ဂလိပ်ကြီး၏ မျက်နှာသည် ပန်းရောင်ရှိနေ၏။ စိတ်ဆိုးနေ၍ ...

သူ့ခါးတွင် ခြောက်လုံးပြူး ပါ၏။ ခြောက်လုံးပြူးကို ခါးပတ်နှင့် အတူ ချိတ်ဆွဲထားသည်။ ကုပ်အကျီအနက် ဘောင်းဘီရှည်အနက် သားရေဖိနပ်အနက် ခြေအိတ်အနက် ဝတ်ဆင်ထားသောအနီအင်္ဂလိပ်ကြီးသည် စုံထောက်ကြီး ရှားလော့ဟုမ်း ပမာအသွင် ...

သူ့ခေါင်းပေါ်မှာ ဝက်(စ်)စတက် ဦးထုပ်ကလည်း အနက်၊ သူတို့ လင်မယားသည် အော်စတင် ကားကို အရှိန်းမောင်းနှင်လာပြီး ဈေးအတွင်းသို့ ဟွန်းရှည်ကြီးတီးကာ အတင်းဝင်ချလာတော့သည်။ ငါးခြောက်တန်းမှ ငါးခြောက်သည် ဒေါ်လှရင်၏ ဆိုင်ရှေ့ ကားထိုးရပ်လိုက်သည်။ ဈေးသူဈေးသားတွေက ဝိုင်းအုံပြီး ကြည့်နေကြ၏။ ဆိုင်ပေါ်မှာ ဒေါ်လှရင်တို့ သားအမိရှိနေကြသည်။

သို့သော် အတိုက်အခိုက် ထိုးသတ်ပွဲမျိုးကို ကြုံတွေ့ရမှုသည် ရွှေဘိုမှာ မရေမတွက်နိုင်လောက်အောင် များပေမယ့် မတင်းတိမ်တတ်သည့် ရွှေဘိုသား၊ ရွှေဘိုသူတွေက ဝမ်းပန်းတသာ ကြည့်လိုရှုလိုနေကြသည်။ သည်လိုပွဲမျိုးကို ဝက်သားထက်ကြိုက်သတဲ့လေ .. ရွှေဘိုသားတွေက–

“ဘယ်သူလဲဟေ့ .. ငါ့ မိန်းကလေးကို အလေးနဲ့ပစ်တာ။ နင်တို့ကို ငါကလဲ ပစ်မယ်”

အင်္ဂလိပ်ကြီးသည် သူ့ခါး၌ ချိတ်ဆွဲထားသော ခြောက်လုံးပြူးကို အိတ်အတွင်းမှ ဆွဲအထုတ် ..

“ဟိတ်” ဟူသော အသံနက်ကြီးနှင့်အတူ သခင်အောင်ဒင်သည် ၄တ်ကြီးတောင်ဓားနှင့် အင်္ဂလိပ်ကြီး၏ ညာလက်မောင်းကို ပိုင်းချ



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

ဒေါ်လှရင်ကြီးတလည်း ဝုန်းခနဲ ခုန်ထလာပြီး အင်္ဂလိပ်မ၏ ဦးခေါင်းအား ငါးခြောက်ခုတ်သည့် ဒီပဲယင်းလုပ် ဓားမကြီးဖြင့် ခုတ်ခွဲပစ်လိုက်ချေသည်။

သွေးသည် ခြင်းခြင်းနီသွားတော့သည်။ ယင်းသို့ ဖြစ်ပျက်နေ စဉ် သေနတ်သံ (၅)ချက် ထွက်လာသည်။ လိုက်ပါလာသော ပုလိပ်အဖွဲ့၏ ရိုင်ဖယ်သေနတ်သံ။ ရွှေဘိုခရိုင်တရားသူကြီးဖြစ်သူ မစ္စတာ ရစ်ချပ်ဟဲရစ်ဆင် (R- Harrisson) ၏ ညာဘက်လက်တစ်ဖက် ပြတ်သွားရပြီ။

ရစ်ချပ်ဟဲရစ်ဆင်ကတော် "ရုဒ်"ဟဲရစ်ဆင် (RUTH) ၏ ဦးခေါင်းသည် ၆ လက်မမက ကွဲသွားရသည်။

"ကိုင်း... မှတ်ထား မသေမချင်းမှတ်ထား .. အဲသဟာ ဗမာ့သတ္တိကွ"

**ဓာတိသွေး ဓာတိမာန်**

မြန်မာပြည်ကြီးကို လက်နက်အားကိုးဖြင့် မတရားအုပ်ချုပ်မင်းလုပ်ဗိုလ်ကျနေလေသော နယ်ချဲ့အရင်းရှင် အင်္ဂလိပ်လူမျိုး၏ အနွယ်ဖြစ်သည့် ခရိုင်တရားသူကြီး မစ္စတာ ဟဲရစ်ဆင်တို့ ဇနီးမောင်နှံအား ဓားနှင့်ခုတ်လွှတ်လိုက်မှုကြောင့် ရွှေဘိုသား ရွှေဘိုသူအများ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပေသည်။ ဓာတိသွေး ဓာတိမာန်ရှိကြလေသည်။ မြန်မာပြည်သားတိုင်းကို သတင်းစာ၌ပါရှိသွားသဖြင့် ဖတ်တွေ့ရပြီး ကျေနပ်မဆုံးဖြစ်ခဲ့ကြသည်။ ငါးခြောက်သည်သားအမိသည် သခင်အဖွဲ့ဝင် ရွှေဘိုမြို့ရှိ တို့ ဗမာအစည်းအရုံး အဖွဲ့ဝင်များက မြှောက်ပေး၍ ယခုလို ရာဇဝတ်မှု ဖြစ်ရသည်ဟု ရွှေဘိုခရိုင် ပုလိပ် ဝန်ကြီး မစ္စတာခရစ်တိုဖာကွိုစ် (D.S.P)က မှတ်ချက်ချခဲ့သည်။

ထို ၁၉၃၆ ခုနှစ် ကာလက ဒုတိယ အကြိမ်မြောက် ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်ကြီး မှောက်ပြီးနောက် သခင်အောင် ဆန်း၊ သခင်နု၊ သခင်ရာရှစ်၊ သခင် ဗဆွေ၊ သခင်သိန်းဖေမြင့်၊ သခင် ကျော်ငြိမ်း၊ သခင်ရှုမောင်၊ သခင် ဗဟိန်း စသည့်တို့ ဗမာအစည်းအရုံး အဖွဲ့ဝင် တက္ကသိုလ်ကျောင်းသား သခင်ထွန်းအုပ် စသည်တို့က နိုင်ငံရေးနယ်မြေသို့ ခြေစုံပစ်၍ ဝင်ရောက်ချိန်၊ ထကြွနိုးကြားလှုပ်ရှားချိန်နှင့် ကိုက်ညီသဖြင့် ထူးထူးခြားခြား အသွင်သို့ ဆောင်နေချေသည်။ ထိုခေတ်ထိုအခါ "ကျွန်ခေတ်က နယ်ချဲ့အရင်းရှင် အင်္ဂလိပ်တို့ တန်ခိုးထက်ကာ မိုက်ကောင်းနေကြချိန်ဝယ် ခရိုင်တရားသူကြီးအား ဓားနှင့် ခုတ်ဖြတ်ပစ်လိုက်မှုသည် မင်းတို့ အင်္ဂလိပ်လူမျိုးတွေကို တို့ဗမာတွေက လုံးဝမကြောက်ဘူးဟေ့ ဘာမထီဓာမထီသွေးရှိတဲ့ ဗမာဆိုတာ မှတ်ထားဟု ပြောချလိုက်သည့်ပမာ။

**ထစ်နိုင်ငံထုံး သိမ့်သိမ့်တုန်**

ဟံသာဝတီ သတင်းစာမှာ (၆)လိုင်း စာလုံးမည်းကြီးများဖြင့်-

(သခင်မဒေါ်လှရင်က ခရိုင်တရားသူကြီးကတော် မစ္စရိုဆီ၏ခေါင်းကို ဓားမဖြင့် ခုတ်လိုက်ခြင်း)

ခေါင်းစီးကြီးနှင့် မျက်နှာဖုံးသတင်းစာအဖြစ် ၂၅-၁၂-၁၉၃၆ ခုနှစ်ထ



www.burmeseclassic.com

www.burmeseclassic.com



ပါရှိသလို ..

မြန်မာ့အလင်း သတင်းစာ မျက်နှာဖုံး၌လည်း ထိုနည်းတူ (ရွှေဘိုခရိုင်တရားသူကြီး မစ္စတာ ဟဲရစ်ဆန်အား ဓားနှင့်ခုတ်ဖြတ်သည့် သခင်အောင်ဒင်) ခေါင်းစီးမည်းကြီးဖြင့် သတင်းသည် ၂၅-၁၂-၁၉၃၆ ခုနှစ် ခရစ္စမတ်နေ့တွင်ပင် ဖော်ပြပါရှိရာ တစ်နိုင်ငံလုံး သိမ့်သိမ့်တုန်ဟည်းသွားလေတော့သည်။ ဓားခုတ်မှု ဖြစ်ပြီး (၃)ရက်ကြာကာလ မန္တလေးဆေးရုံကြီးတွင် တရားသူကြီး ကတော် (ရှသ်)၏ ဦးနှောက်တွင်းသို့ သွေးဝင် သွေးခဲ သေပွဲ သွားရသည်။

တရားသူကြီး မစ္စတာ ဟာရစ်ဆန်သည် RICHAR HARRISONမှာမူ ညာဘက် လက်မောင်းရင်းမှ အစပြု၍ ဖြတ်ပစ်လိုက်ရသည်။ ဓားခုတ်မှု ကျူးလွန်ခဲ့သူ သခင်မ ဒေါ်လှရင်နှင့် သူမ၏ သား သခင်အောင်ဒင်အား တရားစွဲဆိုစစ်ဆေးရာမှာ မကွယ်မဝှက် အမှုဖြစ်စဉ်အတိုင်း ဖြောင့်ချက်ပေးခဲ့၏။ အခင်းဖြစ်ပွားသည့်နေ့မှ (၂)လကြာကာလ ဒီဝရီကျတော့သည်။

ဒေါ်လှရင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်သက်၊ သခင် အောင်ဒင် ..အလုပ်ကြမ်းနှင့် ထောင်ဒဏ် အနှစ် ၂၀ အပြစ်ဒဏ်ပေးလိုက်ချေသည်။

ဒီဝရီချသည့်ရက်တွင် ခရိုင်တရားသူကြီးရုံးကြီးဝယ် ပရိသတ် ငါးထောင်ထက် မနည်းပေ။ လာရောက်နားထောင်ကြ၏။ ရုံးအတွင်း၌ မဆံ့။ ရုံးပြင်ပတွင် ပရိသတ်များ ထိုင်၍ တစ်မျိုး၊ ထ၍ တစ်နည်း၊ တက်ကြွစွာ နားထောင်လျက်ရှိ၏။ တရားသူကြီးမင်းက စီရင်ချက်ချပြီးသည့်နောက် တရားခံ နေရသော ဝက်မြံအတွင်းမှ သခင်ဒေါ်လှရင်နှင့် သခင်အောင်ဒင်တို့ သားအမိ လက်သီးလက်မောင်းတန်းကာ-

"သခင်မျိုးဟေ့ .. ဒို့ဗမာ"

"သခင်မျိုးဟေ့ .. ဒို့ဗမာ"

ဟု ရဲရဲတောက် ကြွေးကြော်လိုက်သည်တွင် ရုံးအတွင်း အပြင်ရှိ လူအုပ်ကြီးကပါ "သခင်မျိုးဟေ့ .. ဒို့ဗမာ"

"သခင်မျိုးဟေ့ .. ဒို့ဗမာ"

ဟု တခဲနက်တစ်ပြိုင်နက်တည်း ရဲဝံ့တက်ကြွစွာ ပြိုင်တူပြိုင်နက် လက်သီးလက်မောင်းတန်း ကာ ဟစ်ကြွေးလိုက်ကြချေသည်။

လူအုပ်ကြီးကို ရွံ့ကြောက်သဖြင့် ရွှေဘိုခရိုင်ပုလိပ်တပ်ဖွဲ့ဝင် (၂၀၀)မက နေရာယူထားစေ၏။ ခရိုင်ပုလိပ်ဝန် (D.S.P)နှင့် ခရိုင်ပုလိပ်ဝန်ထောက်တို့ ကိုယ်တိုင်လာရောက်ကြပ်မတ်ခဲ့ကြသည်။ ပုလိပ်စုံထောက် ရာဇဝတ်အုပ် ကိုဖေခင်သည် တိတ်တဆိတ် တို့ဗမာအစည်းအရုံးအဖွဲ့ဝင် (သခင် ..ဖေခင်) ဖြစ်နေသည်ကို ပုလိပ်မင်းကြီး အင်္ဂလိပ်ကြီးတို့ သိများသွားခဲ့ပါလျှင်။ ။

**မှတ်ချက်။** ထို ၁၉၃၆ ခုနှစ်က ရွှေဘိုပုလိပ် စုံထောက်ရာဇဝတ်အုပ်ဖြစ်သူ ကျွန်တော်၏ ဖခင် ဦးဖေခင်၏ အင်္ဂလိပ်လိုရေးထားသော မှုခင်း နေ့စဉ်မှတ်တမ်းမှ တကယ့်ဖြစ်ရပ်မှန် ဖြစ်သည်။

**ရွှေဘိုဘာဖထီခင်အောင်**



www.burmeseclassic.com

www.burmeseclassic.com



# နှိမ်နင်းတားဆီး ဖေကြီးသမီး

## ကျော်အေးရွှေ

''ဖေကြီး သမီး မမခိုင်မာဦးတို့ အိမ်ကို သွားချင်တယ်''

''ဘာသွားလုပ်မှာလဲ သမီးရဲ့''

လက်ကလေးပိုက်ပြီး ခွင့်တောင်းလာသော သမီးဖြစ်သူ သက်ထားဇော်ကို မော်တော်ဆိုင်ကယ် ပြင်နေရာမှ ဖခင်ဖြစ်သူ ကိုဇော်ဇော်က ပြန်မေးလိုက်သည်။

''သွား ကစားမလို့ပါ ဖေကြီးရဲ့။ မမဖွန့်ပွင့်ဖြူရယ်၊ မမခိုင်မာဦးရယ်၊ သမီးရယ် ကစားကြ မလို့လေ''

''အေး အေး အမေသိတာကို ပြောပြီးပြီလား သမီး၊ ကစားရင်း ရန်မဖြစ်ရဘူးနော်။ ပြီးတော့ ဖေကြီးပြောထားတာ တွေမမေ့နဲ့နော်''

''အမေ သိတာကိုလဲ ပြောပြီးပြီ ဖေကြီးပြောထားတာကိုလဲ မမေ့ပါဘူးနော်''

ဖခင်ဖြစ်သူ ကိုဇော် ဇော်က အငယ်ဆုံး သမီးလေး သက်ထားဇော်ကို အချစ်ပို၍ အလိုလိုက်သည့် အရိပ်အကဲ ကြည့်နေသူဖြစ်သည်။ စာဖတ် ဝါသနာပါသော ကိုဇော်ဇော်က အပတ်စဉ် လစဉ်ထုတ်ဂျာနယ် မဂ္ဂဇင်းများကို အမြဲတစေ အချိန်ပေးဖတ်လေ့ရှိသည်။ ပြီးတော့ လေးတန်းကျောင်းသူ သမီးလေး သက်ထားဇော်ကို သိသင့်သိထိုက်သော ဂျာနယ်၊ မဂ္ဂဇင်းပါ အကြောင်းအရာများကို ပြောပြမှတ်သား စေခဲ့သည်။ သက်ထားဇော်ကလည်း အဖေတူသမီးပီသစွာ စာဖတ်ဝါသနာပါလေသည်။ ဖခင်ဖြစ်သူ

www.burmeseclassic.com

တ်ပြီးသော ဂျာနယ်များကို ကောက်ယူဖတ်ကြည့်ပြီး နားမလည်သည်များကို ပြန်မေးတတ်ပါလေ၏။ (7-Day News Journal)တွင်ပါသော ဆရာမ ငြိမ်းငြိမ်းနိုင်၏ "လူမဆန်သူများ၏ ပစ်မှတ်ဖြစ်လာသော ကလေးငယ်များ" ဆောင်းပါးကို ဖတ်မိပြီးနောက်၊ သမီးငယ်ကို ၍ ဂရုစိုက်လာခဲ့သည်။

ဝမ်းရေးအတွက် လှုပ်ရှားရုန်းကန်နေရသော မိဘများမှာ အရွယ်မရောက်သေးသော သမီးများအပေါ် ဂရုမစိုက်နိုင်ကြ။ အိမ်နီးနားချင်းများထံ အပ်နှံ ထားတတ်လေ့ရှိကြသည်။ သည်တော့ မရိုးသားသော သူများနှင့် တွေ့ကြသောအခါ မိမိ၏ ကလေးငယ်များ ရေတိမ်နစ်ရလေတော့သည်။ စာဖတ်အားနည်းတာလည်း ပါလေသည်။ ထမင်းတစ်နပ်အတွက် လှုပ်ရှားနေရတော့လည်း စာဖတ်ဖို့ အချိန်ပေးနိုင်မည်မဟုတ်ပါလေ။

"သိပ် မိုးချုပ်အောင် မနေနဲ့နော် သမီး"

ဖခင်ဖြစ်သူထံမှ သွားခွင့်ရပြီဖြစ်သဖြင့် သက်ထားဇော် တစ်ယောက် ဝမ်းသာအားရ ပြေးထွက်သွားသည်။ ကိုဇော်ဇော်က အိမ်ကတိုင်ကပ်နာရီကို လှမ်းကြည့်လိုက်တော့ လေးနာရီ မိနစ်နှစ်ဆယ်ရှိနေပြီ။ သက်ထားဇော် သွားကစားမည့် အိမ်က အဒေါ်အရင်း ခေါက်ခေါက် အိမ်ဖြစ်သဖြင့် စိတ်ချလက်ချ လွှတ်လိုက်ခြင်းဖြစ်သည်။ သက်ထားဇော်သည် စာတော်သလို အကင်းပါးသည်။ လိမ္မာရေးခြားရှိပြီး မိဘစကားကို နားထောင်သူဖြစ်သည်။ မိဘနှစ်ပါးလုံးက ချစ်သလို အဘိုးဖြစ်သူ ဦးစိုးအောင်ကလည်း တအားချစ်ပါလေ၏။ ကိုဇော်ဇော်က ပြင်လက်စ မော်တော်ဆိုင်ကယ်ကို လက်စသတ်လိုက်သည်။ ပြီးတော့ အိမ်ရှေ့အုတ်ကန်မှာ ရေချိုးပြီး သန့်ရှင်းရေး လုပ်လိုက်သည်။ တစ်နေကုန် မော်တော်ဆိုင်ကယ်ပြင်နေရသဖြင့် တစ်ကိုယ်လုံး ညစ်ပတ်ပေရနေသည် မဟုတ်ပါလား။

'ဖေကြီးရေ ဖေကြီး"

အိမ်ရှေ့မှ ဖခင်ဖြစ်သူကိုအော်ခေါ်ရင်း ပြေးဝင်လာသူက သက်ထားဇော်။ အိမ်ရှေ့အုတ်ကန်တွင် ရေချိုးနေသော ဖခင်ဖြစ်သူကို မမြင်။

"ဟဲ့ သမီး ဖေကြီးက ဒီမှာလေ"

"သြော် သမီးကလော ကြီးသွားပြီး ဖေကြီးကို မမြင်ဘူး"

"ဘာဖြစ်လာတာလဲ သမီး"

ကိုဇော်ဇော်က သမီးဖြစ်သူ၏ အရိပ်အကဲကိုကြည့်ပြီး မေးလိုက်သည်။

"ဖေကြီး ရေမြန်မြန်ချိုး သမီးပြောစရာရှိလို့"

သက်ထားဇော်က ဖခင်ဖြစ်သူ အနားကပ်၍ ပြောလိုက်သည်။

"ပြီးပါပြီ သမီးရဲ့။ ကိုင်း ဘာပြောမှာလဲ ပြော"

ရေဝတ်ချိုးသော လုံချည်ကို ရေညှစ်ရင်း ပြောလိုက်သည်။ သက်ထားဇော်က ဖခင်ဖြစ်သူ့အနားသို့ အတင်းတိုးဝင်သွားပြီး ခြေဟန်လက်ဟန်ဖြင့် တိုးတိုးလေးပြောနေသည်။ ကိုဇော်ဇော်က သမီးဖြစ်သူ၏ စကားကို ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်စားစွာ နားထောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစဉ်–

"သားအဖ နှစ်ယောက် တိုးတိုးနဲ့ ဘာတွေပြောနေကြတာလဲ၊ထမင်းစားကြမယ်လေ"

မိခင်ဖြစ်သူ မသီတာ၏ အသံ ထွက်ပေါ်လာတော့မှ စကားပြော ရပ်သွားသည်။ ကိုဖော်ဖော်က သမီးဖြစ်သူ၏ ခေါင်းမှ ဆံပင်ကို ညင်သာစွာ ပွတ်လိုက်ပြီး–

"သမီးတော်တယ်"

ဟုချီးမွမ်းလိုက်သည်။

*****

နောက်တစ်နေ့ ညနေ။

မနေ့က ပြင်ပြီး သွားသောဆိုင်ကယ်ကို အသေးစိတ် ပြန်စစ်ဆေးနေစဉ် လက်ကိုင်ဖုန်းက အသံမြည်လာသည်။ ဖုန်းဖွင့်ပြီးကြည့်လိုက်တော့ သူငယ်ချင်း စခန်းမှူးရဲအုပ် ကျော်ကျော်ရဲ့ ဖုန်းနံပါတ်ကို တွေ့လိုက်ရသည်။ ဖုန်းကို နားအနားကပ်လိုက်ပြီး "ဖော်ဖော်ပါ"ဟု ပြောလိုက်သည်။

"ငါပါကွ ကျော်ကျော်ပါ၊ မင်းဖုန်းဆက်ပြီးသတင်းပေးတဲ့အတိုင်း နေ့လယ်မှာ မန္တလေးကိုထွက်မယ့်ကားပေါ် သွားရှာတာ မင်းတို့ရွာက နှင်းယုလှိုင်နဲ့ အေးအေးမြတ်ဆိုတဲ့ ကောင်မလေးနှစ်ယောက်နဲ့ လူပွဲစား ဒေါ်မေသန်းဌေးတို့ကို တွေ့တယ်ကွ၊ ငါနဲ့အတူတူ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ဝင် အမျိုးသမီးတွေ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်တွေလဲ ပါတယ်ကွ"

စခန်းမှူး ရဲအုပ် ကျော်ကျော်မှာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ဝင်တစ်ယောက်ဖြစ်သည်။ သမီးသက်ထားဖော်ပေးသော သတင်းမှန်/မမှန်၊ မနက်က ရွာမှမြို့သို့ထွက်သောမော်တော်ကို စောင့်ကြည့်နေလိုက်သည်။ သမီးပေးသည့်သတင်းအတိုင်း ရွာမှအေးအေးချို၏ သမီးနှစ်ယောက်ကို မော်တော်ပေါ်တွင်တွေ့လိုက်ရသည်။ အဝတ်ထည့်ထားသော အိတ်တစ်လုံးလည်း ပါလေသည်။ သမီးပေးသော သတင်းမှန်လေပြီမို့ သူငယ်ချင်းဖြစ်သူ စခန်းမှူးရဲအုပ် ကျော်ကျော်ထံ ဖုန်းဆက် သတင်းပေးလိုက်ခြင်းပင်ဖြစ်သည်။

"ဟော့ကောင် ဖော်ဖော် ငါပြောတာ ကြားရဲ့လားကွ"

ဖော်ဖော်က ငြိမ်နေသဖြင့် ရဲအုပ်ကျော်ကျော်က မေးလာသည်။

"ကြားပါတယ် .. ဆက်ပြောလေကွာ ..."

"အေး .. ငါတို့လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အဖွဲ့ဝင်တွေက တရားခံဒေါ်မေသန်းဌေးနဲ့ ကောင်မလေးနှစ်ယောက်ကို ရဲစခန်းခေါ်သွားပြီး စစ်တော့ တရားခံ ဒေါ်မေသန်းဌေးက ဝန်ခံလိုက်တယ်ကွ။ ကောင်မလေးနှစ်ယောက်ရဲ့ မိဘတွေကို မူဆယ်မှာ လစာကောင်းကောင်းနဲ့ အလုပ်ရမယ်လို့ ယုံကြည်အောင်ပြောပြီး ခေါ်လာတာတဲ့ကွ။ ပြီးတော့ မိဘတွေ ယုံအောင် ကြိုတင်လစာသဘောမျိုး ငွေငါးသောင်းပေးထားခဲ့တယ်တဲ့။ တကယ်တော့ နယ်စပ်ခေါ်သွားပြီး ရောင်းစားမှာလေ။ တရုတ်မယား လုပ်ခိုင်းမှာသေချာတယ်။ အချိန်မီသတင်းပေးတဲ့ မင်းကိုကျေးဇူး အထူးတင်တဲ့အကြောင်း လှမ်းပြောတာကွ"

"အံမာ .. ငါ့ကိုကျေးဇူးမတင်နဲ့။ မင်းသမီးကိုအချိန်မီ



www.burmeseclassic.com

www.burmeseclassic.com



သတင်းပို့နိုင်တာ တော်တော်များများ ဖုန်းကိုင်နိုင်လာကြလို့ကွ။ အဲဒါကြောင့် ငါကိုယ်တိုင် ရွာကနေ မင်းဆီကို လှမ်း အကြောင်းကြားနိုင်တာ။ အဲဒီတော့ မင်း ကျေးဇူးတင်ချင်ရင် ဆက်သွယ်ရေး ကောင်းအောင် လုပ်ပေးတဲ့ လူကြီးတွေကို ကျေးဇူးတင်။ နောက်ပြီးတော့ မင်း ကျေးဇူးတင်ရမယ့်သူ နောက်တစ်ယောက်ရှိသေးတယ်"

ကိုဇော်ဇော့် အသံက တက်ကြွနေသည်။

"ဘယ်သူ့ကို ကျေးဇူး ထပ်တင်ရဦးမှာလဲ ဇော်ဇော်ရ"

"ငါ့သမီးကို ကျေးဇူး တင်ရမှာပေါ့ကွ။ အဲဒီသတင်းက ငါ့သမီးလေးပေးတဲ့သတင်းကွ"

"ဟော . . ဟုတ်လား . ငါ နားလည်အောင် ရှင်းပြစမ်းပါဦး"

လူကုန်ကူးမှု တားဆီး နှိမ်နင်းရေး အဖွဲ့ဝင် စခန်းမှူးရဲအုပ် ကျော်ကျော်က တအံ့တသြမေးလာသည်။

"အေး ငါပြောပြမယ် အဖြစ်က ဒီလိုကွ"

*****

ငါ့သမီးက လေးတန်းကျောင်းသူ၊ အသက်က ဆယ့်တစ်နှစ်၊ နာမည်က သက်ထားဇော်တဲ့၊ ငါက သမီးလေးကို သေသေချာချာမှာ ထားတာကွ၊ ကျောင်းမှာ ဘယ်သူလာခေါ် ခေါ် ကိုယ့်ဆွေမျိုးသားချင်း မဟုတ်ရင် မလိုက်ဖို့၊ လူကုန်ကူးခံရတတ်တဲ့အကြောင်းတွေကို ပြောပြထားတာကွ၊ မင်းသိတဲ့အတိုင်းပဲလေ၊ ဒီနေ့ ဆယ်ကျော်သက်ကလေးတွေ မဟုတ်တရုတ်အလုပ်ခံနေရတာတွေ . ရောင်းစားခံနေရတာတွေ၊ ဂျာနယ်တွေထဲမှာ ပါနေတာ မင်းလဲ သိပါတယ်ကွာ၊ ငါက စာဖတ်တာဝါသနာပါတဲ့သမီးလေးကို ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ ပေးဖတ်တယ်လေ၊ ပြီးတော့ ငါကိုယ်တိုင်လဲ ပြောပြတယ်။

မင်း ငါပြောတာကို သေသေချာချာ နားထောင်နော်၊ ဘာမှပြန်မမေးနဲ့၊ မနေ့က ငါ ဆိုင်ကယ်ပြင်နေတုန်း သမီးက သူ့အဒေါ်အိမ်ကို သွားကစားချင်လို့ပြောပြီး ခွင့်လာတောင်းတယ်ကွ၊ တို့ရွာက မင်းသိတဲ့အတိုင်း အိမ်ခြေကတစ်ရာကျော်ရေလမ်းခရီးပဲ အားကိုးပြီးသွားနေရတဲ့ရွာကွ၊ ဒါကြောင့်အရေးရယ် အကြောင်းရယ်ဆို ဖုန်းကိုပဲ အားကိုးနေရတာလေ၊ တစ်ရွာလုံးကလည်း ဆွေမျိုးသားချင်းတွေလို ဖြစ်နေကြတော့ စိတ်ချလက်ချ လွှတ်လိုက်တာပေါ့ကွာ၊ ညနေစောင်းတော့ သမီးလေးက အပြေးအလွှားပြန်လာပြီး ငါ့ကိုအော်ခေါ်တော့တာပဲ၊ အဲဒီအချိန်မှာ ငါကဆိုင်ကယ်ပြင်ပြီးလို့ အိမ်ရှေ့အုတ်ရေကန်မှာရေချိုးနေတာလေ၊ သမီးလေးက ငါ့ဆီပြေးလာပြီး "ဖေကြီး . ရေမြန်မြန်ချိုး သမီးပြောစရာရှိတယ်လို့" ဆိုပြီး ပြောလာတယ်၊ အဲဒီမှာ ငါ့ သမီးက ဘာပြောလဲဆိုတော့ . . . . .

"ဖေကြီး သမီးလေ မမခိုင်မာဦးတို့ အိမ်မှာ တူတူပုန်းတမ်း ကစားကြတာ ဖွန်ပွင့်ဖြူလိုက်တဲ့အလှည့်မှာ သမီးက ဒေါ်ချိုချိုအေးတို့ အိမ်အောက်မှာ သွားပုန်းနေတာ အိမ်ပေါ်မှာ ဒေါ်ချိုချိုအေးရယ် မမကြီး နှင်းယုလှိုင်နဲ့ မမအေးအေးမြတ်ရယ် မြို့က ချော့သည် အဒေါ်ကြီး တစ်ယောက်ရယ် စကားပြော

www.burmeseclassic.com



နေကြတယ် ဖေကြီးရဲ့၊ သူတို့ပြောနေကြတာက မူဆယ်မှာ အလုပ်ပေါပြီး လခ ကောင်းကောင်းရတဲ့အကြောင်း တရုတ်ပြည်သွားလုပ်ချင်လည်း ရတဲ့အကြောင်း၊ သွားချင်ရင် လိုက်ပို့ပေးမယ်လို့ မြို့ကအဒေါ်ကြီးက ပြောတော့ မမကြီး နှင်းယုလှိုင်တို့ ညီအစ်မက လိုက်ချင်တယ်လို့ သူတို့အမေဒေါ်ချိုချိုအေးကို ပြောနေကြတယ်၊ မြို့ကအဒေါ်ကြီးက တစ်ထောင်တန် ပိုက်ဆံတွေ တစ်ထပ်ကြီးပဲ ဒေါ်ချိုချိုအေးကိုပေးလိုက်တာ သမီး မြင်ခဲ့တယ် ဖေကြီး၊ ပြီးတော့–

"မနက်ထွက်မယ့် ဈေးမော်တော်စိန်မျိုးနဲ့ မြို့ကိုလိုက်လာခဲ့၊ အန်တီမန္တလေး ထွက်မယ့် ကားဂိတ်ကလက်မှတ်ဝယ်ပြီး စောင့်နေမယ်"လို့ ပြောသံကြားခဲ့တယ် ဖေကြီးရေ၊ အဲဒါ အဖေကြီး ပြောပြောနေတဲ့ လူကုန်ကူးတယ်ဆိုတာမဟုတ်လား။ ဟိုမမကြီးနှင်းယုလှိုင်တို့ ရောင်းစားခံရတော့မှာလားဟင်"

"အဲဒီလို လာပြောတာကွ၊ ဒါနဲ့ ငါလဲသေချာအောင် ရွာကထွက်တဲ့ ဈေးမော်တော်ကို စောင့်ကြည့်လိုက်တော့ နှင်းယုလှိုင်နဲ့အေးအေးမြတ်တို့ ညီအစ်မနှစ်ယောက်ကို အဝတ်အိတ်တစ်လုံးနဲ့ မော်တော်ပေါ်မှာတွေ့လိုက်ရတော့မှ သေချာတယ်ဆိုပြီး မင်းဆီကို ဖုန်းဆက်ပြီး သတင်း ပေးလိုက်တာပါကွာ၊ တော်သေးတာပေါ့၊ တို့ရွာက ကောင်မလေး နှစ်ယောက် တရုတ်မယား ဖြစ်မသွားတာ"

စကားရှည်ရှည်ပြောလိုက်ရသဖြင့် ကိုဇော်ဇော်တော်တော်လေး မောသွားသည်။

"ဟာ ဒီလိုဆို ဒီသတင်းက မင်းသမီးလေး ရလာတာပေါ့"

စခန်းမှူးရဲအုပ် ကျော်ကျော်က ပြန်မေးလိုက်သည်။

"သိပ်သေချာတာပေါ့ သူငယ်ချင်းရာ"

"ဇော်ဇော်ရေ မနက်ဖြန် နံနက်မှာ တို့လူကုန်ကူးမှု တားဆီးနှိမ်နှင်းရေးအဖွဲ့က နှင်းယုလှိုင်တို့ ညီအစ်မနှစ်ယောက်ကို မိဘလက်ရောက် အပ်နှံ... မင်းတို့ ရွာကိုလာကြမှာကွ"

"ကျေးဇူးပဲ သူငယ်... ချင်း ။ ။ မင်းတို့လာရင် လူကုန်... ကူးမှု တားဆီးရေးအကြောင်း... ပက်သက်ပြီး တို့ရွာသူ ရွာသား... တွေဗဟုသုတရဖို့အတွက် ဟော... ပြောပွဲလေးလဲ လုပ်ပေးပါလာ... ကွာ"

ကိုဇော်ဇော်က ဝမ်း... သာအားရပြောလိုက်ပြီး ဖုန်းပိတ်... နေစဉ်မှာ သမီးလေး သက်ထား... ဇော်က ပြေးဝင်လာပြီး ဖခင်ဖြ... သူကို လှမ်းဖက်လိုက်သည်။ ကို... ဇော်ဇော်က သမီးလေးရဲ့ ပါးနှ... ဖက်ကို မွှေးမွှေးပေးလိုက်ရင်း "ဒါမှ ဖေကြီးသမီးကွ" ဟု... ပြောလိုက်လေသည်။

တကယ်တော့ လူကုန်... ကူးမှု တားဆီးနှိမ်နှင်းရေးတွင်... ကိုဇော်ဇော်နှင့် သက်ထားဇော်... တို့လို တာဝန်သိသောပြည်သူ... တစ်ရပ်လုံး ပါဝင်လာဖို့ လိုအပ်... နေပြီ မဟုတ်ပါလား။

ကျော်အေး...



www.burmeseclassic.com

www.burmeseclassic.com



# မှားပြီးရင်းမှား ကလဲ့စား

ဆွေမြင့်သူ (ကြေး/မြေ)

www.burmeseclassic.com

www.burmeseclassic.com



"မှားပြီးရင်းမှား ကလဲ့စား"

ဆွေမြင့်သူ(ကြေး/မြေ)

"မိန်းမမာယာ၊ သဲကိုးဖြာ"တဲ့

"မိန်းမဖျက် ပြည်ပျက်"တဲ့

"ဣတ္ထိဝက်၊ နဒီဝက်"' တဲ့

အဲ့ဒီ ဆိုရိုးစကားတွေကို အစက ကျွန်တော်သိပ်မယုံခဲ့ဘူးဗျာ။ အခုတော့ "မာလာ"နဲ့တွေ့လို့ လုံးဝယုံကြည်လိုက်ပါပြီ။

ရောမအင်ပါယာကြီးကို တုန်လှုပ်စေခဲ့တဲ့ "ကလီယိုပက်ထရာ"တို့၊ ထရိုင်မြို့ကြီး မီးဟုန်းဟုန်းတောက်စေခဲ့တဲ့ "ဟယ်လင်"တို့၊ ခုနစ်ပြည်ထောင်မင်းသားတွေကို တုတ်ဆွဲဓားဆွဲဖြစ်အောင် အရှုပ်လုပ်ခဲ့တဲ့ ပြည့်တန်ဆာမ သာမာဝတီတို့ဆိုတာ ရာဇဝင်မှာအထင်အရှား ရှိခဲ့တာမဟုတ်လား?

မာလာက သူတို့လောက်မလုပ်ပါဘူး။ ဒါပေမဲ့ မလုပေမဲ့ ရှက်ကြမ်း ရေကြိုတော့ မဟုတ်ဘူး။ ဆွဲဆောင်မှုရှိတယ်။ ဒါကြောင့်မို့လည်း ကျွန်တော်လေ သူမကို စွဲမက်ခဲ့တာ။

ဒါပေမဲ့ တစ်ခုဆိုးတာက မာလာက ကျွန်တော့်ရဲ့ ခယ်မတစ်ဝမ်းကွဲ ဖြစ်နေပြန်တယ်။ ကျွန်တော့်ရဲ့ ညီဝမ်းကွဲ မောင်တင်ဆန်းက တောသားမြို့ရောက် ခပ်ရိုးရိုးနုံအအရယ်။ မာလာရဲ့ မိဘတွေက ပေးစားလို့ ညားခဲ့ကြပေမဲ့ သူတို့ဇနီးမောင်နှံက အသွင်မတူဘဲ အိမ်သူဖြစ်နေကြတယ်။

တောမှာ အလုပ်အကိုင်မကောင်းလို့ဆိုပြီး ရန်ကုန်မြို့ကို ရောက်လာကြတယ်။ ဒဂုံမြို့သစ်မှာ အိမ်ငှားပြီး မောင်တင်ဆန်းက ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ပန်းရန်ဆရာလုပ်တယ်။ မာလာက ကျွန်တော်ထုတ်ပေးတဲ့ ငွေအရင်းအနှီးလေးနဲ့ အိမ်ဆိုင်လေးဖွင့်ထားတော့ ချောင်ချောင်လည်လည်ပေါ့လေ။

သူတို့အတွက်တော့ ကျွန်တော်က ကျေးဇူးရှင်ပေါ့။ မောင်တင်ဆန်းကိုလည်း ကျွန်တော်ပဲ အလုပ်သွင်းပေးခဲ့တာ။

ဒါကြောင့်မို့ မာလာက ကျွန်တော့်ကို ကျေးဇူးတော့ဆပ်ပါတယ်။ ပြီးတော့မှ ကျေးဇူးရှင်ကို ကျေးစွပ်တော့တာပါပဲ။

အဖြစ်က ဒီလိုပါ။

✿ ✿ ✿

တစ်နေ့ ...။

သူတို့အိမ်ကို လမ်းကြုံတာနဲ့ ကျွန်တော် ခဏရောက်သွားတယ်။ သူတို့က လင်ကိုယ်မယားနှစ်ယောက်တည်းနေတာ။ သားသမီးလည်း မရှိသေးဘူး။

ခါတိုင်းလို ဈေးဆိုင်ကဖွင့်မထားဘူး။ ညနေစောင်းတော့ စောစောစီးစီး ဆိုင်ပိတ်ထင်ပါရဲ့။

"ဟဲ့ မောင်တင်ဆန်းတို့၊ မာလာတို့ ဘာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထူးသံမကြားတာနဲ့ သူတို့အိမ်ပေါ်ကို တက်သွားမိတယ်။ ဧည့်ခန်းမှာ ဘယ်သူမှမရှိဘူး။ ဒါနဲ့ နောက်ဖေးကို ဆက်လျှောက်သွားလိုက်မိတယ်။ အဲဒီမှာ မာလာက သီချင်းလေးတအေးအေးနဲ့ ရေချိုးနေပုံရတယ်။

ရေချိုးခန်းတံခါးက ဟနေတယ်။ ကျွန်တော် ချောင်းကြည့်မိတော့ မာလာလေ မိမွေးတိုင်း၊ ဖမွေးတိုင်း ကိုယ်ချွတ်ဗလာနဲ့ ခေါင်းလျှော်နေလေရဲ့။

ကျွန်တော်က မသင့်တော်တာနဲ့ နောက်ဖေးခန်းက ပြန်ထွက်လာပြီး ဧည့်ခန်းရောက်မှ "အဟမ်း၊ အဟမ်း"လို့ မာလာ ကြားအောင် ချောင်းဟန့်လိုက်တယ်။

မကြာခင်မှာပဲ ထဘီရင်လျားပေါ်မှာ မျက်နှာသုတ်ပဝါပတ်ပြီး မာလာ ရေချိုးခန်းက ထွက်လာတယ်။

"ဟင် ကိုကြီးပါလား၊ ဘယ်က လှည့်လာတာလဲ"

"အေး ငါဒီဘက်လမ်းကြုံတာနဲ့ ဝင်လာတာ။ ဒါနဲ့ မောင်တင်ဆန်းကော ပြန်မလာသေးဘူးလား"

"ကိုတင်ဆန်းက နေ့တိုင်း မိုးချုပ်မှ ပြန်လာရတယ် ကိုကြီးရဲ့"

မာလာက ရဲရဲတင်းတင်းပဲ ကျွန်တော့် ရှေ့လာထိုင်တယ်။ သူမကို ကြည့်ပြီး ကျွန်တော့် စိတ်တွေ လှုပ်ရှားလာတယ်။ မိန်းမတွေရဲ့ ရေချိုးပြီးခါစ အလှက ယောကျ်ားတွေကို မရိုးမရွဖြစ်စေတယ်။

"အစ်မကြီးကော မပါဘူးလား၊ နေကောင်းရဲ့လားကိုကြီး"

"မင့် အစ်မကြီးက သူ့မိဘတွေဆီ ခဏပြန်သွားတယ်ကွယ့်၊ ဆယ်ရက်လောက်ရှိသွား

> ရေချိုးခန်းတံခါးက ဟနေတယ်။ ကျွန်တော် ချောင်းကြည့်မိတော့ မာလာလေ မိမွေးတိုင်း၊ ဖမွေးတိုင်း ကိုယ်ချွတ်ဗလာနဲ့ ခေါင်းလျှော်နေလေရဲ့......



www.burmeseclassic.com

www.burmeseclassic.com

ပြီ၊ နောက်ထပ်တစ်ပတ်လောက် ဆက်နေဦးမယ်တဲ့''

''ဟုတ်လား ဒါဖြင့် ကိုကြီး တစ်ယောက်တည်း အထီးကျန်ဖြစ်နေတာပေါ့လေ ဟင်း ဟင်း''

မာလာက သူမရဲ့ခေါင်းက ရေစိုနေတဲ့ဆံပင်တွေကို ခပ်ဖွဖွသုတ်လိုက်တော့ ရုတ်တရက် သူမရဲ့ ရင်ရှားထဘီက ပြေလျော့လာတယ်။

''အို''

ကျွန်တော့်ရဲ့ အာမေဋိတ်သံကြားလိုက်လို့ မာလာက ဘယ်လိုမှ ရန်လုပ်ပုံမရတဲ့အပြင် ကျွန်တော့်ရဲ့ ပြူးကျယ်နေတဲ့ မျက်လုံးတွေကို အကဲခတ်ပြီး

''မာလာက မအိုသေးပါဘူး ကိုကြီးရဲ့။ ကလေးလဲ မရသေးတော့ အပျိုပဲဆိုပါတော့''

''ဟဲ့ဟဲ့ မာလာ မင်းဘာတွေပြောနေတာလဲ''

''ဘာပြောတာလဲ ဟုတ်လား၊ ခုနက ကိုကြီးအိမ်ပေါ် တက်လာတာ မာလာရေချိုးနေတာကို ချောင်းကြည့်တာ မာလာ သိပြီးသား''

''ဟင်''

**''ကိုကြီးက မာလာရဲ့ ကျေးဇူးရှင်ပါ၊ ဒီတော့ ကြုံတုန်းမှာ ကျေးဇူးရှင်ကို တတ်အားသမျှနဲ့ ကျေးဇူးဆပ်ပါရစေလား''**

''မဟင်နဲ့ ကိုကြီး၊ ကိုကြီးက မာလာရဲ့ ကျေးဇူးရှင်ပါ၊ ဒီတော့ ကြုံတုန်းမှာ ကျေးဇူးရှင်ကို တတ်အားသမျှနဲ့ ကျေးဇူ ဆပ်ပါရစေလား''

''ဘယ်လို ဘယ်လို''

မာလာက ဆက်မပြော တော့ဘဲ ကျွန်တော့် လက်နှစ် ဖက်ကို အသာဆွဲယူပြီး သူမရဲ့ ရင်ညွန့်ပေါ် ဖိကပ်လိုက်တယ်။

''မာလာ မကောင်းဘူး ထင်တယ်။ တော်ကြာ မောင် တင်ဆန်း ရောက်လာရင် အကျ ဒုက္ခရောက်ကြလိမ့်မယ်နော်''

''ကိုတင်ဆန်းက မိုး ချုပ်မှ ရောက်လာတာပါဆို၊ ဘာ လဲ ကိုကြီးက မာလာ့ကို မချစ် ဘူးလား''

''ချစ်၊ ချစ်ပါတယ် မာ လာရဲ့၊ ဒါပေမဲ့ မသင့်တော်ဘူး လားလို့''

''ချစ်ရင်လေ မြန်မြ အိပ်ခန်းထဲ သွားကြမယ်''

''ဟော'' ဆိုပေမဲ့

www.burmeseclassic.com



ကြိုင်းတုတ်ကြီး ကျွန်တော်လေ သူမနောက်က တကောက်ကောက်ပါအောင် လိုက်သွားမိတော့တယ်။

✿ ✿ ✿

သည်လိုနဲ့ ကျွန်တော်တို့နှစ်ယောက် အချစ်နယ်ကျွံခဲ့ကြတယ်။ ပင်လယ်ဆားငံရေဆိုတာ သောက်လေသောက်လေ ငတ်မပြေဆိုတာ လူတိုင်းသိကြပါတယ်။

မာလာကပဲ သဒ္ဒါလွန်သို့ တဏှာကျွန် ဖြစ်ခဲ့လေသလား?

နှစ်ဦးစလုံးက မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းလည်းငြိလေသလား?

ဘာပဲဖြစ်ဖြစ် လူတွင်ပါသို့ ကျားကိုက်ဆိုသလို ကျွန်တော်မိုက်တွင်းနက်ခဲ့မိတယ်။ မာလာနဲ့ ကျွန်တော်တို့ဟာ ကျွန်တော့်အိမ်မှာသော်လည်းကောင်း၊ သူတို့အိမ်မှာသော်လည်းကောင်း၊ အကြိမ်ကြိမ် မှောက်မှားမိကြတယ်။ သူတို့က ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ --ရပ်ကွက်မှာ၊ ကျွန်တော်က မြောက်ဥက္ကလာပမှာနေတော့ အနေချင်းလည်း နီးစပ်တာကိုး။

တစ်ခုဆိုးတာက မာလာက ငွေတော်တော် မက်တာပဲ။ သူမနဲ့တွေ့လေတိုင်း ကျွန်တော့်ဆီမှာ ပါသမျှ အကုန်ရအောင်ချူတယ်။ သည်ကြားထဲ ရွှေဆွဲကြိုးတို့၊ ရွှေလက်ကောက်တို့လည်း ဆင်ပေးရသေးတယ်။

■ ■ ■ ■ ■ ■ ■ ■ ■

**မာလာ့ဆီကို ကျွန်တော် မသွားဘဲ မနေနိုင်တော့ဘူးဗျာ။ အရှုံး အမဲသားကျွေးမိတဲ့ မာလာကို ကျွန်တော် တမ်းတမ်းစွဲ ဖြစ်နေမိပြီလေ။**

ကြာတော့ မာလာရဲ့ အိမ်နီးချင်းတွေ ရိပ်မိသွားဟန်တူတယ်။ ညနေစောင်း ညနေစောင်းကြရင် အချိန်မှန် မော်တော်ဆိုင်ကယ်ကြီး တစ်စီးက သူတို့အိမ်ရှေ့မှာ ဆိုက်ရောက်လာကိုး။

မောင်တင်ဆန်း အလုပ်မဆင်းတဲ့နေ့တွေမှာ သူတို့အိမ်ကို ကျွန်တော် သွားလည်တော့ မောင်တင်ဆန်း မျက်နှာ မကောင်းဘူး။ အရင်လို ဟက်ဟက်ပက်ပက် မရှိဘူး။ မာလာလည်း မျက်နှာ မသာမယာနဲ့၊ တစ်ခုခုတော့ တစ်ခုခုပဲ။

ဒါပေမဲ့ မာလာ့ဆီကို ကျွန်တော် မသွားဘဲ မနေနိုင်တော့ဘူးဗျာ။ အရှုံး အမဲသားကျွေးမိတဲ့ မာလာကို ကျွန်တော် တမ်းတမ်းစွဲ ဖြစ်နေမိပြီလေ။

✿ ✿ ✿

မ,စိတ်မွန်နေတဲ့ ကျွန်တော်ဟာ မောင်တင်ဆန်း အလုပ်ဆင်းတဲ့ နေ့တစ်နေ့မှာ နေ့



www.burmeseclassic.com

www.burmeseclassic.com

လယ်ထမင်းစားပြီးတာနဲ့ ရောက်အောင်သွားလိုက်တယ်။

အဲဒီအချိန်မှာ မာလာက ဈေးရောင်းရင်း ထမင်းစားနေတယ်။

"ဟင် ကိုကြီး ဒီနေ့ စောစောစီးစီးကြီးပါလား"

"အေး ဟုတ်တယ်၊ မင်းကို တစ်နေ့မတွေ့ရ မနေနိုင်လို့ပေါ့"

"တော်စမ်းပါ၊ အပိုတွေ လာပြောမနေနဲ့၊ အိမ်ကအစ်မကြီးနဲ့ ညတိုင်းအိပ်နေပြီးတော့ ခုမှ လာပြီး ချွဲမနေနဲ့"

"ချွဲတာ မဟုတ်ပါဘူးကွာ၊ မင်းနဲ့ပဲ ကဲချင်လို့ပါ။ ကဲဆို မာလာ ထမင်းမြန်မြန်စားကွာ၊ ကိုကြီး အိပ်ခန်းထဲက စောင့်နေမယ်နော်"

"ဟော့တော် ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ ဆိုင်က တန်းလန်းကြီးလေ၊ ဆိုင်ပိတ်လိုက်ရင် ပတ်ဝန်းကျင်က တစ်မျိုးထင်မှာပေါ့"

"ဒါဖြင့်လဲ ဖွင့်ထားလိုက်လေ ဟန်မပျက်ပေါ့"

"ဟုတ်ကဲ့ ကောင်းပါပြီရှင်"

✿ ✿ ✿

"ဝုန်း" "ဒိုင်း"

သီလျက်နဲ့ ဝီပါက်ကြမ္မာငင်ဆိုသလို ဧည့်ခန်းထဲကမှဆူဆူညံညံ အသံကြားလို့ ကျွန်တော် ထွက်ပြေးကြည့်တော့ မောင်တင်ဆန်းလေ၊ ကုလားထိုင်တွေကို ကိုင်ပေါက်ပစ်လိုက်၊ နံရံကို လက်သီးနဲ့ထိုးလိုက်နဲ့ ဝုန်းဒိုင်းကျဲနေလေရဲ့။


"မောင်တင်ဆန်း ညီလေး စိတ်ထိန်းပါကွာ။ အစ်ကိုမှားမိပါတယ်"

ကျွန်တော်က တောင်းပန်တော့ မောင်တင်ဆန်းလေ ကျွန်တော့်ကို ရွံရှာမုန်းတီးတဲ့ အကြည့်ကြည့်နဲ့ ခပ်စိမ်းစိမ်းကြည့်ပြီးမှ

"အစ်ကို ကျွန်တော့်အပေါ် သိပ်ရက်စက်တယ်ဗျာ"

လို့ တစ်ခွန်းတည်းပြောပြီး ကြူကြူပါအောင် ငိုကြွေးတော့တာပါပဲ။

အဲဒီအချိန်မှာ မာလာ



www.burmeseclassic.com



က အဝတ်အစား ဖရိုဖရဲနဲ့ သူမရဲ့ယောကျ်ားကို ပြေးဖက်ပြီး–

"ကိုတင်ဆန်း ကိုတင်ဆန်း သူ .. သူလေ ညီမ အိပ်ခန်းထဲမှာ သနပ်ခါးလူးနေတုန်း အတင်းဝင်လာပြီး မဟားတရား ကြံတာပါ။ ပြီးတော့ အိပ်ရာပေါ် ဆွဲလှဲပြီး မတရားကျင့်တယ်။ အဲဒါ ညီမ သူ့ကိုတရားစွဲမယ်သိလား"

"ဘာပြောတယ်"

"ဘာ"

✿ ✿ ✿

"ဘယ်သူမပြု မိမိမှု"

တဲ့။

"ကိုယ်ဖြစ်ကိုယ်ခံ"

တဲ့။

မာလာ တစ်ယောက် တတ်လဲတတ်နိုင်ပါရဲ့ဗျာ။ သူသဘောတူလို့ပဲ ကျွန်တော်က ကြာကူရိဇာတ်ခင်းခဲ့တာကို မုဒိမ်းမှုနဲ့ တရားစွဲတယ်လေ။ အမှန်က ကျွန်တော့်ကို မောင်တင်ဆန်းက တရားစွဲရမှာ။ ဒါပေမဲ့ မောင်တင်ဆန်းက မလည်မဝယ်နဲ့၊ ကျွန်တော့်ကို တရားစွဲချင်မှာမဟုတ်ဘူးဆိုတာကို မာလာက သိတယ်လေ။

မာလာက သူမရဲ့ ယောကျ်ားကို အယုံသွင်းတာဗျ။

ဒီတစ်ခါပဲ ကျွန်တော်က သူမကို ကျူးလွန်တဲ့ပုံမျိုး။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်က မုဒိမ်းသမား မယားခိုးကြီးဆိုပါတော့။

သည့်လိုနဲ့ ကျွန်တော် မုဒိမ်းမှုနဲ့ ထောင်(၇)နှစ်ကျသွားတယ်။

မာလာရဲ့ မကောင်းသတင်းတွေကိုလည်း ထောင်ဝင်စာလာတွေ့တဲ့ ကျွန်တော့်သူငယ်ချင်းတွေဆီက ကြားရတယ်။ ကျွန်တော့်မိန်းမကတော့ ကျွန်တော့်ကြောင့် ရှက်ရွာလွန်းလို့ သူမရဲ့ဆွေမျိုးတွေရှိရာ နိုင်ငံခြားကို အပြီးအပိုင် ထွက်ခွာသွားပြီလေ။

မာလာက လှသည်၊ လွယ်သည်၊ သို့သော်လည်းသည် ဆိုတဲ့ မိန်းမစားမျိုးဗျ။ မောင်တင်ဆန်းနောက်ကွယ်မှာ သူမထက် ငယ်ရွယ်တဲ့ ကောင်လေးတစ်ယောက်နဲ့ ထပ်ဖြစ်ပြန်သတဲ့။ အင်းလေ ခြံနှန်ဖူးတဲ့ နွားပဲကိုး။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး မောင်တင်ဆန်းခမျာ စိတ်ညစ်ရှာလွန်းလို့ သူ့ကိုယ်သူ ဆွဲကြိုးချပြီး သတ်သေသွားသတဲ့လေ။ ဖြစ်မှဖြစ်ရလေတယ် မောင်တင်ဆန်းရယ်။

"ဘုရား ...ဘုရား"

ရက်စက်လှချည်လား မိမာလာရယ်။

သူမရဲ့ မာယာတစ်သိန်း၊ အပလီန်းအနန္တကြောင့် ရမ္မက်နွံထဲကျွံကျခဲ့တဲ့ ကျွန်တော်က ထောင်ကျခဲ့ရတယ်။ လူရိုးလူအ ကျွန်တော့်ရဲ့ ညီဝမ်းကွဲလည်း မရှုမလှနဲ့ အဖန်ငါးရာငါးကမ္ဘာထဲ ဆိုက်ရောက်သွားပြီ။

သည်တော့ ကျွန်တော် ဘာလုပ်သင့်သလဲ စဉ်းစားတယ်။

စဉ်းစားမိတာကတော့ မာလာ့ကို ကလဲ့စားချေရမယ်ပေါ့။

"ကဲ ... မင်း ဘယ်ကို ပြေးမလဲ မိမာလာရယ်"

✿ ✿ ✿

ဟုတ်တယ်။

မာလာကို သတ်ကိုပစ်ရမယ်။ "ရက်စက်မှ ကြေကွဲ" တဲ့။ မာလာက ဒီလောက်ရက်စက်မှတော့ ကျွန်တော်တို့နှစ်ယောက် နှလုံးသားတွေ ကြေကွဲခဲ့ကြရတာကို သူမပြန်လည်လို့ပေးဆပ်မှဖြစ်မယ်။

မာလာကို အသေသတ်မယ်လို့ စိတ်ထဲမှာကြုံးဝါးထားတယ်။

ဖြစ်ချင်တော့ နိုင်ငံရေးအကျဉ်းသားတွေကို သမ္မတကြီးက ခဏခဏလွတ်ငြိမ်းခွင့်ပြုတာနဲ့ရောပြီး ကျွန်တော် ငါးနှစ်လောက်ပဲ ထောင်ထဲမှာနေရပြီး လွတ်မြောက်လာတယ်။

မြောက်ဥက္ကလာပအိမ်ကြီးကို ဈေးကောင်းကောင်းနဲ့ ရောင်းပြီး ဒဂုံအရှေ့ပိုင်းက ရပ်ကွက်တစ်ကွက်မှာ အိမ်ကလေးတစ်လုံးဝယ်ပြီး နေလိုက်တယ်။ SURF ကားသစ်တစ်စီးလည်း ဝယ်လိုက်နိုင်တယ်။

မာလာတို့ရပ်ကွက်ထဲ ကို အမှတ်တမဲ့ ဝင်ရောက်ပြီး လမ်းထိပ်က ကွမ်းယာဆိုင်မှာ စနည်းနာလိုက်တော့ မာလာက ကမာရွတ်ဘက်ကို ပြောင်းသွား တယ်လို့ သိရတယ်။ သူစိမ်း ယောကျ်ားတစ်ယောက်က လာ ခေါ်သွားတယ်ဆိုပဲ။

အင်း ... မာလာတော့ သုံးလင်ပြောင်းလောက်ပြီထင် ရဲ့။

"သေသောသူ ကြာရင် မေ့၊ ပျောက်သောသူ ရှာရင် တွေ့" ဆိုတဲ့ စကားရှိတယ်။ မာလာကို မတွေ့တွေ့အောင် ရှာ မယ်လို့ ဆုံးဖြတ်လိုက်တယ်။

တကယ်လည်း မာလာ ကို ကျွန်တော်တွေ့တယ်။

သည်လိုပဲ ဖြစ်ရမယ်

✿ ✿ ✿

တစ်နေ့သော ည ခင်းမှာ မာလာနဲ့ယောကျ်ားတစ် ယောက် အင်းယားကန်စောင်း က ပလက်ဖောင်းပေါ်မှာ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



သမ်းလျှောက်နေကြတယ်။

ကျွန်တော်က မြို့ထဲက နေ ပြည်လမ်းအတိုင်း ကား မောင်းလာရင်း တံတားဖြူ ရောက်ခါနီးမှာ သူတို့ကို အမှတ်မထင် တွေ့လိုက်ရတယ်။ တစ်ယောက်နဲ့ တစ်ယောက် လက်ချင်းချိတ်လို့ ကြည်နူးနေလိုက်တာ မနာလိုစရာပဲ။

"တောက်!"

ကျွန်တော့်ရဲ့ ဒေါသစိတ်တွေ တရိပ်ရိပ် တက်လာပါတယ်။ သည်လောက်တောင် မှူယာမာယာများတဲ့ မိန်းမကို ကားနဲ့တိုက်သတ်တာ အကောင်းဆုံးပဲ။ ကလဲ့စားချေမယ်ဆိုတဲ့ အသိစိတ်နဲ့ သူတို့နောက်ကနေ ကားကိုဖြည်းဖြည်းလေး မောင်းလာတယ်။

ကျွန်တော်ပဲ ကံကောင်း ချင်တာလား၊ မာလာပဲ ကံဆိုးချင်လို့ပဲလားမသိ။

ပလက်ဖောင်းပေါ်မှာ လက်ဝဲဘက်က လျှောက်နေတဲ့ မာလာက ကားလမ်းမကြီးပေါ်မှာ ပိုက်ဆံအိတ်တစ်အိတ်ကျနေတာကိုတွေ့ပြီး ကောက်ယူဖို့လမ်းပေါ် ဆင်းလိုက်တယ်။

အဲ့ဒီမှာ ကျွန်တော်လည်း မဆိုင်းမတွပဲ ကားကို ဂီယာသွင်းပြီး လီယာကို ဖိနင်းကာ ပိုက်ဆံအိတ် ကုန်းကောက်နေတဲ့ မာလာကို တိုက်ချလိုက်တယ်။ ကားနဲ့ အတိုက်ခံရတဲ့ မာလာက ရှေ့ကိုလွင့်သွားပြီး လဲနေတဲ့အချိန်မှာ ကျွန်တော့်ရဲ့ ကားကြီးက တက်ကြိတ်မိပြန်ရော။

"အား ... အမလေး"

"ဟား ... ဟား .... ဟား .... ဟား ..."

(မာလာသေပြီဗျ သေပြီ ပျော်လိုက်တာ။ ကျွန်တော်ကိုယ်တိုင် သူမကို သတ်လိုက်ပါပြီ။ ယောကျ်ားတွေကို လှည့်စားကောက်ကျစ်တဲ့ မိန်းမယုတ်၊ သေတာပဲ အေးတယ်။ သူများ မကောင်းကြံရင် ကိုယ်သာဘေး ဒဏ်ထိမယ် မှတ်ထား)

ကျွန်တော်က ဝမ်းသာအားရနဲ့ ပျော်လို့မဆုံး ဖြစ်နေချိန်မှာပဲ

"ဝုန်း"

ကျွန်တော့် ကားက ဘယ်လိုမှ အရှိန်မထိန်းနိုင်တော့ဘဲ ရှေ့ကသွားနေတဲ့ ဆလွန်းကား တစ်စီးကို ဝင်အောင်းမိတယ်။ အဲ့ဒီကားရဲ့ ရှေ့မှာပဲ အခြားကားတွေ တန်းစီလို့

"သွားပြီ"

"အား"

ကျွန်တော့် ကားထဲက လေအိတ်ပွင့်သွားလို့ ထိခိုက်ဒဏ်ရာ မရပေမဲ့ နောက်မှီနဲ့ ရိုက်မိတာကြောင့် ကျွန်တော်သတိလစ်ပြီး လောကကြီးတစ်ခုလုံး မှောင်အတိကျသွားပါတော့တယ်။

နောက်တော့ ....

နောက်တော့ ....။

ဆွေမြင့်သူ(ကြေး/မြေ)



www.burmeseclassic.com

www.burmeseclassic.com



# မာယာကျော့ကွင်း

မောင်မောင်စိန်လင်း(နတ်မောက်)

www.burmeseclassic.com

www.burmeseclassic.com



"မာယာကျော့ကွင်း"

မောင်မောင်စိန်လင်း

(နတ်မောက်)

(၁)

"ဟာ ... ဂြိုဟ်သားတွေ များလှချည်လား ဘယ်သွားပြီး ဘာလုပ်ကြမလို့လဲ"

"ဒီမှာ ခင်မောင်စိန်၊ မင်းကိုတရားပြုပြီး သကြားမဖို့သာကြတာ မင်းတကာခံဖို့သာ စီစဉ်ပေတော့"

"ကဲ မင်းအဝတ်အစား စားပြီးရင် တို့(ဘန်ဘူးဟောက်စ်)ကို သွားကြမယ်"

ဆောက်လုပ်ရေး လုပ်ငန်းရှင် အပေါင်းအသင်းများ ဖြစ်ကြသော ခင်မောင်စိန်၏ ဘော်ဒါဘော်ဂျက်တို့က တရားပြုပြီး သကြားမ,မယ်ဆိုပြီး လာရောက်ခေါ်ဆောင်ကြသည်။

"ဆရာတို့ ဘာသုံးဆောင်ကြမလဲ ခင်ဗျာ"

"ဘလက်တစ်လုံး၊ ရေခဲ ရေသန့်၊ ဆိတ်ပေါင်း၊ ကြက်ကုန်းဘောင်၊ ကိုက်လံအရင်ပေးကွာ"

"ကဲ မောင်ရင်တို့က တရားပြုပြီး သကြားမ,မယ်ဆိုတဲ့ ကိစ္စဘာလဲ ရှင်းစမ်းပါဦး"

"ဒီမှာ သူငယ်ချင်း မင်း အသက်(၄၅)နှစ်ပဲရှိသေးတယ်၊ အိမ်ထောင်ပြုသင့်တယ်ဆိုတာ ပြောချင်တယ်။ လက်လီဝယ်စားလို့ (AIDS)တွေဘာတွေဖြစ်ရင် လဲ အသက်တိုမယ်၊ ဒါတွေကို အကြံပြုတိုက်တွန်းဖို့ လာကြတာ"

"ငါ တစ်ခုလပ်ဖြစ်နေတာ မင်းတို့ညံ့လို့ ဘော်ဒါမပီသလို့ ဖြစ်နေရတာ မင်းတို့ကြည့်လုပ်ကြလေကွာ"

"အဲဒါကြောင့် သကြားမ,ဖို့ လာပြောတာပေါ့ကွာ"

"ကဲ မ,မယ်ဗျာ မ,မယ်"

ခင်မောင်စိန်မှာ (စိန်ကုဋေကုဋ္ဌာဆောက်လုပ်ရေးကုမ္ပဏီ) ပိုင်ရှင်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်နေသော တန်းဝင်၊ အဆင့်မြင့်လုပ်ငန်းရှင်ကြီးများ စာရင်းဝင်တစ်ဦးဖြစ်သည်။ ဇနီးဖြစ်သူ (ဂရေစီသန်း)သည် တက္ကသိုလ်ကျောင်းသူ သမီး(ခင်ပပစိန်)နှင့် သား(ကက်နက်စိန်)တို့ကိုပစ်ပြီး နိုင်ငံခြားသို့ အလုပ်သွားရောက် လုပ်ကိုင်ခဲ့ရာမှ ဘရူနိုင်းနိုင်ငံတွင် နောက်အိမ်ထောင်ပြုလိုက်သောကြောင့် တစ်ခုလပ်ဆိုသောဘဝကို ပိုင်ဆိုင်နေရသူဖြစ်သည်။ ထို့ကြောင့် အပေါင်းအသင်း ရောင်းရင်းများက တစ်အိုးတစ်အိမ် ထူထောင်ရန် တိုက်တွန်းကြခြင်းဖြစ်လေသည်။

"ကဲ ကဲ မ,မယ့်အစီအစဉ် ပြောစမ်းပါဦး သူငယ်ချင်းတို့"

"ဒီလိုကွာ ဦးအောင်မောင်းစိန်ဆိုတဲ့ ပုဂ္ဂိုလ်ရှိတယ်၊ မင်္ဂလာပွဲစားကြီးပေါ့ကွာ၊ သူ့ဆီမှာ သတို့သမီး လောင်းလျာတွေရှိတယ်၊ ကုလားဆင်ယူမလား၊ ဘိုဆင်ယူမလား၊ တရုတ်ဆင်ယူမလား အစုံရှိတယ်တဲ့၊ ပထမ ဓာတ်ပုံတွေပြမယ်၊ ဒုတိယ သဘောကျရင် လူချင်းတွေ့ပေးမယ်၊ တတိယ မင်္ဂလာဆောင်ကြမယ်ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



**"ဟုတ်ပြီ မာမူ့ဆီမှာလာပြီး သတို့သား လိုလားသူ တွေရဲ့ ဓာတ်ပုံတွေရှိပါတယ်၊ ကြည့်ပြီး လေ့လာ့ပေါ့၊ စိတ်ဆန္ဒ ရှိရင် လူချင်းတွေ့ပေးပါ့မယ်၊ ဓာတ်ပုံတွေ ကြည့်ပြီး စဉ်းစားပေါ့"**

"ဟာ တယ်မိုက်ပါ လား"

"တရုတ်တွေမှာတော့ ပွဲခတွေဘာတွေတောင် ပေးရ တယ်၊ ငါလဲ ပေးရမှာလား"

"ပေးရမှာပေါ့ကွာ၊ မိန်းမတစ်ယောက်လုံး ရမှတော့ ပွဲခနမြောလို့ ဘယ်ဖြစ်မလဲ"

"စားသောက်ပြီး အခုပဲ သွားကြမယ် သူငယ်ချင်းတို့"

ခင်မောင်စိန်နှင့် အ ပေါင်းအသင်း သူငယ်ချင်းများ သည် ဦးအောင်မင်းစိန်၏ နေ အိမ်သို့ သွားကြသည်။ အောင် အတိတ်၊ အောင်နိမိတ်အဖြစ် (ဘေဒရန်ဏီ)ခေါ်တွင်သော ဒံ ပေါက်နှစ်ထုပ် လက်ဆောင်ယူ သွားကြသည်။

"ကဲ ဆို မောင်ရင်တို့ မာမူ ဘာကူညီရမလဲ"

"မာမူ သူက ကိုခင် မောင်စိန်ပါ သူက ကလေးနှစ် ယောက်၊ တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေ ရှိပါတယ်။ သူ့ မိန်းမက နိုင်ငံခြားသွားပြီး အ လုပ်လုပ်ရင်း ဟိုမှာ အိမ်ထောင် ပြုအခြေချ နေထိုင်နေတာ ကြောင့် (တစ်ခုလပ်)ပေါ့မာမူ၊ ဒါ ကြောင့် သင့်လျော်တဲ့ သတို့ သမီးလိုချင်လို့ မာမူကိုလာပြီး အကူအညီ တောင်းတာပါ"

"ဟုတ်ပြီ မာမူ့ဆီမှာ လာပြီး သတို့သား လိုလားသူ တွေရဲ့ ဓာတ်ပုံတွေရှိပါတယ်၊ ကြည့်ပြီး လေ့လာ့ပေါ့၊ စိတ်ဆန္ဒ ရှိရင် လူချင်းတွေ့ပေးပါ့မယ်၊ ဓာတ်ပုံတွေကြည့်ပြီး စဉ်းစား ပေါ့"

ဦးအောင်မင်းစိန်သည် မိန်းကလေးတစ်ဦးချင်းစီ၏ တစ် ကိုယ်လုံးဓာတ်ပုံရှေ့/နောက်၊ ကိုယ်တစ်ပိုင်းပုံ၊ ရှေ့/နောက် ဓာတ်ပုံများကို ပြသသည်။ ခင် မောင်စိန်အနေဖြင့် အငမ်းအ‌ရ ကြည့်ရှုသည်။ အပြာရောင်လေး ကို ရွေးရမလား။ အနီရောင်လေး ကို ရွေးရမလား။ အစိမ်းရောင် လေးကို ရွေးရမလား ရွေးချယ် နေသည်။ ဤသည့်အထဲတွင် စိတ်အဝင်စားဆုံး၊ စိတ်တိုင်းအ ကျဆုံး ဓာတ်ပုံပိုင်ရှင်ကတော့ အ စိမ်းရောင်ဖက်ရှင် ဝတ်ဆင်ထား သူလေးဖြစ်သည်။ မျက်စိထဲက ထွက်ကိုမထွက်ဘူး ဖြစ်နေရ‌‌ေ သည်။

"မာမူ ကျွန်တော် ဒီအ



www.burmeseclassic.com

www.burmeseclassic.com



...ချောင် မိန်းကလေးကို စိတ်...ားတယ် ခင်ဗျာ၊ လူချင်း...ချင်ပါတယ်၊ ကျွန်တော် မိ...သားပီပီ ဆွေးနွေးကြည့်...ပါတယ်။ မာမူ့အိမ်မှာလာခေါ်... မာမူ့အိမ်ကိုပဲ ကျွန်တော်ပြန်...ပါမယ်မာမူ”

“ကောင်းပြီလေ မနက်... ဆန်းဒေးဆိုတော့ အဆင်...တာပေါ့ (၁၀)နာရီလောက်...ခေါ်ပါ”

✿ ✿ ✿

“တွေ့ရတာ ဝမ်းသာပါ...ယ် ခင်ဗျာ”

“တွေ့ရတာ ဝမ်းသာ...တယ်ရှင့်”

“မာမူ သမီးသူနဲ့ လိုက်...းမယ်နော်”

“အေးအေး စိတ်ချပါ...ကုံထံတစ်ဦးပါ သမီး”

မဘောရဏီလို ရွှေပန်း...တောင် လက်မှိုင်ချရလောက်...ောင် ချောမောလှပသော(သိင်္ဂီ...ရွှေရည်ဝင်း)ဆိုသူ မိန်းကလေး...ည် ခင်မောင်စိန်၏ လင်ခရူဇာ...ားဖြင့် ထွက်ခွာလာကြလေသည်။

တစ်ဦးကိုတစ်ဦး မရှိတရှိ အကြည့်လေးများဖြင့်ကြည့်ပြီး “ဘယ်သွားကြမလဲ”ဆိုသော စကားလေးများ ပြိုင်တူ ပြောကြသည်။

“ရွှေရည် ဘယ်သွားချင်လဲ”

“ရွှေရည်မသိဘူး အစ်ကို့သဘောပါ ကြိုက်တဲ့နေရာ သွားပါ”

“ကန်တော်ကြီးစပ်က ပဲလေ့စ်ဟိုတယ်ကို သွားကြမယ်”

“ကောင်းပါတယ် အစ်ကို”

ခင်မောင်စိန်နှင့် သိင်္ဂီ ရွှေရည်ဝင်းတို့သည် ဘဝတစ်သက်တာ အိမ်ထောင်ဖက်အဖြစ် ဆွေးနွေးကြမည့် (ထိပ်သီးအစည်းအဝေးကြီး)ကို ဒူးတိုက်တိုင်ပင် ဆွေးနွေးကြမည်ဖြစ်သည်။ ဘဝချင်းပေါင်းစပ်ကြရမှာ ဖြစ်လေသောကြောင့် သူ့ဘဝအကြောင်း၊ ကိုယ့်ဘဝအကြောင်းတို့ကို မထိန်မချန် မကွယ်မဝှက် ဆွေးနွေးကြမည်ဖြစ်သည်။ သဘောထားချင်း မတိုက်ဆိုင်မှုများကို ဖြေလျှော့ကြပြီး၊ ဘဝတစ်သက်တာ အိမ်ထောင်မှုကို အကြိတ်အနယ် ဆွေးနွေးကြမည်ဖြစ်သည်။

✿ ✿ ✿

(၂)

“အစ်ကို့ ဘဝအကြောင်း အရင်ပြောပြချင်တယ်၊ ဂရေစီသန်းနဲ့ အိမ်ထောင်ကျခဲ့တယ်။ သမီးခင်ပပစိန် တက္ကသိုလ်ကျောင်းသူ၊ သား ကက်နက်စိန် တက္ကသိုလ်ကျောင်းသားရှိတယ်။ သူတို့က အဆောင်မှာ ဘော်ဒါနေကြပါတယ်။ ဂရေစီသန်းက ဘရူနိုင်းနိုင်ငံသွားပြီး အလုပ်လုပ်ရင်း ဟိုမှာ နောက်အိမ်ထောင်ပြုလိုက်တယ်။ အစ်ကိုက (စိန်ကုမ္ပဏီ ဆောက်လုပ်ရေး ကုမ္ပဏီ) လုပ်ပါတယ်။ ရန်ကင်း၊ အောင်ဇေယျလမ်း၊ ခြံအမှတ် (--)မှာနေတယ်၊ ရုံးခန်းကတော့ မြို့ထဲမှာပါ။ ကိုယ့်ဘဝအကြောင်း ဒီလောက်ပါပဲ”

ခင်မောင်စိန်သည် ပြုံးစိ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးစိဖြင့် မြုံးမိနေသောငါးကဲ့သို့ သူ့ဘဝ၊ သူ့အကြောင်းများကို အိတ်သွန်ဖာမှောက် သီဂီရွှေရည်သို့ ပြောပြလိုက်လေသည်။

"ဒီတစ်ခါ ရွှေရည်အလှည့်ပေါ့ ရွှေရည်ဟာ လင်ကံမကောင်းတဲ့ဘဝပါ။ ရွှေရည် အိမ်ထောင်(၃)ဆက်ကျဖူးတယ်။ ပထမအိမ်ထောင်က သူကြီးသားတစ်ဦးက အတင်းခိုးယူသွားခဲ့ရာမှ အိမ်ထောင်ကျခဲ့ပါတယ်။ လူကြီးသားဆိုတော့ နားလည်ပေးပါဆိုပြီး လင်မယားကွာခဲ့ရပါတယ်။ ဒုတိယ အိမ်ထောင်ကတော့ လူကုံထံကြီးတစ်ဦးပါ။ တရားရုံးမှာလက်ထပ်ပြီး နိုင်ငံခြားခေါ်သွားတယ်။ (၃)လနေပြီး ပြန်လာတယ်။ မယားကြီးက သူတို့ဂုဏ်သိက္ခာငဲ့ပြီး ကွာပေးပါ တောင်းပန်လို့ ကွာပေးခဲ့ရပြန်တယ်။ တတိယ အိမ်ထောင်ကတော့ သံရုံးတစ်ရုံးက သံအရာရှိတစ်ဦးပါ။ (၃)လကျော်ပေါင်းသင်းပြီးနောက် နယူးဇီလန်ကို ပြန်သွားတယ်။ ရွှေရည်လိုက်သွားလို့ မရတဲ့အတွက် ကွဲခဲ့ကြရပါတယ်"

သီဂီရွှေကလည်း သူ့ဘဝ၊ သူ့ဇာတ်ကြောင်းကို မထိန်မချန်၊ မကွယ်မဝှက် ရင်ဖွင့်ပြီး ပြောပြတိုင်ပင် ဆွေးနွေးလို[...] လေသည်။ ရွှေရည်သည် [...] သက်(၃၅)နှစ်ဆိုသော်လည်[...] (၂၅)နှစ်လောက်သာ ရှိမည်[...] ထင်ရလောက်အောင် အရွ[...] တင်သည်။ အရွယ်ကောင်[...] သည်။ နှာတံပေါ်သည်။ မျ[...] ဝန်းကျယ်သည်။ မျက်ခုံးကော[...] သည်။ အသားမှာ ရွှေဝါရော[...] အဆင်း၊ အရပ်(၅)ပေ(၆)လက်[...] ကမ္ဘာ့အလှမယ်များ၏ အရေ[...] အချင်း၊ ခါး၊ တင်၊ ရင်ပြည့်[...] သည်။ (အပျိုစစ်တုံ၊ တင်ပါး[...] နိမ့်တုံ၊ မြင့်တုံခါရမည်)ဆိုသ[...] အတိုင်းဖြစ်သည်။ (ကွတ္တိယ[...] ခန့်ဥစ္စာ)။

"ရွှေရည် အစ်ကို[...] စိတ်ဝင်စားရဲ့လား"

"စိတ်ဝင်စားပါတ[...] အစ်ကို။ ရွှေရည်ဟာ အိမ်ထော[...] (၃)ဆက်ကျဖူးသူမို့ ရွှေရည်[...] အစ်ကို စိတ်ဝင်စားနိုင်ပါ့မလား"

"အစ်ကို စိတ်ဝင်စာ[...] တယ်၊ ရွှေရည်ကသာ လ[...] မယ်ဆိုရင် အစ်ကိုလက်ထပ်[...] ပါတယ်"

## "စိတ်ဝင်စားပါတယ် အစ်ကို။ ရွှေရည်ဟာ အိမ်ထောင် (၃)ဆက်ကျဖူးသူမို့ ရွှေရည်ကို အစ်ကို စိတ်ဝင်စားနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com

“ရွှေရည် အစ်ကို့ကို က်ထပ်ပါ့မယ် အစ်ကို”

“ဒါဆိုရင် ကလေးတွေ စွ မိတ်ဆက်ပေးကြစို့”

ခင်မောင်စိန်နှင့် သင်္ဂီ ရွှေရည်တို့ ထိမ်းမြားလက်ထပ်ပြီး ကြဖို့အထိ ဆုံးဖြတ်လိုက်ကြ သည်။ ပဲလေ့စ်ဟိုတယ်တွင် ဝါဟ ဝိဝါဟ ပြုလုပ်လေ သည်။ မာမူကြီးထံ သတင်းပို့ပြီး လာရက်မြတ် လက်ထပ်ကြ စီစဉ်လိုက်ကြလေသည်။ (နေ ဖတ်ခြင်း) မင်္ဂလာညစာခံပွဲ ကို ခင်မောင်စိန်၏ ခြံအတွင်း က်ခင်းပြင်ကြီးတွင် ခမ်းနား က်မြိုက်စွာ ကျင်းပခဲ့ကြလေ သည်။

✿ ✿ ✿

(၃)

ခြံအမှတ်(--) စိမ်းလဲ့ ခြံကြီးတွင် ခင်မောင်စိန်နှင့် ဂီရွှေရည်တို့ မင်္ဂလာဆောင် ကြပြီး စံမြန်းနေကြသည်မှာ ကြားမင်း၏ ဘုံဗိမာန်တွင် စံ မြန်းနေသည့်အလား ပျော်ပျော် ပါး။ မင်္ဂလာဆောင်ပြီး (၂) ရက်မြောက်နေ့တွင် ဖြစ်သည်။ ခင်မောင်စိန်သည် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ဝယ်ယူရန်အတွက် ဈေးနှုန်းညှိနှိုင်းရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် ပြည်ပနှစ်နိုင်ငံသို့ သွားရောက်ရမည်ဖြစ်သည်။

“ရွှေရည် အစ်ကို နိုင်ငံခြား သွားရမယ်၊ (၁၅)ရက်လောက်ကြာမယ်၊ အစ်ကို စိတ်ချမယ်နော်”

“အတွင်းသိ အပြင်သိ ဇနီးကို စိတ်မချဘူးလား အစ်ကို စိတ်ချပါ”

ခင်မောင်စိန်သည် (စိန်ကုဋ္ဋေကုဋ္ဋာ ဆောက်လုပ်ရေးကုမ္ပဏီကြီး)၏ အဓိက စီးပွားရေးလုပ်ငန်းအတွက် ပြည်ပသို့ သွားရောက်ခဲ့သည်။ ပြည်ပမှ လုပ်ငန်းများ ပြီးစီးသောကြောင့် ပြန်လာခဲ့သည်။ အိမ်သို့ပြန်ရောက်ချိန်တွင် ဇနီးသည် ရွှေရည်အိမ်မှာမရှိ အပြင်သွားနေသည်တဲ့။ အိမ်ဖော်မိန်းမကြီးကို မေးမြန်းရာတွင် နေ့စဉ် နံနက် (၁၀)နာရီအပြင်ထွက်သည်။ ည(၉)နာရီခန့်မှ ပြန်လာကြောင်း သိရသည်။ ရွှေရည်အိမ်သို့ ပြန်လာချေပြီ။

“ရွှေရည် မင်း ဒီအိမ်ကြီးခြံကြီးကိုပစ်ပြီး အပြင်ကိုသွားနေရသလား၊ နေ့တိုင်းလဲ ဒီလိုပဲ သွားနေတယ်ဆို၊ အိမ်ရှင်မဆိုတာ အိမ်မှာနေရတယ်။ အိမ်ကို ထိန်းသိမ်းရတယ်၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား မလုပ်ရဘူး၊ မိန်းမ မပီသဘူး”

“ဒီမှာအစ်ကို ရွှေရည် ဒီလိုပဲနေတတ်တယ်၊ နားငြီးတယ်၊ မပြောနဲ့ မကြားချင်ဘူး၊ မပေါင်းချင်မပေါင်းနဲ့ ဒီလိုနားပူနေရင် ရွှေရည်မပေါင်းချင်ဘူး (တွာလာတ်)ပေး”

“အခု ဆင်းသွားမယ် (တွာလာဘ်)ပေး”

“မင်းကို ငါ(တွာလတ်) မပေးဘူး၊ မပေးနိုင်ဘူး”

“မပေးဘူးလား ဒိုင်း ခွမ်း ချွမ် ခွမ် ဒုန်း ဒုန်း”

“ကဲ ကဲ ငါ့ပစ္စည်းတွေတော့ မဖျက်ဆီးပါနဲ့၊ မင်းကို ငါ (တွာလာတ်)ပေးပါမယ်ကွာ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ကိုလဲ ရန်မရှာပါနဲ့တော့ (တွာလတ်) (တွာလတ်) (တွာလတ်) မင်းကို ငါတွာလတ်(၃)ကြိမ် ပေးလိုက်ပါတယ်''

သိင်္ဂီရွှေရည်သည် အသင့်ပြင်ထားသော သူ၏အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများ ယူဆောင်ပြီး စိမ်းလဲ့မြိုင်ခြံကြီးမှ ထွက်ခွာသွားခဲ့လေသည်။ သူမ၏အိမ်ဖော်ကိုပါ ခေါ်သွားသည်။

ခင်မောင်စိန်သည် သိင်္ဂီရွှေရည်မှာ (တွာလတ်)(၃)ကြိမ် ယူပြီး အိမ်မှဆင်းသွားသည့် အကြောင်းကို မိတ်ဆွေများ၊ နေကာဖတ်ပေးခဲ့သော ဘာသာရေးဆရာများထံသို့ တင်ပြသည်။ အသိပေးခဲ့သည်။ မာမူကြီးထံသို့လည်း အကြောင်းကြားခဲ့သည်။ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများထံသို့ (တွာလတ်)မြောက်မမြောက် ဓမ္မသတ်ဆုံးဖြတ်ချက် ချမှတ်ပေးပါရန် တရားတော်နှင့်အညီ ဆောင်ရွက်ခဲ့ကြသည်။ ဘာသာရေးဆိုင်ရာ အဖွဲ့ကြီးနှစ်ဖွဲ့ကလည်း (တွာလတ်)မြောက်ကြောင်း၊ ဓမ္မသတ်ဆုံးဖြတ်ချက်များ အဆုံးအဖြတ်များ ပြုပေးခဲ့ပြီးဖြစ်သည်။ ခင်မောင်စိန်သည် တစ်ခုလပ်ဘဝမှ နှစ်ခုဘဝပိုင်ရှင် ဖြစ်သွားရလေပြီ။

ခင်မောင်စိန်သည် နေပြည်တော်သို့ ဆောက်လုပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ (၂)ရက် သွားရမည်ဖြစ်သည်။ စိမ်းလဲ့မြိုင်ခြံကြီး၏ ခြံတံခါးသော့ (၂)ခု၊ အိမ်မကြီးဝင်ပေါက်နှင့် ဘာဂျာတံခါးသော့ (၂)ခုတို့ကို ပိတ်ပြီး ထားခဲ့သည်။ အပေါ်ထပ်မှ ဗီရိုကြီး(၂)လုံးသော့များကို အသေအချာ ခတ်ထားခဲ့သည်

နေပြည်တော်မှ အလု
ရုံဆွေးနွေးပွဲ ပြီးဆုံးသောကြော
မိတ်ဆွေများ၊ အပေါင်းအသင
များနှင့်အတူ မိမိနေအိမ်သို့ ပြ
လာခဲ့သည်။ အိမ်ခြံဝင်းသို့ဝ
ရောက်ပြီး ကားပေါ်မှအဆင
တွင် ....

''ဒီမှာ ခင်မောင်စိ
မင်း အေးအေးဆေးဆေးပြ
သွား၊ လက်ဝင်ရင် လက်ဖြတ
မယ်၊ ဖတ်ဝင်ရင် ဖတ်ကိုဖြတ
မယ်''

''ဘယ်ကို ပက်ရမ

**''ဒီမှာ ခင်မောင်စိန် မင်း**
**အေးအေးဆေးဆေး ပြန်သွား၊**
**လက်ဝင်ရင် လက်ဖြတ် မယ်၊**
**ဖတ်ဝင်ရင် ဖတ်ကိုဖြတ်မယ်''**



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို"

"မျက်နှာကိုပက် မျက်နှာကိုပက်"

ရွှေရည်သည် (အက်ဆစ်)ဟုထင်ရသော ပစ္စည်းယူလာပြီး ခင်မောင်စိန်၏ မျက်နှာကို ပက်သည်။ ရှောင်လိုက်သည်။ တုတ်၊ ဓား၊ မှိန်းများ ယူဆောင်ထားသူ မျက်နှာစိမ်း ယောကျ်ားသုံးဦးတို့က မင်းထွက်သွားမလား၊ မသွားဘူးလား၊ ထွက်မသွားရင် အပြတ်ရှင်းပစ်မယ်ဟု ခြိမ်းခြောက်ပြီး ဟန်ရေးပြသောကြောင့် ခင်မောင်စိန်နှင့် သူငယ်ချင်းနှစ်ဦးတို့ ကားဖြင့်ခြံထဲမှ ထွက်ခဲ့ရသည်။ ရဲစခန်းသို့ သွားရောက်အမှုဖွင့် တိုင်ကြားခဲ့ကြရသည်။

စိမ်းလဲ့မြိုင် ခြံကြီးကို ရွှေရည်နှင့် အမည်မသိ၊ လူမြင်သိ၊ ကျား(၃)ဦး၊ မ(၃)ဦးတို့က အပိုင်စီးထားကြောင်း၊ အပေါ်ထပ်ဗီရိုအတွင်းရှိ ငွေကျပ်သိန်း (၁၀၀၀)ကျော်၊ ရွှေငါးကျပ်သားရှိ ဟန်းချိန်း၊ နှစ်ကျပ်သားရှိ ရွှေဆွဲကြိုးတစ်ကုံးတို့ကို အပိုင်စီး သိမ်းယူထားခံရမှုကို ရဲတပ်ဖွဲ့မှ သွားရောက်စစ်ဆေးပြီး မှုခင်းစုံစမ်း စစ်ဆေးဖော်ထုတ်မှု ပြုလုပ်ကြသည်။ အမှုတည်ဆောက်ရန်အတွက် ဝါရင့်ရဲအမှုထမ်းဖြစ်သူ ရဲအုပ် ကျော်စိန်လင်းအား တာဝန်ပေးလိုက်သည်။

✿ ✿ ✿

(၄)

"ကဲ မသိဂီရွှေရည် ကျွန်တော်တို့ ရဲတပ်ဖွဲ့ဆိုတာက တော့ အမှုဖွင့်တိုင်ကြားလာရင် ဥပဒေလုပ်ထုံး လုပ်နည်းအရ စုံစမ်းရတယ်၊ မေးမြန်းရတယ်၊ ဒါဟာ ရဲလုပ်ငန်းပါ၊ ကျွန်တော်မေးတာလေးတွေကို ပြေပြေပေးပါ"

"မောင်အေး၊ ကတုံး၊ အောင်မြိုင်၊ ပြောင်ကြီး သူတို့နဲ့ မရွှေရည် ဘာတော်သလဲ"

"ဘာမှမတော်ပါဘူး မိတ်ဆွေတွေပါ"

"မရွှေရည်နဲ့ ကိုခင်မောင်စိန်တို့ လင်မယားကွာရှင်းပြီးဖြစ်တယ်လို့ ပြောတယ်။ မှန်ပါသလား"

"မကွာရှင်းရသေးပါဘူးဆရာ၊ ဘယ်ရုံးမှာမှ မကွာရှင်းရသေးပါဘူး"

"မရွှေရည်နဲ့ ကိုခင်မောင်စိန်တို့ မင်္ဂလာဆောင်ပြီး (၂)ရက်သာအတူနေပြီး ကိုခင်မောင်စိန် နိုင်ငံခြားသွားတယ်၊ (၁၅)ရက်ကြာမှ ပြန်လာတယ်ဆိုတာ မှန်သလား"

"မဟုတ်ပါဘူး ဆရာ၊ သူရောက်ပြန်လာပြီး လင်မယားစကားများလို့ ကျွန်မ မိဘအိမ်ဆင်းသွားခဲ့ပါတယ်။ မိဘတွေက ကိုယ့်အိမ်ကိုပြန်သွားဆိုလို့ ပြန်လာနေတာပါ။ ကိုခင်မောင်စိန်ရဲ့ရန် ကာကွယ်ဖို့ မောင်အေး၊ ကတုံး၊ အောင်မြိုင်၊ ပြောင်ကြီးတို့ကို ခေါ်ထားတာပါ ဆရာ"

"ဒီလူတွေက လူမိုက်တွေလို့ ပြောကြတယ် ဟုတ်ပါသလား သိပါသလား"

"မဟုတ်ပါဘူး ဆရာ၊ တက္ကစီမောင်းတဲ့ သူတော်ကောင်းတွေပါ"

ရဲအုပ် ကျော်စိန်လင်းသည် အမှုနှင့် ပတ်သက်သော သက်သေခံပစ္စည်းများ၊ ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



စံတွင် ရေးသွင်းခြင်း၊ တရားခံများအပေါ် စစ်ချက်ရယူခြင်း၊ သက်သေထွက်ချက်များ ရယူခြင်းတို့ပြုလုပ်သည်။ မြို့နယ်ဥပဒေရုံးသို့ ဥပဒေအကြံပြုချက်ရယူသည်။ ဥပဒေရုံးမှ တရားခံများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇/၄၅၁/၅၀၆/၁၀၉/၁၁၄ တို့ဖြင့် တရားစွဲဆိုရုံးတင်ရန် ဥပဒေအကြံပြုချက်ပေးသည်။ တရားရုံးမှ ပြစ်မှုကြီးမှုအမှတ် ၀၀၇/၂၀၁၄ ပြစ်မှုပုဒ်မ ၄၂၇/၄၅၁/၅၀၆/၁၀၉/၁၁၄ တို့ဖြင့် လက်ခံစစ်ဆေးသည်။

ခင်မောင်စိန်က သင်္ဂြိုဟ်ရှေ့ ရည်၊ မောင်အေး၊ ကဒုံး၊ အောင်မြိုင်၊ ပြောင်ကြီး၊ မငယ်၊ ပြည့်ပြည့်၊ မင်းမင်းထွန်း ယောကျ်ား(၃)ယောက်၊ မိန်းမ(၄)ယောက်တို့က သူ၏စိမ်းလဲ့မြိုင်ခြံကြီးကို ဥပဒေမဲ့၊ တရားမဲ့၊ မင်းမဲ့စရိုက်ဆန်ဆန် အိမ်ခြံကြီးကို အပိုင်စီးခံနေရမှု၊ ငွေကျပ်သိန်း(၁၀၀၀)၊ ရွှေ(၇)ကျပ်သားတို့ကို ခိုးယူခံနေရမှုကို နိုင်ငံတော်အကြီးအကဲများထံသို့ တိုင်ကြားခဲ့သည်။ တိုင်

စာအရ အဖွဲ့ဖြင့်စစ်ဆေးခဲ့သည်။

အမှုစစ် တရားရုံးတော်မှ တရားလိုနှင့် တရားလိုပြသက်သေများ၊ သက်သေခံ ဓား၊ တုတ်၊ လှံ၊ မှိန်းများနှင့်အတူ စစ်ဆေးခဲ့သည်။ တရားခံများအပေါ် ပြစ်မှုပုဒ်မ ၄၂၇/၄၅၁/၅၀၆/၁၀၉/၁၁၄ တို့ဖြင့် စွဲချက်တင်သည်။ တရားရုံးများဘက်မှ စွဲချက်မတင်ထိုက်ဘဲ တင်ထား ခြင်းဖြစ်ပါ၍ ပယ်ဖျက်ပေးပါရန် လျှောက်ထားခွင့်ရှိသောကြောင့် ခရိုင်တရားရုံး၊ တိုင်းဒေသကြီး တရားလွှတ်တော် တို့ထံသို့ လျှောက်ထားခဲ့ကြသည်။ တရား ရုံး အဆင့်ဆင့်တို့မှ ဆက်လက် စစ်ဆေးရန် ညွှန်ကြားသော ကြောင့် မူလအမှုစစ်တရားရုံးမှ တရားခံများဘက်၊ တရားခံပြ သက်သေများကို ဆက်လက်စစ်





www.burmeseclassic.com

www.burmeseclassic.com



ဆေးတော့မည် ဖြစ်လေသည်။

ဤနေ့ ရုံးချိန်းသည် တရားခံ(၁) သင်္ဂီရွှေရည်ကို စတင်စစ်ဆေးမည့် ရုံးချိန်းနေ့ ဖြစ်သည်။ တရားလို၊ တရားခံ အကျိုးဆောင်များ၊ ရုံးရှေ့ရောက်ရှိကြပြီ။ တရားခံ သင်္ဂီရွှေရည် ရုံးသို့မလာ။ ရုံးတော်မှ အမှုခေါ်သည်။ တရားခံ သင်္ဂီရွှေရည် မလာရောက်သောကြောင့် အာမခံများအား ရှေ့နေမှတစ်ဆင့် အသိပေးအကြောင်းကြားသည်။ အာမခံသူများက (၁)တရားခံ သင်္ဂီရွှေရည်ကို စုံစမ်းသည်။ သင်္ဂီရွှေရည်မှာ စိမ်းလဲ့မြိုင်ခြံကြီးကို စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရသည်။ စုံစမ်း၍လည်း မရတော့ပေ။

ရုံးချိန်းနေ့ ဖြစ်သည်။ အမှုခေါ်သည်။ (၁)တရားခံ သင်္ဂီရွှေရည် ရုံးချိန်းမလာရောက်တော့သည်မှာ ရုံးချိန်း(၃)ကြိမ် ရှိခဲ့ပြီ။ ထို့ကြောင့် ရုံးတော်မှ ကြားဖြတ်အမိန့်ချမှတ်သည်။

**"ကြားဖြတ်အမိန့်"**

(၁၀)သိန်းတန်စီ အာမခံထားသော (ဦးဆန်မူရိုင်း) (ဒေါ်နွေသီတာ)တို့ ရုံးတော်သို့ လျော်ကြေးပေးသွင်းရန် ပျက်ကွက်ပါက ဥပဒေအရ အရေးယူသွားရန် နောက်ရုံးချိန်းတွင် သင်္ဂီရွှေရည်မရောက်လာပါက တရားခံပြေးမှု ဖွင့်လှစ်ကြေညာရန် အမိန့်ချသည်။

နောက်ရုံးချိန်းတွင် အာမခံသူများမှ လျော်ကြေးငွေပေးဆောင်ကြသည်။ သင်္ဂီရွှေရည်အား တရားခံပြေး၊ ဝရမ်းထုတ်ပြန်ကြေညာသည်။ ကျန်တရားခံများအား ဆက်လက်စစ်ဆေးခဲ့သည်။

ခင်မောင်စိန်သည် အပိုင်စီးထားခံရသော စိမ်းလဲ့မြိုင်ခြံကြီးကို သင်္ဂီရွှေရည်မှ စွန့်ခွာသွားပြီဖြစ်၍ ရပ်ကွက်၊ မြို့နယ်၊ အာဏာပိုင် အဖွဲ့အစည်းများထံ အသိပေးပြီး ပြန်လည်ရယူ ထိန်းသိမ်းခဲ့ရလေသည်။ မိမိအိမ်ကြီးတွင် ပြန်လည်နေထိုင်သည်။

ကျန်တရားခံများဖြစ်ကြသော မောင်အေး၊ ကဒုံး၊ အောင်မြိုင်၊ ပြောင်ကြီးတို့သည် ပြစ်မှုပုဒ်မ ၄၂၇/၁၁၄ တို့အရ အပြစ်ရှိသည်။ ထို့ကြောင့် ထောင်ဒဏ်တစ်နှစ်စီ အပြစ်ပေးလိုက်သည်။

"သူမိုက်သည် မိမိပြုသော မကောင်းမှု၊ အကျိုးမပေးသေးသမျှ ကာလပတ်လုံး၊ မကောင်းမှုကို **နှစ်သက်ဝမ်းမြောက်စွာ ပျားသကာကဲ့သို့** မှတ်ထင်၏။ သူ၏**မကောင်းမှုအကျိုး**ပေးသော**အခါ** **ထိုသူမိုက်**သည် ဆင်းရဲဒုက္ခသို့ ရောက်ရလေ၏"

**(ဓမ္မပဒ)**

**မောင်မောင်စိန်လင်း**

**(နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com





# သံလှောင်ချိုင့်ဆီသို့

ကိုကိုလှ
(ကမာမြေ)

"ကိုတင်ထွေး ကိုတင်ထွေးဟိုမှာ ... ဟိုမှာ ရှင်တို့ကျောင်းနားက တယ်လီဖုန်းရုံမှာ ထောင်ပြေး ထင်လင်းသူ့ သူငယ်ချင်းကို မသေမချင်းသတ်လိုက်လို့တဲ့"

"ဟင် ... ထင်လင်း ... ထင်လင်း၊ လွန်ခဲ့တဲ့ ငါးလလောက်ကမသင်္ကာမှုနဲ့တစ်မှု၊ တရားမဝင် ကျောက်စိမ်းသယ်ယူမှုနဲ့ အဖမ်းခံရတယ်ကွ။ တယ်လီဖုန်းရုံးက သူ့ သူငယ်ချင်း ဆိုတော့ အောင်လင်းပဲဖြစ်မှာ"

ဖနီးသည် ဝေနှင်းဈေး အပြန်သယ်ဆောင်လာသည့် နံနက်ခင်းအမင်္ဂလာသတင်းစကားကြောင့် ကျုပ်ခြေလှမ်းများက ကျောင်းဘက်သို့ လျှောက်ခဲ့စုံစမ်းမိသည်။ တစ်ချိန်က ကျုပ်ကျောင်းဆရာတာဝန်ထမ်းဆောင်စဉ် အောင်လင်းနှင့် ထင် လင်းသည် ကျုပ်၏ တပည့်နှစ်ယောက် စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်မှာ ကျောင်းနေဖက် ငယ်သူငယ်ချင်း အောင်လင်းထက် ထင်လင်းသုံးနှစ်ကြီးသည်။ အောင်လင်း မိဘနှစ်ပါးဆုံးပါး၍ ဘကြီးနှင့် နေရသူဖြစ်၍ ဘကြီးက ပြောင်းခင်းစောင့် အလုပ် သမားဘဝ တစ်ခါတစ်ရံ လယ်ချိန်မှာ အငှားလိုက်ရသည့် လူတန်းစား။ အောင်လင်းကျောင်းနားရက်နှင့် ကြုံလျှင် ဘကြီး၏ အလုပ်အကိုင်ကို ဝိုင်းကူရသည်။ အောင်လင်းတို့ရွာတွင် ကြက်တူ ရွေးကပေါတော့ ပြောင်းဖူးချိန်မှာ ကြက်တူရွေးများကို ခြောက်လှန့်ပေးရသည့်အလုပ်လုပ်ရသည်။ အောင်လင်း လေးခွတစ်လက်ဓားမတစ်ချောင်းလက်မှာမြဲလျက်ငှက်ခြောက်စားဘဝနှင့် ကျောင်းတက်ရသည်။

ထင်လင်း မိဘများက အလွန်ချမ်းသာသည်။ မြို့တွင်ပြောင်းဖူးပွဲရုံရှိသည်။ပြောင်းတိုက် ရွာတွေကို ကြိုတင်ပေးစနစ်ဖြင့် စီးပွားရေး အဆင်ပြေ

www.burmeseclassic.com



ကြသည်။ မိဘလက်ဝယ်မဟုတ် ထင်လင်းအဘိုးအဘွားရဲ့အမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်းနိုင်တဲ့ လုပ်ကိုင်ဆောင်ရွက်လှုပ်ရှားနိုင်ခဲ့ကြသည်။

ထင်လင်း ပညာရေးကို ထွန်းပေါက်၊ မအောင်မြင်သော်လည်း အကြောင်းမဟုတ် မိဘလုပ်ငန်းမှာ ဦးဆောင်လုပ်လည်းရသည်။ မိဘနှစ်ပါး စေတနာသည် ပညာတတ် တစ်ယောက်ဖြစ်စေချင်သည်။ ထင်လင်း ပညာရေးနှင့် ပတ်သက်လာလျှင် အင်းမလုပ် အဲမလုပ် ပြန်မပြောနားမထောင် တုံဏှိဘာဝေစရိုက်မျိုး ကျင့်သုံးတတ်သည်။

မူလတန်းကျောင်းမှသည် အထက်တန်း အဆင့်ရောက်သည့်တိုင်အောင် ထင်လင်းနှင့် အောင်လင်း တစ်တန်းတည်း။ အောင်လင်း ပညာရေးကို အလေးပေးသလို ထင်လင်း ပေါ့တန်တန် ပညာသင်ခဲ့သည်။ အောင်လင်းကို အမြဲထိုးသည်၊ အနိုင်ကျင့်ခဲ့သည်။ အောင်လင်း တစ်ယောက် သူငယ်ချင်းကောင်း ပီသစွာ သည်းခံပေါင်းသင်းခဲ့သည်။ အထက်တန်းအဆင့် ပညာရေးက အဆင့်မြင့်မားစွာ သင်ကြားရသည်နှင့်အမျှ ထင်လင်း ပညာရေးကို အလေးမထား စိတ်မဝင်စား။

မိဘများရှေ့တွင် အိမ်မှ ကျောင်းသို့ထွက်ခဲ့သည်။ သို့သော် ထင်လင်း ရောက်တတ်သည်က ရွာသားအချို့နှင့် လောင်းကစားဝိုင်းမှာ ပညာသင်နေတော့သည်။ ဖဲဆိုသော အမည်သညာကို ပထမဦးစွာ ခေါ်ကျင့်ရသည်။ တစ်ဆင့်ထပ်တက်ကာ ဖဲကစားနည်းမျိုးစုံကို သင်ကြားခွင့်ရခဲ့ပြီး ထင်လင်း ပညာရေးကို ဦးမတည်၊ ငယ်သူငယ်ချင်း ပြောစကားပင် အရာမရောက် သဲထဲရေသွန်ပမာနေပြန်လေ၏။

"ထင်လင်း မင်း အပေါင်းအသင်း မှားနေပြီ"

"ဟေ့ကောင် အောင်လင်း ငါ ပေါင်းတဲ့ အပေါင်းအသင်းတွေက တစ်ယောက်မှ မိဘမဲ့ မဟုတ်ဘူး။ လယ်ငှား စား၊ ငှက်ခြောက်စား မဟုတ်ဘူး ကွ ငွေကို ဘယ်လိုရှာမယ်ဆိုတဲ့ လူတန်းစားကွ"

"မိဘ ငွေကို ဖြုန်း၊ လောင်းကစားကို သင်ပေး၊ နောက်ဆုံးအဆင့် မူးယစ်ဆေးဝါးသုံးဖို့ ဆွဲဆောင်နေတဲ့ အပေါင်းအသင်းတွေကို မင်းက အပေါင်းအသင်းကောင်းလို့ သတ်မှတ်ရင်တော့ ငါ မင်းကို အပေါင်းအသင်းက ရပ်မယ်"

ထင်လင်း မိဘနှစ်ပါး ဆုံးပြီးကတည်းက ပညာရေးကို ကျောခိုင်းခဲ့သည်။ မိဘလုပ်ငန်းကို ဦးစီးလုပ်ကိုင်သည်။ အပေါင်းအသင်း တရှုန်းရှုန်း လောင်းကစားဝိုင်း၊ အရက်ဝိုင်း မပြတ်၊ တစ်ခါတလေ ထင်လင်း မြို့မှ ပျောက်ပျောက်သွားတတ်သည်။ ပွဲရုံကို အငှားစာရေးများနှင့်သာ ထားခဲ့သည်။

အောင်လင်း တယ်လီဖုန်းအိတ်ချိန်းရုံးတွင် အလုပ်ရခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ။ ရုံးအဆင်း မမျှော်လင့်သော တစ်နေ့တွင် ထင်လင်းနှင့် ဆုံဖြစ်ခဲ့ကြသည်။

"အောင်လင်း မင်းဒီရုံးမှာလား လခဘယ်လောက်ရလဲ၊ လစာနည်းနည်းနဲ့ မင်းမို့ လုပ်နေတာ"

"ဝန်ထမ်းဆိုတာ ဝန်ထမ်းလစာပဲ ရတာပေါ့ကွ၊ ဝန်ထမ်းအိမ်ရာလဲရတယ်။ မင်းကကော ဘာတွေ လုပ်နေလဲ"

"ငါလား ကုန်သည်ကြီးပေါ့ကွ"

"ကုန်သည်ကြီး အကြီး

www.burmeseclassic.com



စားပေါ့''

''အေးလေး မင်းငါနဲ့ အလုပ်လိုက်လုပ်ပါလား။ မင်း ဝန်ထမ်း လခထက် ဆယ်ဆငါ ပေးနိုင်ပါတယ်''

အောင်လင်း စကား ဆက် မပြောလို။ လုပ်ငန်းခွင် တာဝန်ပြီးဆုံးခဲ့၍ အနားယူရန် ထင်လင်းကို ကျောခိုင်းထွက်ခဲ့ သည်။

''ဆရာအောင် ဒီမှာ ကြည့်ပါဦး''

သတင်းစာကိုင်၍ ဝင်လာသူ ကျော်စိုးမောင်အား ငဲ့ကြည့်လိုက်သည်။

''ဒီမှာလေ ...ဒီမှာ ဟိုကောင် ထင်လင်းပုံ မဟုတ်လား''

တရားမဝင် ကျောက်စိမ်း တစ်ဖက်နိုင်ငံသို့ ခိုးထုတ်မှုကြောင့် ဖမ်းခံထားရသည့်ပုံ၊ အပေါင်းအပါတစ်စုနှင့် ကားတစ်စီး သတင်းဓာတ်ပုံက အထင်းသားတွေ့ရသည်။

''အေး ဟုတ်တယ်။ ထင်လင်းမှ ထင်လင်း အစစ်၊ အဲဒါမှတ်ထား မသမာနည်းနဲ့ ရှာဖွေစားသောက်သူတွေရဲ့ သွားရာလမ်း''

''ဆရာအောင်ရေ အဲဒီလူကို ကျုပ်တို့က စီးပွားအရှာကောင်းတယ်လို့ အားကျနေတာ သူ့ပွဲရုံမှာ အပေါင်းအသင်းတွေက အစုံပဲ ငွေမြင်ညပျောက်တဲ့ အဖွဲ့ဗျ။ သူတို့ကို မြင်လဲခဏပဲဗျ။ မြို့ကနေ ဘယ်အချိန် ထွက်သွားမှန်း မသိဘူးဗျ''

''ဒီလိုလူမျိုးတွေက ဒုစရိုက်လောကမှာ သွားသုတ်သုတ် လာသုတ်သုတ်၊ လူမြင်မခံကြဘူးကွ၊ ငါလဲ ဟိုတစ်လောက ဒီကောင့် စကား နားထောင်ပြီး သူနဲ့ အလုပ် လိုက်လုပ်မိရင် ဒီလို ခံစားရမှာကွ''

တပည့် ကျော်စိုးမောင် အနားမှ ထွက်သွားသည်နှင့် လုပ်လက်စ အလုပ်များ ဆက်လုပ်နေသည်။ အောင်လင်း၏ စိတ်တို့သည် ထင်လင်းဆီသို့သာ။ ဒုစရိုက်လမ်းမှောင်လျှောက်သူသည် နက်ရှိုင်းသော ချောက်ကမ်းပါးသို့ ကျရောက်တတ်စမြဲ။ ထင်လင်း၏ မိဘဆွေမျိုးများ လက်ထက်က အမွေအနှစ်သည် တစ်စတစ်စ ပရုပ်လုံး လေတိုက်သကဲ့သို့ ပျောက်ကွယ် ဆုံးရှုံးမှု ဖြစ်လာသည်။ လောင်းကစားဝိုင်း အတတ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ ကစားတတ်လာသည်နှင့်အမျှ အနိုင်ကို
တစ်ဆ၊ အရှုံးကိုဆယ်ဆဖြင့် ရင်
ဆိုင်နေရသည်။ သတင်းက တစ်
မြို့လုံး ပြန့်နှံ့နေသည်။

ထွန်းလင်း ပွဲရုံကို ပေါင်
နှံချေးငှားသည့်ဘဝ ရောက်ခဲ့ချေ
ပြီ။ ဒုစရိုက်လောကသားအဖြစ်
ရပ်တည်လာသည်။ ဒုစရိုက် အ
လုပ် လွှတ်လမ်းကြုံရသော် နိဗ္ဗာန်
စည်းစိမ်တို့ ခံစားခွင့်ရခဲ့သလို
အခုလို အခါအခွင့်မသင့် အ
ဖမ်းခံရသည့် အခြေအနေ ဆိုက်
ရောက်လာလျှင် ထိုက်သင့်သော
ဥပဒေကိုရင်ဆိုင်လိုက်ရလေသည်။

''ဆရာအောင် ဒီနေ့
အော်တိုလိုင်းတွေ ရာသီဥတု
ကြောင့် သိမ်မကြည်လင်ဘူး
အသံမကြွဲပြားဘူး''

အော်တိုရုံးခန်းမှ တာ
ဝန်ကျ ဖုန်းစောင့် ဖော်ဖော် သ
တင်းပို့ချက်အရ အခက်အခဲရှိက
ဘက်ထရီအိုးစီစဉ်ထားရန် ရာသီ
ဥတုဖောက်ပြန်မှုဖြစ်လာသည့်အ
တွက် အောင်လင်းအိမ်သို့ ပြန်ရန်
လုံးဝစိတ်မကူး၊ ဆုံးဖြတ်ချက်ချ
မိသည်။ ရုံးမှာပင် ဂရုစိုက်တာဝန်
ထမ်းဆောင်ရပေတော့သည်။

ညဦးနက်မှ အတိုင်း အ
တာသည် လေပြင်းတိုက်ခိုက်မှု
နှင့်အတူ အရှိန်ပြင်းထန်နေသည်။
အောင်လင်းတို့ ရုံးပတ်ဝန်းကျင်

www.burmeseclassic.com

တစ်ခုလုံး မည်းမှောင်ပိတ်ဖုံးနေပါသည်။ တာဝန်ကျတို့သည် အလှည့်ကျ အိပ်ကြရသည်။

စူးရှသော အသံနက်ကြောင့် အောင်လင်း အိပ်ရာမှ အလူးအလဲထကာ အနီးရှိ နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီးဖြင့် ဝှေ့ယမ်း အကဲခတ်လိုက်သည်။ ဖုန်းစောင့် တာဝန်ကျ ဖော်ဖော် ကြမ်းပြင်တွင် မှောက်လျက် အနေအထားပွင့်နေသောပြတင်းပေါက်ကိုမြင်ရသည်။ အကြောင်းတော့ ထူးပြီဟု အထင်နှင့် အောင်လင်း ဂရုတစိုက် ရှာဖွေနေဆဲမှာပင် ပါးစပ်ပိတ် ခံလိုက်ရပြီး ဓားနှင့် အထောက်ခံ လိုက်ရသည်။

"ဟေ့ကောင် လှုပ်မယ် မကြံနဲ့၊ မင်းတို့ငွေသေတ္တာဘယ်မှာလဲ"

အောင်လင်း ဘယ်လို မှ လှုပ်ရှားလို့မရ။ ပွင့်နေသော ပြတင်းပေါက်မှ မျက်နှာစည်းနှင့် လူတစ်ယောက်ထပ်မံဝင်လာသည်။ ထိုလူက ..

"ဟေ့ကောင် မင်းတို့ ငွေသေတ္တာပြလေကွာ သေချင်လို့လား"

အောင်လင်း ငွေသေတ္တာကိုမေးငေါ့ပြလိုက်ရသည်။ မျက်နှာစည်းထားသူသည်သေတ္တာသော့ကို ရိုက်ချိုးနေသည်။ လောဘ ဇောတက်ကာ ပတ်ဝန်းကျင်တစ်ခုလုံးကို အလေးထားမိပုံမပေါ်။

"ဒုတ် .. အား"

လျှပ်တစ်ပြက် အရိုက်ခံလိုက်ရသော လက်ချက်ကြောင့် အောင်လင်းကို ချုပ်ထားသူ ခွေခနဲ လဲကျသွားသည်။ သော့ဖွင့်နေသူကိုလည်း အောင်လင်းနှင့် တပည့်ဖြစ်သူ ကျော်စိုးမောင်တို့ ဝိုင်းလိုက်ကြသည်။

"ကျုပ် လူမသတ်ချင်ဘူးနော်။ ကျုပ်အဖို့ လူ တစ်ယောက်သတ်ရတာ ပုရွက်ဆိတ်တစ်ကောင်ကို သတ်ရသလောက်ပဲ"

လက်တွင် ကိုင်ထားသော ဓားမြှောင်ဖြင့် ရှောင်တိမ်းရင်း အမှောင်ခန်းတွင်း လက်နှိပ်ဓာတ်မီးအရောင်ဖြင့်သာ လှုပ်ရှားနေကြသည်။ အောင်လင်းတို့ နှစ်ယောက်သည် ရှေ့နောက် ညှပ်ကာပိတ်ရပ်လိုက်သည်။ မျက်နှာစည်းသူကလည်း မလွတ်မှန်းသိ၍၊ အောင်လင်းထံ အတင်းတိုးဝင်၍ ရင်ညွန့်တည့်တည့်ကို ဓားဖြင့်ထိုးချလိုက်သည်။ အောင်လင်း ရှောင်တိမ်းချိန်နောက်ကျသလို အောင်လင်း တပည့်ဖြစ်သူကလည်း လက်မနှေးပေ၊ မျက်နှာစည်းသူအား ဖမ်းဆီး ချုပ်နှောင်ခွင့် ရလိုက်သည်။ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရင်း မျက်နှာစည်းထားသူအား အသေအချာ မြင်လိုက်ရမှ အံ့သြကြီးစွာဖြင့် ...

"ဟင် .. ထင်လင်း .. မင်း .. မင်း .. ငါ့ကို ဓားနဲ့ထိုးတယ်"

"ခွင့်လွှတ်ပါ အောင်လင်း .. ငါ့မှာ ထောင်က ထွက်ပြေးလာပြီး ဒုက္ခရောက်နေလို့ ဒီလို လုပ်ရတာပါ"

ထင်လင်း ရှင်းပြချက်ကို ဆက်လက်မကြားနိုင်တော့ပါ။ သွေးစွန်းနေသော လက်များသည် တုန်ခါနေသလို မျက်လုံးအစုံတို့သည် ဝေဝါးမှု ခံစားရကာ လောကကြီးကို ကျောခိုင်းသွားခဲ့ရရှာသည်။

ထင်လင်း တစ်ယောက် အောင်လင်း၏ အလောင်းကို ပွေ့ဖက်ယူ၍ ဒုတိယမ္ပိ သံလောင်ချိုင့်ဆီသို့ အလည်အပတ်မဟုတ် သံခြေကျင်း အဖော်ပြုကာ လျှောက်လှမ်းရပေတော့မည်ဟု ကျုပ် တစ်ထစ်ချမှတ်ယူလိုက်ရပေတော့သတည်း။။

ကိုကိုလှ (ကမာမြေ)

www.burmeseclassic.com



# လွဲမှားသောမေတ္တာ

သင်းသင်းလှိုင် (တပ်ကုန်း)



www.burmeseclassic.com

"လွှဲမှားသော မေတ္တာ"

သင်းသင်းလှိုင်

(တစ်ကုန်း)

"ဆရာမရေ အဘောရှင်းကေ့စ်တဲ့၊ ဆက်ပတစ်စီးမီးယားဝင်နေပြီ အရေးပေါ်ခွဲစိတ်ရထိမ့်မယ်"

ပြင်ပလူနာ ဌာနသို့ ကားတစ်စီး ရောက်လာသည်။ သတိမေ့နေသော အမျိုးသမီးငယ်တစ်ယောက်ကို ခေါ်ဆောင်လာပြီး ခုတင်ပေါ်သို့ တင်လိုက်သည်။ တာဝန်ကျ ဆရာဝန်မလေးက ကျွမ်းကျင်စွာဖြင့် လူနာကိုစမ်းသပ်လိုက်သည်။ လူနာမှာ ကိုယ်ဝန်ဖျက်ချထားသည့် လူနာဖြစ်သည်။ မီးတွင်းပိုးဝင်ပြီး သွေးအဆိပ်တက်သဖြင့် သတိမေ့နေခြင်းဖြစ်သည်။ အောက်ပိုင်းမှာ သွေးများဆင်း၍ ပုပ်စော်နံနေသည်။ အဖျားလည်းတက်နေသည်။ လိုက်ကာယူ၍ အတွင်းသို့ကြည့်လိုက်ရာ မိန်းမကိုယ်ဝ၌ အူအထွေးလိုက် ကျနေသည်ကို တွေ့ရသည်။

"ကဲ လူနာရှင် လာပါဦး အကြောင်းစုံရှင်းပြပါဦး"

"ရေသွားခပ်တာ ချော်လဲရာက ကျောက်တုံးနဲ့ဗိုက်ကို ဆောင့်မိသွားတာက ဒီလိုဖြစ်တာပါပဲ"

"ရှင်တို့တွေ လိမ်နေတာပဲ၊ ချော်လဲတာနဲ့ ဗိုက်ထဲက အူတွေ ထွက်ချလာပါ့မလား၊ စဉ်းစားကြည့်ပါရှင်။ ဒါကလေး ဖျက်ချတာ၊ သားအိမ်ထဲကို သံချောင်းတစ်ချောင်းနဲ့ ထိုးမွှေပြီးဆွဲထုတ်တဲ့အခါ သားအိမ်ပေါက်ပြီး သံချောင်းက ဝမ်းဗိုက်ထဲက အူကို ဆွဲချိတ်မိသွားတာ၊ ဖွတ်အတင်းဆွဲထုတ်တော့ အူတွေပါ သားအိမ်ထဲကတစ်ဆင့် အပြင်ကို ထွက်ကျလာတာ။ ဒါရဲ့မှုခင်းပဲ။ ဆရာမ ရဲစခန်းကိုအကြောင်းကြားပါ ..."

"ကဲ လူနာရှင်တွေ ဒီမှာ လက်မှတ်ထိုးကြပါ။ ခွဲစိတ်ဖို့ သဘောတူကြောင်းကို လူနာအတွက် အချိန်တန်ဖိုးရှိတယ်။ အမြန်ဆုံး သူ့အသက်ကိုကယ်ရမယ်။ ဆရာမ ခွဲခန်းကိုအကြောင်းကြားပါ။ သွေးစစ်ပြီး သွေးရှာပါ။ အရေးပေါ်ခွဲစိတ်ရမယ်"

တာဝန်ကျ ဆရာဝန်မလေးက လူနာရှင်များကို တတွတ်တွတ်နှင့် ပြောနေရင်းကြားက ဆရာမလေးကိုလည်း ဆက်၍မှာကြားနေပါသည်။

နယ်ဆေးရုံလေး ဖြစ်သော်လည်း ရှိသည့်လူအင်အား၊ ဆေးဝါးပစ္စည်းဖြင့် လူနာ၏အသက်ကို ကယ်တင်ရန်မှာ ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်ဖြစ်ပေသည်။ ထို့အတွက် မည်သည့်စောဒကမှမတက်ဘဲ ခွဲစိတ်ခန်းဆီသို့ ဆရာဝန်မလေး ထွက်လာခဲ့သည်။

✡✡✡✡✡

"သားသမီး အပေါ်ထားတဲ့မေတ္တာ ×× အတုမရှိပါပဲရှင်။ ငယ်ရွယ်စဉ် ကလေးဘဝမှာစတင် ×× လူလားမြောက်သည့်တိုင်အောင်ပင် ×× သားသမီးအတွက်ဆိုရင် ×× ဘယ်လိုပင်ဆင်းရဲဒုက္ခခံရပေမဲ့ ×× စိတ်ထဲမှာမငြိုငြင် ×× သမီး

www.burmeseclassic.com



လေးမျက်နှာ သီတာရေစင် ×××''

ရေဒီယိုမှ ထွက်ပေါ်လာသည့် သီချင်းသံက ကိုကျော်ထွန်းကို တိုက်ရိုက်ကြီး ပြောဆိုသည့်အလားပင် တစ်ဦးတည်းသောသမီးလေး သီတာအေးကို ချစ်လိုက်တာတုန်လို့။ အမေ့ထက်ကို အဖေကပိုနေသည်။ မွေးလာကတည်းက ချေးသေးသုတ်သင်တာကအစ ကိုကျော်ထွန်းအလုပ်ပင် ဖြစ်သည်။ အသက်ငါးနှစ်ရောက်လို့ ကျောင်းအပ်တာကအစ ကိုကျော်ထွန်းက ကျောင်းပို့ကာ ကျောင်းတက်ခေါင်းလောင်းတီး။ သမီးလေးအခန်းထဲဝင်ထိုင်ပြီး တစ်နာရီကျော်ကြာမှ ပြန်လာသည်။

ညနေ ကျောင်းမဆင်းမီ တစ်နာရီအလိုလောက် ကတည်းက ကျောင်းသွားကြိုနေပြီ။ သူငယ်တန်းပဲရှိသေးသည်။ သမီးအတွက် အိမ်သို့ဆရာမတစ်ယောက်အား အချိန်ပိုသင်ပေးရန် ခေါ်ထားသည်။ ရွာကျောင်းဖြစ်သည့်အတွက် အခြားမိဘတွေက သားသမီးပညာရေးကို သိပ်ဂရုမစိုက်ကြ။ ကိုကျော်ထွန်းကတော့ ဒီလိုမဟုတ်၊ ပညာတတ်မထွန်းကားသည့် သူတို့ရွာမှာ သူ့သမီးက ပညာတတ်ကြီးဖြစ်ပြီး ရွာအတွက် ထွန်းပေါက်

သူတစ်ဦးဖြစ်ရမည်။ ဒါက သူ၏ကြီးမားသော ရည်ရွယ်ချက်ဖြစ်သည်။

သမီးလေးကလည်း တစ်ယောက်ဆို တစ်ယောက်ထွန်းပေါက်ပါသည်။ တစ်နှစ်တစ်တန်း မှန်မှန်အောင်သည်။ ယခုဆိုလျှင် ဆယ်တန်းကို နှစ်ချင်းပေါက် ဂုဏ်ထူးတစ်ဘာသာဖြင့်အောင်ကာ ဂျီတီစီတက်နေသည်။ သမီးလေး သီတာအေးအင်ဂျင်နီယာကြီး တစ်နေ့ဖြစ်ရမည်။ မျက်စိအောက်က မပျောက်အောင် မိဘများက ဂရု





www.burmeseclassic.com

www.burmeseclassic.com



**ဒီမယ် ခင်မေကျော် ထွန်းဆိုတဲ့ ကောင်က ငါ့သမီးအပေါ်မှာ ဘယ်လောက်ရည်ရွယ်ချက်ကြီးတယ် ဆိုတာ နင်မသိဘူးလား၊ လှေလှော်ရင်း တက်ကျိုးမခံဘူး၊**

ိုက်ခဲ့ကြသည်။ တစ်ခါတစ်ရံ သားသမီးများက အတောင်စုံ ျှင် အပျံသင်ချင်ကြသည်။ စကားပုံရှိသည် "ကျွန်ယုံတစ် ဲက်ကန်း၊ သားသမီးယုံ စုံလုံး ာန်း"။ ကိုကျော်ထွန်းအဖို့ စုံလုံး တော့မကန်းသေးပါ။ ဒါပေမဲ့ မျက်စိထဲ သဲဝင်သွားခဲ့သည်။ အကြောင်းမှာ

ဂျီတီစီပြီး၍ ဘီတက်ချိ ာက်သည့်နှစ်မှာ သမီးသီတာ အား အတွဲရှာမိသွားသည်။ အပျံ သင်စ ငှက်ကလေး မိခင်ရင်ခွင် ကိုမေ့သွားကာ ချစ်သူရင်ခွင်၌ ပျော်မွေ့နေပြီး ချစ်သူချင်းမြင်ပါ များတော့ မစွန်းရင်းကရှိ ကစွန်း ခင်းကငြိသွားကြပြီ။ ငြိတာက အရေးမကြီးပါ။ အရေးကြီးတာ က အရှေ့အလယ်ပိုင်း ပြဿနာ ပါ။ ဖုံးဖိမရနိုင်တော့ မိခင်ကြီးက တစ်ဆင့် ဖခင်ကြီးပါသိပြီး ယောကျ်ားလေးရှင်များက တာ ဝန်ယူ လာရောက်တောင်းရမ်း ရန် စကားစကြသည်။

"ဒီမယ် ခင်မေ ကျော် ထွန်းဆိုတဲ့ကောင်က ငါ့သမီးအ ပေါ်မှာ ဘယ်လောက်ရည်ရွယ် ချက်ကြီးတယ်ဆိုတာ နင်မသိ ဘူးလား၊ လှေလှော်ရင်း တက် ကျိုးမခံဘူး၊ တက်ကျိုးသွားရင် လဲ တက်အသစ်ပြန်လုပ်မယ်။ ငါ့ သမီးကို ယောကျ်ားမပေးစားနိုင် ဘူး။ ကျောင်းပဲတက်ရမယ်။ ဒီ ဗိုက်ကို ဖျက်ချမယ်။ ငါ့သမီး တက်လမ်းမှာရှိတဲ့ ခလုတ်မှန်သ မျှ ဖယ်ရှားပစ်ရမယ်။ အို .. ကြာ တယ် ဒေါ်မို့ကို ငါကိုယ်တိုင် သွားခေါ်မယ်"

သားသမီးကို **ချစ်သည့်** စိတ်ဖြင့် ဘာကို**မှမတွေးနိုင်။** သမီးဖြစ်သူ **သီတာအေးကို** လက်သည်ဒေါ်**မို့လက်သို့** ဝ ကွက်အပ်လိုက်သည်။ အ ကြောင်းတရားတွေထဲက ထွက် ပေါ်လာသည့် အဆိုးတရားကို မ မှန်းဆနိုင်တော့ ဖခင် ကိုကျော် ထွန်းတစ်ယောက် သူ၏"လွဲမှား သောမေတ္တာ"ကြောင့် အထက် ပါအကြောင်းတရား ပေါ်ပေါက် လာခြင်းဖြစ်သည်။

သမီးလေးမျက်နှာ သီ တာရေလို အေးမြစေရန်အတွက် သီတာအေးလို့ မှည့်ခဲ့သည်။ အခု တော့ သီတာရေလို မအေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ထီးနှင့်တူသော သမီးဖြစ်ခဲ့လျှင် မိဘတို့အတွက် အရိပ်ရစေ၍အေး မြစေသည်။ မီးနှင့်တူသော သမီး ဖြစ်ခဲ့လျှင် မိဘတို့အား ပူလောင်မှုကို ဖြစ်စေသည်။ ယခု ကို ကျော်ထွန်းအဖို့လည်း သားသမီး ကိုချစ်သည့်ဖော တိုးတက်ချင်သောစိတ်၊ ကြီးမားသော ရည်ရွယ်ချက်ဖြင့် အမှားအမှန်ကို မခွဲခြားနိုင်တော့ပါ။ အမှားအမှန်ကို ခွဲခြားပေးမည့်သူက တရားဥပဒေပင်ဖြစ်တော့သည်။

"ကဲ လူနာရဲ့အသက်ကိုတော့ ကယ်လိုက်နိုင်ပါတယ်။ ဒါပေမဲ့ စိတ်တော့မကောင်းပါဘူး။ သားအိမ်တော့ ထုတ်ပစ်လိုက်ရတယ်။ ကျွန်မတို့နိုင်ငံအတွက် မိခင်ကောင်းတစ်ယောက်တော့ ဆုံးရှုံးသွားပြီပေါ့ရှင် ...

"ရှင်တို့သိထားဖို့က အထူးသဖြင့် အမေတွေကို မှာချင်တယ်။ သမီးမိန်းကလေးတွေ မွေးလာရင် ကိုယ့်သားသမီးကို ထိန်းတတ်ဖို့လိုတယ်။ တင်းလွန်းတော့လဲ ပြတ်တတ်တယ်။ လျှော့လွန်းတော့လဲ ပတ်တတ်တယ်။ အပျိုဖော်ဝင်လာပြီ ဆိုကတည်းက အသွားအလာအနေ အထိုင်ကို သူငယ်ချင်းသဖွယ် ပေါင်းသင်းပြီး မှာကြားရမယ်။ သူတို့ရင်ထဲမှာရှိတဲ့ စကားကို မိဘကိုတိုင်ပင်လာအောင် လမ်းကြောင်းပေးရမယ်။ ပြောဆိုရဲတဲ့ အခွင့်အရေး ပေးရမယ်။ ဒါမှ လမ်းကြောင်းလွဲရင် တည့်မတ်ပေးနိုင်မှာပေါ့ .....

"သားသမီးကလဲ မိဘရဲ့ယုံကြည်မှု၊ မေတ္တာထားမှုကို အလွဲသုံးစား မလုပ်သင့်ဘူး။ အိမ်ထောင်မပြုမီ ယောကျ်ားလေးနဲ့ လက်ပွန်းတည်း မနေထိုင်သင့်ဘူး။ မိမိရဲ့ကိုယ်ကို မိမိ တန်ဖိုးထားသင့်တယ်။ ဆိပ်ကွယ်ရာအရပ်မှာ ယောကျ်ားလေးနဲ့ မတွေ့သင့်ဘူး။ မလိုလားအပ်တဲ့ အကြောင်းအရာတွေ ဖြစ်ပေါ်လာနိုင်တယ်။ အရှက်တရား အကြောက်တရားရှိသင့်တယ်။ မြန်မာမိန်းကလေးပီပီ နေထိုင်သင့်တယ်။ ဝတ်စားဆင်ယင်ပုံကအစ ထိန်းသိမ်းသင့်တယ်။ ဒီလိုတွေသိဖို့အတွက် စာများများဖတ်ကြရမယ်။ ဟောပြောပွဲတွေ နားထောင်ရမယ်။ မျိုးဆက်ပွား အခန်းကဏ္ဍရဲ့ အရေးကြီးမှုတွေကို သိထားရမယ်။ ချစ်သူအချင်းချင်း အချိန်မတိုင်မီ စည်းတားနိုင်မယ်ဆိုရင် ဒီလိုအဖြစ်မျိုးတွေ ဖြစ်လာမှာ မဟုတ်ဘူးရှင်"

စကားပြောပြီး ဆရာဝန်မလေးက ဂျူတီခန်းမထဲမှ ထွက်ပြီး အဆောင်ဆီသို့ တလှမ်းချင်းပြန်သွားသည်။ ခွဲစိတ်ခန်းမှ ထွက်လာသည့် သီတာအေးလည်း မျက်လုံးလေးဖွင့်ကြည့်နိုင်ပြီး ဆေးရုံခန်းထဲရှိ ခုတင်ပေါ်၌ သတိရနေသည်။ သမီးကို မျက်ရည်ပြည့်နေတဲ့ မျက်လုံးဖြင့် ကြည့်နေသူ ကိုကျော်ထွန်းတစ်ယောက်က အချုပ်ကားဆီသို့ တလှမ်းချင်းလှမ်းလျက် ..... ။

သင်းသင်းလှိုင်

(တပ်ကုန်း)



www.burmeseclassic.com

www.burmeseclassic.com



# လူသတ်ဓားပြ

မောင်မောင် (ပိတောက်မြိုင်)

www.burmeseclassic.com

www.burmeseclassic.com



## "လူသတ်မားပြ"

မောင်မောင်
(ပီတောက်မြိုင်)

သုံးခွမြို့နယ်အတွင်းရှိ ပုလဲကျေးရွာသည် လူနေအိမ်ခြေများပြားပြီး စည်ကားသော ကျေးရွာကြီး တစ်ရွာဖြစ်သည်။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်များ များပြားလျက် ဘာသာရေးကို အလေးထားကြသည်။ ကြည်ညို လေးစားကြသည်။

ရွာဦးကျောင်း ဆရာတော်မှာ ဦးသုမနဖြစ်သည်။ သက်တော်အားဖြင့် ငါးဆယ်ဝန်းကျင်မျှသာရှိသည်။ စာပေကျမ်းဂန်လည်း ထိုက်သင့်သလောက် တတ်မြောက်သည်။ တရားဓမ္မ အဟောအပြော ကောင်းသည်။ အထူးသဖြင့် လောကုတ္တရာနှင့် လောကီရေးရာများကို လိုက်လျောညီထွေဖြစ်ရန် ဟောပြောတတ်သဖြင့် ပုလဲကျေးရွာတွင် မက နီးစပ်ရာတစ်နယ်လုံးက ကြည်ညိုလေးစား ခြင်းခံရသော ဆရာတော်ဖြစ်သည်။ ဆရာတော်က ဗေဒင်လက္ခဏာလည်း တတ်မြောက်သည်။ မှန်သင့်သလောက် မှန်ခဲ့သဖြင့် နာမည်ရသည်။ လိုအပ်လျှင် ယတြာလည်းချေပေးတတ်သည်။ အခကြေးငွေ၊ လာဘ်လာဘယူ၍ ဟောပြောနေခြင်း မဟုတ်။ ဒကာ၊ ဒကာမများအပေါ်မေတ္တာထားလျက် ကျရောက်လာမည့် ဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်းမျှသာဖြစ်သည်။

၁၉၈၇ ခုနှစ်သည် ပုလဲရွာသူရွာသားတို့အတွက် ထူးခြားသောနှစ်ဖြစ်သည်ဟု ဆိုရပေမည်။ နောက်တစ်ချက်က မမျှော်လင့်ဘဲ ဝမ်းနည်းကြေကွဲရသောနှစ်လည်းဖြစ်သည်။ ထူးခြားအံ့ဩဖွယ်ကောင်းလှသည်မှာ ပုလဲကျေးရွာအပါအဝင် သုံးခွမြို့နယ်အတွင်း ကျေးရွာများရှိ ဝါးပင်တို့သည် ပင်လုံးကျွတ်ပွင့်ကြသည်။ သီးကြသည်။ မကြာမီမှာ အသီးအပွင့်တွေ ဝါလာသည်။ အရွက်တွေခြောက်လာသည်။ နောက်ဆုံးဝါးပင်တို့ သေဆုံးကြကုန်သည်။ ဤသည်ကို ဗဟုသုတရှိသူ တတ်သိနားလည်သူများ[...] ဝါးသုဉ်းသည်ဟု ဆိုကြသည်[...]

ရွာဦးကျောင်း ဆ[...] တော်က ဥပုသ်နေ့သီလပေး[...] တွင် မိန့်ကြားခဲ့ဖူးသည်။

"ဒီနှစ်တော့ ထူးခြ[...] တယ်။ ကျုပ်တို့နယ်မှာ ဝါး[...] တွေပွင့်ကြတယ်။ သီးကြတယ်[...] နောက် အရွက်တွေအသီး[...] ဝါခြောက်လာပြီး ဝါးပင်တွေ[...] သွားကြတယ်။ အဲဒါ ဝါးသု[...] တယ်လို့ခေါ်ပါတယ်။ ဘုန်းကြီ[...] တို့ ဗေဒင်လက္ခဏာပည[...] သဘောအရဆိုရင် ဒါ[...] ကောင်းသောလက္ခဏာ မဟု[...] ပါဘူး ....

ပြောရရင်တော့ [...] ပြောင်းမင်းလွဲ ဖြစ်တတ်တ[...] သတ္တဝါတွေ အငတ်ဘေးနဲ့ ကြ[...] တတ်တယ်။ အသက်အန္တရာ[...] စိုးရိမ်ရတဲ့ ဘေးဆိုးတွေနဲ့လ[...] ရတတ်ပါတယ်။ သတိထား[...] ကြရမှာပေါ့။ ဘုန်းကြီးမှာ[...] တာကတော့ စိတ်ကောင်[...] ကောင်းထားကြပါ။ [...]နဲ့ သ[...] ကိုမမေ့ပါနဲ့။ အထူးသဖြင့် [...]



www.burmeseclassic.com

www.burmeseclassic.com

...လကို လုံခြုံအောင်ထိန်းကြပါ။ ...ုန်းကြီးလဲ ဒကာဒကာမတို့အ ...ွက် နေ့စဉ်ညတိုင်း မေတ္တာပို့ ...မျှဝေပေးနေပါတယ်။ မေတ္တာသုတ် ...ိတ်တော်ကိုလဲ ရွတ်ဖတ်ပေး ...နေပါတယ်''

ဆရာတော်က သူ့ ...ကားကို ခေတ္တရပ်လိုက်သည်။ ...ဝေးတစ်နေရာသို့ စိုက်ကြည့် ...နေသည်။ ဒကာ၊ ဒကာမများက ...တော့ ငြိမ်သက်နေကြသည်။ ...တ်တုတ်မျှမလှုပ်၊ တိတ်ဆိတ် ...ျက်ရှိနေသည်။ ခဏကြာမှ ...ဆရာတော်က သက်ပြင်းရှည် ...ကြီး တစ်ချက်ချလိုက်သည်။ ...ခေါင်းလေး တဆတ်ဆတ်ညိတ် ...ျက် မိန့်တော်မူပါသည်။

''ဘုန်းကြီး ပွင့်ပွင့်လင်း ...င်းပဲ ပြောခဲ့မယ်။ ဗေဒင်၊ ...က္ခဏာပညာအရ ဘုန်းကြီး ...ွက်ကြည့်တယ်။ မကြာမီမှာ ...သွေးထွက်သံယိုများ ဖြစ်လိမ့် ...ယ်''

ဆရာတော်၏ ဟော ...ပြောချက်က မှန်လှပေသည်။ ...ကြာခင် ရက်အတွင်းမှာပင် ဆရာတော် ပျံလွန်တော်သွားခဲ့ရှာသည်။ ရွာသူရွာသားများ ဝမ်းနည်း ကြေကွဲခဲ့ကြရသည်။ ယူကျုံးမရ ဖြစ်ကြရသည်။ ဆရာတော်ဟောပြောခဲ့သော စကားများက မှန်လွန်းရုံမက သူကိုယ်တိုင်ခံစားသွားရရှာသည့်အတွက် ဖြေဆည်မရ ဖြစ်ကြရသည်။

ဆရာတော် ပျံလွန်တော်မူခဲ့ရတာကလည်း သမားရိုးကျ မကျန်းမာ၍ ပျံလွန်တော်မူခဲ့ရခြင်း မဟုတ်။ မသမာသူ လူ့ဗာလတို့၏လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

ကျေးရွာသူ ကျေးရွာသားများ မခံမရပ်နိုင်ဖြစ်ကြသည်။ ပြစ်မှုကျူးလွန်ခဲ့သူအပေါ် ဒေါသများ ဖြစ်ကြရသည်။ ဒုစရိုက်သမားအား အမြန်ဖမ်းမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းစုံစမ်း ဖော်ထုတ်ကြသည်။

အသားထဲက လောက်ထွက်ခဲ့တာမို့ ဒုစရိုက်သမားကို မကြာမီမှာပင် ဖမ်းဆီးရမိခဲ့သည်။ အကြောင်းက ဒီဒုစရိုက်မှုတွင် အဓိကပါဝင်သူမှာ ပုလဲရွာသားထဲက တစ်ယောက်ဖြစ်သည်။

**“ဘုန်းကြီး ပွင့်ပွင့်လင်းလင်းပဲ ပြောခဲ့မယ်။ ဗေဒင်၊ လက္ခဏာပညာအရ ဘုန်းကြီး တွက်ကြည့်တယ်။ မကြာမီမှာ သွေးထွက်သံယိုများ ဖြစ်လိမ့်မယ်”**



www.burmeseclassic.com

www.burmeseclassic.com

မသက်သာသူများကို လေ့လာကြသည့်အခါ မကြာသေးခင်က ချဲထိုးထားသော သံခဲ အခုတလော ပုံပြောင်းနေသည်။ တက်တက်ပြောင်နေတဲ့ကောင်က သုံးလိုက်စားလိုက်ဖြစ်နေသည်။ ကျေးရွာလူကြီးများက ရဲကိုလက်တို့၍ သတင်းပေးလိုက်သည်။ ရဲတပ်ဖွဲ့ဝင်များက သံခဲကိုဖမ်းဆီးစစ်ဆေးခဲ့ကြသည်။

*****

ရဲအုပ် လှမြင့်သည် ဒုစရိုက်ကောင် သံခဲကို စစ်ဆေးရန် အချုပ်ခန်းမှ ထုတ်စေ၍ သူ့စားပွဲရှေ့တွင် ထိုင်ခိုင်းလိုက်သည်။ သံခဲမျက်နှာကို မြင်လိုက်သည်နှင့် ဒေါသထွက်နေမိသည်။ ဤအမှုက သာမန်အမှုမျိုးမဟုတ်၊ ရွာဦးကျောင်းက ဆရာတော်ကို သတ်ပြီး ငွေယူသွားသောအမှုဖြစ်သည်။

ဒီလောက် မိုက်ကန်းသော ကောင်ကို ရဲအုပ် လှမြင့် သာမဟုတ် တစ်ရွာလုံး၊ တစ်နယ်လုံးက ဒေါသထွက်နေကြသည်။ ရဲအုပ် လှမြင့် စိတ်ကိုအတော် ထိန်းနေရသည်။ ဒီကောင်ကို နားရင်း ဆယ်ချက်လောက် ရိုက်ပစ်ချင်မိသည်။ ဖြစ်နိုင်လျှင် ရင်ဝကိုပင် ဆောင့်ကန်လိုက်ချင်သေးသည်။ ကြာရင် စိတ်မထိန်းနိုင်ဘဲ ကိုယ်ထိလက်ရောက် ကျူးလွန်မိပါက ပြဿနာတွေ ရှုပ်ပေလိမ့်မည်။ ရဲအုပ် လှမြင့် စိတ်ကိုအတတ်နိုင်ဆုံးထိန်း၍ သံခဲကို ဆက်မစစ်သေးဘဲ အချုပ်ခန်းထဲသို့ ပြန်ထည့်ခိုင်းလိုက်ရသည်။

ရဲအုပ် လှမြင့် စားပွဲတွင် တစ်ယောက်တည်း ထိုင်နေလိုက်သည်။ စိတ်တည်ငြိမ်လာ[...] ကြိုးစားနေရသည်။ ဝင်[...] ထွက်လေကို မှန်မှန်ရှူလ[...] သတိဖြင့်မှတ်နေသည်။ ဖြစ်[...] လျှင် ပျက်တတ်သည့်သဘော[...] ကို အာရုံစိုက်နေသည်။ သ[...] မိအားကောင်းလာရန် ကြိုး[...] နေသည်။ စိတ်တည်ငြိမ်လာ[...] သံခဲကို အချုပ်ခန်းမှထုတ်၍ [...] ဆေးရန်ပြင်ဆင်ရသည်။

"ကဲ ... သံခဲ အ[...] ပတ်သက်လို့ တိုတိုနဲ့လိုရင်[...] အဖြစ်မှန်အတိုင်း ပြောစမ်းကွ[...]

သံခဲက မျက်နှာ[...]

ဒီကောင်ကို နားရင်း ဆယ်ချက်လောက် ရိုက်ပစ်ချင်မိသည်။ ဖြစ်နိုင်လျှင် ရင်ဝကိုပင် ဆောင့်ကန်လိုက်ချင်သေးသည်။ ကြာရင် စိတ်မထိန်းနိုင်ဘဲ ကိုယ်ထိလက်ရောက် ကျူးလွန်မိပါက ပြဿနာတွေ ရှုပ်ပေလိမ့်မည်...

www.burmeseclassic.com



လေးဖြင့် ရဲအုပ် လှမြင့်မျက်နှာကို စိုက်ကြည့်နေသည်။ ပါးပြင်ပေါ်သို့ မျက်ရည်တို့က စီးကျနေသည်။

"ကျွန်တော် မှားခဲ့မိပါတယ် ဦးလေးရယ်"

"ဒါတွေ ပြောမနေပါနဲ့တော့ မောင်သံခဲရယ်၊ မင်းမှားခဲ့တဲ့ အမှားကြီးက ပြင်လို့မှမရတော့တာ၊ ဘာတွေဖြစ်ခဲ့တယ်ဆိုတာကိုသာ လိုရင်းကိုပြောစွာ"

"ဟုတ်ကဲ့ ကျွန်တော် အမှန်အတိုင်း ပြောပါမယ်"

"ပြောစမ်း"

"ကျွန်တော် ဒီတစ်ပတ် ချဲထီဖွင့်ပွဲမှာ အတော်ထိသွားပါတယ်၊ ဘိုးတော်ဆိုသူတစ်ယောက်ပေးတဲ့ဂဏန်းကို ယုံကြည်ပြီး ကျွန်တော်ပုံအောလိုက်တာ ရှိတာတွေကုန်တဲ့အပြင် အကြွေးပါတင်သွားခဲ့ပါတယ် ....

"ကျွန်တော့် မိသားစုအတွက် စားဝတ်နေရေး အခက်အခဲဖြစ်သွားတုန်း ဖြစ်ချင်တော့ တစ်နေ့မှာ ဦးလေး ဦးသာအောင်က ဘုန်းကြီးကျောင်းလိုက်ခဲ့ဖို့ ခေါ်ပါတယ်။ ကျောင်းရောက်တော့ ဦးလေး ဦးသာအောင်က ကျောင်းပြုပြင်ဖို့ ကောက်ခံရရှိထားတဲ့ အလှူငွေသုံးသိန်းကို ဆရာတော်ကို ဆပ်ကပ်ပါတယ် ....

"အဲဒီငွေတွေကို မြင်လိုက်ရတော့ ငွေလိုအပ်နေတဲ့ ကျွန်တော်ဟာ စိတ်ရိုင်းတွေဝင်လာမိပါတယ်။ ဒီငွေတွေ ရလိုက်ရင်တော့ မိသားစုစားဝတ်နေရေး အဆင်ပြေသွားမှာပဲလို့လဲ တွေးလိုက်မိပါတယ် .....

"အိမ်ပြန်ရောက်တော့ ဒီငွေတွေရဖို့ပဲ စဉ်းစားနေရင်းက တစ်ဖက်ရွာက ဖိုးထောင်ကို သွားသတိရတယ်။ ဒီကောင်နဲ့ ကျွန်တော်က သောက်ဖော်သောက်ဖက်ဖြစ်ပါတယ်။ ဒီကောင်နဲ့သွားတွေ့ပြီး ဘုန်းကြီးကျောင်းကို ဓားပြတိုက်ဖို့ တိုင်ပင်ကြပါတယ် ....

"ဒါပေမဲ့ သူနဲ့ကျွန်တော်က အတွေ့အကြုံမရှိတော့ အခက်အခဲ ဖြစ်နေပါတယ်။ ဒါနဲ့ ဖိုးထောင်က အတွေ့အကြုံလဲရှိ၊ ထောင်လဲကျဖူးတဲ့ အောင်ဒင်ကို

ကျွန်တော် ဒီတစ်ပတ် ချဲထီဖွင့်ပွဲမှာ

အတော်ထိသွားပါတယ်၊

ဘိုးတော်ဆိုသူတစ်ယောက်ပေးတဲ့ဂဏန်းကို ယုံကြည်ပြီး

ကျွန်တော်ပုံအောလိုက်တာ ရှိတာတွေကုန်တဲ့အပြင်

အကြွေးပါတင်သွားခဲ့ပါတယ် ....



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာတယ်။ တိုင်ပင်ကြတယ်။ အောင်ဒင်ကလဲ ငွေပြတ်နေတော့ သဘောတူလိုက်တယ် ....

"အဲဒါနဲ့ပဲ အောင်ဒင် ခေါ်လာတဲ့ ဖိုးနီရယ်၊ ချက်ကြီးရယ်၊ ဖိုးထောင်ရယ်၊ ကျွန်တော်ရယ်ငါးယောက် ဆရာတော် ဦးသုမနကျောင်းကို ဓားပြတိုက်ဖို့ စီစဉ်လိုက်ကြပါတယ်။ ကျောင်းစောင့် ကပ္ပိယကြီး ရွာထဲပြန်အိပ်တဲ့ တစ်ညမှာ ဘုန်းကြီးကျောင်းကို ဓားပြတိုက်ကြပါတယ် ....

"မအော်နဲ့လို့ တားနေတဲ့ကြားက ဆရာတော်က "ဓားပြ .... ဓားပြ"လို့ အော်လိုက်တယ်။ အဲဒီမှာ အောင်ဒင်က အသင့်ပါလာတဲ့ ဓားမြှောင်နဲ့ ဆရာတော်ရဲ့ ရင်ဝကိုထိုးလိုက်တယ်။ ဆရာတော် ခွေကျသွားပြီး တစ်ချက်တည်းနဲ့ ငြိမ်ကျသွားပါတယ်။ တစ်ခါတည်း အသက်ပါသွားတယ် ထင်တာပါပဲ ဦးလေးရယ်"

"မင်းတို့ တော်တော်မိုက်တဲ့ ကောင်တွေပါလား။ ဘာတွေထပ်လုပ်သလဲ ဆက်ပြောပါဦး"

"ကျွန်တော်တို့လဲ ဆရာတော့်အခန်းထဲဝင်ပြီး တွေ့သမျှငွေတွေ ယူခဲ့ပါတယ်။ လေးသိန်းကျော်လောက်တော့ ရှိမယ်ထင်ပါတယ်"

သံခဲ၏ အစစ်ခံချက်အရ အောင်ဒင်၊ ချက်ကြီး၊ ဖိုးထောင်နှင့် ဖိုးနီတို့ပါ ဖမ်းဆီးရမိခဲ့သည်။ အောင်ဒင်ထံမှ သွေးစွန်းနေသော ဓားမြှောင်တစ်ချောင်းကိုလည်း သိမ်းဆည်းရမိခဲ့သည်။ ပါသွားသောငွေအချို့ကိုလည်း သိမ်းဆည်းရမိခဲ့သည်[…]

တရားခံများကို ပြစ်မှုဆိုင်ရာ[…] ဥပဒေပုဒ်မ ၃၉၆ (လူသတ်/ဓား[…] ပြ)ဖြင့် အမှုဖွင့်လျက် ရီမန်ယူ[…] ထားသည်။ ရီမန်ရက်စေ့ပါက[…] တရားစွဲတင်ရန်သာ ရှိတော့[…] သည်။

*****

တပည့်ဒကာ၊ ဒကာမ[…] များက ဆရာတော်အား နောက်[…] ဆုံးပူဇော်ခြင်းရျာပနကို ခမ်းခမ်း[…] နားနား စည်စည်ကားကား ပြု[…] လုပ်ကြသည်။ မသမာလူတို့၏[…]

**အဲဒါနဲ့ပဲ အောင်ဒင် ခေါ်လာတဲ့ ဖိုးနီရယ်၊ ချက်ကြီးရယ်၊ ဖိုးထောင်ရယ်၊ ကျွန်တော်ရယ် ငါးယောက် ဆရာတော် ဦးသုမနကျောင်းကို ဓားပြတိုက်ဖို့ စီစဉ်လိုက်ကြပါတယ်....**



www.burmeseclassic.com

ဆက်ချက်ဖြင့် ပျံလွန်တော်မူခဲ့ရသော ဆရာတော်အတွက် ဝမ်းနည်း၍မဆုံး ဖြစ်နေကြရသည်။

ဆိုင်းအဖွဲ့မှ အေးယဉ်ကြူးပေးသော အဆိုတော်အမျိုးသမီးကလည်း အပြောကောင်း၊ အဆိုကောင်း၊ အငိုကောင်းဖြစ်သည်။

"အမယ်လေး ... ဆရာတော်ဘုရားရဲ့၊ တပည့်ဒကာ၊ ဒကာမတွေကို ခွဲခွာသွားပါပေါ့လား ဘုရား၊ တရားဦးလေး ဟောခဲ့ပါဦးဘုရား၊ တပည့်ဒကာဒကာမတွေကို စိုးရိမ်လွန်းလို့ ဒီနှစ်မှာ ဝါးတွေပွင့်နေကြတယ်။ ဝါးတွေသီးကြတယ်။ ပြီးတော့ ဝါးတွေသေကုန်ကြတယ်။ အဲဒါ ဝါးသုဉ်းတယ်လို့ခေါ်တယ်။ အတိတ်တပေါင်အရ သတ္တဝါတွေ ဘေးအန္တရာယ်ကျရောက်တော့တယ်ကွဲ့၊ သတိထားကြကွယ့် ငါးပါးသီလ လုံခြုံအောင်ထိန်းကြကွယ့်လို့ မဟောနိုင်တော့ဘူးလားဘုရား ....

"သွေးထွက်သံယိုတွေလဲ ဖြစ်လိမ့်မယ်လို့ ဆရာတော်မိန့်ကြားခဲ့တာ အခုတော့ဖြင့် အဲဒီ သွေးထွက်သံယိုကြီးက ဆရာတော်ကိုယ်တိုင် ခံစားသွားတာမို့ တပည့်တော်တို့ မချိအောင်ခံစားနေရပါတယ့် ဘုရား"

အဆိုတော် အမျိုးသမီးက ဖွဲ့ဖွဲ့နွဲ့နွဲ့ ကြေကြေကွဲကွဲ အပြောကောင်း၊ အဆိုကောင်းဖြင့် လွမ်းပြဆွေးပြနေသည်။ ဆိုင်းအဖွဲ့က နှဲကြီးကလည်း သံယောင်လိုက်၍ ချဲ့ပေး၊ နွဲ့ပေးလိုက်ကြတော့ မဏ္ဍပ်ထဲရောက်ရှိလာကြတော့ တပည့်ဒကာဒကာမတွေ တစ်ယောက်မကျန် မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ရသည်။

နောက်ဆုံးမှာတော့ ကွင်းပြင်ကြီးထဲမှာ ဆရာတော်၏ ရုပ်အလောင်းတော်ကို ထင်းပုံကြီးပေါ်မှာတင်လျက် မီးရှို့သဂြိုဟ်လိုက်ကြသည်။ ဆရာတော်၏ ဈာပနကတော့ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

ပြစ်မှု ကျူးလွန်ခဲ့ကြသော သံခဲပါငါးယောက်တို့အား သက်သေခံ အထောက်အထားခိုင်ခိုင်စွာဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၆(လူသတ်/ခားပြ)မှုဖြင့် တရားစွဲတင်ခဲ့သည်။ လူမိုက်တို့၏ သွားရာလမ်းအတိုင်း တရားဥပဒေ၏ အဆုံးအမကို ခံရတော့မည်သာ ဖြစ်ပေ‌တော့သည်။

မောင်မောင်

(ပိတောက်မြိုင်)

www.burmeseclassic.com



# တားမရဆီးမရ

## ဟာသ၀တ - မောင်မျိုးသက်

အဆင်း ၊ အနံ့ ၊အသံ၊ အရသာ၊ အတွေ့၊ အတွေ့ဟူသော အာရုံခြောက်ပါးတွင် စိတ်ကို စွဲလမ်းစေသောအာရုံကား အတွေ့ အထိပင် ဖြစ်သည်။ အဆင်း၊ အနံ့ထက်ပို၍ စွဲလမ်းတတ်သည်။ အတွေ့အထိသည် သာယာမှုဖြစ်ပေါ်စေ၍ အမှားအမှန် ခွဲခြားနိုင်ခြင်း မရှိတော့ပေ။ သိလျက်နှင့်ပင် ဖွတ်တိုးဝင်၍ စိတ်အလိုလိုက် မိုက်မှားကြသူများပေစွ။ ထိုအထဲတွင် ထွန်းရီနှင့်ခင်ချိုလည်းပါသည်။

ထွန်းရီတွင် ညီအစ်ကိုသုံးယောက် ရှိ၏။ အကြီးဆုံး ထွန်းစီသည် အစ်ကိုသုံးယောက်ကို ရှင်ပြုပေးစဉ်ကပင် ကိုရင်ဘဝမှ မထွက်တော့ဘဲ စာဝါလိုက်သည်။ နောက်ဆုံး ဓမ္မာစရိယ အောင်မြင်ပြီး ကျောင်းထိုင် ဆရာတော်တစ်ပါးဖြစ် နေလေပြီ။ အစ်ကိုငယ် ထွန်းနီလည်း အချိန်အရွယ်ရောက်၍ အိမ်ထောင်ပြု အိမ်ခွဲဆင်းပြီး လယ်ယာ လုပ်ငန်းဖြင့် စီးပွားရေးပြေလည်သည်။ အငယ်ဆုံး

ထွန်းရီကား အိမ်ထောင်မပြု၊ ဘ လက်ငုပ်လယ်အလုပ်လည် မည်မည်ရရ စိတ်ဝင်စားမှုမ လပ်ယားလပ်ယား နေသည် နွေရောက်၍စပါးပေါ်လျှင်သေ လည်းကောင်း၊ ပဲချိန်ပဲပေါ်လျှ သော်လည်းကောင်း ပွဲစားလို လုပ်တတ်သည်။ ဖိုဖိုစီးစီးကာ မဟုတ်၊ စီးပွားဖြစ်မဟုတ်။ အ ဝတ်အစားဝယ်ဖို့၊ ပျော်ဖို့ပါ ရကုန်ဘဝကို ခုံမင်သည်

ဒီနှစ်စပါးဈေး၊ ပဲ ကောင်းသည်။ ထွန်းရီလည်း

www.burmeseclassic.com



မြ်က်မြက်ရသည်။ အစ်ကို ဘုန်းကြီးကို ကန်တော့ရန် လေးမျက်နှာ ရန်ကုန် မှန်လုံကားဖြင့် ငါးဆိုင်းချောင်း လိုက်ခဲ့သည်။ အစ်ကို ဘုန်းကြီးတဲတွင် နှစ်ညအိပ်ပြီး ဟင်္သာတ သို့သွားရန်ထွက်ခဲ့၏။ ဘုန်းကြီးက သုံးစွဲရန် တစ်သောင်းပေးလိုက်၍ ထွန်းရီ ထာသွားသည်။ ဟင်္သာတကို ရထားနှင့်သွားရန် ရေကြည် ထွက်မည့် ကားဂိတ်သို့ လာခဲ့သည်။ အဆင်သင့် ထွက်မည့် ကားကြုံ၍ တက်လိုက်လာခဲ့သည်။

ဤမှာပင် ဇာတ်လမ်းက စပါသည်။

ထွန်းရီ ဘေးတွင် သူနှင့် မတိမ်းမယိမ်း အမျိုးသမီးတစ်ဦးလိုက်ပါလာ၍ အတွေ့အထိ နူးညံ့သဖြင့် သတိထားလိုက်မိသည်။ ဆံပင်တိုတို ဂုပ်ဝဲ၊ ရုပ်လည်းမဆိုးလှ၊ ပါ တိတ်သမ်းဆက်ဝတ်ထားသည့် အပြင် ကိုယ်သင်းနံ့လည်းမဆိုး။ အတွေ့အထိဖြင့် စလာခဲ့သော ဇာတ်လမ်းသည် ရေကြည်ရောက်လျှင် နှုတ်သွက်သော ထွန်းရီနှင့် မပြီးပြတ်ခဲ့ပေ။ သူမသည်း ဟင်္သာတရှိ ယောက်မထံ သွားမည်ဟုဆိုသည်။ ဘူတာထဲတွင် ရထားအလာကို စောင့်ရင်း ရင်းနှီးကြသည်။ သူမနာမည်က ခင်မေချို။ အပျို မဟုတ် ခင်ပွန်းရှိသည်။ လေးနှစ်အရွယ်သမီးနှင့် နှစ်နှစ်အရွယ်သား ပေါင်းနှစ်ယောက်ရှိသည်။ အိမ်တွင် ကလေး နှစ်ယောက်နှင့် သူခင်ပွန်း ကျန်ခဲ့သည်ဟု ခင်မေချိုက ထွန်းရီကို ပြောပြသည်။

"ရထားကလဲ ဒီနေ့မှ နောက်ကျလိုက်တာ၊ မိုးချုပ်ရင် အခက်"

ဟု ခင်မေချို ညည်းတွားသည်။

"မပူပါနဲ့ဟာ ငါလိုက်ပို့ပေးမှာပေါ့"

ဟုဆိုသော ထွန်းရီ စကားကြောင့် ခင်မေချိုက–

"ကျေးဇူးတင်ပါတယ်ရှင်"

ဟု ရက်ကိုးရက်ကန်းဟန်ဖြင့် ပြန်ပြောသည်။ အမှန်ပင် ရထား နောက်ကျသည်။ ရထား ပထမဆုံး စက်ခေါင်းနောက်တွဲတွင်တက်စီးကြသည်။ ရထားတွင် မီး လုံးဝမရှိ။ ဖယောင်းတိုင်လည်း ပါမလာ။ ခရီးသည် မများလှ၊ ထိုင်ခုံလွတ်များသည်။ ထို့ကြောင့်ပင် ထွန်းရီနှင့် ခင်မေချိုတို့နှစ်ယောက်တွဲထိုင်ခုံတွင် အတူစီးကြရသည်။ ရေကြည်မှ ရထား စထွက်ကတည်းက မှောင်စပြုနေပြီ။ တစ်စတစ်စ အမှောင်က စိုးမိုးလာခဲ့သလို ခင်မေချိုသည်လည်း ထွန်းရီ၏ ရင်ခွင်ဝယ် မှေးစက်လိုက်ပါသည်။ ဟင်္သာတသို့ ရောက်လာသည်။ နှစ်ဦးစလုံး နှလုံးသား ရင်ခုန်မြန်လာကြ၍ ဘူတာအနီးရှိ တည်းခိုခန်း တစ်ခန်းတွင် တည်းခိုမိကြတော့သည်။

ခင်မေချိုသည် ကလေး နှစ်ယောက် အမေ ဖြစ်သော်ငြားလည်း အရွယ်ရှိသည်။ အသက်ငယ်သည်။ ခင်ပွန်းဖြစ်သူနှင့် ဆယ်နှစ်ကျော် ကွာသည်။ ရွယ်တူချင်းကို ပိုနှစ်သက်ပုံရသည်။ သို့သော် နှစ်ဦးစလုံး မှားယွင်းကြသည်ကို သိသော်လည်း ဖောဋ္ဌဗ္ဗာရုံကို ကျော်လွှားနိုင်ခြင်းမရှိကြ။ ကိုယ့်အိမ်ကိုယ်ယာ ပြန်ခဲ့ကြသော်လည်း အဆက်အသွယ် မပြတ်၊ ခဏခဏ ချိန်းတွေ့ကြသည်။

ထိုအကြောင်းကို ခင်မေချို၏ ခင်ပွန်းဖြစ်သူ ကိုမြင့်မောင်သိရှိသွားသည်။ အနေအထိုင်ဆင်ခြင်ရန်ပြောသည်။ သိ



www.burmeseclassic.com

www.burmeseclassic.com

သွားသည့်နောက် ထွန်းရီသည် ခင်မေချိုကို ခိုးပြေး၏။ ကိုမြင့်မောင် စုံစမ်းရတော့သည်။ ခင်မေချိုကို သူမပြတ်နိုင်။ ပြီး ကလေး နှစ်ယောက်လည်း ရှိသေးသည်။ တချို့က မယားခိုးမှုဖြင့် အမှုဖွင့်ရန် အကြံဉာဏ်ပေးကြသည်။ ကိုမြင့်မောင် လက်မခံ။ ရုံးရောက် ဂါတ်ရောက်အဖြစ်မျိုး မလိုလား၊ အကုန်အကျလည်း မခံနိုင်။ ခင်မေချို ပြန်လာလျှင် ပြီးသည်။ သတင်းအတိအကျ ကိုမြင့်မောင် ရသည်။ လေး မျက်နှာ၊ ငါးသိုင်းချောင်း ကားလမ်းဘေးရှိ ရွာတစ်ရွာတွင် ရှိသည်ဆို၍ ရပ်ကွက်လူကြီး ရဲစခန်းမှ ခင်မင်သော ရဲတပ်ကြပ် တစ်ဦးနှင့် အိမ်နီးနားချင်း အမျိုးသမီးကြီး တစ်ဦးတို့ကို အကူအညီယူ လိုက်ရှာဖွေရာ တွေ့ပါသည်။ ခင်မေချိုမှ မလိုက်လိုဟု ငြင်းဆိုသည်။

''ညည်း လင်ကို မပေါင်းချင်တောင်မှ ညည်း ကလေးတွေ မျက်နှာတော့ ကြည့်သင့်တာပေါ့၊ အရွယ်မရောက်ကြသေးဘူးလေ။ ညည်း သားလေးဆို ညညကျရင် မေမေ့ဆီလိုက်ပို့လိုက်ပို့ အော်ငိုနေတာတို့အတိုင်းသား ကြားနေရတယ် သနားစရာ''

အိမ်နီးချင်း အမျိုးသမီးကြီး၏ စကား–

'ငါကတော့ ဥပဒေ စကားပဲပြောမယ်။ နင်တို့ချင်း ဘယ်လောက်ပဲ ကြိုက်နေ ကြိုက်နေ နင့်မှာ ကာမပိုင် ယောကျ်ားနဲ့ ပုဒ်မ ၄၉၇ အရ ထွန်းရီကို တရားစွဲလို့ ရတယ်။ နင် မလိုက်ရင် အမှုဖွင့်မှာပဲ၊ သက်သေခိုင်ခိုင်လုံလုံရှိနေတော့ ထွန်းရီကို ထောင်ဒဏ် ငါးနှစ် ချနိုင်တယ်။ ဒါ မယားခိုးမှု။ ဒီတော့ ထွန်းရီ ထောင်ကျစေချင်ရင် မလိုက်နဲ့၊ နင့်သဘောပဲ''

ဟု ရဲတပ်ကြပ်က ဥပဒေ စကားဖြင့် ပြောသည်။

''ငါ့ အနေနဲ့ကတော့ မြင့်မောင်နဲ့ ပြန်ပေါင်းပါ ခင်မေချို၊ မြေမသေတုတ်မကျိုး လုပ်တာပါ။ ကလေးတွေ မျက်နှာလဲကြည့်ပါ။ မြင့်မောင်က ရဲစခန်းမှာ အမှုမဖွင့်ချင်လို့ ခုလို အေးအေးဆေးဆေး လာပြောနေတာ၊ အမှုဖွင့်ရင် ထွန်းရီကို ဖမ်းရုံပဲ၊ တရားရုံးမှာ ရင်ဆိုင်ကြရမှာ။ လူကြားထဲမှာ တရားသူကြီးက မေးရင် နင်ဘယ်လို ဖြေမလဲ ခင်မေချို၊ ရှက်ဖို့ကောင်းပါတယ်ဟာ၊ ဒီတော့ နာရီဝက်အချိန်ပေးမယ်။ စဉ်း စားပြီး အဖြေပေး။ မလိုက်ရင် လဲရတယ်။ တို့က တရားဥပဒေ အရ လုပ်မှာပဲ''

ဟု ရပ်ကွက်လူကြီးက ပြောသည်။ ခင်မေချို ငိုင်ဆင်း သွား၏။

ထွန်းရီကမူ အပြစ်ရှိသူ ပီပီ တစ်ခွန်းမျှ မပြော။

နောက်ဆုံး ခင်မေချို ကိုမြင့်မောင်နောက်ပြန်ပါသွား၏ ထွန်းရီ မပြောသာပါ။ ရှေ့တ လျှင် ဥပဒေစက်ကွင်းမှ သူ လွတ်နိုင်ဆိုသည်ကို သိသည်။ ထိုသို့ သိသည်ထက် . . .

''ကိုထွန်းကို ချစ် တယ်''

ဟုပြောသွားသော ခင် မေချို၏ နှလုံးသားမျက်လုံး တွေရှိနားလည်လိုက်ခြင်းပါ။ ခင် မေချို မှုမပျက်၊ သူ့မဘက် နောင်တရဟန် သားနှင့်သမီး ထွေးပိုက် ယုယ၏။ ကိုမြင့်မော ကိုလည်း မယားဝတ္တရား မပျ ခဲ့။ ထိုသို့ တစ်လကိုးသီတင် ကြာ ဟန်မပျက်နေလာသ ကိုမြင့်မောင် စိတ်ချသွား အရာရာ မပြောတော့၊ ပြ ထွက်ခွင့်ရလာ၏၊ ထွန်းရီနှ

www.burmeseclassic.com



အဆက်အသွယ် ပြန်ရလာ၏။ နိုးကြောင်ခိုးဝှက် တွေ့ရသည်။ ကိုမြင့်မောင် သိသွားမှာစိုးသည်။ ခက်သည်က ထွန်းရီ ကိုမြင့်မောင် ခင်မေချိုတို့ သုံးဦး၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းဖြစ်သည်။ ခင်မေချိုကို ကိုမြင့်မောင်လည်း ချစ်သည်။ ထွန်းရီလည်း ချစ်သည်၊ ခင်မေချို အနေနှင့် ကိုမြင့်မောင်ထက် ထွန်းရီကို ပိုချစ်သည်။ စွဲလမ်းသည်။ သို့သော်လည်း ခင်မေချိုအတွက် ကိုမြင့်မောင်သည် တရားဝင်ခင်ပွန်း၊ ကာမပိုင် ယောကျ်ား ယှဉ်လျှင် ကိုမြင့်မောင်ဘက်မှ တရားဥပဒေအရ အစစအရာရာ သာသည်။ နှလုံးသားရေးရာနှင့် ယှဉ်လျှင် ထွန်းရီကသာသည်။ တရားဥပဒေကမူ ဥပဒေဘက်မှ သာသည်။ မည်သူမျှ လွန်ဆန်နိုင်စွမ်းမရှိ။

ခင်မေချိုသည် ထွန်းရီနှင့် ချိန်းတွေ့နေရသည်ကို အားရ၊ မကျေနပ် အတူတူနေချင်သည်။ ထိုဆန္ဒကြောင့် ကိုမြင့်မောင်ထံ ပြန်ရောက်လာခဲ့ပြီး နှစ်လကျော်ကျော်တွင် ထွန်းရီရှိရာသို့ ခင်မေချို အပြီးအပိုင် လိုက်လာ၏။ ဒုတိယ အကြိမ်မြောက် ထွန်းရီနှင့် ပြန်ပေါင်းခြင်းဖြစ်သည်။ ထွန်းရီအနေဖြင့်လည်းစွဲလမ်းနေသော ခင်မေချို ယခုကဲ့သို့ သူထံတွက်လာခြင်းကို ကျေနပ်နေသည်။ တရားဥပဒေဆိုသည်ကို မသိမဟုတ်၊ ထွန်းရီသိ၏။ စွဲလန်းတပ်မက်စိတ်ကို ဥပဒေက မတွန်းလှန်နိုင် ဖွတ်ထိုးခဲ့ကြသည်။ ဝေးရာဒေသသို့ ပြေးခဲ့ကြ၏။ ပြေးခဲ့ရာတွင်လည်း သူတို့တွင် လုံလောက်သော ငွေကြေးမရှိ၊ ကျရာ၊ ကြုံရာ ကျပန်းအလုပ် လုပ်၍ ဘဝတစ်ခုကို ထူထောင်မည်ဟူ တဏှာပေမ၏ ကျေးကျွန် ပီပီဆုံးဖြတ်၍ အမှောင်တွင်း တိုးဝင်ခဲ့ကြ၏။

မကောင်းမှု ဟူသည် ဆိတ်ကွယ်ရာမရှိ။

ဆိတ်ကွယ်ရာသို့ ပြေးထွက်သွားသူ ခင်မေချိုကို စိတ်ဆိုးဒေါသထွက်သည်။ စွန့်လွှတ်လိုက်ချင်သည်။ မဖြစ်နိုင်၊ သမီးနှင့် သားတို့အတွက် မိခင်လိုသည်။ နောက်အိမ်ထောင်ကို ပြုချင်စိတ်မရှိ၊ ပတ်ဝန်းကျင်၏ အမျိုးမျိုးသော စကားတို့ကိုလည်း မကြားချင်။ သူသိသည်မှာ ခင်မေချိုကို မစွန့်လွှတ်နိုင်ပါ။ ချစ်မြတ်နိုးခြင်းနှင့်ယှဉ်သည့် ဇနီးဟူသော အသိသာရှိ၏။

"နောက် အိမ်ထောင် ပြုပေါ့"

"ပြန်ခေါ်ပေါ့ကွာ"

ဆိုသော နှစ်ချက်လွှန်ဆွဲခဲ့ရာမှ ပြန်ခေါ်ရန် ဘက်မှ အလေးသာ၍ ကိုမြင့်မောင် စုံစမ်းခဲ့ရပါသည်။ ရုတ်တရက် စုံစမ်းမရ၊ သို့သော် ဆိတ်ကွယ်ရာမရှိ။ မည်သည့် နေရာ၊ ဒေသတွင် ဘာလုပ်စား နေကြသည်ကို အတိအကျ သတင်းပေးသူရှိလာ၏။ ကိုမြင့်မောင်သည် ရပ်ကွက် လူကြီးနှင့် တိုင်ပင်၏။ နောက်ဆုံး ရဲစခန်းတွင် အမှုဖွင့်လိုက်ပါသည်။

ထွန်းရီ အဖမ်းခံလိုက်ရပါသည်။

တရားရုံးတွင် တရားစွဲဆိုသဖြင့် ထွန်းရီ အနေဖြင့် အချုပ်ခံနေရ၍ ရှေ့နေရှေ့ရပ် ငှားရန် မလွယ်ကူခဲ့သော်လည်း ထွန်းရီ အသိုင်းအဝိုင်းက မနေ၊ ထွန်းရီအစ်ကိုယ်ဖြစ်သူ ထွန်းနီမှ ထွန်းရီကို လာတွေ့၍ ရှေ့နေငှားခဲ့သည်။ အကြီးဆုံး ထွန်းစီ သို့မဟုတ် ဆရာတော်က လိုအပ်သမျှ ညီငယ်အတွက် ပံ့ပိုးအကူအညီ ပေးခဲ့သည်။

ယခုအမှုတွင် ခင်မေချိုအား ထွန်းရီ ခိုးခဲ့သည် မဟုတ်၊

www.burmeseclassic.com



ခင်မေချိုက ထွန်းရီဆီသို့ လာရောက် ပေါင်းသင်းခြင်းဖြစ်သည်။ နဂိုကပင် ငြိစွန်းပေါင်းသင်းလာခဲ့သူဖြစ်၍ ထွန်းရီအနေဖြင့် သဘောတူ လက်ခံပေါင်းသင်းခဲ့၏။ ချဉ်သီးနှင့်ဆားလား၊ ကြောင်ခံတွင်းပျက်နှင့် ဖရက်တောင်ပံကျိုးလား၊ မည်သို့ပင်ဖြစ်စေ နှစ်ဖက်ဆန္ဒတူညီနေကြ ၍ မှားမှန်းသိလျက်ပေါင်းသင်းခဲ့ကြသည်။ ခင်မေချိုတွင် တရားဝင် ကာမပိုင် လင့်ယောကျ်ားရှိသည်ကို ထွန်းရီမသိမဟုတ်။ သိလျက်နှင့် ဖောဋ္ဌဗ္ဗာအာရုံ၏ ကျေးကျွန်ဖြစ်ခဲ့ရသည်။

ထွန်းရီဘက်က လွတ်မြောက်ရေး နည်းအမျိုးမျိုးဖြင့် ကြိုးစားကြသည်။ ငွေဘယ်လောက်ကုန်ကုန်ဟု လေသံပစ်၏။ တရားဥပဒေကို ငွေပေးဝယ်၍မရ၊ ဆွေမျိုးမရှိ။ ဒါမျိုးလုပ်မရနိုင်ပါ။ သို့သော် ထွန်းရီ အာမခံတော့ ရသွားသည်။ ရသည်ကလည်း ရသင့်ရထိုက်၍ ရခြင်းသာဖြစ်သည်။ ဤသို့ အာမခံ ရသွားခြင်းသည်ပင်လျှင် ဇာတ်လမ်းက ပိုရှုပ်သလို ပိုရှင်းသွားပေသည်။

ပိုရှုပ်ရသည့် အဖြစ်မှာ ထွန်းရီကို အာမခံ ပေးထားသဖြင့် ရုံးချိန်းရက်မှသာ တရားရုံးလာရ ကျန်ရက်များတွင် မိဘအိမ်ပြန်နေသလို၊ အစ်ကို ဘုန်းကြီး ကျောင်းတွင်လည်း လာနေတတ်သည်။ ခင်မေချိုကို စွဲလမ်းသော ထွန်းရီနှင့် ထွန်းရီကို စွဲလမ်းသော ခင်မေချိုတို့ တိတ်တဆိတ် ပြန်ဆက်သွယ်မိပြန်သည်။ ထိုအကြောင်းကို ခင်မေချို၏ ခင်ပွန်းမသိ။ မသိအောင်လည်း ပိပိရိရိ နေထိုင်ချိန်းတွေ့ကြသည်။ တဏှာ၏ ကျေးကျွန်ခင်မေချိုသည် ပြင်းပြသော ဆန္ဒလွန်ကဲမှု၏ နောက်ကွယ်တွင် ထွန်းရီနှင့် တတိယအကြိမ်မြောက် ထွန်းရီနောက်သို့ လိုက်ပါသွားချေပြီ။ ထွန်းရီနှင့် လိုက်သွားကြောင်း သိရှိကြသော်လည်း၊ ဘယ်အရပ်၊ ဘယ်ဒေသ ဆိုသည်ကို စုံစမ်းမရ၊ သူတို့လည်းမဆက်သွယ်ခဲ့။

ပိုရှင်းသွားသည်မှာ ကိုမြင့်မောင် လက်လျှော့လိုက်ခြင်းပင်ဖြစ်သည်။ ထိန်းမရတော့သော မိန်းမဖြစ်သူကို စွန့်လွှတ်ရန်မှတစ်ပါးရွေးစရာလမ်းမရှိတော့ပေ။ တစ်ကြိမ်မဟုတ်သုံးကြိမ်ရှိသွားပေပြီ။ တရားရုံးတွင် အမှုဆက်ရန်လည်း
တရားခံ ဘယ်ပြေးမှန်း မသ
သည့်အပြင် မိန်းမထပ်ပါသွ
ချေသည်။ မိမိကို မချစ်မ
သက်တော့၍ နှစ်သက်သူကို
သွားသည်ကို ခွင့်လွှတ်လိုက်
ထို့ထက်ပို၍ အခွင့်အရေ
လာသည်က ထွန်းရီ၏ အစ်
များက အမှုမဆက်ရန်
အေးရန် ခင်မေချို အနေ
ထွန်းရီအား တကယ်ပင်စုံမ
ချစ်ခင်ကြောင်း သက်သေ
သွားသည့်အတွက် လျော်ကြေ
ယူပါရန် ငွေတစ်သိန်းခွဲ ပေး
ဖြင့် ထိုငွေ အတိုင်းအတာ
တစ်ကြိမ်တစ်ခါမျှ မကိုင်
သော ကိုမြင့်မောင်သည် လ
လျော့ လက်ခံလိုက်သည်။

တားမရ ဆီးမရသေ
ထွန်းရီနှင့် ခင်မေချိုအတွ
ကိုမြင့်မောင်မှ ခွင့်လွှတ်ခြင်း
စွန့်လွှတ်လိုက်သကဲ့သို့ ထွ
၏ အစ်ကိုများမှလည်း မစုံ
မမေးမြန်းဘဲ ကြည့်လိုက်ကြ
ပြီတည်း။

မှတ်ချက်။ ။ အမည်မျ
လွှဲပြောင်း ထားပါသည်။

ဟသ်ာတ–မောင်မျိုးသ



www.burmeseclassic.com

www.burmeseclassic.com



# နှစ်ပါးဂရုဟောဆက်ဖို့

အောင်မင်း (ယက္ကန်းမြေ)



www.burmeseclassic.com

www.burmeseclassic.com



(၁)

''အား''

တိတ်ဆိတ်၍ အမှောင်ထု ဖုံးလွှမ်းနေသည့် နွေအလယ်၏ ညဉ့်သန်းခေါင်ယံတွင် ထွက်ပေါ်လာသည့် အော်သံတစ်ခု။ အုန်းပင်စုရွာ၏ ငြိမ်သက်စွာ အိပ်မောကျနေမှုကို ဖြိုခွင်းလိုက်ဘိသကဲ့သို့။ အော်သံက ချောက်ချားဖွယ်ရာအတိ။ ထွက်ပေါ်လာသည့် နေရာက အုန်းပင်စုရွာဖျား၌ ဦးမျိုးဝင်း၏နေအိမ်ရှေ့ ကွပ်ပျစ်ဆီမှ ဖြစ်သည်။ အော်သံကြောင့် ဦးမျိုးဝင်းတို့ လင်မယားနှစ်ယောက် ချက်ချင်းနိုးလာပြီး ဓာတ်မီးတစ်လက်ကို ကိုင်၍ အိမ်ပေါ်မှဆင်းလာကြသည်။ အိမ်ရှေ့ကွပ်ပျစ်တွင် သားဖြစ်သူ ထွန်းညို အိပ်နေကျနေရာဖြစ်၍ စိုးရိမ်တကြီး ဆင်းလာကြခြင်းဖြစ်သည်။ ဦးမျိုးဝင်းတို့ လင်မယား ကွပ်ပျစ်နားရောက်တော့ ထွန်းညိုမှာ လူးလိမ့်နေသည်။

''သား ထွန်းညို ဘာဖြစ်တာလဲ အမေ့ကိုပြောစမ်း''

ထွန်းညို၏ မိခင် ဒေါ်လှမေက စိုးရိမ်စွာ မေးသည်။ ထွန်းညို၏ နှုတ်မှ အသံထွက်လာသော်လည်း စကားလုံးများမှာ ဘာမှမသဲကွဲတော့။ ဦးခေါင်းကိုသာ လက်ဖြင့်ထိုးပြရင်း လိမ့်နေတော့သည်။

''ကိုမျိုးဝင်း လုပ်ပါဦး။ ကျွန်မသားလေး ဘာဖြစ်လဲ မသိဘူး။ စကားတွေလဲမပီတော့ဘူး။ ခေါင်းကိုဘာကောင်ကိုက်သွားလဲ မသိဘူး။ ခေါင်းကိုပဲ ထိုးထိုးပြနေတယ်''

''အေးပါ ငါလဲ လိုက်ရှာကြည့်နေတာပဲ''

ဦးမျိုးသူမှာ ထွန်းညို လူးလိမ့်နေသည်ကြားမှ ဦးခေါင်းတွင် ဒဏ်ရာရှိ/မရှိကို လိုက်ရှာကြည့်သည်။ ထွန်းညိုမှာ ယနေ့ ခေတ်လူငယ် တချို့ကဲ့သို့ ဆံပင်ရှည်နှင့်ဖြစ်သည့်အပြင် လူးလိမ့်နေ၍ ဦးခေါင်းကမငြိမ်။ ဒါ့ =အပြင် လက်တစ်ဖက်က ဓာတ်မီးထိုးပြီး အခြားလက်တစ်ဖက် ဖြင့် စမ်းရှာရသဖြင့် စေ့စေ့စပ်စပ် မကြည့်နိုင်။ သို့သော် လတ်တလော တွေ့ရသလောက်တော့ ဒဏ်ရာဒဏ်ချက် အပြင်သွေးစသွေးန မတွေ့ရ။

''ဒီအတိုင်းဆို မဖြစ်ဘူး။ ဆေးရုံပို့မှဖြစ်မယ် လှမေ''

''လုပ်ပါတော် မြန်မြန်ဟဲ့ လာကြပါဦး သိန်းမောင်တို့ ရွှေမြတို့ရေ''

ထွန်းညို၏ မိခင် ဒေါ်လှမေက အိမ်နီးနားချင်းများကို ဟစ်အော်အကူအညီ တောင်း... သဖြင့် အိမ်နီးနားချင်းများ... ရောက်လာကြသည်။ ထို့နောက်... ထွန်းညိုကို အင်းပေါက်ရွာဆေး... ရုံသို့ အမြန်ပို့သည်။ စက်ဘ... ပေါ်မှာတင် ထွန်းညိုမှာ သ... မရတော့။ အင်းပေါက်ဆေးရုံ... ရောက်တော့ နံနက်(၃)နာရီ ထိုး... နေလေပြီ။

ရဲစခန်းကင်းရုံး အ... တွင်းမှ နံနက် (၄)နာရီ မောင်း... ခေါက်သံကြားပြီး ခဏအကြာ... တွင် တာဝန်ကျရဲတပ်သားက... စခန်းမှူးရဲအုပ် စောနောင်အား... လာနှိုးသည်။

''ဗိုလ်ကြီး – ဗိုလ်ကြီး... ကျွန်တော်တပ်သား စိုးထိုက်ပါ...''

''ဟေ --- ဘာဖြစ်လို့... လဲ တပည့်''

''တိုက်နယ်ဆရာဝန်... ကြီးက ဗိုလ်ကြီးကိုဆေးရုံအမြန်... လာခဲ့ဖို့ ဖုန်းဆက်အကြောင်း... ကြားလို့ သတင်းလာပို့တာပါ...''

''အေး ... အေး ...''

ရဲအုပ် စောနောင် အိ... ရာမှ ကပျာကယာထပြီး ... ထိန်းတပ်ကြပ် သန်းဦးကို ခေ... ၍ ဆိုင်ကယ်ဖြင့် ဆေးရုံ...



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ထွက်လာခဲ့သည်။

ဆေးရုံ ရောက်တော့ ပြင်ပလူနာဌာနတွင် တိုက်နယ်ဆရာဝန် ဒေါက်တာ မင်းသူနှင့်တွေ့သည်။ တွေ့တွေ့ချင်း ဒေါက်တာမင်းသူက –

"လာ စခန်းမှူးကြီး။ အရေးတကြီး ကိစ္စရှိလို့ အကြောင်းကြားလိုက်တာ"

"ဘာကိစ္စ အရေးပေါ်လို့လဲ ဒေါက်တာ"

"ဒီလိုဗျ လွန်ခဲ့တဲ့ (၁) နာရီလောက်ကပဲ အုန်းပင်စုရွာက လူနာတစ်ယောက်ဆေးရုံလာတက်တယ်။ ရောက်လာတော့ လူနာက သတိမရတော့ဘူး။ လူနာရှင်တွေကို မေးကြည့်တော့ အိမ်ရှေ့ကွပ်ပျစ်မှာ အိပ်နေရင်းနဲ့ အော်သံတစ်ချက်ကြားလို့ အိမ်ပေါ်ကဆင်းအကြည့်မှာ ခေါင်းကိုသာ လက်နဲ့ထိုးပြရင်း သွားလို့မှိန်နေတယ်။ မေးတာလဲ မဖြေနိုင်ဘူးလို့ ပြောတယ်။ဒါကြောင့် အဆိပ်ရှိတဲ့ အကောင်တစ်ကောင် ကိုက်လိုက်တယ် ဆင်ပြီး ဆေးရုံလာတက်တာပဲ"

"ဒါကို ဘယ်လိုဖြစ်လဲ ဒေါက်တာ"

"ဆေးရုံ ရောက်လို့ ကျုပ်တို့ စစ်ဆေးကြည့်လိုက်တော့ လူနာဟာ ဘာအကောင်မှ အကိုက်မခံရဘူးဗျ။ လူနာရဲ့ ဦးခေါင်းထဲမှာ အိမ်ရိုက်သံတစ်ချောင်းရိုက်သွင်းခံထားရတာ"

"ဗျာ"

စခန်းမှူး ရဲအုပ်စောနောင် အံ့ဩသွားရသည်။ ဒီလိုအဖြစ်အပျက်မျိုး ကြားဖူးပေမယ့် မကြုံဖူးခဲ့။ အခုတော့ လက်တွေ့ ကြုံရပြီ။ ပိရိစွာဖြင့် လူတစ်ယောက်ကို သတ်ရန် ကြိုးစားခဲ့မှုပင်ဖြစ်သည်။ ဦးခေါင်းအတွင်း သံတစ်ချောင်း ရိုက်သွင်းလိုက်လျှင် ဘာဒဏ်ရာဒဏ်ချက်မှ မပေါ်ဘဲ ချက်ချင်းသေသွားနိုင်သည်။ ခံရသူက ဆံပင်ရှည်နေတော့ လက်သည်းခွံ လောက်သာရှိသည့် သံ၏ အနားပွင့်ကို လွယ်လွယ်ဖြင့် ရှာလို့ မတွေ့နိုင်။ အခု လူနာရှင်တွေတောင် အဆိပ်ရှိသည့် အကောင် တစ်ကောင်ကိုက်သည်ဟု ထင်ထားကြသည်။ ဆေးရုံကိုတင်ပို့ပြီး ကုသမှုခံယူဖို့လာခဲ့ပေလို့သာတော်တော့သည်။ နို့မဟုတ်ပါက လူနာသေဆုံး၍ မစူးစမ်း မဆင်ခြင်ဘဲ ဘာသိဘာသာ မြေမြှုပ်လိုက်ပါက လူသတ်မှုမှန်း မည်သူမျှသိလိုက်ကြမည် မဟုတ်ပေ။

"ဒေါက်တာ အခု လူနာ အခြေအနေကရော"

"သတိ မရတော့ဘူး။ ဦးခေါင်းထဲကို သံတစ်ချောင်းရိုက်သွင်းထားမှတော့ မျှော်လင့်ချက် မရှိတော့ဘူးပေါ့ဗျာ။ အခု စခန်းမှူးတို့ဘက်က လုပ်သင့်တာ လုပ်နိုင်အောင် အကြောင်းကြားတာပါ"

"ကျေးဇူးပါ ဒေါက်တာ"

ရဲအုပ် စောနောင် တစ်ယောက် ဆရာဝန်နှင့်အတူ လူနာကို လိုက်ကြည့်သည်။ လူနာ၏ ဦးခေါင်းအတွင်းမှ သံကို နုတ်သည်။ သံနုတ်လိုက်မှ သွေးက ဒလဟော ကျလာသည်။ သူနာပြုဆရာမလေးက လူနာ၏ ဦးခေါင်းကို ပတ်တီး စည်းပေးသည်။ သံကိုတော့ ရဲအုပ် စောနောင်က သက်သေခံပစ္စည်းအဖြစ် သိမ်းလိုက်သည်။ ဆက်လက် လုပ်ဆောင်ရန် လုပ်ငန်းများရှိနေသေး၍ စစ်မေးသင့်သူများကို အနည်းငယ် စစ်မေးပြီးနောက် လူနာ အခန်းအတွင်းမှ အမြန် ပြန်ထွက်လာခဲ့ပေမယ့် အခန်းအတွင်းမှ လူနာမိခင် ဒေါ်လုမေ၏ ရှိုက်သံတစ်ချက်ကတော့ စခန်းမှူး ရဲအုပ်



www.burmeseclassic.com

www.burmeseclassic.com



စောနောင်၏ နားအတွင်းသို့ ဝင်ဖြစ်အောင် ဝင်လာလိုက်သေးသည်။

* * * * *

(၂)

နံနက်ခင်း ရောင်ခြည်နုလေး ယှက်သန်းလာမှုနှင့် အတူ စခန်းမှူးရဲအုပ် စောနောင်တို့အဖွဲ့ အုန်းပင်စုရွာသို့ ရောက်ကြသည်။ ဆေးရုံမှ ရဲစခန်းသို့ ပြန်ရောက်ရောက်ချင်း နယ်ထိန်းတပ်ဖွဲ့ဝင်များ နှင့်အတူ ဆိုင်ကယ် (၃) စီးဖြင့် ချက်ချင်း ထွက်လာကြခြင်းဖြစ်သည်။ ရဲအုပ် စောနောင်တို့အဖွဲ့ အုန်းပင်စုရွာသို့ ရောက်ချိန်တွင် ဆေးရုံမှ လူနာသတင်းရောက်မလာသေး၍ ဘာမျှမသိကြသေး။ ကျေးရွာ အုပ်ချုပ်ရေးမှူးကို ခေါ်၍ အခင်းဖြစ်ပွားသည့် ဦးမျိုးဝင်း နေအိမ်သို့ ထွက်လာခဲ့သည်။ ဦးမျိုးဝင်းနှင့် ဇနီး မလှမေတို့တွင် သားတစ်ယောက်၊ သမီးတစ်ယောက်ရှိသည်။ သားဖြစ်သူ ထွန်းညိုမှာ ရွာလယ်ပိုင်းမှ ထွေးကြည်ဆိုသည့် မိန်းကလေးတစ်ယောက်နှင့် စေ့စပ်ထားသူဖြစ်သည်။ ယခုထွန်းညို ဆေးရုံတက်ရာတွင် လင်မယားနှစ်ယောက်စလုံး လိုက်သွား၍ သမီးဖြစ်သူ နှင်းမြတစ်ယောက်သာ အိမ်တွင် ကျန်နေခဲ့သည်။

စခန်းမှူး ရဲအုပ် စောနောင်တို့အဖွဲ့ ရောက်သွားတော့ နှင်းမြမှာ နားမလည်နိုင်စွာ ကြည့်ရင်း ခရီးဦးကြိုသည်။

"ဦး . . . ဦး တို့ ဘာကိစ္စရှိလို့ပါလဲရှင်"

"နှင်းမြ ဆေးရုံလိုက်သွားတဲ့သူတွေ တစ်ယောက်မှ ပြန်မလာသေးဘူးလား"

ကျေးရွာအုပ်ချုပ်ရေးမှူးက မေးလိုက်သည်။

"မရောက်သေးဘူး ဦး . . . ကိုထွန်းညို ဘာဖြစ်လို့လဲ ဟင်"

"ဒီလိုကွ ဦးက အင်းပေါက် ရဲစခန်းမှူးပါ၊ မနေ့ညက ငါတို့မရဲ့အစ်ကို ထွန်းညို ဆေးရုံတက် ကုသခံရတဲ့ ဖြစ်စဉ်နဲ့ ပက်သက်ပြီး မသင်္ကာစရာတွေ အများကြီးရှိလို့ စစ်ဆေးဖို့ လာခဲ့ရတာ"

"ရှင်"

စခန်းမှူး ရဲအုပ် စောနောင်ဝင်ပြောလိုက်သည့်စကားကြောင့် နှင်းမြတစ်ယောက် အံ့အားသင့်သွားသည်။ ပြီးနောက်

"ဟုတ် . . . ဟုတ်ကဲ့ရှင့် သမီးဘာလုပ်ပေးရမလဲဦး"

"ဘာမှတော့ မလိုပ်
ဘူး၊ ညက ထွန်းညိုအိပ်တဲ့ နေ
ရာကို လာပြပေးပါ"

"ဟို ဟိုနေရာပါဦး"

ထွန်းညို၏ ညီမဖြစ်သူ
နှင်းမြက အစ်ကိုဖြစ်သူနှင့် ပတ်
သက်၍ ကြားရသည့်သတင်း
စကားကြောင့် စိတ်လှုပ်ရှားနေ
ရင်း အိမ်ရှေ့ကွပ်ပျစ်ကို ထိုး
သည်။

ထွန်းညို အိပ်လေ့ရှိ
သည့်ကွပ်ပျစ်က လူနှစ်ယောက်
ကျယ်ကျယ်လွင့်လွင့် အိပ်လို့
နိုင်သည်။ ကွပ်ပျစ်ပေါ်တွင် ဝါး
နီးကြော ဖျာတစ်ချပ် ခင်းထား
သည်။ ကြိမ်ဖြင့် ပြုလုပ်ထား
သည့် ခေါင်းအုံးလေးတစ်ခု
တွေ့ရသည်။

"သူက ဒီကွပ်ပျစ်ပေါ်
မှာပဲ အမြဲတမ်း အိပ်သလား"

စခန်းမှူး ရဲအုပ် စော
နောင်က မေးလိုက်သည်။

"အခုလို နွေရာသီမှာ
တော့ ဒီနေရာမှာပဲ အိပ်တာများ
ပါတယ်၊ အစ်ကို ထွန်းညို
တစ်ခါတစ်ရံ သောက်တ
တော့ သူ့ သူငယ်ချင်းတွေ
သောက်စားပြီး ပြန်လာရင်
နေရာမှာပဲ ကြိုးသလို ဝင်အိပ်
တယ်"

www.burmeseclassic.com



"ဟော ကိုမျိုးဝင်း ပြန်လာတယ်"

အုပ်ချုပ်ရေးမှူး စကားသံကြောင့် စခန်းမှူး အမေးကို ဖြေနေသည့် နှင်းမြသည် ခင်ဖြစ်သူထံ စိုးရိမ်တကြီး ထသွား၏။

"ဖေဖေ ကိုထွန်းညို ဘယ်လိုနေလဲဟင်"

ဦးမျိုးဝင်းက သမီးဖြစ်သူ၏ အမေးကို မဖြေသေးဘဲ ဆိတ်ဆိတ်နေရန် လက်ကာပြခြင်း စခန်းမှူးထံ လျှောက်လာသည်။

"ကျွန်တော် ဘာအကူအညီပေးရမလဲ စခန်းမှူးကြီး"

သားဖြစ်သူ အတွက် ခင်ထဲမှာ ဆို့နင့်နေသော ခံစားချက်ဝေဒနာကို မျိုသိပ်ရင်း ဦးမျိုးဝင်း မေးလိုက်သည်။ ထိုစဉ် စခန်းမှူးရဲအုပ် စောနောင်သည် ကွပ်ပျစ်၏ ခေါင်းရင်းဘက် မြေပြင်တွင် တစ်စုံတစ်ခုကို တွေ့လိုက်ရ၍ ဦးမျိုးဝင်းထံသို့ ကပ်သွားပြီး ခပ်တိုးတိုး မေးလိုက်သည်။ ဦးမျိုးဝင်းက ထိုအရာကို စူးစိုက်ကြည့်ပြီး စခန်းမှူးကို ခေါင်းခါပြသည်။

စခန်းမှူး ရဲအုပ် စောနောင်သည် အခင်းဖြစ်ပွားသည့်နေရာကို မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခြင်း၊ မြေပုံကြမ်းရေးဆွဲခြင်းနှင့် ထွန်းညို အိပ်ခဲ့သည့် ကွပ်ပျစ်၏ ခေါင်းရင်းဘက်မြေပြင်တွင်တွေ့ခဲ့သည့် ပစ္စည်းကိုတော့ သက်သေခံပစ္စည်းအဖြစ် သိမ်းသည်။ ပြီးနောက် အပိုင်နယ်ထိန်းတပ်ကြပ်ကြီးထွန်းလှိုင်အား စုံစမ်းထောက်လှမ်းရမည့် လုပ်ငန်းများ ညွှန်ကြားခဲ့ပြီး ရဲစခန်းသို့ ပြန်ထွက်လာခဲ့သည်။

*****

(၃)

အုန်းပင်စုရွာ။

မြို့ပြ တိုက်နယ်နှင့် အနည်းငယ်အလှမ်းဝေးသော်လည်း အိမ်ခြေ (၃၀၀)ခန့်ရှိသည်။ စီးပွားရေး ဖွံ့ဖြိုးသော ရွာတစ်ရွာဖြစ်သည်။ လယ်လုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ လယ်ပိုင်ရှင်နှင့် လက်လုပ်လက်စားများ အချိုးကျစွာ နေထိုင်ကြသဖြင့် လက်လုပ်လက်စားများ အတွက် လုပ်ငန်း မရှားပေ။ ကျေးရွာအတွင်း၌လည်းရန်ကုန်မြို့မှ တိုက်ရိုက်ဝယ်ယူရောင်းချသည့် ကုန်စုံဆိုင်ကြီး နှစ်ဆိုင်ရှိသည်။ လက်လုပ်လက်စားများအဖို့ လက်ထဲတွင် ငွေမရှိသော်လည်း လိုအပ်ပါက ၎င်းဆိုင်ကြီးများမှ အကြွေးယူတတ်ကြသည်။ လယ်ရှင်ထံမှ လုပ်အားခငွေရပါက ပြန်ပေးဆပ်လေ့ရှိသည်။ တစ်ခါတစ်ရံ ကြွေးဟောင်းပေးပြီး အသစ်ပြန်ယူကြသည်။ ဆိုင်ရှင်များမှာလည်း ရွာသူရွာသားအတွင်းသိများ ဖြစ်၍ ယုံကြည်စွာ အကြွေးရောင်းပေးလေ့ရှိသည်။

နယ်ထိန်းတပ်ကြပ် ကြီးထွန်းလှိုင်မှာ အုန်းပင်စုရွာ နှင့် ကပ်လျက်တွင်ရှိသည့် ကံဆိပ်ရွာသားဖြစ်သည်။ အုန်းပင်စုရွာတွင်လည်း ဆွေမျိုးမကင်းသူများ ရှိသည့်အပြင် သာရေးနာရေးမှအစ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလေ့ရှိသဖြင့် အုန်းပင်စုရွာသားကဲ့သို့ ဖြစ်နေပေပြီ။ ယခုလည်း စခန်းမှူး စုံစမ်းထောက်လှမ်းခိုင်းသမျှကို ဆောင်ရွက်ပြီး ဗိုက်ဆာဆာရှိသဖြင့် ရွာတောင်ပိုင်းရှိ ကိုတွတ်နီ၏ ကုန်စုံဆိုင်ထဲသို့ ဝင်လာခဲ့သည်။

"ကိုကြီးတွတ် ဗိုက်ဆာလာလို့ ဘာစားစရာရှိဦးမလဲ"

"အိမ်မှာ ဝက်သားချက်တယ် ဆရာထွန်း၊ ထမင်းစားသွားလေ"

www.burmeseclassic.com



ဆိုင်ရှင် ကိုတွတ်နီက ဈေးရောင်းနေရင်း တပ်ကြပ် ကြီး ထွန်းလှိုင်ကို လှမ်းပြော သည်။

"ဟာ ... ဒါဆိုရင် အတော်ပဲ စားသွားမယ်"

တပ်ကြပ်ကြီး ထွန်းလှိုင်မှာ ကိုတွတ်နီတို့နှင့်မိသားစု ကဲ့သို့ ဖြစ်နေသဖြင့် မီးဖိုဆောင်သို့ ဝင်သွားပြီး ထမင်းဟင်းများကို စတီးဇလုံတစ်ခုအတွင်းသို့ ထည့်ပုံ ယူလာကာ ဈေးဆိုင်ဘေးရှိ စားပွဲပေါ်တွင် ထိုင်စားနေစဉ်–

"မောင်တွတ်နီ ဖိနပ် တစ်ရန်လောက် လိုချင်လို့ ကွယ့်"

ဈေးဝယ်လာသည့် အသံကြောင့် နယ်ထိန်းတပ်ကြပ်ကြီး ထွန်းလှိုင်က အသံလာရာဘက်သို့ ကြည့်လိုက်တော့ ရွာလယ်ပိုင်းက ဦးမြရွှေ၏ လယ်သူရင်းငှား ဖိုးကြွက်၏ အမေ ဒေါ်ခင်တုတ်။

"ဘယ်သူ့အတွက်လဲ ဒေါ်ခင်တုတ်"

ဆိုင်ရှင် ကိုတွတ်နီက မေးလိုက်သည်။

"အိမ်က ဖိုးကြွက် အတွက်လေ၊ ရှိတဲ့မြင်းကြယ် ဖိနပ်ကို ညက မြအောင်တို့ အရက်ဆိုင်မှာ မေ့ခဲ့လို့တဲ့၊ ခု မနက်သွားရှာတာလဲ မတွေ့ခဲ့ဘူး၊ ဒီကောင်လေး ခဏခဏ ဖိနပ်ပျောက်တတ်လို့ မှတ်မိအောင် ဖိနပ် ဦးထိပ်ကို သံနဲ့ သုံးချက်ဖောက်ထားပေးလဲ မရပါဘူးကွယ်"

"ယူသွား ဒေါ်ခင်တုတ် အဲဒီမှာ မြင်းကြယ်ဖိနပ်တွေ"

ဖိနပ်လာဝယ်သူ ဒေါ်ခင်တုတ်က ကိုတွတ်နီ ပြသော ဖိနပ်များကို ရွေးချယ်နေစဉ် နယ်ထိန်းတပ်ကြပ်ကြီးထွန်းလှိုင် တစ်ယောက် ရွာဖျားပိုင်းရှိ မြအောင် အရက်ဆိုင်ဘက်သို့ အပြန်ထွက်လာခဲ့သည်။

"ညက ဖိုးကြွက် ဖိနပ် မကျန်ခဲ့ဘူး ဆရာထွန်း၊ ကျုပ် ကောင်းကောင်းသိတယ်"

"ခင်ဗျားက ဘယ်လို သိတာလဲ ကိုမြအောင်"

"ညက ဖိုးကြွက်နဲ့ ကျော်လင်း ကျုပ်ဆိုင်မှာ အရက် သောက်တယ်၊ အရက်က တစ်လုံးပဲ ကုန်တယ်၊ သိပ်မမူးကြဘူး၊ သူတို့နှစ်ယောက်ခေါင်းချင်းဆိုင်ပြီး တီးတိုးတီးတိုးနဲ့ တော့ပြောနေကြတယ်၊ ဖိုးကြွက်က ဖြစ်ပါ့မလား၊ ဖြစ်ပါ့မလားလို့တော့ ကျော်လင်းကို ခဏခဏတော့ မေးနေသံကြားရတယ်၊ ကျန်တာဘာပြောတယ်တော့ ကျုပ်မသိဘူး၊ ည (၁၀) နာရီလောက်မှ ထပြန်သွားကြတယ်။ ပြန်တော့လဲ ဖိုးကြွက် ကဖိနပ်ကိုသေသေချာချာ စီး ပြီးပြန်ထွက်သွားတာ ကျုပ်တွေ့လိုက်တယ်"

"ကျော်လင်းက ဦးမြရွှေရဲ့ လယ်သူရင်းငှားလား"

"ဟုတ်တယ် ဆရာထွန်း၊ ပြီးခဲ့တဲ့ လတုန်းကမှ ဦးမြရွှေဆီ ရောက်သွားတာ၊ အရင်က ထွန်းညိုအဖေ ဦးမျိုးဝင်းဆီမှာ သူရင်းငှားလုပ်တယ်"

"ဘာလို့ ဦးမျိုးဝင်း ဆီကနေ ဦးမြရွှေဆီ ရောက်သွားတာလဲ"

"လယ်ထဲမှာ ထွန်းညိုနဲ့ ထိုးမယ် ကြိတ်မယ် အထိ စကားများ ရန်ဖြစ်ကြတယ်ပြောတာပဲ၊ ဒါကြောင့်မို့ ထွန်းညိုအဖေ ဦးမျိုးဝင်းက ကျော်လင်းကို အလုပ်ထုတ်ပစ်လိုက်တာ"

နယ်ထိန်း တပ်ကြပ်ကြီး ထွန်းလှိုင် စုဆောင်းရရှိသမျှ သတင်းများကို စခန်းမှူးထံသို့ တယ်လီဖုန်းဖြင့် ဆက်

www.burmeseclassic.com



ယ် သတင်းပို့သည်။

"ရပြီ ဆရာထွန်းလှိုင် ျပ်တို့ရဲ့ အဓိက ပစ်မှတ်တွေ ို သေချာစောင့်ကြည့်ထားပါ၊ မ်းဆီးဖို့လိုပြီဆိုမှ ထပ်ပြော ယ်၊ အခု လူနာသတိပြန်လည် ာလို့ ကျုပ်တို့စစ်ဆေးဖို့ စီစဉ် ေပြီ"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

နယ်ထိန်း တပ်ကြပ် ကြီး ထွန်းလှိုင် တစ်ယောက် ခန်းမှူး၏ ညွှန်ကြားချက်များ ကို ခံယူပြီး ပစ်မှတ်များကို စောင့်ကြည့်ရန် ရွာလယ်ပိုင်း က်သို့ ထွက်လာခဲ့သည်။ ူနာသတိပြန်လည်လာပြီ ဆို ါလား။ စခန်းမှူးနှင့် အဖွဲ့က စ်ဆေးနေကြပြီ။ ဒီသတင်းသာ ွာထဲကို ပြန့်သွားပါက ပြစ်မှု ျူးလွန်သူ ဂနာမငြိမ်ဖြစ်နေ ည်ကို တွေးမိရင်း တပ်ကြပ် ကြီး ထွန်းလှိုင် ယဲ့ယဲ့လေး ပြုံး ်လိုက်သည်။

* * * * *

ထွန်းညို တစ်ယောက် သနေ့ မစေ့သေး၍လား မသိ။ သက် မသေသေးဘဲ သတိ ြန်လည်လာသည်။ သို့သော် ကားမပြောနိုင်။ သတိအတော် ကောင်းသည်ဟု ဆိုရပေမည်။ အဖေ အမေနှင့် ဆွေမျိုးသား ချင်းများကို ကောင်းကောင်းမှတ် မိသည်။ ဒီတော့ စခန်းမှူးရဲအုပ် စောနောင် လူနာထံမှ သဲလွန်စ ရလိုရငြား ဆရာဝန်နှင့် တိုင် ပင်၍ လူနာအား အနှောင့်အ ယှက်မဖြစ်စေရန် စစ်ဆေးနိုင် ဖို့ ဆောင်ရွက်ရသည်။ ထွန်းညို က ၎င်း၏ခုတင်ဘေးတွင် ယူနီ ဖောင်းနှင့် ရဲအရာရှိအား တွေ့ လိုက်ရာ တစ်ခုခုကို ပြောချင်နေ ၍လား မသိ။ မျက်လုံးများမှာ တောက်ပလာပြီး ပါးစပ်တပြင် ပြင်ဖြစ်နေသည်ကို ရိပ်မိသော စခန်းမှူးက–

"ကဲ မောင်ထွန်းညို မင်းကို ရန်ပြုသွားတဲ့ သူတွေ ကို ဦးတို့စာရွက်ပေါ်မှာ နာမည် ရေးပြမယ်၊ မင်းအနေနဲ့ ဟုတ် နေတယ်ဆိုရင် မျက်စိမှိတ် ခေါင်းလေး အသာညိတ်ပြပေး ဟုတ်ပြီလား"

စခန်းမှူး ရဲအုပ် စော နောင်က အစပိုင်းတွင် လုံးဝ မသက်ဆိုင်သည့် လူတချို့၏ နာမည်စာရွက်ပေါ်တွင် ဆော့ ပင်ဖြင့်ရေးပြ၍ ထောင်ပြသည်။ ထွန်းညိုက မဟုတ်ကြောင်း မျက်နှာ အမူအရာ ပြသည်။ နောက်ဆုံးအဓိကပစ်မှတ်အဖြစ် လူနှစ်ဦး၏ နာမည်များကို ရေး ပြလိုက်တော့ ထွန်းညို၏ ခေါင်း ကိုယ် အနည်းငယ် လှုပ်ရှားသွား သည်။ မျက်လုံးများ ဝင်းလက် သွားပြီး ခေါင်းလေးတစ်ချက်အ သာညိတ်လိုက်သည်ကို ရဲအုပ် စောနောင် သတိထားမိလိုက် သည်။ ရဲအုပ် စောနောင် တစ် ချက် ပြုံးလိုက်သည်။ ထွန်းညို အနေဖြင့် သူ့ကို ရန်ပြုသွားတဲ့ သူတွေကို ဘယ်လို သိနေရ သလဲဟု စိတ်ထဲတွင် ဒွိဟဖြစ် မိသော်လည်း မှုခင်းဖော်ထုတ် နိုင်မည့်အစအနကို ကောက်ယူ နိုင်ခဲ့သည်။ ဒီအတိုင်းဆို နယ် ထိန်း တပ်ကြပ်ကြီး ထွန်းလှိုင် သတင်းပေးပို့မှုနှင့် တစ်ထပ် တည်းကွက်တိ။ ရဲအုပ် စော နောင်တစ်ယောက် လူနာနှင့် ဆွေမျိုးများကို အားပေးစကား ပြောပြီး ဆရာဝန်ကြီးကို နှုတ် ဆက်၍ ရဲစခန်းသို့ ပြန်ခဲ့သည်။ ညနေပိုင်းတွင် ပစ်မှတ်များကို ဖမ်းမိဖို့ တပ်ကြပ်ကြီး ထွန်းလှိုင် ကို ဖုန်းဆက်ညွှန်ကြားလိုက်ချိန် တွင် ဆေးရုံမှလာသည့်သတင်း တစ်ရပ်က ထွန်းညို တစ် ယောက် လူ့ဘဝကို ကျောခိုင်း သွားရှာလေခြင်းပင် ဖြစ်တော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

* * * * *

အင်းပေါက် ရဲစခန်း စစ်ကြောရေး အခန်းအတွင်း၌ မလှုပ်မယှက် ငြိမ်သက်စွာ ရှိနေသူက အုန်းပင်စုရွာသား ဖိုးကြွက်။ စစ်ကြောရေးအဖွဲ့သည် ဖိုးကြွက်ထံမှ ထွက်ပေါ်လာမည့် အဖြေစကားကို ငံ့လင့်လျက်ရှိသည်။ အထောက်အထား ခိုင်လုံစွာဖြင့် အုန်းပင်စုရွာသား ဖိုးကြွက်နှင့် ကျော်လင်းတို့နှစ်ဦး ကို ထွန်းညို သေဆုံးသွားသည့် ညပိုင်းကတည်းက ဖမ်းဆီးစစ်ဆေးခဲ့သည်။ ၎င်းတို့နှစ်ဦးစလုံးမှာ ဦးမြရွှေ၏ လယ်သူရင်းငှားများ ဖြစ်သည်။

"ဘယ်လိုလဲ ဖိုးကြွက် မင်းဝန်ခံဖို့ပဲ ကျန်တော့တယ်"

စခန်းမှူး ရဲအုပ် စောနောင်၏ အသံက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

"ကျုပ် ကျုပ် မသိပါဘူးဗျာ"

ဖိုးကြွက်၏ အဖြေက တုန်ယင်စွာ ထွက်ပေါ်လာသည်။

"ဘာမသိတာလဲ ဖိုးကြွက်၊ ဒီမှာ မင်းရဲ့မြင်းကြယ်ဖိနပ်၊ ဦးထိပ်မှာ သံနဲ့ အပေါက်သုံးပေါက်ဖောက်ထားတယ်၊ ဒီဖိနပ်က ထွန်းညိုအိပ်တဲ့ ကွပ်ပျစ် ခေါင်းရင်းက ငါတို့ရခဲ့တာ မင်းအမေတောင် တွတ်နီဆိုင်မှာ ဖိနပ်အသစ် လာဝယ်သေးတယ်"

"ကျုပ် ဖိနပ်က ကိုမြအောင် အရက်ဆိုင်မှာ မေ့ခဲ့တာဗျ"

"ငါတို့ မြအောင်ကို လဲစစ်ပြီးပြီ။ အဲဒီညက မင်း နဲ့ ကျော်လင်းတို့ တီးတိုးတိုင်ပင်တယ်၊ နောက်ဆုံးပြောမယ်ကွာ မင်းတို့ လုပ်တာကို ထွန်းညိုကိုယ်တိုင် ထွက်ဆိုသွားတယ်၊ ကျော်လင်းလဲ ဝန်ခံပြီးပြီ။ မင်းပဲ ခေါင်းမာနေတာကွ"

"ဗျာ ကျော်လင်းက ဝန်ခံတယ်"

"ဟုတ်တယ် ဖိုးကြွက် မင်း ယောက်ျားပဲကွာ လုပ်ရဲရင် ခံရဲရမှာပေါ့"

စခန်းမှူး ရဲအုပ် စောနောင်၏စစ်ကြောမှုအောက်တွင် ဖိုးကြွက် တစ်ယောက် ခေါင်းငိုက်စိုက် ချထား၏။ ရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်လာကတည်းက ဖိုးကြွက်၏ အမူအရာကို ကြည့်ပြီး အတွေ့အကြုံရင့်ကျက်သည့် ရဲအုပ် စောနောင်တွင် အဖြေက ရှိနှင့်ပြီးသား။ ကျူးလွန်သူထံမှ ထွက်ဆိုချက်ကို စောင့်မျှော်ရင်း စစ်ကြောနေ၏။ အခုတော့ ဖိုးကြွက်တစ်ယောက် ရဲအုပ် စောနောင်၏ စစ်ကြောမှု ကြောင့် ရင်တွင်းခံစားချက်တို ဖြင့် ဖွင့်ဟဝန်ခံခြင်းကို "စ" လုံးရေ "စ" ခဲ့ရပေတော့ သည်

* * * * *

(၄)

ကျုပ်မိဘတွေက ဆင် ရဲတယ်။ လက်လုပ်လက်စာ တွေ။ ဒါကြောင့်မို့ ကျုပ်တို လည်း သူများဆီမှာ လယ်သ ရင်းငှားလုပ်ရတယ်။ ကျုပ်လယ ပိုင်ရှင်က ရွာတောင်ပိုင်းက ဦးမြရွှေ။ ကျုပ်မှာ ချစ်သူတစ် ယောက်ရှိပါတယ်။ သူ့နာမည် က ထွေးကြည်တဲ့။ ငယ်ငယ် ကတည်းက ကစားဖော်ကစာ ဖက် ကျောင်းနေဖက်တွေ။ အ ချိန်တန် အရွယ်ရောက်တော ကျုပ်တို့က ချစ်သူတွေဖြစ်လာ တယ်။ ထွေးကြည်ကို ကျု အသက်တမျှ ချစ်သလို ထွေ ကြည်ကလည်း ကျုပ်ကို သိ ချစ်တယ်။ ဒါပေမယ့်ထွေးကြည် မိဘတွေက သူတို့သမီးကို ကျု နဲ့ လုံးဝသဘောမတူဘူး။ ကျု တို့က ဆင်းရဲတယ်မဟုတ်လာ သမီးကို ဆင်စီးမြင်းရံစေချင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ မိဘတွေကြောင့် ကျုပ်တို့ ရဲ့ချစ်ခရီးက မဖြောင့်နိုင်ဘူးပေါ့။ သူတို့ သဘောတူကြည်ဖြူတာက ရွာထဲကလယ်ပိုင်ရှင် ဦးမျိုးဝင်းသား ထွန်းညို။ ဒါကြောင့် သူတို့ ရွှေလမ်းငွေလမ်းဖောက်ကြတော့တယ်။ ကျုပ် ချစ်သူ ထွေးကြည်နဲ့ ထွန်းညိုစေ့စပ်တဲ့နေ့က ကျုပ် ကမ္ဘာပျက်တဲ့နေ့ပေါ့။ ကျုပ် ရှူးမတတ် ခံစားရတယ်။ ကျုပ်သိပ်ချစ်တဲ့ ထွေးကြည် တစ်ပါးသူရဲ့ ရင်ခွင်မှာ မှေးစက်ရတော့မယ်။ထွေးကြည်လေးကတော့ မိဘတွေပြုသမျှကို နုနေရတဲ့ဘဝ။ ကျုပ်ရင်တွေ ဗလောင်ဆူနေတယ်။ ကျုပ်ရင်မှာ မကျေနပ်ချက်တွေအပြည့်။ ရိုးသားမှု ဂုဏ်ပုဒ်လေးတစ်ခုသာ ပိုင်ဆိုင်ထားတဲ့ ကျုပ်ဘဝကို ခနအင်အားနဲ့ ထွန်းညို အနိုင် ယူသွားတယ်။ ထွန်းညို ထွန်းညို ကျုပ်နဲ့ထွေးကြည်ချစ်သူတွေဆိုတာကို သူတစ်ယောက်တည်းတင် မကဘူး တစ်ရွာလုံးသိပါတယ်။ သူမိဘတွေ ကြွယ်ဝမှုနဲ့ ထွေးကြည်မိဘတွေရဲ့ မက်မောမှုကို ချဉ်းကပ်ပြီး အနိုင်ယူသွားတာ။ ကျုပ် သိပ်ရက်တယ်။ ရွာထဲကို ကျုပ်က ဘယ်လိုမျက်နှာမျိုးနဲ့ သွားရမှာလဲ။ ကျုပ်အသည်းကို ဟက်တက်ကွဲအောင် လုပ်သွားတဲ့သူ။ ကျုပ်ဟာ ထွေးကြည်ရဲ့ ပထမလူအဖြစ်က ဒုတိယနေရာနဲ့ကျေနပ်နေရတော့မှာလား။ လူတချို့က အချစ်ကို အဓိပ္ပာယ်ဖွင့်တဲ့အထဲမှာ အချစ်ဆိုတာ ပေးဆပ်ခြင်းတဲ့။ ချစ်သူကောင်းစားဖို့ စွန့်လွှတ်မယ် အနစ်နာခံမယ်ပေါ့။ ဒါပေမယ့် ကျုပ်ကတော့ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းလို့ပဲ မှတ်ယူတယ်။ ဒါကြောင့်မို့ ကျုပ်ထွေးကြည်ကို ရအောင် ယူမယ်။ ကျုပ်ရှေ့က ပထမလူဆိုတာကို မရှိတော့ရင် ကျုပ်သည်သာလျှင် ပန်းဦးသခင်ဖြစ်ပြီပေါ့။ ဒီတော့ ထွန်းညို ဆိုတဲ့လူကို ကျုပ်တစ်ခုခုတုံ့ပြန်ပြီး ရှင်းရတော့မှာ။ ဒါပေမယ့် ကျုပ် ဘယ်လို လုပ်ရမယ်ဆိုတာ မစဉ်းစားမိသေးဘူး။ အဲဒီမှာပဲ ကျုပ်တို့ လယ်ပိုင်ရှင်ဆီမှာ သူရင်းငှားလာလုပ်တဲ့ ကျော်လင်းနဲ့တွေ့တယ်။ ဒီကောင်က ထွန်းညိုအဖေ ဦးမျိုးဝင်း လယ်မှာလုပ်ရင်း ထွန်းညိုနဲ့စကားများရန်ဖြစ်ပြီး အလုပ်ထုတ်ခံထားရတော့ ထွန်းညိုကို မကျေနပ်ဘူး။ ဒီကောင်က အချုပ်တွေ ဘာတွေကျဖူးတဲ့အ ထိ လက်ယဉ်နေတဲ့ ကောင်ဆိုတော့ ထွန်းညိုကို လက်တုံ့ ပြန်ဖို့ ကျုပ်တို့တိုင်ပင်ကြတယ်။ ဒီကောင်က ထွန်းညိုကို သတ်ပစ်မယ်ပေါ့။ ဒါပေမယ့် ကျုပ်က အဲဒီလောက်အထိ သတ္တိမရှိဘူး။ ကျုပ်တို့ ဘဝထဲကနေ ထွန်းညိုသူ့ဘာသာသူထွက်သွားအောင်လောက်ပဲ ပညာပေးချင်တာ။ ကျုပ်နဲ့ ကျော်လင်းက ရည်ရွယ်ချက်ချင်းမတူဘူး။ ကျော်လင်းက ထွန်းညိုကို ရန်ငြိုးနဲ့ ရှင်းပစ်ချင်တာ။ ကျုပ်က ထွေးကြည်နဲ့ ကျုပ်နှစ်ပါးဂဟေဆက်ပြီး ရွှေလက်တွဲရဖို့အတွက်ပဲ။ နောက်ဆုံး ကျော်လင်းက ထွန်းညိုကို လက်သည် မပေါ်တဲ့ နည်းနဲ့ရှင်းမယ်ပေါ့။ ကျုပ်လည်း ကျော်လင်းပြောတဲ့နည်းက ဖြစ်နိုင်ခြေရှိတဲ့အတွက် အထူးဘူးဆိုပြီး သဘောတူ လက်ခံခဲ့တယ်။ အဲဒီညက ကိုမြအောင်အရက်ဆိုင်မှာ ထိုင်ပြီး နှစ်ယောက်သား တိုင်ပင်ကြတာ ည(၁၀)နာရီထိုးမှ အဖြေပေါ်ပြီး ထပြန်ဖြစ်ကြတယ်။ ဒီနောက် လယ်တဲဘက်ကို သွားပြီး(၃) လက်မ သံတစ်ချောင်းနဲ့ ထွန်စက်ဘီး ရိုက်ဖြုတ်တဲ့ တူတစ်ချောင်းကိုယူပြီး ထွန်းညိုအိမ်

www.burmeseclassic.com



ဘက်ကို ထွက်လာကြတယ်။ ဒီကောင် အိမ်ရှေ့ ကွပ်ပျစ်မှာ အိပ်နေကျဆိုတာသိတော့ ကျုပ်တို့ အိမ်ခြံထဲကို မှောင်ရိပ်ခို ဝင်ခဲ့ကြတယ်။ ကျုပ်တို့ စတွေ့တော့ ထွန်းညိုက ကွပ်ပျစ်ပေါ်မှာ မှောက်ခုံအိပ်နေတယ်။ ဒါနဲ့ ကျော်လင်းက ဦးခေါင်းကို သံချောင်းတည်ထားပြီး ကျုပ်ကိုတူနဲ့ရိုက်ခိုင်းတယ်။ ထွန်းညို တစ်ယောက်လက်သည်မပေါ် ရုတ်တရက် သေသွားရင် ထွေးကြည်ကို မရရအောင် နှစ်ပါးဂဟေဆက်မယ်လို့ စိတ်ကူးနဲ့လိုက်ခဲ့ရပေမယ့် တကယ်တမ်း လက်တွေ့ကျတော့ ကျုပ်မှာ ကြောက်စိတ်တွေ လွှမ်းပြီးဖောချွေးတွေ ပြန်နေတယ်။ ဒါတောင် ကိုမြအောင် အရက်ဆိုင်က ရဲဆေးနည်းနည်း တင်လာသေးတယ်။ ဒါကြောင့်မို့ ကျော်လင်းခိုင်းတာကို မလုပ်ဘဲ ကြောင်ပြီးရပ်နေမိတယ်။ ကျော်လင်းက "ဟေ့ကောင် ဖိုးကြွက် ထု မြန်မြန်ထု"လို့ သုံးလေးခွန်းလောက်ပြောတော့ ထွန်းညိုလန့်နိုးသွားပြီး ခေါင်းထလာတယ်။ အဲဒီမှာ ကျော်လင်းက ထွန်းညိုအပေါ်က တက်ခွပြီး ကျုပ်ကို မြန်မြန်ထုခိုင်းတော့ ကျုပ်လည်း မထူးဘူးဆိုပြီး ကြောက်ကြောက်နဲ့ နှစ်ချက် ဆင့်ထုပြီး ထွက်ပြေးလာခဲ့တာ ကျုပ်ဖိနပ် တစ်ဖက်လည်း ဘယ်နား ကျွတ်ကျန်ခဲ့မှန်းမသိတော့ဘူး။ ကျော်လင်းက ကျုပ်ကို ထုခိုင်းတဲ့ အသံကြောင့် ထွန်းညိုက သူကိုသတ်တာ ကျုပ်တို့မှန်းသိတာဖြစ်မှာပါ။ ကျုပ်လည်း အိမ်ပြန်ရောက်တော့ ဂနာမငြိမ်ဘူး။ ကျော်လင်းကတော့ ကျုပ်ထုလိုက်တာ ကွက်တိပဲတဲ့။ သံတစ်ချောင်းလုံး ခေါင်းထဲမြုပ်သွားတာလို့ ပြောတယ်။ နောက်တော့ ဦးခေါင်းကို သံချောင်းရိုက်ထည့်တာတွေကို ရဲတွေကသိ ထွန်းညိုလည်းချက်ချင်း မသေတာကြောင့် ကျုပ်ကယောင်ချောက်ချားတွေဖြစ်ပြီး ညည အိပ်မပျော်တော့ဘူး။

တကယ်တော့ ကျုပ်တို့ နှစ်ယောက်ဟာ "မကောင်းမှုဟူသည် ဆိုတ်ကွယ်ရာမရှိ" ဆိုတဲ့ စကားကို မျက်ကွယ်ပြုခဲ့ကြတာပါ။ ထွန်းညိုရဲ့ ဦးခေါင်းထဲကို သံချောင်းရိုက်ထည့်ပြီး လက်စတုံးလိုက်ရင် တခြားနည်းတွေထက် ချက်ချင်းသေစေနိုင်ပြီး လက်သည် မပေါ်နိုင်ဘူးလို့ မှတ်တင်ထားခဲ့ကြတယ်။ အခုတော့ ကျုပ်ရဲ့လုပ်ရပ်ဟာ ပေါ်စေချင်လို့ ကြောင်ရုပ်ထိုးတာ ဆေးကြောင့်လေးခဲ့ရတဲ့ အဖြ မျိုးရောက်ခဲ့ရပြီ။ ထွန်းညို မ တော့ရင် ကျုပ်နဲ့ထွေးကြည်ညာ ကြလေသတည်းဆိုတဲ့ ဇာ သိမ်းကိုရောက်မယ်လို့ မိုက်မ စွာ စိတ်ကူးယဉ်ပြီး ထွန်းညိုကို သတ်ခဲ့ကြတယ်။ အိပ်ရာပေါ် မှ ဒဏ်ရာဒဏ်ချက် မရှိ ဘဲ ရုတ်တရက်သေဆုံးသွားရင် သားလှတဲ့ လယ်သမားပတ်ဝ ကျင်မှာ အမှုမဲ့အမှတ်မဲ့ မြှုပ်လိုက်ကြမယ်။ ဒီလိုဆို ကျု တို့ အကြံအောင်ပြီလို့ လေ တွက်ခဲ့ကြတဲ့ ကျုပ်တို့ နှ ယောက် အခုတော့ တရာ ဥပဒေက ပေးလာမယ့် အပြ ဒဏ်ကိုပဲ ခံယူရတော့မှာပေ တင်ကူးကြံရွယ်ချက်နဲ့ လူတ ယောက်ကို သတ်ခဲ့ရင်ခံရမယ် အပြစ်ဒဏ်က သေဒဏ်၊ ဒါမှ ဟုတ် တစ်သက်တစ်ကျွန်းဒဏ် တဲ့။ ကျုပ်တို့ရွာကို မှုခင်းက ဆင်းရေး ဟောပြောပွဲတုန်းက ရဲအရာရှိ တစ်ယောက်ပြော သွားဖူးတယ်။ ဒီတော့ ကျုပ်နဲ့ ထွေးကြည် နှစ်ပါးဂဟေဆက် ဖြစ်နိုင်ပါတော့မလားဗျာ။

**အောင်မင်း(ယ နန်းမြေ)**



www.burmeseclassic.com

www.burmeseclassic.com

# နာမည်ကြီး

## လူဆိုးမြတ်စံ

ကျော်သန်းစံ





www.burmeseclassic.com

www.burmeseclassic.com



**"နာမည်ကြီး လူဆိုးမြတ်စံ" ကျော်သန်းစံ**

သက္ကရာဇ် ၁၉၃၀ ခုနှစ် မေလမှ ၁၉၃၄ ခုနှစ် ဇူလိုင်လအတွင်း အနောက်တောင်ပိုင်းနယ်မြေဒေသတွင် မြတ်စံသည် လူမည်းကြီး(ခ)လူဆိုးမှတ်တမ်းဝင်တစ်ယောက် ဖြစ်လာသည်။ သူသည် ရောဝတီတိုင်း၊ ပုသိမ်မှ ရွှေ့ပြောင်းသွားရာ၌ သူကျူးလွန်ခဲ့သော ပြစ်မှုများက အမျှင်တန်း၍ ကျန်ရှိနေသည်။ ထိုအမှုများမှာ လူသတ်မှု၊ လီဆယ်မှု၊ ဒဏ်ရာရစေမှု၊ ဘဏ်ဓားပြတိုက်မှု၊ ရဲလက်နက်များကို တိုက်ခိုက်လုယက်မှု စသည်တို့ဖြစ်ကြသည်။

ရန်ကုန် စုံထောက်တပ်ဖွဲ့က မြတ်စံ၏နောက်သို့ လိုက်နေကြစဉ် မြတ်စံသည် ခိုးရာပါကားတစ်စီးကိုမောင်းကာ တိုင်းနယ်စပ်ကို ဖြတ်ကျော်ထွက်ပြေးသွားသည်။

ရန်ကုန် ရဲတပ်ဖွဲ့သည် မြတ်စံအား အရှေ့ပိုင်းနယ်မြေ လူသတ်မှုကြောင့် အလိုရှိနေသည်။ အခြားနယ်မြေဒေသများမှ ရဲတပ်ဖွဲ့များကလည်း မြတ်စံကိုဖမ်းမိရန် ကြိုးစားရှာဖွေနေကြသည်။

ထိုအချိန်၌ ကရင်ပြည်နယ် မြဝတီရဲတပ်ဖွဲ့မှ မြတ်စံနှင့် အပေါင်းအသင်းသုံးယောက်ကို ဖမ်းဆီးနိုင်ခဲ့သည်။ သူပုန်းအောင်းနေသော နေရာရှိ စက်သေနတ်သုံးလက်၊ ရိုင်ဖယ်နှစ်လက်နှင့် ငွေအမြောက်အမြားတို့ကို သိမ်းဆည်းနိုင်ခဲ့သည်။ ထိုငွေများသည် ပုသိမ်အရှေ့ပိုင်းမြို့နယ်ရှိ ဘဏ်တိုက်ကို ဓားပြတိုက်ခဲ့သော ငွေများ၏အစိတ်အပိုင်းဖြစ်သည်။

ဖမ်းဆီးရမိသော မြတ်စံကို ရန်ကုန်သို့ ခေါ်ဆောင်လာပြီး အင်းစိန်အကျဉ်းထောင်၌ ထည့်သွင်းထားလိုက်သည်။ ထိုအကျဉ်းထောင်သည် မည်သူမျှ လွတ်မြောက်ထွက်ပြေးခြင်း မပြုနိုင်ဟူ၍ အာမခံထားသည်။

မြတ်စံသည် (၂)နှစ်ခန့်အကြာတွင် အင်းစိန်ထောင်မှ လွတ်မြောက်သွားသည်။ မြတ်စံသည် သစ်သားဖြင့်ပြုလုပ်ထားသော သေနတ်ပုံတူဖြင့် ထောင်စောင့်ကိုခြောက်လှန့်၍ အကျဉ်းခန်းကို ဖွင့်ခိုင်းသည်။ ထို့နောက်

မရှင်းဂန်းနှစ်လက်ကို ယူပြီးလျှင်
ထောင်စောင့် နှစ်ယောက်ကို
အကျဉ်းခန်းထဲတွင် ထည့်၍
သော့ခတ်ထားခဲ့သည်။ နောက်
ဆုံး၌ ထောင်အာဏာပိုင်ကားဖြင့်
မောင်းပြေးသွားခြင်းဖြစ်သည်။

ထိုအချိန်မှစ၍ ပြည်
နယ်ဥပဒေကို ချိုးဖောက်သွား
သော မြတ်စံအား ရန်ကုန်
ထောက်များက အပူတပြင်းလိုက်
ကြသည်။ အထူးစုံထောက်များ
အနေဖြင့် အသည်းအသန် ...
ရာဖျော့ ရှာပုံတော်ဖွင့်ခဲ့ကြ
သည်။

မြတ်စံသည် အင်းစိန်
ထောင်မှ လွတ်မြောက်ခဲ့ပြီး
နောက် သူ့ညီမထံသို့ စာဖြင့်
ရေးသားလိုက်သည်။ သူ့အ
တွက် မစိုးရိမ်ရန်နှင့် သူ့အဖို့
ခြားရွေးချယ်စရာ နည်းလမ်း
တော့၍ ယခုကဲ့သို့ ပြုလုပ်ရခြင်း
ဖြစ်ကြောင်း ထိုသို့ ပြုလုပ်
သည်မှာ ပျော်ရွှင်စရာဖြစ်
ကြောင်း ဖော်ပြပါရှိသည်။

"ငါ ... ထောင်စော
ကို သေနတ်နဲ့ချိန်ပြီး အတ
အဝမ္မ အကျဉ်းခန်းတံခါးကို ဖွ
ခိုင်းကြောင်း၊ သတင်းထဲမှာ

www.burmeseclassic.com



ဘယ်။ အမှန်က ငါ့လက်နက်မှာ ငါကိုယ်တိုင် သစ်သားကိုလုပ်ထားတဲ့ သေနတ်ပုံစံတူပါ။ ထို့နောက် ငါစက်သေနတ်နှစ်လက်ရတော့မှ အဲဒီ သစ်သားသေနတ်တုကိုပြပြီး ရယ်လိုက်ရတာ။ ငါ့သတ်တမ်း နောက်ထပ်ဆယ်နှစ်လောက် ပိုပြီးရှည်သလား မှတ်ရတယ်''

ဟု စာထဲမှာ ထည့်၍ ရှင်းပြလိုက်သည်။

သို့ရာတွင် သူရေးခဲ့သလို နောက်ထပ်သက်တမ်းဆယ်နှစ် မရှည်ခဲ့ပါချေ။ ထိုစာကို ရေးသားပေးပို့ပြီး ရက်သတ္တပတ် အနည်းငယ်မျှသာ အသက်ရှင်ခဲ့သည်။

❖❖❖❖❖

စုံထောက်များသည် မြတ်စံအား နှစ်ကြိမ်တိုင်တိုင် သူတို့၏ထောင်ချောက်ထဲတွင် မိလုနီးပါးဖြစ်ခဲ့ရသည်။ သူတို့က စက်သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်နေသည့်ကြားမှ သက်စွန့်ဆံဖျား လက်မတင်လေး လွတ်မြောက်သွားခဲ့ရသည်။ သို့ရာတွင် သူ့အားဝန်းရံထားသော စက်ကွင်းသည်ပို၍ ကျဉ်းမြောင်းလာလေသည်။

ဖွန်လ(၁)ရက်နေ့ မတိုင်မီ ရက်သတ္တနှစ်ပတ်အလိုတွင် နိုင်ငံတော်သမ္မတသည် ရာဇဝတ်မှုဆိုင်ရာ စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုနောက် ရဲချုပ်က စပါယ်ရှယ်အထူးစုံထောက် တစ်ဦးဖြစ်သူ ကျော်ထွန်းကို သူ့ရုံးခန်းထဲတွင် ခေါ်တွေ့သည်။ ထို့နောက် မြတ်စံကို ရှာဖွေဖမ်းဆီးနိုင်ရေးအတွက် လုပ်ပိုင်ခွင့်နှင့်အတူ အထူးတာဝန်တစ်ရပ် ပေးအပ်လိုက်သည်။

''မြတ်စံ ... သွားလေရာတိုင်း အနီးကပ်ဆုံးနေရာအထိ ရောက်အောင်ချဉ်းကပ်ပါ။ သူနဲ့ပတ်သက်ဆက်နွယ်နေတဲ့ အဖွဲ့သားတွေမှန်သမျှ အမိဖမ်းနိုင်တယ်။ နောက်ပြီး မြတ်စံကို အတတ်နိုင်ဆုံး အရှင်ဖမ်းစေချင်တယ်။ တကယ်လို့ မင်းအသက်အန္တရာယ်ကို ကာကွယ်ရမယ့်အချိန်မျိုး ဖြစ်လာရင်တော့ သူ့ကို ညှာစရာမလိုတော့ဘူး။ အပြတ်





www.burmeseclassic.com

www.burmeseclassic.com



ရှင်းနိုင်တယ်''ဟု ရဲချုပ်က တစ်ချက်လွှတ်အမိန့်ပေးလိုက်သည်။

ကျော်ထွန်းသည် မြတ်စံပုန်းခိုနေသည်ဟု သတင်းရသော ပုသိမ်မြို့နယ်၌ မွှေနှောက်ရှာဖွေခဲ့သည်။ ထိုအတောအတွင်း မြတ်စံသည် ပလတ်စတစ်ဆာဂျရီနည်းဖြင့် ရုပ်ပြောင်းရုပ်လွှဲရန် ကြိုးစားနေကြောင်း ဆရာဝန်တစ်ဦးထံမှ သတင်းရရှိသည်။

ကျော်ထွန်းသည် ပုသိမ်မြို့နယ်ရှိ စုံထောက်ရုံးခွဲတာဝန်ခံ သန်းအောင်၊ ပုသိမ်အရှေ့ပိုင်းရဲတပ်ဖွဲ့မှ စခန်းမှူး သီဟနှင့် ရဲဆာဂျင် မြသန်းတို့ နေ့စဉ်တွေ့ဆုံကြသည်။ မြတ်စံနှင့်ပတ်သက်၍ စုံစမ်းထောက်လှမ်း သိရှိခဲ့ရသမျှ သတင်းများကို အပြန်အလှန်ဖလှယ်ကြသည်။

ဩဂုတ်လ (၂၀)ရက် ညဦးပိုင်းတွင် အောင်မြင့်နှင့် လှသန်းတို့သည် ပုသိမ်စုံထောက်ရုံးခွဲသို့ အမျိုးသမီးနှစ်ယောက်ကို ခေါ်လာကြသည်။ ထိုအမျိုးသမီးသည် အသက်(၃၅)နှစ်ခန့် ရှိသည်။ သူမ၏အမည်မှာ မေမြတ်နိုးဖြစ်သည်။ သူမသည် ၁၉၂၄ ခုနှစ်တွင် မန္တလေးတိုင်း၊ နေပုဒ်ရွာလေးမှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်သူဖြစ်သည်။

မေမြတ်နိုးက အပေးအယူလုပ်ရန် စုံထောက်ရုံးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ သူမသည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် ပြဿနာဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် သူမအနေဖြင့် ရန်ကုန်တိုင်း၊ သာကေတမြို့နယ်တွင် ဖိမ်ခေါင်းလုပ်ခဲ့ဖူးသောကြောင့် သူမကို မန္တလေး၊ နေပုဒ်ရွာသို့ ပြန်ပို့ရန်စီစဉ်နေကြောင်း သိရသည်။

သို့ဖြစ်ရာ သူမက မြတ်စံရှိသောနေရာကို စုံထောက်တို့ကိုညွှန်ပြမည်။ ထိုသို့ညွှန်ပြသည့်အတွက် မြတ်စံဖမ်းမိရေးအတွက် ထုတ်ပြန်ကြေညာထားသော ဆုငွေကို သူမရယူလိုသည်။ ထို့ပြင် ရန်ကုန်မြို့တွင် ဆက်လက်နေထိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးရမည်ဟူသော အပေးအယူဖြစ်သည်။

ပုသိမ်အထူးစုံထောက်ကျော်က သူမကို ဆုငွေရရှိရေးအတွက် ကတိပြုသည်။ သို့ရာတွင် ရန်ကုန်တွင်ဆက်လက်နေထိုင်ခွင့်နှင့်ပတ်သက်၍ သူသည် စုံထောက်ဌာနနှင့် ပုသိမ်ရဲတပ်ဖွဲ့တို့က ပူးပေါင်းဆောင်ရွက်အ[...] အညီပေးမည့်အကြောင်း သ[...] ဆိုင်ရာသို့ ထောက်ခံစာတင်[...] ပေးမည်။ ထိုထောက်ခံချက်အ[...] ဆက်လက်နေထိုင်ခွင့်ပြု/မပြု[...] သက်ဆိုင်ရာဌာန၏ ဆုံးဖြတ်[...] ချက်သာဖြစ်ကြောင်း ရှင်းပြလိုက်[...] သည်။

❖❖❖❖❖❖

မြတ်စံသည် သူ့အ[...] ဖြစ်သော စန္ဒာအောင်နှင့် မေ[...] မြတ်နိုးတို့ကို နောက်တစ်နေ့[...] တွင် ရုပ်ရှင်ပြရန်ခေါ်သွားမည်[...] ပြောထားခဲ့သည်။ မည်သည့်ရုပ်[...] ရှင်ရုံဟု ပြောမထားခဲ့ပေ။ သို့[...] တွင် ပုသိမ်မြို့၏ မက်ထရိုရုပ်ရှင်[...] ရုံဖြစ်နိုင်သည်။ ရုပ်ရှင်သွားဖြစ်[...] မသွားဖြစ်ဟူသော သတင်းအတ[...] အကျကို နောက်တစ်နေ့တွင်[...] ဖုန်းဆက်အကြောင်းကြားမည်[...] ကတိပြုထားခဲ့သည်။

အထူးစုံထောက် ကျော်[...] ထွန်းနှင့် ပုသိမ်အရှေ့ပိုင်းရဲတ[...] ဖွဲ့တို့သည် မြတ်စံအတွ[...] ထောင်ချောက်ဆင်ရန် စီစဉ်[...] သည်။

မေမြတ်နိုးက ဩဂုတ်[...]

www.burmeseclassic.com



သ(၂၁)ရက်နေ့ ညနေအချိန်တွင် ဖုန်းဆက်သည်။ သို့သော် နေရာ အတိကျကျမပြောနိုင်ဘဲ မက် ဆရှိရုပ်ရှင်ရုံဖြစ်စေ၊ သို့မဟုတ် နဂါးရုပ်ရှင်ရုံဖြစ်စေ တစ်ခုခုတွင် ဖြစ်လိမ့်မည်ဟူ၍သာ အကြောင်း ကြားခဲ့သည်။

မြတ်စံသည် ထိုနေ့ည တွင် နဂါးရုပ်ရှင်ရုံတွင် "အမုန်း နှင့်အချစ်" ဇာတ်ကားပြသနေ သည်ကိုသိသည်။ ထိုဇာတ်ကား ၌ အဓိကသရုပ်ဆောင်မင်းသား အဖြစ် ဝင်းဦးပါဝင်သည်။

မြတ်စံသည် သူ့အတွဲ နန္ဒာအောင်နှင့် မေမြတ်နိုးတို့ နှင့်အတူ ရုပ်ရှင်ရုံထဲသို့ ဝင်လာ ကြသည်ကို စုံထောက်များနှင့် မသိမ် ရဲတပ်ဖွဲ့တို့က ချက်ချင်း မှတ်မိလိုက်ကြသည်။

မြတ်စံသည် ပလတ် စတစ်ဆာဂျရီနှင့် ရုပ်ပြောင်းလဲ ထားသော်လည်း အများအယွင်း သံသယဖြစ်စရာ မရှိပါချေ။ သူ နှင့်အတူပါလာသော မေမြတ်နိုး မှာ ကြက်သွေးရောင်ဝတ်စုံဝတ် ထားသည်။ ထို့ကြောင့် မြတ်စံကို ချက်ချင်းသတိပြုလိုက်ခြင်းလည်း ဖြစ်နိုင်သည်။ စုံထောက်အဖွဲ့က ရန်ကုန်မြို့ရှိ ရဲချုပ်ထံသို့ ဖုန်း ဆက်အကြောင်းကြားခဲ့သည်။ ထိုသို့ ရုပ်ရှင်ရုံထဲမှ မြတ်စံတို့ပြန် ထွက်အလာတွင် လူအုပ်ထဲ၌ သေနတ်ပစ်ပွဲ ဆင်နွှဲရမည်ဖြစ် ကြောင်း ကြိုတင်အကြောင်း ကြားထားခြင်းဖြစ်သည်။

မြတ်စံနှင့်အမျိုးသမီး နှစ်ယောက် ရုပ်ရှင်ကြည့်အပြီး တွင် ရုံထဲမှပြန်ထွက်လာကြ သည်။ ထိုအချိန်တွင် စုံထောက် သန်းအောင်၏ ကြိုတင်စီစဉ်ထား သည့်အတိုင်း ဆေးပြင်းလိပ်မီး စွယ်ဖြင့် တို့လိုက်သည်။

မြတ်စံအနေဖြင့် သူ့ ပတ်ဝန်းကျင်တွင် တစ်ခုခုအမှား အယွင်းရှိနေကြောင်း အာရုံခံစား မှုဖြင့် ချက်ချင်းသိလိုက်ပုံရသည်။ မြတ်စံက သူ့ဘေးဘက်သို့ စူးစူး ရဲရဲတစ်ချက်ကြည့်လိုက်သည်။ သူ့ထံသို့ စုံထောက်တစ်ယောက် ဣန္ဒြေရရ ချဉ်းကပ်လာနေသည် ကို မြင်လိုက်ရသည်။

မြတ်စံသည် ရုတ်တ ရက် ခြေကုန်သုတ်လျက် လမ်း ကြားတစ်ခုထဲသို့ ဦးတည်ထွက် ပြေးသွားသည်။ ထိုသို့ပြေးနေရင်း တစ်ချိန်တည်းမှာပင် သူ၏ ဘောင်းဘီအိတ်ထဲမှ ပစ္စတိုသေ နတ်ကို ဆွဲထုတ်သည်။

ထိုသို့ သူ၏သေနတ်ကို ပစ်ထုတ်ခြင်းမပြုနိုင်မီ စုံထောက် များက ငါးချက်တိတိ လှမ်းပစ် လိုက်ကြသည်။ ကျည်ထိပ်ဖူး သည် မြတ်စံ၏ခန္ဓာကိုယ် အနှံ့ အပြားသို့ စူးဝင်ဖောက်ထွင်းသွား ကြလေသည်။ မြတ်စံသည် မှောက်လျက်သားပစ်ကျသွား သည်။ မျက်နှာနှင့် မြေပြင်တို့ ထိကပ်ငြိမ်ကပ်သွားသည်။

ထို့ကြောင့် နောက်တစ် နေ့နံနက်တွင် ရဲချုပ်က အထူးစုံ ထောက် ကျော်ထွန်းထံသို့ ချီး ကျူးစာနှင့်အတူ အင်းစပက် တော်ရာထူး တိုးမြှင့်လိုက် ကြောင်းနှင့် ကျန်ရဲတပ်ဖွဲ့ဝင်များ ကိုလည်း တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ပေးလိုက်ကြောင်း အ ကြောင်းကြားလေသတည်း။

ကျော်သန်းစံ



www.burmeseclassic.com

www.burmeseclassic.com



# ကလေးသူငယ်များနှင့်လောကပါလ

ဦးခင်ဇော်
(မရမ်းကုန်း)







www.burmeseclassic.com

www.burmeseclassic.com



မိဘနှင့်သားသမီး၊

ဆရာနှင့်တပည့်၊

အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူ၊

ပတ်သက်ဆက်နွှယ်သော လူမှုရေးနယ်ပယ်တွင် မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်တို့ ရှိကြပါသည်။

တစ်ခါတစ်ရံ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား လိမ္မာရေးခြားရှိစေရန် ဆုံးမခြင်းမှတစ်ပါး တမင်နှိပ်စက်ညှဉ်းပန်းခြင်းသည် ဒေါသအလျောက် ပြုသူအဖို့ စေတနာသည် ဝေဒနာဖြစ်ကာ ဖြစ်မှုကျူးလွန်ရာသို့ ရောက်ရှိသွားတတ်သည်ကို သတိပြုကြရပါမည်။

မိဘသည် သားသမီးအား လိမ္မာရေးခြားရှိအောင် ရိုက်နှက်ဆုံးမနိုင်သဖြင့် မိဘက ပညာသင်ပေးရန် အပ်နှံခြင်းခံရသည့်ဆရာသည် မိမိတပည့်အား ကျောင်းစည်းကမ်းကို ထိန်းသိမ်းသည့်အနေဖြင့် ရိုက်နှက်ဆုံးမခွင့်ရှိသည့်အတွက် ရိုက်နှက်ဆုံးမခြင်းသည် နာကျင်စေရန်အကြံဖြင့် သော်လည်းကောင်း၊ နာကျင်စေတန်ရာကို သိလျက်နှင့် သော်လည်းကောင်း ပြုသည်ဟု ဆိုနိုင်မည်မဟုတ်၍ ပြစ်မှုမမြောက်ပါ။(အစိုးရနှင့် မောင်ဘသောင်း၊ အတွဲ(၃)၊ ရန်ကုန်၊ စာ ၆၅၉)တွင် ဆုံးဖြတ်ထားသည်။

သို့ရာတွင် ဒေါသတကြီး ရက်ရက်စက်စက် ရိုက်နှက်ခြင်းမျိုးကိုမူ ဥပဒေက ကင်းလွတ်ခွင့်မပြုပါ။

သာဓကအားဖြင့် ဖြစ်ရပ်တစ်ခုတင်ပြပါမည်။

အောင်လံမြို့နယ်၊ ပြလို့ရွာ၊ အလယ်တန်းကျောင်း၊ ကျောင်းဆရာကြီး ဦးကောင်းဝါသည် ဆဌမတန်းကျောင်းသား မောင်ကျော်ဆွေအား ကျောင်းစည်းကမ်းကို မလိုက်နာဘဲ ပေါ့ရမ်းသူဖြစ်နေ၍ ဝါးခြမ်းပြားဖြင့် ရိုက်နှက်ဆုံးမခဲ့ရာ တရားရုံးသို့ရောက်ခဲ့ရသည်။

နံနက်ပိုင်း ကျောင်းဆရာကြီး အိမ်သာတက်နေစဉ် မောင်ကျော်ဆွေသည် ပြင်ပမှနေ၍ အိမ်သာထဲသို့ သဲများပတက်သွင်းသည်။

ကျောင်းဆရာကြီးအပေါ် သဲများကျသဖြင့် ဆရာကြီးက အိမ်သာတံခါးကိုဖွင့်ပြီး ထွက်ကြည့်ရာ မောင်ကျော်ဆွေကို တွေ့လိုက်ရသည်။ မောင်ကျော်ဆွေအား ဘာကြောင့်လုပ်တာလဲဟုမေးမြန်းရာ ၎င်း၏သူငယ်ချင်း မောင်ဦးဟုထင်၍ လုပ်မိပါသည်ဟု ဝန်ခံသည်။

သို့ရာတွင် ဆရာကြီးမှာ အမျက်မပြေဘဲ မောင်ကျော်ဆွေအား ရုံးခန်းသို့ခေါ်ဆောင်ပြီး ဝါးခြမ်းပြားဖြင့်ရိုက်သည်။ ၎င်းမှုနှင့်မပြီးသေး မောင်ကျော်ဆွေအား စာသင်ခန်းသို့ခေါ်သွားပြီး ကျောင်းသားများရှေ့တွင် မောင်ကျော်ဆွေ၏ ခြေထောက်၊ ပေါင်၊ တင်ပါးနှင့် ကျောကုန်းများကို အချက်ပေါင်းများစွာ ရိုက်ပြန်သည်။

မျက်မြင်သက်သေတို့၏ ထွက်ဆိုချက်အရ ရိုက်သောအချက်ပေါင်းမှာ (၃၀)(၄၀)ခန့်ရှိသည်ဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန် ဦးမောင်မောင်စိန်၏ ထွက်ဆိုချက်တွင် လက်မောင်းများ၊ ပေါင်များ၊ ခြေသလုံးများတွင် ဖူးရောင်နေသော ဒဏ်ရာများ အချက်ပေါင်း ၁၄ ချက်၊ ၁၅ ချက်လောက် တွေ့ရှိသည့်ဟုတင်ပြသည်။

မောင်ကျော်ဆွေသည် ထိုဒဏ်ရာများကြောင့် ဆေးရုံတွင် (၉)၊ ရက်အတွင်းလူနာအဖြစ် ကုသနေရသည်။ ထိုဒဏ်ရာ၏အရှိန်ကြောင့် ကျောင်းမတက်နိုင်ရုံမျှမက စာမေးပွဲကြီးကိုလည်း ဝင်ရောက်မဖြေဆိုနိုင်ခဲ့ပါ။

တရားရုံးတော်မှ သုံးသပ်ရာတွင်

မောင်ကျော်ဆွေသည် ဆရာကြီးအား အိမ်သာထဲတွင် သဲနှင့်ပက်မိသည်မှာ မငြင်းနိုင်။ သို့သော် ထိုသို့ပြုလုပ်ခြင်းမှာ ဆရာကြီးအိမ်သာတွင် ရှိနေကြောင်းသိခဲ့လျှင် လုပ်မည့်လက္ခဏာမဟုတ်။ သူ၏သူငယ်ချင်း မောင်ဦးဟုထင်မှတ်ကာ ပက်မိကြောင်းကို ဆရာကြီးက လက်မခံဘဲ ဒေါသထွက်ပြီး ကျောင်းသားကဝန်ခံပါလျက် အချက်ပေါင်း များစွာရိုက်၍ ဒဏ်ရာများရကာ ဆေးရုံတွင် (၉)ရက်မျှ ဆေးကုသရခြင်းသည် ဆရာကြီးအနေဖြင့် လက်လွန်သွားသည်ဟု တွေ့ရသည်။

မောင်ကျော်ဆွေသည် အတန်းထဲ၌ လူစွာကလေးတစ်ယောက်ဖြစ်၍ ပျော့ရမ်းနေသူ ဖြစ်သည်။ သို့သော် ကျောင်းသားအချင်းချင်း အပေါ်၌သာ လျှင် ကျီစယ်ခြင်းမျိုးသာ လု[...] လေ့လုပ်ထရှိသည်။

ဆရာကြီးကိုဖြစ်စေ အခြားဆရာများကိုဖြစ်စေ နိုင်[...] ရိုင်းပြပြ စော်စော်ကားကား လု[...] ခဲ့သူမဟုတ်။

ကျောင်းဆရာကြီး ဦး[...]





www.burmeseclassic.com

www.burmeseclassic.com



ကောင်းဝါသည် မောင်ကျော်ဆွေ
အပေါ် လုပ်သင့်လုပ်ထိုက်သည်
ထက် ပိုမို၍ ဒေါသကြီးသဖြင့်
ပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်
သည်။

ကာယကံမြောက် ပြု
လုပ်ခြင်းသည် နာကျင်မှုကို
ဖြစ်စေသဖြင့် ပြစ်မှုဆိုင်ရာဥပဒေ
ပုဒ်မ ၃၂၃ အရ (၁)နှစ်အထိ
ထောင်ဒဏ်အမျိုးမျိုးဖြစ်စေ၊
ကျပ်(၁၀၀၀/)ထိငွေဒဏ်ဖြစ်စေ
ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်
သည်။

ဆရာကြီး ဦးကောင်းဝါ
က မိမိသည် ကျောင်းသား
မောင်ကျော်ဆွေအား စေတနာ
ကောင်းနှင့် ဆုံးမပါသည်ဟု တင်
ပြသည်။ သို့ရာတွင် ကာယကံ
မြောက်ရိုက်နှက်သည့် အခြေအ
နေမျိုးကို သေချာစွာသုံးသပ်လျှင်
ဆရာကြီး ဦးကောင်းဝါသည်
စပ်စေတနာနှင့် စေတနာနှင့်
ပြုလုပ်ပါသည်ဟု ဆိုသော်ငြား
လည်း ၎င်း၏ အပြုအမူများ
သည် စေတနာနှင့်လုပ်သည့်
အပြုအမူမျိုးမဟုတ်။

သဲပက်ခံရသဖြင့် ရှက်
၍ဒေါသကြီးစွာနှင့် ကလဲ့စားချေ
လိုသော သဘောနှင့်ပြုမူခြင်းမျိုး
ဖြစ်သည်ဟု ယူဆသည်။

ဦးကောင်းဝါသည်
ကျောင်းဆရာအလုပ် လုပ်ခဲ့
သည်မှာ (၁၉)နှစ်မျှရှိပြီး ယခင်
အခါများကလည်း ကျောင်းသား
များကို ဤကဲ့သို့ ဒေါသအ
လျောက် ကာယကံမြောက် ရက်
စက်စွာရိုက်နှက်ခဲ့ဖူးခြင်း ရှိသည်
မဟုတ်ပေ။

ပညာရေးဌာန ညွှန်
ကြားရေးဝန်ကလည်း ၎င်းအား
ပြင်းထန်စွာသတိပေးပြီးဖြစ်သည်။
ထို့ပြင် ပြလို့ကျောင်းမှ မင်းတုန်း
မြို့နယ်၊ ကပိုင်ရွာအလယ်တန်း
ကျောင်းသို့ ပြောင်းရွှေ့ပြီးလည်း
ဖြစ်သည်။

ပညာရေးဘက်က
လည်း ထိုက်သင့်သောအပြစ်ပေး
ပြီးဖြစ်သည်။ တစ်ဖက်တွင်
လည်း ကျောင်းသားနှင့်တကွ
ကျောင်းသားမိဘများမှာ အ
တော့်ကိုပင် နစ်နာခံနေရသည်။
ကျောင်းသားမိဘကလည်း မနစ်
နာရအောင် ဆရာကြီး ဦး
ကောင်းဝါအပေါ်တွင် ဥပဒေနှင့်
အညီ အပြစ်ဒဏ်ရရှိလေအောင်
ချင့်ချိန်ဝေဖန် သုံးသပ်ခဲ့သည်။

မူလတရားရုံးက ဦး
ကောင်းဝါအပေါ် ရာဇဝတ်ကျင့်
ထုံးပုဒ်မ ၅၆၂(၁)(က)အရ ရုံးမှ
သတိပေးဆုံးမ၍ လွှတ်လိုက်
သည့်အပြင် ပုဒ်မ ၅၄၆(က)(၁)
အရ တရားလို၏ ရုံးကုန်ကျ
စရိတ်များကို ပေးစေရန်ပျက်
ကွက်ပါက အလုပ်မဲ့ထောင်ဒဏ်
(၁)ရက် ကျခံစေရန် အမိန့်ချမှတ်
ခဲ့သည်။

အဆိုပါ အမိန့်နှင့်ပတ်
သက်၍ ရာဘက်စက်ရှင် တရား
သူကြီးက အမှုအား လေ့လာသုံး
သပ်ပြီး ဦးကောင်းဝါအပေါ် ချ
မှတ်ထားသော ပြစ်ဒဏ်မှာ အမှု
အဖြစ်အပျက်နှင့်စာလျှင် အလွန်
အလွန်နည်းလွန်းသည်ဟု ယူဆ
သဖြင့် ဦးကောင်းဝါအား အလုပ်
နှင့်ထောင်ဒဏ်(၃)လနှင့် ဒဏ်ငွေ
(၂၀၀)ကျပ်ထမ်းဆောင်စေရန်
ပျက်ကွက်ပါက နောက်ထပ်
ထောင်ဒဏ်(၁)လကျခံစေရန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ငွေပေးဆောင်ပါက ကျောင်းသားမောင်ကျော်ဆွေအား နှစ်နာကြေးအဖြစ်ပေးရန် နိုင်ငံတော်တရားရုံးချုပ်သို့ ထောက်ခံတင်ပြခဲ့သည်။

အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ထောင်ဒဏ်(၃)လပေးလိုက်ပါက ပညာရေးဌာနက သတိပေးခံထားနေရသော ဆရာကြီး ဦးကောင်းဝါမှာ အတော်ပင်နစ်နာသွားစရာ အကြောင်းရှိသည့်အပြင် ကျောင်းသားများအား စာသင်ခြင်းပျက်သွားသည်မှာလည်း စိုးရိမ်ရသည်။ သို့အတွက် နှစ်ဖက်မနစ်နာစေလိုသောသဘောဖြင့် မူလရုံးကချမှတ်ထားသော အပြစ်ဒဏ်အပြင် ဒဏ်ငွေ(၂၀၀)ကျပ်ပေးဆောင်စေ၊ ပျက်ကွက်ပါက အလုပ်နှင့်ထောင်ဒဏ်(၃)လကျခံစေ၊ ဒဏ်ငွေရရှိပါက ကျောင်းသားမောင်ကျော်ဆွေဘက်သို့ နစ်နာကြေးအနေဖြင့် ပေးစေရန် အမိန့် ချမှတ်ခဲ့ပါသည်။ (မောင်ခွေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (ခေါင်းကောင်းပါ၊ ၁၉၆၆၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၉၈၆)ကို ကိုးကားတင်ပြပါသည်။

ယခုအခါ ကလေးသူ
ငယ်များ၏ အခွင့်အရေးများ
ကာကွယ်စောင့်ရှောက်လျက် ရှိ
ပါသည်။ ဥပဒေနှင့်အညီ အပြည့်
အဝခံစားနိုင်ရေးအတွက် ကာ
ကွယ်စောင့်ရှောက်ကြရပါသည်။

ကလေးသူငယ်များအ
တွက် အကောင်းဆုံးအကျိုးစီ
ပွားကို ဆောင်ရွက်ကြရပါသည်။
ပြစ်မှုကျူးလွန်သော ကလေးသူ
ငယ်၏ အကျင့်စာရိတ္တချို့ယွင်း
ကို အလေးထားဆောင်ရွက်ကြ
ပါသည်။

ပြစ်မှုဆိုင်ရာ ဥပဒေ
ပုဒ်မ–၈၂ တွင်

"သက်(၇)နှစ်အောက်
ကလေးပြုလုပ်သည့် ပြုလုပ်
သည် ပြစ်မှုမမြောက်ဟု ပြဋ္ဌာန်း
ထားသည်။

အသက် (၇) နှစ်
အောက် ကလေးသည် အဆိုး
ကောင်း၊ အမှားအမှန် ဝေဖန်ပိုင်
ခြားနိုင်သူ မဟုတ်ပါ။" အသက်
(၇)နှစ်အောက်ကလေးကို ပြစ်မှု
ကျူးလွန်ရန် အသုံးချလျှင်
ကလေးသည် ပြစ်မှုကျူးလွန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်သော်လည်း အသုံးချသူ သူကြီးသည် ကိုယ်တိုင်ပြစ်မှုကျူးလွန်ဘိသကဲ့သို့ တာဝန်ရှိပါသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၈၃ တွင်

"ပြုစဉ်အခါက မိမိပြုသောပြုလုပ်မှု၏ သဘောနှင့်အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင် အဆင်အခြင်နှင့် မပြည့်စုံသေးသော အသက်(၇)နှစ်နှင့်အထက် (၁၂)နှစ်အောက် အရွယ်ရှိကလေး၏ပြုမူမှုသည် ပြစ်မှုမမြောက်"ဟု ပြဋ္ဌာန်းထားပါသည်။

ကလေးသူငယ်များအား အသက်ဘေးအန္တရာယ်ဖြစ်စေနိုင်သော၊ ရောဂါဝေဒနာစွဲကပ်နိုင်သော၊ အကျင့်စာရိတ္တပျက်ပြားစေနိုင်သော အလုပ်ကို စေခိုင်းခြင်းမပြုရပါ။ လုပ်ကိုင်ခွင့်လည်း ပြုခွင့်မရှိပါ။

ကလေးသူငယ်အား လောင်းကစားပြုရန် တိုက်တွန်းခြင်း၊ သွေးဆောင်ခြင်း၊ အားပေးကူညီခြင်း မပြုရပါ။

ကလေးသူငယ်ထံမှ ပစ္စည်းတစ်စုံတစ်ရာကို အပေါင်ခံခြင်း၊ ကလေးသူငယ်ပစ္စည်းပေါင်နှံသည်ကို အားပေးခြင်းမပြုရပါ။

ကလေးသူငယ်များအား သင်တန်းကျောင်း၊ ဂေဟာ၊ ယာယီ၊ စောင့်ရှောက်ရေးစခန်း၊ စောင့်ရှောက်သူထံမှ ထွက်ပြေးရန် သွေးဆောင်ဖြားယောင်းခြင်း၊ အားပေးကူညီခြင်း၊ ထွက်ပြေးလာသည်ကို သိလျက်နှင့် လက်သင့်ခံဝှက်ထားခြင်း၊ ပြန်မသွားရန် တားမြစ်ခြင်းစသည်များပြုလျှင် ပြုသူအား ကလေးသူငယ်ဥပဒေပုဒ်မ ၆၅ အရ ထောင်ဒဏ်(၆)လအထိဖြစ်စေ၊ ငွေဒဏ်ကျပ်(၁၀၀၀ိ/)ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်သည်။

(၁၆)နှစ် မပြည့်သေးသော မိန်းကလေးသည် ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုနေသည်ကိုသိလျှင် တားမြစ်ရပါမည်။ တမင်လျစ်လျူရှုထားလျှင် အရေးယူခံရပါမည်။

ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူနှင့် နေထိုင်သွားလာပေါင်းသင်းသည်ကိုလည်း တားမြစ်ရပါမည်။

မိမိကိုယ်ကျိုးအတွက် ကလေးသငယ်များအား တောင်းရမ်းခိုင်းခြင်း၊ တောင်းရမ်းစားသောက်နေသည်ကို တားမြစ်ရန် ပျက်ကွက်ခြင်း၊ မိမိက တောင်းရမ်းစားသောက်ရာတွင် ကလေးသူငယ်ကို အသုံးပြုခြင်းများ ပြုခွင့်မရှိပါ။

မိဘ၊ ဆရာ၊ အုပ်ထိန်းသူတို့က လိမ္မာစေရန် ဆုံးမခြင်းမျိုးမဟုတ်ဘဲ ကလေးသူငယ်အား တမင်နှိပ်စက်ညှဉ်းပန်းခြင်း၊ ဒေါသတကြီး ရက်ရက်စက်စက်ရိုက်နှက်ခြင်းမျိုးကိုမူ ပြုလုပ်ခွင့်မရှိပါ။

ပြစ်မှု ကျူးလွန်ကြောင်း စွပ်စွဲခံရသော သို့မဟုတ် သက်သေအဖြစ်ပါဝင်သော ကလေးသူငယ်သည် မည်သူမည်ဝါဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိသာထင်ရှားစေရန် သတင်းအချက်အလတ်များကို သက်ဆိုင်ရာ ကလေးသူငယ် တရားရုံး၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်တို့တွင် ထည့်သွင်းဖော်ပြကြေညာခြင်း၊ ကလေးသူငယ်၏ ဓာတ်ပုံကို ဖော်ပြခြင်းမျိုး မပြုရပါ။

ကလေးသူငယ်အား ညစ်ညမ်းသော ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်မြင်သံကြား၊ ဓာတ်ပုံရိုက်ကူးခြင်း စသည်များပြုလုပ်လျှင် ပြုသူအား ကလေးသူငယ်ဥပဒေ ပုဒ်မ ၆၆ အရ ထောင်ဒဏ်(၂)နှစ်အထိဖြစ်စေ၊ ငွေဒဏ် ၁၀၀၀၀ိ/အထိဖြစ်စေ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။

အကြောင်းအရာကို မသိ၍ ပြစ်မှုကျူးလွန်မိခြင်းကို ခွင့်လွှတ်၍ရသည်။ Ignorance of facts an excuse. ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်ခြင်းကို ခွင့်လွှတ်၍မရပါ။ Ignorance of the law is not an excuse.

စတုတ္ထမဏ္ဍိုင် မီဒီယာ သမားများ၊ သတင်းထူး၊ သတင်းဦး၊ ဖော်ပြတတ်သည့် သတင်းထောက်များ အလေးအနက်ထား သတိပြုကြရပါမည်။

ဓားသွားထက် ကလောင်သွားထက်သည်။ The pen is mightier than the sword. ကလောင်သွားထက် ဥပဒေကပိုထက်သည်။ The law is mightier than the pen.

မြန်မာနိုင်ငံတော်အစိုးရက ၁၉၉၁ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (The Convention on the Rights of the Child) အရ၊ ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော "မြန်မာနိုင်ငံကလေးသူငယ် ဥပဒေ" သည် ကလေးများကို အကြမ်းဖက်ခြင်းမှ ကာကွယ်ရန် တိုက်တွန်းထားပါသည်။

မိဘ(သို့မဟုတ်)စောင့်ရှောက်သူမှ သင့်တင့်လျောက်ပတ်သော ပြုစုစောင့်ရှောက်မှု... ပေးစွမ်းရန် ပျက်ကွက်သ... ကလေးတွင် အန္တရာယ်ကြုံ... နိုင်သော အခြေအနေများ... မတော်မတရား ပြုလုပ်ခြင်း... ဆိုပါသည်။

ကလေးများကို မတော်... မတရား ပြုမူခြင်းကို နေရာ... အချိန်၊ အသက်အရွယ်မ... မည်သည့်ကလေးမဆို ကြုံ... နိုင်ပါသည်။ မည်သည့်မတော်... မတရားပြုမူခြင်းမျိုးကို လက်... နိုင်ပါ။

မိဘ(သို့မဟုတ်)စော... ရှောက်သူက ပြုလုပ်သင့်သ... ကို မပြုလုပ်ခြင်း၊ မပြုလုပ်သ... သည်ကို ပြုလုပ်ခြင်းကြောင့် ဖြ... ပေါ်လာသော ကလေးသူင... များကို မတော်မတရားပြုမူခြ... များမှာ ကိုယ်ကာယပိုင်းဆိုင်... မတော်မတရား ပြုမူခြင်း၊ လ... လျစ်လျူရှုခြင်း၊ စိတ်ပိုင်းဆိုင်ရာ ... တော်မတရား ပြုမူခြင်းတို့... ပါသည်။

ကာယပိုင်းဆိုင်ရာ ... တော်မတရားခြင်းဆိုသည်မှ...



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ဦးကို ကိုယ်ကာယ
ပိုင်းဆိုင်ရာ ထိခိုက်နစ်နာအောင်
ပြုလုပ်ခြင်းနှင့် မိဘသို့မဟုတ်
စောင့်ရှောက်သူမှ ထိုသို့ထိထိုက်
နစ်နာမှုမဖြစ်အောင် တားဆီးရန်
ပျက်ကွက်ခြင်းတို့ ဖြစ်ပါသည်။

လျစ်လျူရှုခြင်းဆို
သည်မှာ စောင့်ရှောက်သူသည်
ကလေးကို ကျန်းမာရေး၊ ပညာ
ရေး၊ စိတ်ကျန်းမာရေး၊ အာဟာ
ပြည့်ဝမှုနှင့် နေထိုင်မှုအဆင့်
အတန်းတို့ကို ဂရုစိုက်ရန်ပျက်
ကွက်ခြင်း၊ ထိုသို့ပျက်ကွက်သ
ဖြင့် ကလေး၏ ကိုယ်စိတ်ကျန်း
မာရေးနှင့် အခြားဖွံ့ဖြိုးတိုးတက်မှု
များချို့ယွင်းခြင်းတို့ဖြစ်ပါသည်။
လျစ်လျူရှုခြင်းတွင် တမင်သက်
သက်ပြုလုပ်ခြင်းနှင့် တမင်သက်
သက်ပြုလုပ်ခြင်း မဟုတ်သည်
ပါဝင်သည်။

လိင်မှုဆိုင်ရာ မတော်
မတရားမှုဆိုသည်မှာ ကလေး
(သို့မဟုတ်)ငယ်ရွယ်သူတစ်ဦးဦး
သည် လိင်မှုဆိုင်ရာအမြတ်ထုတ်
ခြင်း တစ်ခုခုကိုပြုမူခံရခြင်း(သို့
မဟုတ်)ပြုမူခံရနိုင်သည့် အခြေ
အနေမျိုး ရှိခြင်းဖြစ်ပါသည်။

လိင်မှုဆိုင်ရာ မတော်
မတရားမှုများတွင် အဓမ္မပြုကျင့်
ခြင်း၊ ဆွေမျိုးတော်စပ်သူက လိင်
မှုကိစ္စကျူးလွန်ခြင်း၊ ကလေးများ
ပါဝင်ပတ်သက်နေသည့် နည်း
များဖြင့် ကလေးများကို ကိုင်
တွယ်ခြင်း၊ ညစ်ညမ်းစာပေနှင့်
ရုပ်ရှင်များအပါအဝင်တို့ကို ဆိုလို
သည်။

စိတ်ပိုင်းဆိုင်ရာ မတော်
မတရားပြုခြင်းဆိုသည်မှာ က
လေးများအားစိတ်ပိုင်းနှင့် အမူအ
ကျင့်ပိုင်း ဖွံ့ဖြိုးတိုးတက်စေရန်
လိုအပ်သောပတ်ဝန်းကျင်ကို ဖန်
တီးရန်ပျက်ကွက်ခြင်းဖြစ်ပါသည်။

စိတ်ပိုင်းဆိုင်ရာ မတော်
မတရားမှုများတွင် ကလေး၏
လှုပ်ရှားမှုများကို ထိန်းချုပ်ခြင်း၊
ဆိုးရွားစွာပြုမူဆက်ဆံခြင်း၊
ဥပမာ–ဆဲဆိုခြင်း၊ ခြိမ်းခြောက်
ဆံခြင်း၊ လှောင်ပြောင်သရော်
ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် ပစ်
ပယ်ခြင်းတို့ ပါဝင်ပါသည်။

ကလေးသူငယ် အခွင့်
အရေး ကာကွယ်စောင့်ရှောက်
ရေး ဆိုသည်မှာ ကလေးများကို
လျစ်လျူရှုထားခြင်း၊ မတော်မတ
ရားပြုမူခြင်း၊ ကလေးများကို
ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့်
အကြမ်းဖက်ခြင်းတို့မှ ကာကွယ်
ခြင်းဖြစ်ပါသည်။

ယခုအခါကလေးသူ
ငယ်များကို လူကုန်ကူးမှု ပြုနေ
ကြပါသည်။ လူကုန်ကူးရာတွင်
မိန်းကလေးငယ်များအား ပြည့်
တန်ဆာအဖြစ် စေခိုင်းရောင်း
စားလာကြသည်။

ကလေးသူငယ်များကို
သွေးဆောင်ခေါ်ယူ၍ တောင်း
ရမ်းစားသောက်နေကြသည်။

Save the Children
သည် ကလေးများ မတော်မ
တရား ပြုခံနေရခြင်းနှင့် ထိုသို့
မတော်မတရား ပြုခံရခြင်း
ကြောင့် ကလေးများပေါ်တွင်
သက်ရောက်သည့် နောက်ဆက်
တွဲဆိုးကျိုးများကို သတိပြုကြ
ရမည်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့
ကလေးများကို မည်သည့်မတော်
မတရားပြုခြင်းမျိုးမှမဆို ကာ

www.burmeseclassic.com



ကွယ်စောင့်ရှောက်ပေးရန် အထူးလိုအပ်မည်ဟု သံနိဋ္ဌာန်ချထားပါသည်။

အသက် (၁၄) နှစ်အောက် မိန်းကလေးတစ်ဦးအား ပေါင်းသင်းစပ်ယှက်လျှင် မိန်းကလေးက သဘောတူစေကာမူ မုဒိမ်းမှုကျူးလွန်ရာ ရောက်ပါသည်။

အသက်အရွယ်နုနယ်သဖြင့် အကောင်းအဆိုးကို ခွဲခြားနိုင်သည့် အရွယ်မဟုတ်သည့်အလျောက် မိန်းကလေး၏ သဘောတူခွင့်ပြုသောကြောင့် ကာမဆက်ယှက်ခြင်းသာဖြစ်သည်ဟု ထုချေခြင်းမပြုနိုင်ပါ။ (ကြက်ဖ(ခ)မောင်တင်မြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၆ မြန်မာနိုင်ငံ တရားစီရင်ထုံးစာ–၈၄၅)တွင် ထုံးပြုထားသည်ကို ရည်ညွှန်းပါသည်။


အသက် (၄)နှစ်အောက် ယောကျ်ားကလေး၊ အသက်(၁၆)နှစ်အောက် မိန်းကလေး၊ စိတ်ပေါ့သွပ်သူအား အုပ်ထိန်းသူသဘောမတူဘဲ ဖြားယောင်းခြင်းအားဖြင့် ထွက်သွားစေလျှင် လူခိုးမှုကျူးလွန်ရာရောက်ပါသည်။

လူခိုးမှုကျူးလွန်လျှင် (၇)နှစ်ထိ ထောင်ဒဏ်တစ်မျိုး မျိုးချမှတ်ရမည့်အပြင် ငွေဒဏ် လည်း ချမှတ်နိုင်ပါသည်။

မိဘများနှင့် အုပ်ထိန်း သူများ သတိပြုရန်မှာ အသက် (၁၈)နှစ်အောက် ယောကျ်ား လေး၊ အသက်(၁၄)နှစ်အောက် မိန်းကလေးကို ထိမ်းမြားလက် ထပ်ရန် မိဘများက သဘော ညီချက်ပေးပါက "ကလေးငယ် များ ထိမ်းမြားမှုတားမြစ်ရေး အက်ဥပဒေ"အရ အပြစ်ပေး ကြရမည် ဖြစ်ပါသည်။

ကလေးငယ်တိုင် သည် အသက်ရှင်သန်ရန် ရာပါအခွင့်အရေး ရှိကြပါသည်

ကလေးသူငယ်မျ အား ကျွေးမွေးထိန်းသိမ်းစော ရှောက်ရေး ကာယဉာဏ ဘ စုံဖွံ့ဖြိုးတိုးတက်စေရန် ပြုစု ထောင်မှုသည် မိဘအုပ်ထိန်း တို့၏ မူလတာဝန်သာ ဖြစ် သည်။



ကလေးသူငယ်အ ကျွေးမွေးထောက်ပံ့ရန်ပျက်ကွ သော ငြင်းပယ်သော မိဘ



www.burmeseclassic.com

www.burmeseclassic.com



မှ လစဉ်ထောက်ပံ့ကြေးရ ိုက်ခွင့်ရှိသည်။

သားသမီးဖြစ်သူက ခင်ထံမှ ကလေးစရိတ်ရလို ကြောင်းနှင့် ပတ်သက်၍ တရား တမှု၊ ကောင်းမြတ်သောစိတ် ားတို့နှင့်အညီ အဆုံးအဖြတ် ရပါမည်။

လောကပါလတရားအ ဆုံးဖြတ်ခြင်းဖြစ်သည်။

ဖခင်က သားသမီးအား ကျွေးမွေးထောက်ပံ့ရန် တာဝန် ရှိလျှင် ယင်းတာဝန်ကို ဖောက် ဖျက်သည့်အတွက် ကုစားရမည့် နည်းလမ်းလည်းရှိသည်။

ဖခင်အပေါ် သားသမီး များက ကလေးစရိတ်ရလို ကြောင်း တရားမကြောင်းအရ တရားစွဲဆိုခွင့်ရှိပါသည်။

ကလေးသူငယ် အခွင့် အရေးဆိုင်ရာ ကော်မတီသည် ကလေးသူငယ်တို့၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ အကောင်အထည် ဖော် ဆောင်ရွက်ခြင်းများ ပြုလုပ်ကြရပါသည်။

ကလေးသူငယ်များ မှ ခင်းမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ပေးကြရပါမည်။

ကလေးသူငယ်၏ တရားဝင် ခံစားပိုင်ခွင့်ရှိသော အခွင့်အရေးတစ်ရပ်ရပ် ဆုံးရှုံးနစ်နာခြင်းနှင့် စပ်လျဉ်း၍ နစ်နာသူ ကလေးသူငယ်ကိုယ်တိုင်ဖြစ်စေ၊ မိဘအုပ်ထိန်းသူ၊ နီးစပ်ရာပုဂ္ဂိုလ် တစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာ ကော်မတီသို့ တင်ပြတိုင်ကြားနိုင်ပါသည်။

တစ်ဖက်တွင်လည်း ကလေးသူငယ်များသည် အခြားသူများ၏ အသက်ရှင်သန်နေထိုင်မှုကို လေးစားရန် တာဝန်ရှိပါသည်။

ကလေး သူငယ်များသည် လုပ်ချင်သောအရာတိုင်းကို လုပ်ဆောင်ရန် အခွင့်အရေး မရှိပါ။

ကလေးသူငယ်များ အနေဖြင့် မိမိတို့၏ တာဝန်များကို ကောင်းစွာနားလည်ရန် လက်တွေ့လိုက်နာရန် တာဝန်ရှိပါသည်။

ကလေးသူငယ်များနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို ဥပဒေဖြင့် ပြဋ္ဌာန်း သတ်မှတ်ထားပြီးဖြစ်၍ အကျယ်တဝင့်မတင်ပြလိုတော့ပါ။

ကလေးသူငယ်များသည် အနာဂတ် နိုင်ငံတော်၏ ပိုင်ရှင်များ ဖြစ်ကြနှင့်အညီ ကလေးသူငယ်များ တိုးတက်မြင့်မားပါမှ တိုင်းပြည်တိုးတက်လာနိုင်မည်လည်း ဖြစ်ပါသည်။

ကလေးသူငယ်များကို
အလေးထားပါ။
လေးစားတန်ဖိုးထားပါ။


ကလေးသူငယ်များ၏ လက်များသည် အနာဂတ်ကို ပိုင်ဆိုင်စိုးမိုးကြသူများဖြစ်၍ ကလေးသူငယ်များဘဝ ရှင်သန်တိုးတက် ကြီးပွားကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

ဦးခင်ဇော်(မရမ်းကုန်း)



www.burmeseclassic.com

www.burmeseclassic.com



# မသူတော် မောင်ကျော်နှင့် စုန်းမကြီး ဒေါ်အိုဇာ

ဇေယျာရွှေ (မော်လမြိုင်)



www.burmeseclassic.com

www.burmeseclassic.com



## "မသူတော်မောင်ကျော်နှင့်စုန်းမကြီး ဒေါ်အိုဇာ"

ဇေယျာရွှေ(ရွှေမြို့င်)

မသူတော် မောင်ကျော်နှင့် သင်္ကေဘာကဒက်တောတို့ ရွာထွတ်ဘုရားပွဲတွင် ရိုးရာလက်ဖွေ့ပွဲတွင် ဆုံတွေ့ကြရာမှ မိတ်ဆွေများဖြစ်သွားကြသည်။ မသူတော်နှင့်၍ ရရှိသောဆုကြေးငွေများကို မိဘကိုလုပ်ကျွေးသော ဒက်တောအားပေးခဲ့ရာမှ တစ်ယောက်သဘောထား တစ်ယောက်နားလည်ကာ ညီရင်းအစ်ကိုသဖွယ် ခင်မင်စွာရှိနေကြပြန်သည်။

သင်္ကေဘာရွာ လယ်ပိုင်ရှင်ကြီး ဦးဖိုးတုတ်အိမ် ခါးပြတိုက်မှုတွင် မသူတော်ကူညီခဲ့သဖြင့် ဗြိတိသျှအစိုးရကပေးသော ဆုကြေးရှုးပီးငွေတစ်ထောင့်ငါးရာနှင့် ဦးဖိုးတုတ်ချီးမြှင့်သော ငွေငါးရာကိုရရှိပြန်ရာ ဒက်တောမှာ သင်္ကေဘာရွာတွင် သူဌေးလေးတစ်ယောက် ဖြစ်လာပြန်သည်။ သို့သော် ဒက်တောသည် မျက်နှာဖြူများကို ကြည့်၍ရသည်မဟုတ်။ ၎င်းတို့ပေးသော ဆုငွေကိုလက်ခံခဲ့ရသော်လည်း ဒင်းတို့ကိုကျေးဇူးမတင်။ ထိုငွေကြေးကိုလည်း မသုံးစွဲလို။ ထို့ကြောင့် မိဘများလှူဒါန်းနိုင်ရန် ရူပီးငွေနှစ်ထောင်ကို မိဘများအားအပ်နှံပြီး ရိုးရိုးသားသား လယ်သမားဘဝဖြင့် မိဘကိုလုပ်ကျွေးရန် သန္နိဋ္ဌာန်ချထားလိုက်သည်။

ကိုယ်ပိုင်လယ်တစ်ခင်းနှင့် နွားတစ်ရှဉ်း ပိုင်ခဲ့သော ဒက်တောတစ်ယောက် မိုးမကျမီ လယ်များပြင်ဆင်နေရာ မသူတော်ငတိုးနှင့် ဝဲကျော်တို့သည် ကူညီလုပ်ကိုင်ပေးရန်အတွက် မကြာခဏ သင်္ကေဘာသို့ ရောက်ခဲ့ကြသည်။

"မှန်လိုက်လေ မသူတော်ရယ်၊ မနက်က အိမ်မှာကျီးသာတော့ ဧည့်လာလိမ့်မယ်လို့ မျှော်နေတုန်း မသူတော်တို့ ရောက်လာကြလေရဲ့"

"ကျီးသာရင် ဧည့်လာသတဲ့ပါ အစ်ကိုဒက်တောရယ်"

"လူကြီးတွေက ဒီလိုပဲ ပြောတာပဲမဟုတ်လား"

"ရွှေကျီးသာရင် ရှေးလူကြီးတွေက ဒီလို နိမိတ်ဖတ်ကြသတဲ့"

"ဗဟုသုတလေးရအောင် ပြောပြပါဦး မသူတော်ရယ်"

"အရှေ့ဘက်က ရွှေကျီးသာရင် အဆွေခင်ပွန်းကောင်း လာမယ်တဲ့ဗျ၊ အရှေ့တောင်က ရွှေကျီးသာရင်တော့ မီးလောင်မယ်တဲ့။ တောင်ဘက်ကရွှေကျီးသာရင် လာဘ်ရမယ်။ ဆရာသမားများလည်း လာလိမ့်မယ်။ အနောက်တောင်က ရွှေကျီးသာရင်တော့ သူခိုးကြံစည်မယ်၊ သတိနဲ့ နေပေရော့။ အနောက်က ရွှေကျီးသာရင် ဘေးတွေ့မယ်။ အနောက်မြောက်က ရွှေကျီးသာရင် ဆင်၊ မြင်း၊ ကျွန်တစ်ခုခုရလိမ့်မယ်။ မြောက်ဘက်က ရွှေကျီးသာရင် သတင်းကောင်းကြားရလိမ့်မယ်။ အရှေ့ဘက်က ရွှေကျီးသာရင် ပူဇော်ခံရမယ်တဲ့ဗျ"

"မှတ်သားစရာ ဗဟုသု



www.burmeseclassic.com

www.burmeseclassic.com



တတွေပါပဲ မသူတော်ရယ်''

''အစ်ကို ဒက်တော ဘာတွေများ ဆောင်ရွက်နေပါလိမ့်''

''ကိုယ်ပိုင်လယ်၊ ကိုယ်ပိုင်နွားရှိလာပြီဆိုတော့ စပါးကျီလုပ်ရတယ်၊ ဆန်ကြိတ်ဆုံ၊ ဆန်ဖွပ်မောင်း၊ ဆုံမောင်းတို့ကြိုတင်လုပ်ထားရမယ်လေ၊ ဒါကလဲ ရွာဓလေ့ပဲမဟုတ်လား''

''ဆန်ဖွပ်မောင်းကော ပြုလုပ်တတ်လို့လား အစ်ကိုဒက်တောရဲ့''

''မေးရမြန်းရဦးမှာပါ''

''ဆန်ဖွပ်မောင်းဆိုတာ အလျားတစ်ဆယ့်လေးထွာထားရတယ်။ လေးထွာမှာ ခါးကိုထားရတယ်။ ရှစ်ထွာမှာတော့ လည်ညှပ်ကိုထား၊ တစ်ဆယ့်တစ်ထွာမှာ ကျည်ပွေ့ထား၊ အဲဒီတော့ မောင်းဦးသုံးထွာကျန်လိမ့်မယ်၊ ပြီးတော့ ဖွပ်မောင်းကို အိမ်ရှင်ရဲ့ အဓိပတိအရပ်မှာထားတော့ ရောဂါဘေးရန်ကင်းမယ်တဲ့။ ရှေးအစဉ်ပေါ့။ ဖွပ်မောင်းလုပ်ခဲ့ကြတာလေ၊ သက်သောင့်သက်သာနင်းရပြီး ဆန်ကြေမဆင်ဘဲ ဆန်ဖြူမြန်ပေသပေါ့ဗျာ''

''ကောင်းလိုက်တာ မသူတော်ရယ်''

''ဆုံမောင်းကော လုပ်သေးသလား''

''ဆုံမောင်းတော့ ထွင်းပြီးပါပြီ၊ ကျည်ပွေ့ပဲကျန်တော့တယ်''

''ဆုံမောင်းအတွက် ကျည်ပွေ့လုပ်ရင် ညောင်သားကို ကျည်ပွေ့မလုပ်ကောင်းဘူးနော် ဒါကိုတော့ သတိကြပ်ကြပ်ထား ပြီးတော့ ဆုံမောင်းကို အိမ်ဦး ခေါင်းရင်းကထားပြီး ထောင်းရင် အိမ်ရှင်ပျက်စီးတတ်သတဲ့''

''မှတ်သားလောက်





www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မသူတော်ရယ်''

မသူတော်တို့ စကား ပြောနေစဉ် ခြေရင်းအိမ်မှ မိအေး ရောက်လာသည်။

''လုပ်ပါဦး ကိုဒက်တောရယ်...၊ ကျွန်မ ယောကျ်ား မုဒ္ဒန်းကပြန်အလာ ရွာအဝင် သချိုင်းကိုဖြတ်ပြီး ဒေါ်အိုဇာ အိမ်ရှေ့ရောက်တော့ တံတွေးထွေးမိတာနဲ့ အပြုစားခံရပြီး ကိုယ်တွေခြစ်ခြစ်တောက်ပူပြီး ဖျားတော့တာပဲ ...''

''ဒေါ်အိုဇာ ဆိုတာ ဘယ်သူလဲ အစ်ကိုဒက်တော''

''ကျွန်တော်တို့ရွာက စုန်းမကြီး ဒေါ်အိုဇာပေါ့ဗျာ၊ ရွာမှာ အဖျားအနာရောက်တိုင်း ဒေါ်အိုဇာပြုစားလို့ဆိုပြီး ရွာက မောင်းထုတ်လို့ သချိုင်းနားမှာ နေရတယ်''

''ဒေါ်အိုဇာဆိုတာ ဒီရွာကလား''

''မဟုတ်ဘူးဗျ။ လွန်ခဲ့တဲ့တစ်ဆယ့်ငါးနှစ်ကမှ ရွာကို ရောက်လာတာ၊ ရွာသားတွေက စုန်းမကြီးဆိုပြီး မောင်းထုတ်ထားတာပဲ''

''ကဲ ကဲ စုန်းပြုစားတယ်ဆိုရင်လဲ ပျောက်အောင် ကုသပေးပါ့မယ်၊ ကျွန်တော့်ကို အပ်ပါတော့ ကိုဒက်တောရယ်''

မသူတော်သည် စုန်းမကြီးဒေါ်အိုဇာ ပြုစားသည်ဆိုသော မိအေးယောကျ်ား ကိုတင်ကိုစမ်းသပ်ပေးလိုက်သည်။ ကိုတင်တစ်ယောက် မနက်ကတည်းက မုဒ္ဒန်းဘက်ထွက်သွားသည်။ နေခြစ်ခြစ်တောက် ပူပြင်းတုန်း ကွင်းပြင်ကိုဖြတ်လျှောက်ပြန်လာသည်။ သချိုင်းအနီး ဒေါ်အိုဇာနေအိမ်အနီးက ဖြတ်လာပြီး ရွာအဝင်ညောင်ပင်ကြီးအောက်တွင် အမောဖြေရင်း ခေတ္တနားရင်း တစ်မှေးကျသွားသည်။ အိမ်ရောက်တော့ ကိုယ်တွေခြစ်ခြစ်တောက် ပူနေလေပြီ။

မသူတော်သည် ဘုရားစင်ရှေ့သို့သွားကာ ဘုရားကန်တော့ပြီး ဂုံစက္ကူပေါ်တွင် အင်းချကာ ဂါထာ၊ စုပ်ပြီးပြာချ၍ ရေနှင့်ဖျော်တိုက်လိုက်သည်။

''ကဲ ချုပ်အင်းကတော့ တိုက်ပြီးပြီ၊ ဒင်းကို ဒဏ်ပြန်အပင်းသွင်းမယ် စုန်းမကြီးဒေါ်အိုဇာ ခံနိုင်ရင်ခံပေတော့''

မသူတော်သည် အိမ်သူမိအေးအား ကြက်သွန်နီဥနှစ်လုံးကို လေးစိတ်ခွဲစေပြီး ထန်းလျက်အချို့ကို ယူလာစေသည်။

''ကဲ ဒဏ်ပြန်အပြင်းပဲ၊ ဒီထန်းလျက်နဲ့ ကြက်သွန်နီက ဒေါ်အိုဇာဝမ်းထဲမှာ ငါးအရှင်နဲ့ ဖားအရှင် ဖြတ်စေရော့ ကဲ ကိုတင် အေးစားလိုက်ဗျာ''

ကြက်သွန်နီ နှစ်ဥနှင့် ထန်းလျက် လေးငါးခဲခန့်ဝါးပြီးသော် လူနာကိုခေါင်းခြုံ၍အိပ်နေစေပြီး ညဦးပိုင်းတွင် ကြပ်ခိုးနှင့်နနွင်းကိုပြုတ်ထည့်တိုက်ရန် မှာကြားပြီး ပြန်ခဲ့ကြတော့သည်။

သုံးရက်ခန့်ကြာသော် မသူတော်တို့ ဒက်တောအိမ်ရောက်ခိုက်

''ဟဲ့ ဒက်တောရေ လုပ်ပါဦးကွယ်၊ ငါ့သမီးမယ်မြ အရူးထပြန်ပြီ၊ ငါကလဲမနေတတ်၊ စုန်းမကြီးဒေါ်အိုဇာကို စိတ်ထဲကဆဲလိုက်မိတယ်ဟယ်''

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စည်ပုကြီး၏အပြော။ ခက်ပြီ၊ ဖျားကြနာကြ။ ရူးကြမူးကြ။ အားလုံးကိုစုန်းမကြီးဒေါ်အိုဇာက ပြုစားသတဲ့။ ရှိစေတော့ ကုမပေးရဦးမည်။

"ကဲ ... အစ်ကို ဒက်တာရေ၊ အတော်ပဲ ကျွန်တော့်ထံမှာ စုန်းမပြုစားလို့ ရူးတဲ့သူအတွက် ဘုရားဆေး၊ တရားဆေး၊ သံဃာဆေးဆိုတဲ့ ဆေးသုံးလုံးပါလာတယ်။ ရော့ ... ရော့ ဒီဝဿဝရောကို အတောင်တပ်လိုက်ပေတော့။

အရူးမမယ်မြ မသူတော်ပေးသော ဆေးသုံးလုံးသောက်ပြီး နာရီဝက်ခန့်ကြာတော့ သွားလိုက်သည့်ဝမ်း၊ သုံးကြိမ်၊ လေးကြိမ်၊ ကိုးကြိမ်၊ ဆယ်ကြိမ်၊ တစ်ဆယ့်လေးကြိမ်၊ တစ်ဆယ့်ငါးကြိမ်ပြောလာတော့ ဒေါ်စိန်ပုပေါက်ချပါသည်။

"မယ်မြ ဝမ်းသွားတာလဲ အကြိမ်မနည်းတော့ဘူး၊ မောင်ရင်ဆရာလေးရယ် ဘယ်လိုလုပ်ရပါ့"

"ကြီးတော်သမီး အရူးမ မယ်မြအော်နိုင်သေးလား"

"အရင်ကလိုတော့ စူးစူးရှုရှုထက်ထက်မြက်မြက် အသံ

**ဒေါ်မယ်မြ မပြောနိုင်၊ မအော်နိုင်၊ ဘဲသံ၊ ဝက်သံပေါက်လာရင်တော့ ထန်းလျက်ကျွေးပြီး ရေချိုးသန့်စင်ပေတော့ ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်**

နဲ့တော့ မပြောနိုင်တော့ဘူး"

"ဒေါ်မယ်မြ မပြောနိုင်၊ မအော်နိုင်၊ ဘဲသံ၊ ဝက်သံပေါက်လာရင်တော့ ထန်းလျက်ကျွေးပြီး ရေချိုးသန့်စင်ပေတော့ ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်"

အသက်(၃၅)နှစ်ခန့်ရှိ ဒေါ်စိန်ပုသမီး မယ်မြတစ်ယောက် ရူးနေသည်မှာ ငါးနှစ်ခန့်ရှိပြီ။ စုန်းမကြီးဒေါ်အိုဇာကို ဆဲဆိုမိသဖြင့် ရူးသွားသည်ဟု တစ်ရွာလုံးက ပြောကြသည်။ မသူတော်မောင်ကျော် ဝဿဝရောအတောင်တပ်ပြီး တစ်ပတ်ခန့်ကြာတော့ ဒေါ်မယ်မြတစ်ယောက် လမ်းပေါ်မှာမတွေ့ရ တော့။ ဖြီးလို့၊ လိမ်းလို့အိမ်ထဲမှာ ပင် သိုသိုသိပ်သိပ်။ "တော်လိုက်တဲ့ ပယောဂဆရာလေး မသူတော်တဲ့"တဲ့။

ရွာထဲတွင် ဖျားကြနာကြတိုင်း စုန်းမကြီးဒေါ်အိုဇာ ပြု စားသည်ဟု တစ်ရွာလုံးက ယုံ ကြည်လိုက်ကြသည်။ မသူတော် မောင်ကျော်ကလည်း ဒင်းလား ဟဲ့၊ (၁၂)ကြိုးဆိုပြီ ဆရာလက်

www.burmeseclassic.com

ဆွဲကိုယ်ခံအဆောင်၊ သာလွန်ကြင်းတရားကြီးလက်ဖွဲ့၊ ပယောဆရာအဆောင် တိုက်ခံအင်း၊ ကိုယ်ခံ ဂုဏ်တော်ကိုးပါး မှော်၊ ဘု(၈)ချက်၊ သံ(၈)ချက်၊ သောက်အင်း၊ ပယောဂဖမ်းဘက်ဖွဲ့နှင့်တကွ နတ်စုန်းဖုတ်ဖမ်းစားနိုင်သော စာမများ။ ချန်သင့်ရာတော်ရာ သောက်အင်း၊ ဆီမီး၊ ထွန်းအင်း၊ နင်းအင်း၊ ဆောင်အင်း အမျိုးမျိုးတို့ဖြင့် ကုသပေးသလို ပဥ္စဘုတ်ဆေး ရက္ခဆေးများ ကျွေးခဲ့ရပေသည်။

"မေးပါရစေ မသူတော်ရယ် စုန်းကဝေဆိုတာ ဘာတွေပါလဲ"

"အစ်ကိုဒက်တောကို ရှင်းပြပါ့မယ်၊ စုန်းဆိုတာကတော့ ဗေဒသဒ္ဒါကလာတာ အဓိပ္ပာယ်ကတော့ ပညာစက်ဖြင့် တောက်မျိုးထူးတတ်သောသူလို့ ဆိုတယ်။ အဲ ဇုဏ္ဍကနေ ဇုဏ်း၊ ဇုဏ်းကနေ စုန်းဖြစ်လာတာပေါ့ဗျာ။ ယက္ခ၊ ဂန္ဓဗ္ဗ၊ ဥရ၊ ဇော်ဂနီတွေ့ နတ်ဘီလူးတွေကို မှီကပ်ကိုးကွယ်ပြီး တစ်စုံတစ်ယောက်ကို နှိပ်စက်၊ ဖမ်းစားနိုင်စွမ်းရှိကြတာပဲပေါ့ ....

"ကဝေ ဆိုတာကတော့ ကဝိကလာပါပဲ၊ စုန်းထက်အဆင့် အတန်းမြင့်မားတယ်။ ပညာရှင် လို့အဓိပ္ပာယ်ရတယ်။ အမှန်စင်စစ်ကဝေဆိုတာ စုန်းပညာ သည်မျိုးကို သက်သက်ဆိုလိုတာ မဟုတ်ဘူးလေ။ ပညာရှင် ဟူသမျှ ဆရာသမားဟူသမျှ ကဝေလို့ ဆိုနိုင်ပါတယ်"

"စုန်းစုန်းအမျိုးအစား တော်တော်များသလား"

"အင်း အမောက်မရှိတဲ့ စမြည်းတိုင်စုန်းခြောက်မျိုးကတော့ မြေခါးစုန်းတွေပဲ။ ကမ္ဘဇိဒ္ဓိရှိသော၊ စုန်းနဝင်း၊ စုန်းဥတစ်က လုံးစသည့် စုန်းခြောက်မျိုးကတော့ အမောက်ရှိသောတန်ခိုးကြီး စုန်းများဖြစ်တယ်။ နာနာရုပ်သုံးဆယ်မျှ ဖမ်းဆီးနိုင်တဲ့စုန်းက (၁၂)မျိုးရှိသတဲ့။

စက်ဝန်းပိုင်စုန်းဆိုတာကလဲ အမောက်တော့မရှိဘူး၊ စက်ဝန်းရှိလို့ တန်ခိုးကြီးတယ်တဲ့။ မှော်စုန်း(၉)မျိုးကတော့ နာနာရုပ်များစွာ ဖန်ဆင်းနိုင်တဲ့ မှော်စုန်းများကိုရှိတာ။ စိတ်ရှိတိုင်း ညှင်းပမ်းနှိပ်စက်တတ်တဲ့ ကဝေပုံဆိုတာလဲ (၉)မျိုးရှိတယ်။ ကျားစုန်း၊ စုန်းဘီလူးစတဲ့ တန်ခိုးရှင်စုန်းများကတော့ ခြောက်မျိုးပြထားပြီးလက်ဝဲနားမှာ အမောက်စီရရီရှိကြတယ်ဆိုပဲ။ သားစားစုန်းနဲ့ အခြားစုန်းများပါပေါင်းလိုက်တော့ စုန်းအမျိုးပေါင်း (၆၀)ကျော်သွားသတဲ့ အစ်ကိုဒက်ကောရဲ့"

"မသူတော်ကိုင်တဲ့ ဆေးကြိမ်လုံးဆိုတာကရော ဘယ်လိုစီရင်ထားတာသလဲကွယ်"

"ဆရာကိုင် ဆေးကြိမ်လုံးဆိုတာ ဒီကြိမ်လုံးပေါ့။ ဝါးပြန်ကိုနှစ်တောင်တိတိဖြတ် တံစူးဝါးလုပ်ပြီးထိုးရတယ်။ ပြီးတော့ လင်းတပနီအူကိုစွပ်၊ အဲဒီအပေါ်မှာ တပ်ပြီးတော့ ခွေးနက်အူထပ်ပြီးစွပ်၊ အဲဒီအပေါ်မှာ ခြေမကြိုးရစ်ပြန်။ ဖယောင်းပုဆိုးကို အ



www.burmeseclassic.com

www.burmeseclassic.com





ပေါ်ဆုံးကထပ်ပြီးရစ်၊ ပြီးတော့ လင်းတတစ်ကောင်လုံးကိုပြာချ။ သစ်စေးနဲ့နယ်။ သားရိုးကိုင်လိုက်တာပါပဲ။ ပြီးတော့ မန္တာန်စုပ်ရသေးတယ်ဗျ''

''မသူတော်က ပယောဂကို ကောင်းကောင်းနိုင်တဲ့ ဆရာတစ်ဆူပေပဲ''

''ကဲ ... အစ်ကိုဒက်တောရေ၊ ဒေါ်အိုဇာဆိုတာ ဘယ်လိုစုန်းမလဲဆိုတာ သိရအောင် ဒီညလကွယ်ညလဲဖြစ်တယ်။ ဒီတော့ ကျွန်တော်တို့နှစ်ယောက် သချိုင်းဘက်သွားပြီ။ ဒေါ်အိုဇာ အိမ်ထဲဝင်စုံစမ်းရအောင်ဗျာ''

''ဖြစ်ပါ့မလား မသူတော်ရယ်''

''ဖြစ်ပါတယ်ဗျာ ဒီဆေးကြိမ်လုံး ရှိသားပဲ''

သူငယ် အိပ်ချိန်ခန့်တွင် မသူတော်တို့ သချိုင်းဘက်ထွက်ခဲ့ကြသည်။

''အစ်ကိုဒက်တော ဒီညောင်ပင်အောက်ကစောင့်နေ၊ မကြောက်နဲ့၊ ကျွန်တော်တော့ ဒေါ်အိုဇာအိမ်ထဲ ဝင်သွားမယ်''

''ကျောတော့ခပ်စိမ့်စိမ့်ပဲ မသူတော်ရယ်''

''မကြောက်ပါနဲ့ အစ်ကိုဒက်တော''

မသူတော်မောင်ကျော်သည် ဒေါ်အိုဇာအိမ်ထဲ ဝင်ရောက်ပျောက်ကွယ်သွားသည်။ တစ်နာရီခန့်ကြာပြီးမှ မသူတော်ပေါ်လာသည်။

''သေချာတယ်ဗျ ကဲပြန်ကြရအောင်''

''ဘာ သေချာတာလဲ''

ဒေါ်အိုဇာဟာ တကယ်စုန်းမကြီးပါဗျာ၊ သူ့ခေါင်းနဲ့အူအသည်းတွေထုတ်ပြီး ထွက်မလို့လုပ်တုန်း ဆေးကြိမ်လုံးနဲ့ တားလိုက် ဒီလိုပေါ့ဗျာ၊ ဒီညတော့ သူဘယ်မှမသွားနိုင်တော့ဘူး သူ့ကိုစည်းချပြီး ချုပ်ထားလိုက်လေရဲ့။ နက်ဖြန်ကြတော့ အစ်အစဉ်တကျ လုပ်ရအောင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ည မသူတော်သည် သူ ယေ်အိပ်ချိန်ခန့်တွင် ဒေါ်အိုဇာ အိမ်သို့ ထွက်သွားသည်။ မသူ တော် မှာကြားထားသည့်အတိုင်း ဒက်တောနှင့်ရွာသားသုံးယောက် သည် သက်ကြီးခေါင်းချချိန် လောက်တွင် ဒေါ်အိုဇာတဲသို့ ရောက်ရှိကြပြီး မီးကွင်းမီးတုတ် တို့ဖြင့် ဒေါ်အိုဇာတဲကို မီးရှို့လိုက် ကြသည်။ ဒေါ်အိုဇာကို တစ်ရွာ လုံး မုန်းတီးနေသဖြင့် မည်သူမျှ မကူညီကြချေ။ နောက်တစ်နေ့ တွင် မီးလောင်ပြာကျနေသော ဒေါ်အိုဇာတဲအိမ်သို့ သွားရောက် ကြည့်ရှုကြရာ ဦးခေါင်းမပါသည့် မီးလောင်ထားသော ကိုယ်ခန္ဓာ အရိုးစုများ ပြာကျပြီး တချို့အ ကြွင်းအကျန်ကိုသာ တွေ့ကြရ သည်။

စုန်းမကြီး ဒေါ်အိုဇာ ကား ချုပ်ငြိမ်းသွားတော့သည်။

× × ×

မူးရစ်ကြီးရွာ၊ တောင် ပေါ်ကြီးကျောင်းဆရာတော်၏ ရှေ့မှောက်တွင် သားသားနားနား ဝတ်ဆင်ထားသည့် အသက်ငါး ဆယ်ကျော် အမျိုးသမီးတစ် ယောက်နှင့်အတူ မသူတော် မောင်ကျော်နှင့် ဒက်တောတို့ရှိ နေကြသည်။

"ဟဲ့ သူတော်"

"ဘုရား"

"ဒီဒကာမကြီးက ဘယ်သူတုံးကွယ့်"

"ဒေါ်စန္ဒာပါ ဘုရား"

"ဒီရွာကပဲလား"

"မဟုတ်ပါဘူး ဘုရား သင်္ကျောရွာကပါဘုရား"

"လျှောက်ထားဦး ကွယ့်"

"ဒီလိုပါဘုရား ဒေါ် စန္ဒာဟာ သင်္ကျောရွာက ဒေါ်အို ဇာပါဘုရား၊ သင်္ကျောတစ်ရွာလုံး က ဒေါ်အိုဇာကို စုန်းမကြီးရယ် လို့ ထင်ကြပါတယ်ဘုရား၊ ရွာမှာ ဖျားကြနာကြတော့ ဒေါ်အိုဇာက ပြုစားတယ်လို့ဆိုပြီး ရွာပြင်ထုတ် သင်္ချိုင်းနားမှာ နေစေပါတယ် ဘုရား"

"ဒေါ်စန္ဒာဆိုတာ ဘယ် လိုဖြစ်လာတာတုံးကွယ့်"

ဒေါ်စန္ဒာသည် ဝါးပိုး ကျည်တောက်တစ်ခုကို အဖုံးဆွဲ ဖွင့်လိုက်ရာ အတွင်းမှ ကျောက်ကွာ စာချွန်ယွန်းဘူးတစ်ဘူး ထွက် လာပါသည်။ ထိုယွန်းစာချွန်ဘူး ကို ဆရာတော်အား ကပ်လိုက်ပါ သည်။ ဆရာတော်သည် စာချွန် ဘူးကို ဖွင့်ကြည့်ရာ အတွင်းမှ သစ်သားချောင်းနှစ်ချောင်းဖြင့် လိပ်ထားသော ကတ္တီပါစတို့အ ပေါ်ရှိ စာများအားဖတ်လိုက်ရာ

"အလို ... မြင်းသည် တော် သူရအား တပ်မှူးလေး ရာထူးပေးတဲ့ ရွှေနန်းရှင်ရဲ့ အမိန့် တော်ပါလား"

"မှန်ပါတယ်ဘုရား၊ တပ်မှူးလေးသူရဟာ တပည့် တော်မရဲ့ ခင်ပွန်းပါဘုရား"

"ဒီလိုဆို ဒကာမကြီး ဟာ တပ်မှူးလေးရဲ့ကြင်ယာ မယ်စန္ဒာပေါ့"

"မှန်ပါတယ် ဘုရား"

"အင်း တိုက်ဆိုင်လိုက် လေ မယ်စန္ဒာရယ် ...၊ ကျုပ်ကို အသေအချာကြည့်ပါဦးကွယ့်"

"မမှတ်မိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘုရား''

''တပ်မှူးကြီး ဗလမင်း ထင်လေ''

''ဘုရား ... ဘုရား ရဟန်းဝတ်နဲ့ မထင်မှတ်ပေဘူး''

''အေး တပ်မှူးလေး သူရနဲ့ မယ်စန္ဒာတို့ကို ကျုပ်ကိုယ်တိုင် လက်ထပ်ထိမ်းမြားပေး ခဲ့တာပဲလေး''

ဒေါ်စန္ဒာရှင်းပြခဲ့ပါသည်။

အင်္ဂလိပ်တွေ မီးသင်္ဘောတွေနဲ့ ရေကြောင်းကချီလာကြတော့ တပ်မှူးကြီး ဗလကျော်ထင်တို့အဖွဲ့က သတ္တိပြဖို့စောင့်နေချိန်မှာ ရွှေနန်းတော်မှာ မခုခံရဆိုသည့် အမိန့်တော်ရောက်လာတော့ ကြိတ်မနိုင်ခဲမရ ချုံးပွဲချငိုခဲ့ကြရတယ်။ ခုခံတိုက်ခိုက်မှု တစ်စုံတစ်ရာမရှိခဲ့ဘဲ တတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲပြီးဆုံးခဲ့ရတယ်။ အရှင်နှစ်ပါး ပါတော်မူသွားတော့ အချို့သော မြန်မာ့တပ်ငယ်တွေက နယ်ချဲ့ကိုကြိုးစားပုန်ကန်ခဲ့ကြတယ်။ မီးပေါက်ကိုင် တပ်မှူးလေးသူရတို့အစုကလည်း လက်နက်ဆွဲကိုင်ခဲ့ကြတယ်။

**အရှင်နှစ်ပါး ပါတော်မူသွားတော့ အချို့သော မြန်မာ့တပ်ငယ်တွေက နယ်ချဲ့ကို ကြိုးစားပုန်ကန်ခဲ့ကြတယ်။ မီးပေါက်ကိုင် တပ်မှူးလေး သူရတို့အစုကလည်း လက်နက်ဆွဲကိုင်ခဲ့ကြတယ်။**

မယ်စန္ဒာနဲ့ သားတစ်ယောက်ကိုတော့ ဘေးကင်းရာရှမ်းပြည်နယ် ရပ်စောက်ဘက်ပို့ထားပြီး ရပ်စောက်စော်ဘွားရဲ့ဆွေတော်တစ်ဦးက စောင့်ရှောက်ထားခဲ့တယ်။ နောက်တော့ သတင်းတစ်ခုကြားရာမှာ ကိုသူရတစ်ယောက် နယ်ချဲ့ရဲ့မီးပေါက်သေနတ်ကျည်သင့်၍ ကျဆုံးသွားကြောင်း၊ ငါးနှစ်အရွယ်သားလေးကိုလည်း မြင်းသည် တော်သွေးသောက် ငဖဲကလုံ ခြုံသောအရပ်မှာ ထိန်းသိန်းပါရစေဆိုပြီး ခေါ်သွားရာမှ ငှက်ဖျားသင့်၍ ဆုံးသွားကြောင်းသိရှိရပါတယ်။ လင်သေသားဆုံးမုဆိုးမ မယ်စန္ဒာတစ်ယောက်ရှမ်းနယ်မှာ မနေလိုတော့ပါသဖြင့် အောက်ပြည်အောက်ရွာစုန်ဆင်းလာရာမှ ရေကြည်ရာမြက်နုဆိုသလို ဘီလူးကျွန်းသကြော့ရွာသို့ ရောက်လာကြောင်း ရှင်းပြပါသည်။

''သကြော့ရွာရောက်တော့ ဘာတွေဖြစ်သေးသလဲ''

တပည့်တော်မ



www.burmeseclassic.com

www.burmeseclassic.com



သင်္ကြောရွာရောက်ပြီး ငါးနှစ်လောက်တော့ ရွာထဲမှာနေပြီး ကြုံရာလုပ်ကိုင်စားသောက်ပါတယ်ဘုရား။ လင်သားမရှိ မုဆိုးမလည်းဖြစ်ပြန် တစ်ရွာသူ သူစိမ်းလည်းဖြစ်တော့ ရွာမှာရောဂါဖြစ်တိုင်း တပည့်တော်မပြုပါတယ်ဆိုပြီး စုန်းမလို့ စွပ်စွဲတာပါ ပဲဘုရား၊ ဟောဒီလူကတော့ မသူတော်နဲ့တွေ့မှ ဒီရောက်လာ တာပါဘုရား"

"ဆုံတတ်ကြုံပြလေ မယ်စန္ဒာရယ်၊ ကျုပ်လဲ ရှင်နှစ်ပါး ပါတော်မူတော့ အင်္ဂလိပ်နယ်ချဲ့တွေက သူတို့လက်အောက်မှာ စစ်ကဲကြီးရာထူးပေးပါရဲ့၊ တိုင်းပြည်နဲ့လူမျိုးကိုချစ်တဲ့ ကျုပ်လို တပ်မှူးကြီးတစ်ယောက်အနေနဲ့ သူတို့ပေးတဲ့ရာထူးကိုယူပြီး သူ့ကျွန်တော့ အဖြစ်မခံဘူးကွယ့်၊ ရဟန်းဝတ်ပြီး အောက်ပြည်အောက်ရွာ စုန်ဆင်းခဲ့ရာမှ ဒီကိုရောက်တာပါပဲ"

ဒေါ်စန္ဒာသည် ဝါးကျည်တောက်ဘူးထဲမှ ကတ္တီပါအိတ်ရှုံ့တစ်ခုကို နှိုက်ယူပြီး ဆရာတော်ထံ ပြသလိုက်သည်။

"အလို စိန်ရွှေကျောက်မျက်တွေပါလားကွယ့် ဒကာမကြီး"

"အရှင်မင်းမြတ် သနားတော်မူတဲ့ တပည့်တော်တို့ရဲ့ လက်ဝတ်ရတနာတွေပါ"

"တန်ဖိုးကြီးမားလှပါတယ်ကွယ်"

"အဲဒီထဲက တချို့ကိုခွဲပြီး တပည့်တော်မ ကျောင်းအမ၊ သိမ်အမ ရဟန်းမဖြစ်ချင်ပါတယ် ဘုရား၊ ကျန်တဲ့ရတနာတွေကိုတော့ မသူတော်ကို အမွေပေးချင်ပါတယ်။ မသူတော်ကို မွေးစားခွင့်ပြုပါဘုရား"

"ကောင်းလေစွ ကောင်းလေစွ"

*****

သင်္ကြောသား ဒက်တောတစ်ယောက် အလွန်ပင်မျက်စိလည်နေလေပြီ။ မိမိအရှေ့တွင်ပင် မသူတော်ပြုမူခဲ့ရာ ယခုတော့ ဒေါ်အိုဇာသည် စုန်းမကြီးမဟုတ်တော့ဘဲ ဒေါ်စန္ဒာဖြစ်နေပြန်သည်။

"မေးပါရစေလား မသူတော်ရယ်"

"မရှင်းတာရှိသေးလို့လား မေးပါမေးပါ အစ်ကိုဒက်တောရဲ့"

"ဒေါ်အိုဇာက စုန်းမမဟုတ်ကြောင်း မသူတော်အစောကြီးကတည်းက သိတယ်ပေါ့"

"ဟုတ်ပါတယ် အစ်ကိုဒက်တော၊ ရွာမှာဖျားနာကြတာ မှန်သမျှ ဥတုဖျား၊ ကာလဖျား၊ ဒေသဖျားတွေပဲ သွေးရိုးသားရိုးဖျားကြတာပါ၊ တစ်ရွာလုံးက ဒေါ်အိုဇာပြုစားတယ် ထင်နေတော့ ပယောဂကုသလိုနဲ့ ဗိန္ဓောဆေးတောင့်ကျွေးပြီး ကုသခဲ့တာပါ"

"ဒေါ်စိန်ပုရဲ့သမီး မယ်မြရူးတာကရော"

"မယ်မြက သည်းခြေပျက်ပြီး ရူးတာပါ။ တစ်နှစ်တစ်ကြိမ်တော့ အရူးထတာပေါ့ဗျာ။ ဒီတော့ ဝဿဝရောတောင်ပံ တပ်လိုက်တာပါပဲ"

"ဝဿဝရောတောင်ပံ



www.burmeseclassic.com

www.burmeseclassic.com

တပ်တယ်ဆိုတာ ဘာလဲဗျ''

"""ဝသံ''ဆိုတာ မိုးဗျ။ ''ဝရော''ဆိုတာက တဟောဟောတဖြိုင်ဖြိုင်ပါ၊ မိုးတဖြိုင်ဖြိုင် တဟောဟောရွာသလိုပေါ့ဗျာ၊ ကနခိုဆေးကိုတိုက်ရင် ဝမ်းတဟောဟောဆင်းလို့ ဆရာတွေက ကနခိုကို ဝဿဝရောလို့ ခေါ်ကြတယ်။ အတောင်ပံတပ်တယ်ဆိုတာကတော့ သာမန်ပမာဏထက် နှစ်ဆပိုပြီး ဆေးပေးတာပေါ့ဗျာ၊ ကနခိုတိုက်တာကို လူနာတွေလူနာရှင်တွေ မသိအောင် ဆရာတွေက ''ဝဿဝရောအတောင်ပံတပ်''ဆိုပြီး ဆေးပေးတာပါပဲ''

''ဆေးကြိမ်လုံး ကရော အမှန်ပဲလား''

''မဟုတ်ပါဘူးဗျာ၊ ရိုးရိုးကြိမ်လုံးပါ၊ စစ်စေးသုတ်ပြီး ပြာတွေနဲ့ သားရိုးကိုင်ထားတာပါ။ လူအထင်ကြီးအောင် ဆေးကြိမ်လုံးစီရင်ထားတယ်လို့ ဆိုလိုက်တာပါ''

''ဒေါ်အိုဇာအိမ် မီးလောင်တော့ ဦးခေါင်းခွံမပါတဲ့ အရိုးနတွေ မီးလောင်ထားတာကော ဒေါ်အိုဇာမဟုတ်လား''

''ဒေါ်အိုဇာနဲ့ ကျွန်တော် တွေ့ဆုံမေးမြန်းတော့ ဒေါ်စန္ဒာအကြောင်း သိပါတယ်ဗျာ၊ ဒီတော့ ရွာသားတွေမုန်းတီးနေတဲ့ ဒေါ်အိုဇာကို မီးရှို့ဖို့စီစဉ်တော့တာပေါ့။ သင်္ချိုင်းက အရိုးစုကို ယူပြီး ဒေါ်အိုဇာအိပ်ရာမှာထား၊ ဒေါ်အိုဇာကိုခေါ်ထုတ်သွားပြီး အစ်ကိုဒက်တောတို့ ဒေါ်အိုဇာအိမ်မီးတိုက်တော့ အရိုးစုပဲ လောင်မှာပေါ့ဗျာ''

''တတ်လဲတတ်နိုင်ပါပေ့ မသူတော်ရယ်''

❋❋❋❋❋

သင်္ကေ ၁ရွာ တွင် ကျောင်းအမကြီး ဒေါ်စန္ဒာ ဆောက်လုပ်လှူဒါန်းသည့် ကျောင်း၊ သိမ်၊ ဇရပ်ကြီး ပေါ်လာပါပြီ။ ရဟန်းတက်လိုသူများကိုလည်း ရဟန်းခံပေးသည်။ ရေစက်ချပွဲသို့ ရွာလုံးကျွတ်ကြွရောက်ကာ သာဓုအနုမောဒနာပြုကြသည်။ ခန့်ညားတည်ကြည်သော ကျောင်းအမကြီး ဒေါ်စန္ဒာသည့် ရေစက်ခွက်ကိုကိုင် ရေ စက် ချအမျှဝေခဲ့သည်။

သင်္ကေ ၁ရွာသူရွာသား များက ဤသို့တီးတိုး ....

''အသေအချာကြည့်ရင် ဒေါ်စန္ဒာဟာ ဒေါ်သူဇာနဲ့ တူသလိုလိုပဲကွယ့်''

''စုန်းမကြီး ဒေါ်အိုဇာက မီးလောင်ပြာကျ သေဆုံးသွားပြီလေ''

''အဲဒါကြောင့် တွေးနေရတာပေါ့''

''ဒေါ်အိုဇာနဲ့ ဒေါ်စန္ဒာဟာ ညီအစ်မများ ပေလာ ကွယ့်''


မည်သို့ပင် ဖြစ်စေကာမူ အလှူရေစက် ရက်ရောသော ကျောင်း၊ သိမ်၊ ဇရပ်၊ ရဟန်း အမကြီး ဒေါ်စန္ဒာကို တော သင်္ကေ ၁ရွာတစ်ရွာလုံးက ချစ်ခ လေးစားကာ နောင်လာနော သားတိုင် ပြောစမှတ်ကျန်ခဲ့ပေ တော့သတည်း ....။

ဇေယျာရွှေ(ရွှေပြ



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## "ရော့(ခ်)ဘုရင်(သို့မဟုတ်) မူးယစ် ဆေးဝါး၏ သားကောင်"

**စိန်ဝင်းမော်**

အဲ(လ်)ဗစ်(စ်)ပရက် (စ်)လေ (Elvis Presley)သည် ၁၉၅၀ နှောင်းပိုင်းမှ ၁၉၇၀ ပြည့်နှစ်လွန်နှစ်များအတွင်း ရော့(ခ်) အင်ရိုး တေးဂီတလောက၏ ဘုရင်ဖြစ်ခဲ့လေသည်။ ကမ္ဘာကျော် Beates တေးဂီတအဖွဲ့မှ John Lennon က ၁၉၆၅ ခုနှစ်တွင် အဲ(လ်)ဗစ်(စ်)အား ဟောလီးဝုဒ်ရှိ သူ၏အိမ်တွင် တွေ့ပြီးစဉ် "သူ့ကိုကျွန်တော် အလွန်လေးစားတယ်"ဟု ပြောခဲ့သည်။ မီဒီယာလောကမှ သူ့ကို The King ဟုပင်ခေါ်ခဲ့သည်။ ၁၉၇၇ ခုနှစ် စင်တင်ပွဲလှည့်လည်ဖျော်ဖြေမှု တစ်ရပ်အတွက် ဒေါ်လာ ၂.၃ သန်းရရှိခဲ့သည်။ ယခုအခါ သူကွယ်လွန်ပြီးသည့်တိုင် သူ့ဇာတိချက်ကြွေ မင်းဖစ်(စ်)မြို့ရှိ အခန်း(၂၃)ခန်းပါရှိသော ဂရေ့(စ်)လင်အိမ်ကြီးသို့ လူပေါင်း ၆၀၀၀၀၀ ကျော် နှစ်စဉ်လာ ရောက်ကြည့်ရှုကြဆဲဖြစ်သည်။ (ဂျပန်ဝန်ကြီးချုပ်ကိုအိဇုမိ အမေရိကန်သို့ အလည်အပတ်ရောက်စဉ် သမ္မတဘွတ်(ရှ်)က ထိုအိမ်သို့ အထူးအစီအစဉ်အဖြစ် ပို့ပေးခဲ့သည်။ ယနေ့တိုင် သူ့ကိုမှီ၍ တစ်နှစ်လျှင် ဒေါ်လာ(၄၅) သန်းဝင်ငွေရရှိဆဲဟု သိရသည်။

ဤမျှတစ်ခေတ်တစ်ယောက်ဆိုသလို ပေါက်ပေါက်မြောက်မြောက် အောင်မြင်ကျော်ကြားခဲ့သော လျှမ်းလျှမ်းတောက် အနုပညာရှင်၏ ဘဝနိဂုံးကား မလှပခဲ့ရှာပေ။ အကြွေစောခဲ့ရလေ၏။ သူ့ကိုနှိပ်စက်ဖျက်စီးလိုက်သည့် တရားခံကား မူးယစ်ဆေးဝါး။ ယနေ့လူငယ်များသည် သံဝေဂယူနိုင်စေရာ အဲ(လ်)ဗစ်(စ်) ပရက်(စ်)လေ၏ နောက်ဆုံးနေ့များအကြောင်း ဆောင်းပါးရှင်ကို ကောက်နုတ်ပြန်ဆို တင်ပြပါသည်။

*****

ပူအိုက်သော ညနေခင်းဖြစ်သည့် ၁၉၇၇ ခုနှစ်၊ ဩဂုတ်
လ(၁၅)ရက်နေ့တွင် အဲ(လ်)
ဗစ်(စ်) ပရက်(စ်)လေသည် သူ၏
အိမ်တွင် သက်သောင့်သက်သာ
ဝတ်သော ပိုးသားညဝတ်အကျီ
ကို ချွတ်လိုက်သည်။ သူ၏ဝမ်း
ကွဲညီအစ်ကို "ဘီလီ"၏
အကူအညီဖြင့် အားကစားဝတ်
အမည်းရောင် ပိုးသားရှပ်အကျီ
အဖြူနှင့် သားရေဘွတ်ဖိနပ်
အမည်းရောင်တို့ကို ဝတ်ဆင်
လိုက်သည်။ ဖိနပ်၏ဇစ်များကို
ဆွဲစေ့မထား။ ခြေကျင်းဝတ်တွင်
ရောင်နေသော ကြောင့်ဖြစ်၏။

ထိုညက တစ်ညလုံးနီး
ပါး သူ၏မိန်းကလေးမိတ်ဆွေ
ဂျင်ဂျာအယ်(လ်)ဒင်နှင့် အတူ
မော်တော်ဆိုင်ကယ်စီးထွက်ခဲ့
သည်။ ၄၅ အော်တိုမက်တစ်
ပစ္စတိုနှစ်လက်ကို ခါးတွင်ထိုး
ထားခဲ့၏။ ထို့နောက် နံနက်
(၁၀း၃၀)နာရီတွင် သူကသီးသန့်
မှာယူထားသော ခရိုမီယံကိုင်
တပ် နေကာမျက်မှန်ကို တပ်ဆင်
လျက် သူ၏ Stuty ကားဖြင့်
နောက်တော်ပါအဖွဲ့နှင့် အတူ
အရှေ့ပိုင်းမင်းဖစ်(စ်)ရှိ သွားဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထံ သွားခဲ့သည်။ အဲ(လ်) ဗစ်(စ်)၏ သွားအချို့ပြုပြင်ရန် လိုအပ်လျက်ရှိသည်။ နောက်နေ့ ညမှစတင်၍ (၁၂)ရက်ကြာ ပို့(တ်)လင်မြို့ ဖျော်ဖြေရေးခရီးစဉ် မထွက်ခွာမီ အပြီးလုပ်လိုသည်။

သူတို့အဖွဲ့ ဂရေ့(စ်)လင်အိမ်ကြီးသို့ ညသန်းခေါင်နီးပါးအချိန်တွင် ပြန်ရောက်ကြသောအခါ အဲ(လ်)ဗစ်(စ်)နှင့် ဂျင်ဂျာတို့က အပေါ်ထပ်သို့ တက်သွားကြသည်။ နံနက်(၄း၀၀)နာရီတွင် အဲ(လ်)ဗစ်(စ်)က ရက်ဘက်ဘောခေါ် တင်းနစ်ကဲ့သို့ ကစားနည်းကစားရန် တက်ကြွစွာ သူ၏ ဝမ်းကွဲဘီလီတို့လင်မယားကို ခေါ်ခဲ့သည်။ သူတို့ကအဲ(လ်) ဗစ်(စ်)၏အပိုင်ကွင်းသို့ ထွက်လာကြသောအခါ မိုးသေးမိုးဖွဲလေးများ ရွာချလာသည်။

''ပြဿနာမရှိပါဘူး။ ကိုယ်တာဝန်ယူလိုက်မယ်''

ဟုအဲ(လ်)ဗစ်(စ်)က ပြောကာ သူ့လက်များကို ဟန့်တားသည့်ပမာ ဆန့်ထုတ်လိုက်သည်။ မိုးကစဲသွားသည်။

''ကိုယ်ပြောတယ်မဟုတ်လား၊ ယုံကြည်မှု အနည်းငယ်ရှိရင် မိုးကိုရပ်စေနိုင်တယ်''

ဟုအဲ(လ်)ဗစ်(စ်)က ပြောသည်။

စိတ်အားထက်သန်နေသည့် အဲ(လ်)ဗစ်(စ်)က စင်တင်ဖျော်ဖြေပွဲ အဝတ်အစားများနှင့် တော်စေရေးအတွက် ရက်အတန်ကြာ ကိုယ်အလေးချိန်ချရန် ကြိုးစား စားသောက်ခဲ့မှုကြောင့် နွမ်းနယ်နေသည့် ကစားကွင်းတွင် သူက လွယ်ကူစွာမောပန်းလာသည်။ သို့အတွက် သူတို့က ဟိုဆော့ဒီရိုက်သာ လုပ်နေခဲ့ကြသည်။ နောင်တွင် စ,ပေးဘောတစ်ခုကို အဲ(လ်)ဗစ်(စ်)က မှန်းဆချက်လွဲကာ ဘက်တံဖြင့် သူ့ညို့သကျည်းကို အရှိန်ဖြင့်ရိုက်မိစဉ်က ကစားပွဲကို ရပ်လိုက်ကြသည်။

အိမ်ပေါ်ထပ်တွင် ဘီလီ





www.burmeseclassic.com

www.burmeseclassic.com



က အဲ(လ်)ဗစ်(စ်)၏ဆံပင်ကို လျှော်ပေး၍ ခြောက်သွေ့စေသည်။ သူတို့စကားပြောကြစဉ် အဲ(လ်)ဗစ်(စ်)က "အဲ(လ်)ဗစ်(စ်) ဘာဖြစ်နေသလဲ"ဟူသော စာအုပ်အသစ်ကို စိတ်စွဲလမ်းနေသည်။ ထိုစာအုပ်တွင် သူ၏ခန္ဓာကိုယ် ယိုယွင်းလာမှုကို အသေးစိတ်ဖော်ပြထားသည်။ အထူးသဖြင့် အမ်ဖက်တမင်းခေါ် စိတ်ကြွရူးသွပ်ဆေးပြားနှင့် စိတ်ငြိမ်/အိပ်ဆေးအပေါ် အဲ(လ်)ဗစ်(စ်)အနေဖြင့် မှီခိုအားထားနေရမှုတို့ကို ရေးသားထားသည်။ အဆိုကျော်က စာရေးဆရာများ၊ သူ့ကိုယ်ရံတော် သက်တော်စောင့်များ ကို ဂရေ့(စ်)လင်သို့ ခေါ်လာပြီး ကိုယ်တိုင်သတ်၍ အလျှောင်း တွေကို ဖျောက်ပစ်မည်ဟု ဒေါသူပုန်ထနေသည်။ သူ့ကို မည်ကဲ့သို့ သစ္စာဖောက်ရက်သည်ကို သူက နားမလည်နိုင်အောင် ရှိသည်။ ထို့နောက် စိတ်ပြေသွားကာ စင်မြင့်ပေါ်မှ သူ့ပရိသတ်ကို ပြောကြားမည့်မိန့်ခွန်းကို လေ့ကျင့်သည်။ သူ၏ ဆေးစွဲသော အကျင့်အတွက် နှစ်စဉ်ဒေါ်လာ တစ်သန်း အကုန်အကျခံနေသည်ကို သိသွားသော ပရိသတ်က သူ့ကို လှောင်ပြောင်လျှင် ပြောရန်မိန့်ခွန်းဖြစ်သည်။

ပင်ပန်းနွမ်းလျကာ ထုံအန်းအန်းဖြစ်နေသော အဲ(လ်)ဗစ်(စ်)က ငိုပါတော့သည်။ ဘီလီက နှစ်သိမ့်ရသည်။

"အိုကေပါ။ အားလုံးအဆင်ပြေသွားမှာပါ"

"ဘီလီလေးရေ ဒီပွဲဟာ ငါ့ရဲ့ အကောင်းဆုံးဖျော်ဖြေပွဲခရီးစဉ်ဖြစ်မှာပါ"

ဟု အဲ(လ်)ဗစ်(စ်)က သူ့ဘက်သို့လှည့်၍ ပြောသည်။

နံနက်(၅း၄၅)နာရီတွင် အဆိုကျော်က အိပ်ဆေး၄/၅လုံး သောက်လိုက်သည်။ နာရီအနည်းငယ်အတွင်း ဒုတိယအကြိမ် သောက်ခြင်းဖြစ်၏။ အဲ(လ်)ဗစ်(စ်)က ကလေးဘဝကပင် အိပ်မပျော်သော ပြဿနာကို ကြာရှည်စွာ ခံစားခဲ့ရသည်။ ရော့(ခ်)ကြယ်တစ်ပွင့် ဖြစ်လာသောအခါ မူးယစ်ဆေးသုံးစွဲမှုကြောင့် အရှိန်မြင့်တက်လာခဲ့သည်။ မကြာမီ တတိယအကြိမ် သောက်ရပေဦးမည်။ မနေ့ကပင် အစားကောင်း စွာမစားခဲ့။

(၈း၀၀) နာရီခန့်တွင် အဲ(လ်)ဗစ်(စ်)က ဂျင်ဂျာနှင့်အတူ အိပ်ရာဝင်ခဲ့သည်။ အသက်(၂၀) စွန်းစွန်း မင်းဖစ်(စ်)မြို့၏ အလှ ဘုရင်မက သူမနိုးလာစဉ် အိုစာ နေသော အဲ(လ်)ဗစ်(စ်)အနေဖြင့် အိပ်ရန်ဆန္ဒစောနေကြောင်း ဖျော်ဖြေခရီးစဉ်အတွက် စိတ်လှုပ်ရှားစွဲလမ်းနေကြောင်းကို ပြန်ပြောင်းသတိရသည်။

"အချစ်ရေ ကိုယ်ရေ ချိုးခန်းထဲကို ခဏသွားပြီး စာဖတ်ဦးမယ်"

ဂျင်ဂျာက နိုးလာကာ

"အိုကေ ဒါပေမဲ့ အိပ် ပျော်မသွားနဲ့နော်"ဟုပြောလိုက်သည်။

"မပူပါနဲ့၊ မအိပ်ပါဘူး"

ဟု အဲ(လ်)ဗစ်(စ်)က ပြောကာ ရေချိုးခန်း တံခါးအ တွင်းတွင် "ဘုရားသခင်၏မျက် နှာတော်ကို သိပ္ပံနည်းကျရှာဖွေ

www.burmeseclassic.com



ခြင်း''စာအုပ်ကို ဆွဲယူလိုက်သည်။ ပြီးလျှင် ဆေးအရှိန်ဖြင့် အိပ်ပျော်စေမည့်အရေးကို စောင့်စားသည်။

✻✻✻✻✻

''မင်းဖစ်(စ်)၌ အဲ(လ်)ဗစ်(စ်)အတွက် တစ်နေ့တာကုန်ဆုံးတော့မည့်အချိန်တွင် သူ၏ ပွဲစီစဉ်သူ တွန်ပါကားက ပိုလင်မြို့တွင် အလုပ်ရှုပ်နေသည်။ ပါကားက အဲ(လ်)ဗစ်(စ်)၏ အလုပ်ကိစ္စများကို ၁၉၅၀ ပြည့်နှစ်အလယ်ပိုင်းမှစ၍ စီမံခန့်ခွဲခဲ့သည်။ အဲ(လ်)ဗစ်(စ်)အတွက် ဝင်ငွေကောင်းသော ဓာတ်ပြားကန်ထရိုက်များကို RAC ကုမ္ပဏီနှင့်လည်းကောင်း၊ ဟောလီးဝုဒ်စတူဒီယိုများနှင့် ရုပ်ရှင်ရိုက်ရန်စာချုပ်များကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့သည်။ ပါကားက ၁၉၆၇ ခုနှစ်၊ မေလ(၁)ရက်နေ့တွင် အဲ(လ်)ဗစ်(စ်)နှင့် ပရစ်ဒီလာတို့ လက်ထပ်ပွဲအစီအစဉ်ကိုလည်း အသေးစိတ် ကိုင်တွယ်စီမံခဲ့သည်။ အပေါင်းအသင်းမိတ်ဆွေများကိုပါ စိစစ်ကြပ်မတ်လျက် သူ့လူဖတ်ရန်စာအုပ်များကိုပင် ညွှန်ကြားရန် ကြိုးစားခဲ့သည်။ ပါကားက အဲ(လ်)ဗစ်(စ်)၏ဘဝကို စိုးမိုးလာသည်။

ယခုအခါ အဲ(လ်)ဗစ်(စ်)၏ ဖျော်ဖြေရေးခရီးစဉ် အကြိုနေ့တွင် ပါကားက ပိုလင်ရှိ ရီရတန်ဟိုတယ်ကြီးတွင် တည်းခိုကာ လုံခြုံရေးကိစ္စနှင့် တီးဝိုင်းအဖွဲ့ဝင်များ၏ ဟိုတယ်ခန်းကိစ္စစသည်။

ဩဂုတ်လ(၁၆)ရက်နေ့ ညနေ(၂း၂၀)နာရီတွင် ဂျင်ဂျာက အဲ(လ်)ဗစ်(စ်)၏ ရေမအိပ်ရာကြီးတွင် တစ်ဖက်သို့ လှည့်လိုက်ရာ လစ်လပ်နေသည်ကို တွေ့ရသည်။ သူပြန်လာပြီး မအိပ်သေးဘူးလား? စာကြည့်မီးပွင့် ဖွင့်ထားဆဲဖြစ်ကြောင်း တွေ့ရသည်။ ရေချိုးခန်းတံခါးကို ခေါက်လျက် ''အဲ(လ်)ဗစ်(စ်)ဟန်နီ''ဟု ခေါ်လိုက်သည်။

ဘာသံမျှမကြား၊ တံခါးလက်ကိုင်ဘုကိုလှည့်၍ အထဲသို့ ဝင်လိုက်သည်။ အဲ(လ်)ဗစ်(စ်)က ကြမ်းပြင်ပေါ်သို့ ငိုက်ကျနေသည်။ ဒူးထောက်လျက် မျက်နှာအောက်တွင် လက်များကရှိနေ





www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘုရားရှိခိုးနေသည့် ပုံစံမျိုး၊ ထူးဆန်းစွာ ဤပုံစံဖြင့် လဲကျခဲ့သည်ဟန်ရှိသည်။ သို့ပေပင့် သူဘာကြောင့် ပြန်မထူးတာလဲ? ဂျင်ဂျာက ခေါ်လိုက်ပြန်သည်။ "အဲ(လ်)ဗစ်(စ်)"

သူက သဘာဝမကျစွာ ငြိမ်သက်နေသည်။ သူ့ကိုယ်က အေးစက်နေပြီး ရောင်ကိုင်းနေသောမျက်နှာက ကြမ်းခင်းကော်ဇောနီတွင် နစ်မြုပ်နေသည်။ နှာခေါင်းမှ သွေးစက်များသီးနေသည်။ သူ့အရေပြားက မရမ်းမည်းရောင်အကွက်များ သန်းနေသည်။ ဂျင်ဂျာက အိမ်တွင်းဆက်သွယ်ရေး စကားပြောခွက်ကို နှိပ်လိုက်ကာ

"လုပ်ကြပါဦး အဲ(လ်)ဗစ်(စ်)မေ့သွားလို့"ဟုပြောလိုက်သည်။

အဖွဲ့သားများ၊ သက်တော်စောင့်များ ရောက်လာကြပြီး အဲ(လ်)ဗစ်(စ်)၏ကိုယ်ကို ဘေးသို့စောင်းလိုက်သည်။ အမှန်တရားကို သူတို့က သိလိုက်ကြပြီ။ သို့တစေ လူနာတင်ယာဉ်ကို ခေါ်လိုက်ကြသည်။ အဖွဲ့ဝင်တစ်ဦးက အဲ(လ်)ဗစ်(စ်)ကို မသေပါနှင့်ဟု ငိုယိုတောင်းပန်နေသည်။ အဖေဖြစ်သူ ဗာနွန်က ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားသည်။ အဲ(လ်)ဗစ်(စ်)၏ (၉)နှစ်အရွယ် သမီးဖြစ်သူ လီစာမာရီက မျက်လုံးပြူးလျက်ကြည့်နေသည်။

ဆေးရုံတွင် အရေးပေါ်အဖွဲ့က အစွမ်းကုန်ကြိုးစားကြသည်။ သို့သော် မည်မျှသွေးရှူးသွေးတန်းဖြင့် စွမ်းစွမ်းတမံဆောင်ရွက်ကြစေကာမူ ဂရေ့(စ်)လင်၏ သခင်ကို မကယ်နိုင်ကြတော့။

နောက်ဆုံးတွင် အဲ(လ်)ဗစ်(စ်)၏ဆရာဝန် ဒေါက်တာနစ်က မျက်နှာဖြူဖပ်ဖြူရော်ဖြင့် ဧည့်ခန်းသို့ထွက်လာကာ ပြောသည်။

"သူသွားပြီ။ ဒီလောကမှာ မရှိရှာတော့ဘူး"

(ဒေါက်တာနစ်အား တယ်နယ်ဒီပြည်နယ် ဆေးပညာစစ်ဆေးရေးအဖွဲ့မှ လ(၂၀)ကာလအတွင်း အဲ(လ်)ဗစ်(စ်)အား မူး ယစ်ဆေး ၁၂၀၀၀ မျှပေးခဲ့ခြင်း အတွက် အပြစ်ရှိကြောင်း ဆုံး ဖြတ်ခဲ့သည်။)

အဲ(လ်)ဗစ်(စ်)၏ သတင်း ပြန့်နှံ့သွားချိန်တွင် ယောက်ျားများပင် အရှက်မရှိ ငို ကြွေးကြကာ တစ်ဦးနှင့်တစ်ဦး မှီတွယ်ထားရသည်။ အဲ(လ်) ဗစ်(စ်)ပရက်(စ်)လေကား အ သက် (၄၂)နှစ်အရွယ်တွင် သေ ဆုံးခဲ့၏။

လပေါင်းများစွာကပင် ကမ္ဘာ့ကျော်အမော် အဆိုတော် က စကားပြောမိုက်ကရိုဖုန်းဆီ သို့ လျှောက်သွားရန် မစွမ်းသကဲ့ သို့ ဖြစ်ခဲ့သည်။ တစ်ခါတစ်ရံ ဖျော်ဖြေရေး စင်မြင့်ပေါ်မှ မိနစ် (၃၀)မျှ ပျောက်သွားတတ်သည်။ ပရိသတ်များက အဲ(လ်)ဗစ်(စ်) ဘာဖြစ်နေသည်ကို တွေးနေကြ သည်။ အဲ(လ်)ဗစ်(စ်)ကတော့ သိ ပုံရ၏။ မကြာမီက တေးရေး ဆရာ ဘော့ဝိုက်(စ်)မင်းက ဖိတ်ခေါ်၍ မျက်နှာမှာအမ်း အမ်းဖြစ်နေသော အဲ(လ်)ဗစ်(စ်)



www.burmeseclassic.com

www.burmeseclassic.com






က ကျွန်တော်ကြိုက်တဲ့ သီချင်း တစ်ပုဒ်ရှိတယ်။ "တိတ်တခိုး ထွက်ပြေးသွားခဲ့သူ"တဲ့။ မိန်း ကလေးတစ်ဦးကို စွန့်ပစ်ထွက် ပြေးသွားတဲ့ သူတစ်ယောက် အကြောင်း မဟုတ်ဘူး။ သေ တော့မယ့် လူတစ်ယောက်အ ကြောင်း"ဟုပြောခဲ့သည်။

ပြင်ပဆက်သွယ်ရေး တာဝန်ခံ တွန်ပါကားက အဲ(လ်) ဗစ်(စ်)၏အခြေအနေကို ၁၉၇၇ ခုနှစ်၊ မေလ(၂၁)ရက်နေ့ကပင် မြင်တွေ့ခဲ့သည်။ အဲ(လ်)ဗစ်(စ်)၏ အခန်းတွင်းသို့ ရုတ်တရက် ဝင်လိုက်စဉ် ဒေါက်တာနစ်က အဲ(လ်)ဗစ်(စ်)အား ကိုယ်လက်မ အီမသာ နှံးခွေအားယုတ်နေရာမှ တက်ကြွစွာပျော်မြူးနေသူအဖြစ် ပြောင်းလဲစေမည့် စိတ်ကြွရူးသွပ် ဆေးပြားများပေးရန် ပြင်နေသည် ကို မြင်တွေ့ခဲ့သည်။ အဲ(လ်) ဗစ်(စ်)က အဆိုးရွားဆုံးအခြေအ နေတွင် ရောက်နေသည်။ သို့ သော် ပါကားက ခံစားချက်မရှိ ရက်စက်လွန်းလှပေ၏။ ကာပည့်ဖြစ် သူအား

"မင်း ပါပြောတာ နား ထောင်စမ်း၊ အရေးကြီးဆုံးတစ် ချက်က သူဒီညမှာ စင်မြင့်ပေါ် ရောက်လာဖို့ပဲ"ဟု အော်ပြောခဲ့ သည်။

*****

အဲ(လ်)ဗစ်(စ်)ကိုချစ် သော ပရိသတ်များက မင်း ဖစ်(စ်)မြို့သို့ ကမ္ဘာအရပ်ရပ်မှ စုပြုံ လာရောက်ကာ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဂါရဝပြု နှုတ်ဆက်ကြသည်။ ပါကားကမူ နယူးယောက်သို့ လေယာဉ် လက်မှတ်ယူ၍ RAC ဓာတ်ပြား ကုမ္ပဏီနှင့်တွေ့သည်။ ထိုကုမ္ပဏီသို့ သူ့လူအဲ(လ်)ဗစ်(စ်)က သမိုင်းတစ်လျှောက်တွင် အခြား ဖျော်ဖြေသူများထက် သီချင်းတိပ်ခွေနှင့် ဓာတ်ပြားများ ရောင်းချခဲ့သည်။ (၂၄)နာရီအတွင်း ဆိုင်တိုင်းမှ အဲ(လ်)ဗစ်(စ်)၏ သီချင်းများကို တွင်ကျယ်စွာ ရောင်းချနိုင်မည်ကို မျှော်လင့်လျက် RAC ကို ဓာတ်ပြားစက်ရုံများအား ငွေပိုပေးကာ (အခြား အော်ဒါများကို ဘေးဖယ်ထားစေလျက်) အဲ(လ်)ဗစ်(စ်)ဓာတ်ပြားများကို အဆက်မပြတ်ထုတ်လုပ်စေရန် အကျပ်ကိုင်ခဲ့သည်။ ထို့နောက်တွင်မှ ဩဂုတ်လ(၁၈)ရက်နေ့တွင် မင်းဖစ်(စ်)မြို့သို့ အဲ(လ်)ဗစ်(စ်) အသုဘအခမ်းအနားအတွက် ရောက်လာခဲ့သည်။ သတင်းဂျာနယ်သမားတို့၏ ရဟတ်ယာဉ်များက ကောင်းကင်တွင်ပျံဝဲလျက် စွတ်စိုနွေးထွေးသော လေထုတွင် ပရစ်သံများက ငြီးငွေ့ဖွယ်စူးရှစွာ မြည်နေသည်။

*****

၁၉၅၆ ခုနှစ်တွင် အဲ(လ်)ဗစ်(စ်)က မည်သည့်အနုပညာရှင်နှင့်မျှမတူဘဲ မီးတောင်ကြီးပေါက်ကွဲသည့်ပမာ ဖျော်ဖြေရေးစင်မြင့်တွင် ပေါ်ထွန်းလာခဲ့သည်။ မိန်းကလေးများက အရူးအမူးပင် အဲ(လ်)ဗင်(စ်)၏ဇာတ်စင်အနောက်ရှိ အဝတ်လဲခန်းတွင်းသို့ ဖွတ်အတင်းတိုးဝင်ရောက်ကာ ၎င်း၏အဝတ်များကို ဆုတ်ဖြဲရန် ကြိုးစားခဲ့ကြသည်အထိပင်။ ပါကားက တစ်နှစ်အတွင်း အဲ(လ်)ဗစ်(စ်)ကို ဂီတလောကတွင် အရောင်းရ အတွင်ကျယ်ဆုံး အနုပညာရှင်အဖြစ် ဖန်တီးပေးခဲ့သည်။ အဲ(လ်)ဗစ်(စ်)အမည် အမှတ်တံဆိပ်အဖြစ် အသုံးပြုကာ ကုန်ပစ္စည်း(၇၈)မျိုးကို လိုင်စင်ယူလျက် လက်ကောက်၊ နှုတ်ခမ်းနီဆိုးဆေး၊ အရုပ်များ စသည်တို့ကို ရောင်းချခဲ့ရာ ဒေါ်လာ(၂၂)သန်း ရရှိခဲ့သည်။ ရုပ်မြင်သံကြား အစီအစဉ်များတွင်လည်း ပေါက်မြောက်အောင်မြင်ခဲ့သည်။ "အသည်းကွဲဟိုတယ်" (Heart Break Hotel) သီချင်းဓာတ်ပြားသည် လျှင်မြန်စွာပင် ချပ်ရေ ၅၀,၀၀၀ ရောင်းနေရသည်။ တစ်ချိန်က ညကြေးဒေါ်လာ (၃၀၀)မျှသာရခဲ့သော အဲ(လ်)ဗစ်(စ်)မှာ ရုပ်မြင်သံကြား အစီအစဉ်တစ်ခုတွင် သုံးကြိမ်မျှ အသုံးတော်ခံအဖြစ် ဒေါ်လာ ၅၀,၀၀၀ ရရှိခဲ့ရာ ရုပ်/သံအစီအစဉ်တွင် ကြေးအမြင့်ဆုံးပင်။

(ထို့နောက် နယ်လှည့် ဖျော်ဖြေပွဲ အစီအစဉ်တစ်ခုအတွက် ၁၉၇၇ ခုနှစ်တွင် ဒေါ်လာ ၂.၃ သန်းရရှိခဲ့သည်။)

ပြီးလျှင် ဟောလီးဝုဒ် အဲ(လ်)ဗစ်(စ်)ပရက်(စ်)လေက ဇာတ်ဝင်ခန်းတစ်ခုကို အစမ်းရိုက်ပြရာ အားလုံးအံ့အားသင့်ခဲ့ကြရသည်။ သူက ပင်ကိုသရုပ်ဆောင် အရည်အသွေးရှိသည်။ ထိုခေတ်က နာမည်ကျော် James Dream နှင့် Marlom Brando တို့ပုံများ။ အဲ(လ်)ဗစ်(စ်)၏ ပထမ



www.burmeseclassic.com

www.burmeseclassic.com





ဆုံးရုပ်ရှင် Love Me Trander သည် နယူးယောက်မြို့၌ ၁၉၅၆ ခုနှစ်၊ နိုဝင်ဘာလ(၁၅)ရက်နေ့တွင် ရုံတင်သောအခါ အရွယ်စုံပရိသတ် ၂၀၀၀ မျှမက ကွေ့ကောက်ကာ ဘလောက်ပေါင်းများစွာ ရှည်လျားအောင် တန်းစီခဲ့ကြ၏။ ထို့နောက် Loving You ဇာတ်ကား။ အဲ(လ်)ဗစ်(စ်)က အရှည်အသွေးရှိသည်။ ပါကားက ထိုအရည်အသွေးကို ကျွမ်းကျင်ပါးနပ်စွာ သရုပ်ဆောင်လောကတွင် အံ့ဖွယ်ဖြစ်အောင် ဖန်တီးခဲ့သည်။

သို့သော် အဲ(လ်)ဗစ်(စ်)အတွက် အရာအားလုံး အဆင်ချောသည်တော့ မဟုတ်ပေ။ အသက်(၂၁)နှစ်ရှိ ထွန်းတောက်သောကြွယ်ပွင့်က သတင်းထောက်များကို "စင်တင်ပွဲတွေမှာ ပရိသတ်အရှုးအမူး ဖြစ်တာကိုမြင်ရတော့ ကျွန်တော်ငိုချင်လာတယ်"ဟု ပြောခဲ့သည်။ အောင်မြင်ကြီးပွားမှုက မြန်ဆန်လွန်းလှသည်။ ယခုအခါ စစ်တပ်ကလည်း စစ်မှုထမ်းရန်ခေါ်မည်ဟု အသံမြည်လာသည်။ ၁၉၅၇ ခုနှစ် ဘာသာရေးပွဲတော် တနင်္ဂနွေနေ့တွင် အဲ(လ်)ဗစ်(စ်)က သူ့အိမ်သစ်ကြီးတွင် ပျော်ရွှင်နေရမည့်အစား သူ၏ဘုန်းတော်ကြီးအား

"တပည့်တော်ဟာ စိတ်အညစ်ရဆုံး လူငယ်တစ်ယောက်ပါ"

ဟုပြောခဲ့သည်။ ထိုနှစ်ကုန်တွင် နှစ်,နှစ်စစ်မှုထမ်းခဲ့ရသည်။ သို့သော် Jailhouse Rock ဇာတ်ကားအပြီးတွင် King Cre-

www.burmeseclassic.com



ဝါးကားရိုက်ရန် ရက်(၆၀) ဆိုင်း ငံ့ပေးခဲ့သည်။

၁၉၅၈ ခုနှစ်တွင် မိခင် သေဆုံးခဲ့ရာ အဲ(လ်)ဗစ်(စ်)မှာ ဖြေမဆည်နိုင်ဖြစ်ခဲ့သည်။ အထီးကျန်လျက် စိုးရိမ်စိတ်များဖြင့် ဆေးများကို မှီဝဲသည်။ နဂိုကပင် နေ့ဘက်တွင် စိတ်ကြွဆေးများ သုံးလျက် ညဘက်တွင် စိတ်ငြိမ်ဆေးများ သုံးစွဲလာခဲ့သော အဲ(လ်)ဗစ်(စ်)မှာ ဆေးစွဲတော့သည်။ သူက ဆေးများမပြတ်ရရှိရေးအတွက် ကိုယ်ပိုင်ဆေးဆိုင် တစ်ဆိုင် ဝယ်ယူထားမယ်ဟုပင် နောက်ပြောင်ပြောဆိုခဲ့သည်။

စစ်မှုထမ်းရာမှ ပြန်လာသောအခါ ချောမောလှပပြီး သေးသွယ်သွယ်နှင့် ပီပြင်သောရုပ်သွင်ဆောင်နေသော်လည်း လူကမူးနောက်နောက် ဖြစ်နေသည်။ ပြီးခဲ့သောညက မိန်းကလေးမိတ်ဆွေသစ် ပရစ်စီလာနှင့် အပျော်ကျူးခဲ့သည်လေ။ ခပ်ရိုးရိုးနှင့် သန့်ရှင်းသော အဲ(လ်)ဗစ်(စ်)က က ဥရောပမှ ပြန်လာသောအခါ အမေရိကန်မှ ထွက်ခွာလာခဲ့စဉ်ကလို လူငယ်လေးမဟုတ်တော့ဘဲ လိင်အပျော်ကျူးသော လူကြီးတစ်ယောက် ဖြစ်လာခဲ့သည်။

သူ၏ရုပ်ရှင်များ၊ ဓာတ်ပြားများ ဆက်တိုက်ထွက်ပေါ်လာခဲ့သည်။ သို့သော် နေ့နှင့်ညပြောင်းလဲသွားသောဘဝတွင် စိတ်ကြွဆေးနှင့် မူးယစ်ဆေးတို့က စိုးမိုးလာခဲ့သည်။ စိတ်ကစဉ့်ကလျားဖြစ်လာသည်။ တစ်ခါတစ်ရံ ပေါက်ကွဲတက်လာသည်။

စိတ်ဝင်စားဖွယ်ကောင်းသော ခေတ်ပေါ်တေးများ၊ ရွက်ကြမ်းရေကျိုရုပ်ရှင်များကို စိတ်ကုန်လာသည်။ ၁၉၇၀ ပြည့်နှစ်များတွင် သူ၏မကျေနပ်စိတ်၊ အလိုမပြည့်စိတ်များက ဖိစီးလာသည်။ ပရစ်စီလာနှင့်ညား၍ သမီးလီစာပင် ရရှိပြီးခဲ့သော်လည်း ဖျော်ဖြေရေးခရီးစဉ်များတွင် သုံးစွဲရန်ဆေးများက မရှိမဖြစ်လိုအပ်လာသည်။ ဒေါက်တာနစ်က အဆင့်ခြောက်ဆင့်သတ်မှတ်ပေးသည်။





www.burmeseclassic.com

www.burmeseclassic.com





ဆေးများတွင် တက်(စ်)တိုစတီရုံး၊ အက်ဖက်တမင်း၊ ဒီလောဒစ်၊ အက်စီးဒရင်း၊ ဒီမီရော(လ်)၊ ကွာလုဒ်နှင့် အမစ်တယ်(လ်)ဆေးများ သက်သောင့်သက်သာ အိပ်ပျော်စေသော ဆေးများပါဝင်သည်။

ပရိသတ်က အဲ(လ်)ဗစ်(စ်)တစ်ယောက် ရိုးရိုးနေမကောင်းဖြစ်နေသည်ဟု ထင်နေကြသည်။ ၁၉၇၅ ခုနှစ်၌ သူ၏ ရုပ်ပိုင်းဆိုင်ရာ ပြဿနာများတွင် သွေးများစုခဲခြင်း၊ နှလုံးရောင်ခြင်း၊ သွေးချိုကျဆင်းခြင်းများ ပါဝင်သည်။ အသည်းကလည်း ပုံမှန်ထက်နှစ်ဆ ကြီးနေသည်။ အူမကြီးက ဖောင်းကြွနေသည်။ ကိုယ်အလေးချိန်ကလည်း (၈၀) ကီလိုမှ (၁၁၁)ကီလို(ပေါင် ၂၄၈ ခန့်)ထိ သုံးနှစ်အတွင်း တိုးတက်လာခဲ့သည်။ သူက ထိုကိစ္စကို ညို့မှိုင်းမှိုင်းဘောင်းဘီနှင့် အင်္ကျီတစ်ဆက်တည်းသော ဝတ်စုံနှင့် အလျော့အတင်းပြုလုပ်နိုင်သော ကော့ဆက်တို့ဖြင့် ဖုံးဖိခဲ့သည်။

အယ်(လ်)တန်ဂျွန် ဒိုင်ယာနာ၏ အသုဘတွင် ဂုဏ်ပြုသီချင်းရေးစပ် သီဆိုခဲ့သူ ဆာဘွဲ့ရဂီတပညာရှင်)က အဲ(လ်)ဗစ်(စ်) နှင့် တွေ့ဆုံခဲ့စဉ် အခြေအနေကို ပီပြင်စွာတွေ့မြင်ခဲ့သည်။

''သူ့မှာ လူတွေဒါဇင်နဲ့ချီပြီး ဝိုင်းနေကြတယ်။ သူ့ကို စောင့်ရှောက်ပြုစုနေကြတယ်ပေါ့။ ဒါပေမဲ့ သူ့ကိုကြည့်ရတာ လူသေတစ်ယောက်လိုပါပဲ''

အဲ(လ်)ဗစ်(စ်)က သူငယ်ချင်းဖြစ်သူ လယ်ရီကို သူထင်ပေါ်စအချိန်တွင် ပြောခဲ့ဖူးသည်။ ဖျော်ဖြေရေးအလုပ်ကို ရပ်ပစ်ချင်ကြောင်း၊ ဘဝတွင် အရေးကြီးသောကိစ္စများကို လုပ်

www.burmeseclassic.com



ဆောင်လိုကြောင်း။ တကယ်တော့ မင်းကိုယ့်ကို ဘုန်းကြီးကျောင်းတစ်ကျောင်း ရှာပေးစေချင်တယ်''

နှစ်အတန်ငယ် ကြာသောအခါ အဲ(လ်)ဗစ်(စ်)က အနားယူရန် အသည်းအသန်လိုအပ်ချိန်တွင် ပရစ်စီလာနှင့်ကွဲခဲ့ရာ သူ၏ဆုံးဖြတ်ချက်မှာ ပျောယိုင်သွားခဲ့ပြန်သည်။ မူးယစ်ဆေးစွဲဘဝတွင် တစ်ပတ်လည်ပြန်တော့၏။ လယ်ရီက အစားအသောက်နှင့် အားဆေးများစားရန် အကြံပြုသည်။ ၁၉၇၇ ခုနှစ်မတ်လတွင် အဲ(လ်)ဗစ်(စ်)က အနားယူလျက် ကျန်းမာရေးကောင်းလာစေရန်လုပ်မည်ဟု ကတိပြုသည်။ သူ့ဘဝတွင်လည်း အပြောင်းအလဲ ပြုလုပ်မည်ဟု သန္နိဋ္ဌာန်ချသည်။ ပါကားကိုလည်း အလုပ်ဖြုတ်ပစ်မည်ဟု နိုင်မာစွာဆုံးဖြတ်ထားကြောင်း။ ''လယ်ရီ မင်းကိုငါက ကတိပေးတယ်ကွာ။ အဲဒါကို ငါလုပ်မယ်''ဟုပြော[illegible]ကြောင်း လယ်ရီက အမှတ်ရသည်။

နွေအကုန်တွင် လုပ်ဖြစ်အောင်လုပ်မည်ဟု အဲ(လ်)ဗစ်(စ်)က ပြောခဲ့သည်။ သို့သော် သူ့ဘဝကို လွတ်ကင်းအောင် ရုန်းထွက်ရန် အခွင့်အရေးက ရောက်မလာခဲ့တော့ပါချေ။

*****

ဗြိတိသျှ ဂျာနယ်လစ်ခရစ်(စ်)တိုဖာဟပ်ချင်းက ၁၉၉၃ ခုနှစ်တွင် ပါကားကို တွေ့ဆုံမေးမြန်းခဲ့သည်။ ဉာဏ်များ၍ ပါးနပ်သောမန်နေဂျာ အဘိုးကြီးမသေဆုံးမီ လေးနှစ်ကဖြစ်သည်။

''အဲ(လ်)ဗစ်(စ်)ဟာ ခင်ဗျားမှာမရှိခဲ့တဲ့ သားလေးတစ်ယောက်ပဲ မဟုတ်လား?''ဟု စူးစမ်းစပ်စုခဲ့သည်။

''ကျုပ် ရှိုးသားရေ[illegible] မယ်''ဟု ပါကားက ဖြေခဲ့သည်။

''ကျုပ်သူ့ကို သားတစ်ယောက်လို ဘယ်တုန်းကမှ [illegible] မြင်ခဲ့ဘူး။ သို့သော် သူဟာ ကျုပ်[illegible] အမြဲ လိုလားတောင့်တခဲ့တဲ့ အောင်မြင်မှုပါပဲ''

*(အောက်တိုဘာ/ ၂၀၀၃ ထုတ် Reader's Diges[illegible] မဂ္ဂဇင်းပါ Alama Nash ရေး The Colonel The King ကို အနည်း[illegible] ငယ်ချုံ၍ ပြန်ဆိုသည်။*

**စိန်ဝင်းမော်**




www.burmeseclassic.com

www.burmeseclassic.com

# ၂၇ / နှမ်းတောင်ကျော်
# (ရသဝတ္ထု)

အောင်ဆင့်





www.burmeseclassic.com

www.burmeseclassic.com



၂က/နှစ်ထောင်ကျော်
အောင်ဆင့်

"သိပ်ကောင်းတယ်"

"ငါ .. အခုလို အိမ်ထောင်ရေးစည်းဖောက်ဖြစ်အောင် ဖောက်ပြန်ဖြစ်အောင် အဓိကလုပ်လိုက်တဲ့ တရားခံက မင်းပဲ မခင်ညွန့်ရေ"

သောက်လက်စ (ယိုးဒယား)ထိုင်းနိုင်ငံဖြစ် ဘီယာဘူးခွံကို လက်နှင့်ဖျစ်ညှစ်ရင်း ဖနီးသည် ဒေါ်ခင်ထားညွန့်ကို စေ့စေ့ကြည့်ရင်း အံကြိတ်ရင်း အသံကိုထိန်း ထိန်းအုပ်အုပ် ပြောလိုက်သူက ဦးသိန်းဖံ။

✻✻✻✻✻

ကနဦး။ နိုင်ငံတော်က ပေးသနားလေသော မာစဒါဂျစ်လေးနှင့် ရုံးဆင်းရုံးတက်လုပ် ဆိုကတည်းက ဦးသိန်းဖံမှာ ကားတို့၏သဘောတရားအချို့ (ဆီ၊ ရေ၊ လေ၊ ဝိုင်)လောက်တော့ ပြစ်ချက်ကောင်းကောင်း ရှာတတ်သူပါ။

ပင်စင်ယူခါနီးကျမှ မိတ်ဆွေတစ်ယောက်၏ ကားရောင်းကားဝယ်ကမ်းလှမ်းမှုကို ဘီယာဆိုင်မှာပင် စားပွဲကိုလက်သီးဆုပ်နှင့်ထုရင်း

"နောက် ကျုပ်ကိုခင်ရင် ဒီကားအမျိုးအစား၊ အဆင့်အတန်း ကျုပ်ကို ဘယ်တော့မှ စကားမစပ်နဲ့။ ကျုပ်အမုန်းဆုံးကားပဲ မှတ်ထား"ဟူ၍ အော်ကြီးဟစ်ကျယ်ပြောခဲ့ဖူးသည်။

ထိုကား၏ အမည်အမျိုးအစားမှာ "အိုပယ်"ဖြစ်လေသည်။ ဦးသိန်းဖံ အငြိမ်းစားယူခဲ့ပေမယ့် စုဆောင်းငွေလေး ဘာလေးကို ဖနီးသည် ဒေါ်ခင်ထားညွန့်က ကုန်သည်ပွဲစား သားသမီးဖြစ်ခဲ့သူမို့ အချေးအချဲ့ အပေးအယူ အတိုးအပွားလုပ်တတ်သူဖြစ်ရကား ... မိသားစုဝင်ငွေအတွက် (ဦးသိန်းဖံတို့အတွက်)သိပ်အမှုခဲ့ ... ။ ကျောင်းမပြီးသေးသည့် သမီးအငယ်ဆုံး စားရိတ်အတွက် ဒေါင်ဒေါင်မြည် ဖန်ဆင်းရှန်းကန် နေနိုင်ကြလေသည်။

မနက်ဆို ... အိမ်ရှေ့
အုတ်နံရံပေါင်ပေါ်တွင် ...
လေးတွေ ဆန်ကျွေးနေကျ
တိုင်း ဦးသိန်းဖံဆန်ကျွေး
အပုံလေးတွေလုပ်မည်။ ပြီးလျှ
... သူဝါသနာပါစွာ ကလေး
ယောက်လို ငါးပုံးနှင့်မွေး
လေသော အလှငါးလေးတွေ
နိုင်ငံခြားဖြစ် ငါးအစာကျွေး
သတ္တုဝါတစ်ခု ကံတစ်ခု
တောင်း၍ ကျွေးမည်။

အနီးကသိုလ်ကိစ္စ
ရပ် ပြီးလေသည်နှင့် အိမ်မှ
၏ အရေးကြီးဆုံး ရေကိစ္စ(
တင်ရေမောင်းကိစ္စ) စတင်လု
တော့သည်။ အိမ်ထဲက မီး
မြင့်စက်ကို အဝင်မီးအား ၂
ဗို့အား ပြည့်မပြည့်ကြည့်။ မ
ကအားတင် ခလုတ်ဖြင့်တ
သေချာပြီ ရေမော်တာဖွင့်လို
အနေအထားရောက်ပါက
ပြင်ပြန်ထွက်ကာ ရေစက်
အောက်က ရေမော်တာခလု
ကို ဦးသိန်းဖံဖွင့်သည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



ချင် ရေစက်၏ လေပိုက်ခလုတ်အားကို ရှူးခနဲပိတ်ကာ လေထွက်ပေးမည်။ အဝီဇိတွင်း သဘာအရ လေလွှတ်မှ ရေထွက်သည်ကော။

သူ့အနီးက အဝီစိရေတွင်း ပိုက်ငုတ်ပြာမှ ကနဦးထွက်ရေ(တွင်းအောင်းရေ) တဝေါဝေါကို ဦးသိန်းဖံ ဆန်းစစ်လေ့လာသည်။ သဲအနယ်အနှစ်တွေပါ, ပါ။ ဤသည်ကို သူနံနက်တိုင်း မေ်းသပ်ကြည့်သည်။ ဂရုတစိုက်ကို သူကြည့်တာမျိုး။

''အဝီစိတွင်းဆိုတာ လူ(ယောက်ျား)နဲ့ သိပ်တူတာ။ ပုံမှန်လူ့သဘာဝအတိုင်းခန္ဓာကိုယ်ထဲကနေ ထွက်စရာရှိတာကို သူ့အချိန်နဲ့သူထွက်ပေးမှ ကောင်းတာမျိုး။ အဝီဇိတွင်းဆိုတာက ရေကိုမှန်မှန် မောင်းထုတ်ပေးလေမှ တော်ကာကျမည်။ အနယ်အနှစ် သဲကြောပိတ်သွားရင် တွင်းပျက်ကရောပဲ ဦးလေးရ...''

သူ တတ် သိ ထားလေသော ကျန်းမာပေဒအရရော ရေတွင်းတူးဆရာ ဩဝါဒနှင့် ရောသမမွှေကာ ဦးသိန်းဖံဆင်ခြင်သဘောပေါက်သည်မှာ ရေကိုမှန်မှန်ထုတ်ဖို့ မောင်းဖို့ ....

ပြီးလျှင် လူ့ခန္ဓာကိုယ်မှထုတ်သင့်သည်တို့ကိုလည်း (ရေတွင်းအောင်းရေကဲ့သို့) မှန်မှန်မဟုတ်တောင် တစ်ခါတစ်ရံ စွန့်ထုတ်ပေးဖို့ကိုပါ ဦးသိန်းဖံ ဂရုတစိုက်ကြံစည်တတ်သည်။

အလျှင် ဝန်ထမ်းဘဝကတည်းက လူငယ်လေးတွေနှင့်ပါ လက်ဖက်ရည်ဆိုင် အတူထိုင်ရင်း ခေတ်စကားတွေဘာတွေစုံစုံလင်လင် ရောက်တတ်ရာရာ။ ရင်းနှီးစွာပေါင်းတတ်ခဲ့သူမို့ ဘယ်နေရာဘာကောင်းသည် ဘာရှိသည်ကအစ ဘယ်အရွယ်လေးတွေက ဘယ်လိုကောင်းသည် အဆုံး ဦးသိန်းဖံနောကျေနေပြီးသား။

အငြိမ်းစားပေတည့် ဦးသိန်းဖံဝင်ငွေမဲ့သော်ငြား နှုတ်အားဖြင့်ငွေဝင်အောင်တော့ ကြံဖန်တတ်သူတည်း။ အောက်တိန်းဓာတ်ဆီ(ခေတ်မစားခင်က) ဓာတ်ဆီခေတ်ကဆို နိုင်ငံတော်ပေးသနားသော မာစဒါဂျစ်၏ ရပိုင်ခွင့်ဓာတ်ဆီတို့သည် အဆိုပါ





www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားအရိုင်းပလပ်က သိပ်မစားလိုက်ရပါပဲ၊ ကျိုက္ကစံ ဘုရားနားက ခတ်ဆီအဝယ် ဆိုင်သို့သာ အပတ်စဉ်ရောင်းနေကျပင် ...။ ရောင်းနေကျ။

မာစဒါဂျစ် ကားသံလေး ပွမ်ပွမ်မြည်သံပေးလိုက်ပြီး ဆီပုံးလေးတွေဘေးသို့ ကားထိုးရပ်လိုက်သည်နှင့် ''အန်ကယ်ကြီးထုံးစံအတိုင်း ပုံးနဲ့ကားထဲက အကုန်လုံးကော ရောင်းမှာပဲလား''ဟု ဆီးကြိုကြသည်က အဝယ်တော်ဆိုင်က ခတ်ဆီပိုက်ကိုင်ကောင်လေးတွေ ...။

''ထုံးစံအတိုင်းပဲပေါ့ .. ကောင်လေးတွေ .. တရုတ်ကြီးပြောသလိုပဲကွာ .. ငါကလည်း နိုင်ငံတော်က ကျွေးတာဆိုလို့ ဒီအရည်လေးပဲရှိတာ ...''

ကလေးတွေ ပြောနေကျသကဲ့သို့ ရှက်လည်းရှက်ပါသည်။ မရှက်လည်းမရှက်ပါဘူးဆိုသော အဓိပ္ပာယ်ဆောင်သည့် မျက်နှာပေးမျိုးနှင့် ဦးသိန်းဖံ တို့ ပြန်ပြောနေကျ စကားလေးပါ။

ဦးသိန်းဖံက အနှိုနိုင်ငံတော် မာစဒါဂျစ်မော်တော်ကားကြောင့် ကားစီးရသော အရသာကို စွဲသွားတာဟု ပြော၍ရပါမည်။ ဇနီးသည် ဒေါ်ခင်ထားညွန့်ကို ငယ်မူလေးဖြင့်ချော့ပြီး ပူဆာသောအခါ အောက်ကားတစ်စီး ဝယ်ခွင့်ရခဲ့သည်မှ ယနေ့အထိ စီးနေသော နှစ်ကကြီး(၂က) နှစ်ထောင်ကျော်၊ မော်ဒယ်ကျပြန်တော့ အတော်ကြီးအောက်သည့်ဒိတ်။ ၁၉၈၀။ ဆေးဘော်ဒီလေးကို နောက်ဆုံးအုံနာက ကောင်းကောင်းလေးမွှန်းမံထားလေတော့ ကားလေးက SUNNY ဆိုသည့်အတိုင်း နေရောင်အောက်မှာ အသစ်လေးလို တောက်တောက်ပပလေးရယ်။

မိန်းမ ဝယ်ပေးထားသော ဆန်နီပစ်ကပ်ကားလေးက ညဉ့်ကောင်းသလောက် သူ့ကို ဝင်ငွေရှာပေးတတ်လေသည်။

''အသက်ရေ တို့တစ်တွေ အသက်လေးရလာသလိုပဲ ပေါ့ကွယ် ... ကားကလည်း ဆီစားလွန်းနေတယ်။ ပလပ်တွေ... မကောင်းဘူး။ အဲဒါ ကိုယ်... ပစ်ချင်တယ်ကွာ။ အဲဒါ မိ... အင်ဂျင်ပန်ကလပ်ကိုပဲ လဲ... တယ်။ ပေးပါဦးကွာ တစ်သော... လောက်''

''ကဲ ... ရော့ရော့''... ကာ မပေးချင်ပေးချင် ထုတ်... လိုက်လေသော ဇနီးသည်၏... တစ်သောင်းသည်ကား ဦးသိန်း... အတွက် သပိတ်ဝင်အိတ်ဝင်...

ဒေါ်ခင်ထားညွန့်... အတိုးအချေး ရွှေငွေကိစ္စကို... နားလည်တတ်ကျွမ်းသော... ကာတစ်စီးမှာ ဘာတွေတပ်... ထားသလဲဆိုတာ သိဖို့မဆို... နှင့် အပို(အရန်)ဘီးတစ်ဘီး က... ပေါ်မှာရှိတာတောင် သူမက... သူမဟုတ်။

ပိုက်ဆံရပြီဆိုသည်နှ... ကားဝပ်ရှော့ကို ဦးသိန်းဖံ... ဆန်နီကားဖြူလေးကို မော... ကာထွက်မည်။ ခတ်ဆီရော... နေကျ ဆိုင်နားက လ... ရည်ဆိုင်သို့သွားကာ အချိန်ဖြ...



www.burmeseclassic.com

www.burmeseclassic.com





ာ တစ်နာရီလောက်နေပြီးမှ မ်သို့သူပြန်မည်။

အိမ်ပေါ်ရောက်သည် ် သူ့လက်ထဲက အသင့်ကိုင် ာသည့် အင်ဂျင်ကလပ်ပဟောင်း လုံးထည့်ထားသော စက္ကူဘူး သးကိုဖွင့်ကာ

"အသက်ရေ သည်မှာ ကြည့်ပါဦး အချိန်မီလဲလိုက်ပေ ့် သက်ရေ ... ကားဆရာလေး ပြောတာ အင်ဂျင်ကိုထိခိုက် ာ့မယ့်အဆင့်ရောက်နေပြီ။ ာ်ပါသေးရဲ့ မင်းကျေးဇူးပဲကွာ စ်သောင်းကုန်သလောက် တန်ပါတယ်ကွာ ... "

နိုင်ငံတော် သူ့အထက် အရာရှိတွေ တော်တော်များများ က သူတို့သင်ကြားပေးလိုက်လေ သော "သရုပ်ဆောင်ပညာ"ကို လည်း ဦးသိန်းဇံ တတ်မြောက် သင့်သလောက် တတ်သူတည်း။

အမှန်စင်စစ် လွန်လေ ပြီးသော နောက်ဆုံးသုံးလက လဲ လှယ်တပ်ဆင်တုန်းက ဝပ်ရှော့ ကဖြုတ်ပေးလိုက်သော ကား ပလပ်အဟောင်းလေးလုံး။ ဘူး အသစ်ထဲမှာ ပြန်ထည့်ပေးလိုက် ခြင်းကို (အချက်ကျကျ တစ်နေ့ ငွေဖန်တီးရန်)ကားကိုထောင်ထဲ တစ်နေရာမှာ ဝှက်ထားပြီး မနက် ကတမင်ယူသွားကာ အသစ်လဲ ပြီးကြောင်းထင်ရှားအောင် ဒေါ် ခင်ထားညွှန့်ရှေ့မှာ သက်သေပြ လိုက်ခြင်းပင်။ ငွေတစ်သောင်းက တော့ ကားခေါင်းခန်း ဗီးတက် ထားသည့်နေရာမှာ သိုဝှက်ခဲ့ပြီး သား။ ပိုင်ပါ့လေ။

*****

ဒေါ်ခင်ထားညွှန့် သိပ် အမောမခံနိုင်တော့သည်မှာ ကြာ ပြီမို့ ဦးသိန်းဇံက အောက်ဘက် ရတနာအိမ်ရာနားက အောင် ရတနာအထူးကုဆေးရုံခေါ်ကာပြ ပေးစဉ် အဖြေထွက်လာသည်။

"သွေးဆုံးပြီး အမော ဖောက်နှလုံးရောဂါ"တဲ့။ ဤက ဆရာဝန်က ခေါင်းစဉ်တပ်ခြင်း။

ဦးသိန်းဇံက ဆရာဝန် မဟုတ်သော်လည်း သူ့စိတ်ထင် ရာ သူအမည်ပေးလိုက်စဉ် ဒေါ် ခင်ထားညွှန့်က လင်တော်မောင် ကို ငယ်မူချစ်စဖွယ် မျက်စသီုပစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့် အထင်က တော့ မင်း ငါနဲ့ခွဲခွဲအိပ်တာကနေ သွေးလေချောက်ချားပြီး ဒီရောဂါ ဖြစ်တာနေမှာ"

စကားအကြောင်းအစ ကောက်ကာင်ကာရသွားသော ဒေါ်ခင်ထားညွန့်က သူ့ကျန်းမာ ရေးနှင့် အိမ်မှုကိစ္စမှာ မောမော နေကြောင်း။ သို့ကြောင့်ပင် သူ့ ညီမတွေနေသော ဖျာပုံဘက်က အိမ်အကူတစ်ယောက်မှာထား ကြောင်း။ အိမ်တွင်း စည်းကမ်း တကျနေသင့် ရှောင်သင့်ဆောင် သင့်သည့် အကြောင်းတွေကိုပါ အိမ်ဧည့်ခန်းတွင် ရှည်လျားစွာ မိန့်ခွန်းချွေတော့သည်။

ဒေါ်ခင်ထားညွန့်က လည်း ကိုယ့်လင်ယောကျ်ား အပွေးကို ကောင်းကောင်းကြီး ကို သိလွန်းသည့် မိန်းမတစ် ယောက်။ ကားအကြောင်းနားမ လည်ပေမဲ့ ယောကျ်ားအကြောင်း တော့ လင်အငြိမ်းစား မယူခင်က တည်က ကောင်းကောင်းသိထား သူ။ ကော်ပိုရေး ရှင်းခေတ်တုန်းက ဘာသံညာသံလေးတွေ သဲ့ သဲ့ကြားဖူးသည်။ ပဲခူးကို စာရင်း စစ်ထွက်သည်ဆို ပါကာ သူ့ ယောကျ်ား ဘာတွေလုပ်ခဲ့သည် ကို သူသဲလွန်စရှာတတ်သူ ...။

ညအိပ်ပြန်လာသည့် ပုဆိုးကို ဘယ်တော့မှလျှော်မပစ် ဘဲ နေပူလှန်းပစ်ပြီး ပုဆိုးပေါ်မှာ ခရေစေ့တွင်းကျ မှန်ဘီလူးဖြင့် မကြည့်ရုံတမည် သဲလွန်စရှာ လျှင်တွေ့သည်ချည်း။

မည်သို့ဆိုစေ မပြောဘဲ ရန်မလုပ်ဘဲ မသိချင်ယောင်သာ ဆောင်နေခဲ့သည်သာချည်း။ ယောကျ်ား၏ "ဇ"ကို သိသော မိန်းမက ဆွေမျိုးနီးစပ်အိမ်ဖော် နှင့် ပြဿနာမတက်ရေးအတွက် ကြိုတင်မိန့်ခွန်းချွေခဲ့ပုံရပါသည်။ ဒေါ်ခင်ထားညွန့်၏ ကာကွယ် ရေးစီမံချက် ကြေညာအပြီး မကြာခင်မှာပင် မမြသွေးအမည် ရ ဖျာပုံကမိန်းကလေး လမ်းခရီး ကားလမ်းကလည်း ကြမ်းသမို့ အိမ်ရောက်လာတော့ နွမ်းနွမ်း ဖတ်ဖတ်လေး။

ညိုးနွမ်းနွမ်းခပ်ငယ် ငယ် မျက်နှာလေးကို သူ့အ သက်နှစ်ဆယ်ကျော်နှင့် မမှ အောင်ပါလားရယ်ဟု ရောက်စ တွေ့စနေ့ကတည်းက ဦးသိန်း ကလေးမအပေါ် ကရုဏာလေး သက်မိသည်။

အဝတ်လျှော်စက် ဓာတ်ငွေ့မီးဖိုတွေ၊ သုံးပုံသုံးနည်း တွေ ဘယ်အချိန်ဘာလုပ် စတာ တွေ ဖတ်ဖတ်မောအောင်သင် ကြားပြီးသော် ဒေါ်ခင်ထားညွှန့် လည်း ဖတ်ဖတ်မောမော ရော ကြောင့် ဆေးခန်းပြေးရလေ တော့သည်။

ဘာပဲဖြစ်ဖြစ် ကလေး က အလုပ်အထာကျသွားလ သော သူပါလာသည့်အဝ အစားက နှစ်စုံသုံးစုံဆိုတော့က ဒေါ်ခင်ထားညွှန့် ဝေသ လက်သစ် လုပ်ရပြန်သည်။

သူ့အဝတ်အစား ထဲက ခုလောက်မဝမဖိုင်ခင် ဝတ်ဆင်ခဲ့သော အင်္ကျီတွေ ထဘီတွေ ကလေးမကို မျှ



www.burmeseclassic.com

www.burmeseclassic.com



ဆေးပြီးသည့်နောက်ပိုင်း ဦးသိန်းဖံအတွက် ကသိကအောင့်ဖြစ်ရာတွေ ဖြစ်ဖြစ်လာသည်။ အကြောင်းမှာ ကလေးမ မြသွေးချက်ပြုတ်ရင်း၊ တံမြက်စည်းလှည်းရင်း ဝတ်ထားသောအင်္ကျီထဘီ အဆင်ဒီဇိုင်း အရောင်အသွေးတို့မှာ သူ့မျက်စိထဲ မှတ်မှတ်သားသား စွဲထင်နေသောအရာတို့ ဖြစ်နေခြင်းတို့သည် သူ့အတွင်းစိတ်ကို ကသိကအောင့်တစ်မျိုးကို ဖြစ်စေသည်။

ရုတ်တရက်မြင်လိုက်ရင် သူ့မိန်းမအသက်(ဒေါ်ခင်ထားညွှန့်)ပခုံး၊ ခါး၊ တင်ကိုတွေးမိလိုက်ပြီဆိုမှ ... ဩော် ဟိုကောင်မလေးပါလားဆိုတာတွေးဖြစ်ဖြစ်နေတာ။

ထိုကဲ့သို့ အမြင်သွေလွဲမှုရယ်ကြောင့် မဖြစ်သင့်တာမဖြစ်ရအောင် ငါဝေးဝေးနေမှ ကောင်းမယ်ဆိုသော အသိကိုလည်း ဦးသိန်းဖံသဘောပေါက်ထားပြီးသား။

*****

ဦးသိန်းဖံ ကော်ပိုရေးရှင်းမှာလုပ်တုန်းက အနည်းငယ်သောက်ခဲ့ဖူးသည်မှ ယနေ့ထိ လုံးဝမသောက်တော့သောသူ ... ရုပ်ရှင်ဗွီဒီယိုတွေထဲကလို ဟို မိုးတွေသဲလို့ အရက်တွေသောက်ထားလို့ ဘာလို့ညာလို့တွေကို ဦးသိန်းဖံမှာ အကြောင်းပြချက်မျိုး မရှိဘဲ သကြံန်ရက် နေ့လယ်ဓမ္မာရုံအဖွဲ့နှင့် နေ့ဆွမ်းကပ်ပြီး အပြန် ကလေးတွေရေပက်လိုက်၍ အဝတ်လဲဖို့ရာ အိပ်ခန်းထဲဝင်လိုက်စဉ် ခုတင်အိပ်ရာကို ဆွဲဆန့်နေလေသော ဒေါ်ခင်ထားညွှန့်ကို တွေ့လိုက်ရ၍ ငယ်မူငယ်သွေး ကလူကျီစယ်ကာဖြင့် နောက်ကသိုင်းဖက်စဉ် ထူးခြားသောအတွေ့နှင့်အထိ ရုန်းမထွက်နိုင်တော့။

ယောကျ်ားဆိုသည်ကား ကျားသတ္တဝါ၊ သားကောင်ရလျှင် ခဲထားပြီး သားကောင်၏ လည်မျိုကို လွှတ်ပေးရိုးမရှိမဟုတ်လား။

*****

ကောက်ကာငင်ကာ





www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေး မြသွေးကို ဒေါ်ခင်ထားညွန့် နယ်ကိုပြန်ပို့သည်။ အပိုကြေးလေးငွေလေး အချို့ပြော ဆိုထည့်ပေးရင်း ကိစ္စအတွက် ကြိုတင်ကာကွယ်ဖို့ ကေတံဆိပ် (၇၂)နာရီဆေးတစ်လုံး သောက်ခိုင်းစေပြီးမှ လှိုင်သာယာအဝေး ပြေးကားဂိတ်သို့ဆင်းစေသည်။

ယောက်ျားဖြစ်သူ လင်တော်မောင်ကို မပို့နိုင်းတော့ဘဲ တက္ကစီအငှားကားဖြင့်သာ ကားဂိတ်ဆင်းစေသည်။ လင်တော်မောင်ဆိုတာထက် ယောက်ျားဆိုတာကြီးကို သူမတော်တော်လန့်သွားခဲ့ရသည်။

"ကျွန်မကိုပဲ ကျိတ်တိုင်လို့ တော်သေးတာပေါ့ရှင် ... ရှင်ကြီးနော် ကောင်မလေးက စာတတ်ပြီးရဲစခန်းတိုင်ရင် ရှင် အဲဒါမုဒိမ်းမှုပဲနော် ကံကောင်းလို့ဘုရားမတာ ကိုသိန်းဖံ ...."

နောက်ဆုံး သတ္တုချစကားတစ်ခွန်း ဆိုသည်ထက် ဦးသိန်းဖံကြီး သူ့မိန်းမဖြစ်သူ ဒေါ်ခင်ထားညွန့်ကို ဟုတ်တိုင်းမှန်ရာလည်း ပြောခဲ့သော စကားမှာကား ....

"ငါမလွန်ကျူးဘူးလို့ မပြောဘူး အဓိကတော့ မင်းအကျီမင်းထဘီတွေကြောင့် အဲသည်လို အမှတ်မထင် ဖြစ်သွားရတာကွ"

"ငါမငြင်းဘူး ... ဟုတ်တယ် ... ကလေးမ မင်းကိုပြန်တိုင်တဲ့အတိုင်း ဟုတ်တယ်ကွာ"

ဒေါ်ခင်ထားညွန့် နိဂုံးစကားလေးကတော့ သင်းပျံ့ပါလေ့။

"ကိုအဝှာရယ် နောက်နောင်များ ကျွန်မကျန်းမာရေးကြောင့် အိမ်ဖော်ထပ်ခေါ်ရလို့ ရှိရင်လဲ ရှင်ပြောသလို ကျွန်မအဝတ်အစားတွေ မပေးဝတ်တော့ပါဘူးရှင် ... တော်ကြာ ငါပြောထားရက်သားနဲ့ မင်းပေးဝတ်လို့ ငါထပ်လုပ်ဖြစ်တယ် ဖြစ်နေမှာစိုးလို့ သည်တစ်ခါ နောက်ထပ်မိန်းကလေးခေါ်ဖြစ်ရင် ဂျင်းဘောင်းဘီကျပ်ကျပ်တွေပဲ ဝတ်ခိုင်းရတော့မလိုပဲ ရှင့်ဒုက္ခက ...

ဦးသိန်းဖံနှင့် ဒေါ်ခင်ထားညွန့်တို့၏ အိမ်တွင်းရေးဇာတ်လမ်းလေးက အတော့်ကိုကြာခဲ့ပါပြီ။

ဒေါ်ခင်ထားညွန့်က မှဆိုးမအဖြစ်နဲ့ ကျန်ရစ်သူ ... ဦးသိန်းဖံက ရေဝေးမှာပြာဖြစ်ခဲ့တာ ကြာပြီဆိုသော်လည်း သူ ကွယ်လွန်သက္ကရာဇ်နှင့် သူ့အချစ်တော် (၂က)နှစ်ထောင်ကျော် SUNNY ပစ်ကပ်ကားလေး သံရည်ကျိုသော ခုနှစ်သက္ကရာဇ်တို့ သည်ကား တစ်ထပ်တည်းကျသော ခုနှစ်သက္ကရာဇ်တို့ပင် ဖြစ်ပါသည်။

အောင်ဆင့်



www.burmeseclassic.com

www.burmeseclassic.com





# "ကိုယ်လျှောက်ခဲ့တဲ့လမ်း"

ဆူးသစ်

**ညီလေးရေ ...**

အစ်ကိုတို့ ရန်ကုန်စက်မှုတက္ကသိုလ်ကနေ ကျောင်းပြီးပြီးတော့ စင်ကာပူမှာ အလုပ်ဝင်လုပ်နေသူတွေချည်း ဆုံကြတဲ့ပွဲလေးကို စင်ကာပူ City Hall, Peninsula Plazaက အင်းလေးစားသောက်ဆိုင်မှာ လွန်ခဲ့တဲ့ တစ်လကျော်လောက်က လုပ်ခဲ့ကြတယ်။ အဲဒီမှာ မတွေ့တာကြာတဲ့ သူငယ်ချင်းတွေ ပြန်တွေ့ကြ၊ နှုတ်ဆက်ကြနဲ့။



www.burmeseclassic.com

www.burmeseclassic.com

တစ်ပြိုင်တည်းမှာပဲ ရန်ကုန်မှာလည်း သူငယ်ချင်းတွေ ဆုံကြတယ်။ အားလုံး အင်ဂျင်နီယာတွေချည်းပါပဲ။ အစ်ကိုကတော့ စင်ကာပူမှာနေတာဆိုတော့ စင်ကာပူက သူငယ်ချင်းတွေနဲ့ ဆုံဖြစ်တာပေါ့။

အဲဒီလို ဆုံမိကြတဲ့အခါ အစ်ကိုရဲ့အတွေးမှာ လက်ရှိအစ်ကိုတို့ ရောက်နေတဲ့ နေရာတွေအတွက် အတွေးချဲ့မိတယ်။ အစ်ကိုအပါအဝင် သူငယ်ချင်းတွေ အားလုံးဟာ ကိုယ်တတ်တဲ့ပညာ၊ ကိုယ့်ခွန်အားတွေနဲ့ သန့်စင်စွာရတဲ့ ဝင်ငွေတစ်ခုအပေါ်မှာ ရပ်တည်နေကြတာကို သွားတွေ့တယ်။ အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ် သိပ်ကျေနပ်မိသလို သူငယ်ချင်းတွေအတွက်လည်း ဂုဏ်ယူမိတယ်။

ဘာဖြစ်လို့လဲ။ အစ်ကိုဖြတ်သန်းခဲ့ရတဲ့ ဘဝကိုပဲ ဥပမာပေးကြည့်မယ်။ ကျောင်းပြီးတော့ ကုမ္ပဏီပိုင်စက်ရုံတစ်ရုံမှာ ဝင်လုပ်ခဲ့တယ်။ Deputy Managerတဲ့။ ကိုယ့်ထက်ကျောင်းစောပြီးတဲ့သူတွေက စက်ရုံထဲရောက်နေလို့ သူတို့ ပညာပြတာခံရသလို သူတို့ထဲက စိတ်ကောင်းရှိသူတွေ သင်ပေးတာလည်း ယူခဲ့ဖူးတယ်။ နောက်တော့ အလုပ်ချိန်နဲ့ လုပ်ခမမျှလို့ ထွက်ပြီး ဝန်ထမ်းလုပ်မယ် စိတ်ပိုင်းဖြတ်ရင်း ဝန်ထမ်းလောကထဲ ဝင်ခဲ့တယ်။

တဖြည်းဖြည်း သိလာတာက အစ်ကိုနဲ့ မဖြစ်ဘူးဆိုတာပါပဲ။ အမိကက လာဘ်တွေထိုးပေးတာ အစ်ကိုရှက်ပါတယ်။ လူပျိုဖြစ်နေတာနဲ့ရယ်၊ ငါတတ်ထားတဲ့ အင်ဂျင်နီယာဆိုတဲ့ ပညာရပ်က ငါ့အသက်မွေးလို့ရတယ်ဆိုတဲ့ မာနရယ် ပေါင်းပြီး ဖြစ်လာတာက အဲဒီလာဘ်တွေကို ရှောင်နိုင်သမျှ ရှောင်ဖို့ပါပဲ။ နောက်ဆုံးတော့ အလုပ်ထွက်ခဲ့ပြီး ကုမ္ပဏီရော ပြည်သူ့ဝန်ထမ်းဘဝပါစုံပြီမို့ နိုင်ငံခြားပဲ ထွက်လာလိုက်တော့တယ်။

**ညီလေးရေ---**

စင်ကာပူမှာတော့ ရှင်းပါတယ်။ မင်း အလုပ်လုပ် သလား။ ပိုက်ဆံရမယ်။ မင်း အလုပ်မလုပ်ဘူးလား။ ပိုက်ဆံ မရပါဘူး။ မြန်မာပြည်မှာလို ကိုယ်အလုပ်မလုပ်လည်း မိသား စုက ကျွေးကန်ပေးထားတာမျိုးမရှိတော့ ကိုယ်မလုပ်နိုင်ရင် ပြန်ရမှာပါပဲ။ ဒီကြားထဲ ကျန်းမာရေးမကောင်းရင် ကိုယ် တဲ့ငွေတွေ ကုန်မှာမို့ ငွေရှာသလို စုလည်းစု၊ ကျန်းမာရေး လည်း ဂရုစိုက်နဲ့ နေလာလိုက်တာ အခုတော့ စင်ကာပူ နည်းနည်းတော့ နေသားတကျဖြစ်လာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနေလာရင်းနဲ့ ရတဲ့ငွေကို ကိုယ့်အိမ်ထောင်အတွက် စုနိုင်သလို နှစ်ဖက်မိဘတွေကိုလည်း စောင့်ရှောက်ထောက်ပံ့ဆပ်နိုင်တယ်။ တွေးမိတိုင်း စိတ်မှာကျေနပ်မိတာက ကိုယ့်ရဲ့စစ်မှန်တဲ့ ခွန်အား၊ ပညာနဲ့ရထားတာဖြစ်လို့ ကိုယ့်ဘာသာ လိပ်ပြာသန့်နေတာပါပဲ။ အဲဒါ အရေးအကြီးဆုံးပါပဲ။ ကိုယ်စားတဲ့ ထမင်း ကိုယ့်ဘာသာမျိုကျဖို့ လိုတာပဲ မဟုတ်လား။

**ညီလေးရေ----**

အစ်ကိုတို့ မိသားစုမှာ အဖေကစ၊ အစ်ကိုတို့ညီအစ်ကိုတွေအဆုံး ကိုယ်ရတဲ့ငွေနဲ့ပဲ ကိုယ့်ဘာသာရောင့်ရဲတယ်။ ဘယ်သူ့ကိုမျှ ဖျံ့မကျဘူး။ လည်ပင်းမညှစ်ဘူး။ ကိုယ့်လုပ်အားကိုယ့်ပညာနဲ့ ရတဲ့ငွေကိုပဲ သင်တင့်မျှတအောင် သုံးစွဲခဲ့ကြတယ်။ အဲဒီအတွက် ဒီနေ့ ဒီအချိန်အထိ ပြန်တွေးတိုင်း အဖေနဲ့အမေကို ကျေးဇူးတင်နေတုန်းပဲ။ အဖေနဲ့အမေတို့ အဲဒီလို ရပ်တည်ခဲ့လို့သာ အစ်ကိုတို့ အတွေးမှာ ဒီနေ့အထိ ကုပ်သွေးစုပ်၊ ဘယ်သူသေသေ၊ ငတေမာရင်ပြီးရော စိတ်မျိုးမဝင်ခဲ့တာလို့ ယုံတယ်။ အဲဒါကြောင့်လည်း လူလတ်ပိုင်းအရွယ်အထိ ပြန်တွေးတိုင်း လိပ်ပြာသန့်နေခဲ့တော့တာ။

ပြန်စဉ်းစားကြည့်ရင် မိသားစုက မချမ်းသာခဲ့ဘူး။ ဒါပေမဲ့ စိတ်တွေမပူလောင်ခဲ့ကြဘူး။ ကိုယ့်ဘာသာရပ်တည်နိုင်ခဲ့ကြတယ်။

**ညီလေးရေ-----**

သူငယ်ချင်းတွေထဲမှာ တချို့ မတရားချမ်းသာသွားတာတွေ တွေ့ဖူးမြင်ဖူးမှာပေါ့။ သူငယ်ချင်းက သူ့အရည်အချင်းကြောင့် ချမ်းသာလာတာဆိုရင် ကြည့်ပြီး အားကျလိုက်



“ ပြန်စဉ်းစားကြည့်ရင်
မိသားစုက
မချမ်းသာခဲ့ဘူး။
ဒါပေမဲ့ စိတ်တွေ
မပူလောင်ခဲ့ကြဘူး။
ကိုယ့်ဘာသာရပ်တည်
နိုင်ခဲ့ကြတယ်။ ”



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါ။ နောင်တစ်ချိန် သူလိုဖြစ်အောင်လုပ်မယ်ဆိုပြီး အားမွေးလိုက်စမ်းပါ။

မိဘက ဘာကြီးမို့လို့၊ မိဘက ရုတ်တရက်ချမ်းသာလာလို့ သူငယ်ချင်းဘဝ ရုတ်တရက်ပြောင်းသွားတယ်ဆိုရင်တော့ ကိုယ့်ဘာသာဆင်ခြင်ပြီး ယူတတ်ပါစေကွာ။

ဘဝဆိုတာ ခဏတာဖြတ်သန်းမှုနဲ့ မကြည့်ရဘူး။ သူ့လမ်းက ဘယ်ကိုသွားနေလဲ။ ကိုယ်ရွေးချယ်တဲ့လမ်းကရော ဘယ်ကိုသွားနေလဲ။ နောင်တစ်ချိန်မှာ ကိုယ့်စိတ်ထဲကနေ ကိုယ်ရွေးချယ်တဲ့လမ်းတွေအတွက် တကယ် ကျေနပ်နေမှာလားဆိုတာ စဉ်းစားစေချင်တယ်။ ရိုးရိုးသားသားနဲ့ အရည် အချင်းလည်းရှိ ဘဝကို တိုးတက်အောင်လုပ်နိုင်ရင် ကိုယ်လို မဟုတ်ဘဲ ဝုန်းခနဲ ကြီးပွားသွားသူတွေထက်တော့ စိတ်ထဲ မှာ ပိုချို့မြိန်နေပါလိမ့်မယ်။

အဲဒီခံစားမှုတွေကလည်း အစ်ကိုရှေ့က ပြောခဲ့တဲ့ သူငယ်ချင်းတွေ ပြန်ဆုံရတဲ့အချိန်မျိုးမှာ ပိုသိရပါတယ်။ ကိုယ်လျှောက်နေတဲ့လမ်းနဲ့ လျှောက်ခဲ့တဲ့လမ်းဆိုတာက ကိုယ့်ဘာသာကိုယ် ရွေးချယ်ကြတယ်ဆိုပေမယ့် ကိုယ်တိုင် တကယ် စိတ်ကျေနပ်ဖို့လည်း လိုသေးတာကိုး။

ဘယ်လိုနည်းနဲ့ ချမ်းသာချမ်းသာ အဓိက ချမ်းသာဖို့ပါပဲ၊ အဓိကက ငါရဖို့ပါပဲဆိုတဲ့ လူတွေမှာ အရှက်တရားကင်းမဲ့တယ်။ မတရားနည်းတွေကိုသုံးတယ်။ ကျန်တဲ့သူဖြစ်ချင်ရာဖြစ်ဆိုတဲ့ စိတ်မျိုးတွေကို မွေးထားတယ်။ လောကတောင်းကျိုးကိုလည်း ဦးစားပေးရမယ်ဆိုတဲ့ စိတ်မျိုးမရှိသလို အခန့်မသင့်ရင် သူငယ်ချင်းမိတ်ဆွေတွေကိုတောင် ချနင်း တတ်ပါသေးတယ်။

**ညီလေးရေ ...**

ချမ်းသာချင်လို့ရပါတယ်။ စိတ်ကောင်းကလေးတွေ ရှိဖို့ခက်ပါတယ်။ ဘဝတွေတည်ဆောက်လို့ရပါတယ်။ ပြန်လှည့်ကြည့်တဲ့အခါ စိတ်ချမ်းသာအောင် လျှောက်လှမ်းတတ်ဖို့ ခက်ပါတယ်။

အရွယ်တစ်ခုကို ရလာတဲ့အခါ လူငယ် တစ် ယောက်ထက် မှန်ကန်တဲ့ အတွေးမျိုးတွေကို ဦးစားပေး တတ်လာတယ်လို့ အစ်ကိုယုံတယ်။ ဒါပေမဲ့ ဝန်းကျင်ကောင်း မိတ်ဆွေကောင်း၊ စာအုပ်ကောင်းတွေ လိုတယ်။

တဖြည်းဖြည်း တရွေ့ရွေ့ လျှောက်နေရင်း ညီလေးလည်း အရွယ်လွန်မြောက်တဲ့အခါ ကိုယ်လျှောက်ခဲ့တဲ့ လမ်းတွေကို ငေးကြည့်ကျေနပ်နိုင်ပါစေကွာ။

**ဆူးသစ်**

**၂၂း၀၄ နာရီ**

**၁၄-၇-၂၀၁၄**



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားရှထောင့်

ဖြောင့်ချက်နှလုံးသား



# အပြစ်တွယ်နေတဲ့အဖြည့်ခံပုံပြင်

**လူထက်ခင်းဝေ**

အမှောင်ကျသွားတဲ့ ကမ္ဘာတစ်ခုမှာ ငါဟာအိပ်မက်တွေ အထပ်ထပ်မက်ရင်း မနက်လင်းမှာကို ကြောက်ရွံ့ အစိမ်းရောင်တိမ်တိုက်တွေကြားထဲမှာ သောကခြေရာတွေနဲ့ဒဏ်ရာကို အဖြေရှာဖို့ ဝေဒနာတံခါးကို ကြေကွဲစွာ ဖွင့်ထိုက်မိတာပါ နန်းရေ။ အထာမသိတဲ့ တောနက်ထဲမှာ နှင့်ရဲ့ ရနံ့တွေနဲ့ မနက်ဖြန်တွေကို အသက်ဆက်ရင်း ငါဟာ



www.burmeseclassic.com

www.burmeseclassic.com



ခွန်အားတွေအပြည့် အဲဒီ ပေါင်းကူးပေးမယ့်တံတား ပေါ်မှာ ရှေ့ဆက်ဖို့ သတ္တိတွေဖြန့်ခင်းရင်း နင့်ကိုအမြဲ ကြိုလင့်နေခဲ့တာပါ။ "အရာရာဟာ မတည်မြဲဘူး" တဲ့လား နန်းရေ။ ဒါဆို ငါ့ရင်မှာ တည်မြဲနေတဲ့ ချစ်ခြင်း တွေက ခြွင်းချက်တစ်ခုရဲ့ အသေးအဖွဲ့တစ်ခုပဲလား၊ ဆုတောင်း မကောင်းခဲ့တဲ့ လူတစ်ယောက်အတွက် အရာ ရာဟာ နောက်ဆုံးတော့ ဗီလိန်ဆန်ဆန် အဆုံးသတ်ရ တယ်ဆိုပေမယ့် အမှတ်မရှိတဲ့ ငါ့ရင်ဘတ်က ခမ်းနားစွာနဲ့ အလွမ်းကို တမ်းတစွာနဲ့ ကျေနပ်ခဲ့တယ် နန်းရယ်။

အချစ်ဆိုတာ ဘာလဲ။ မိုးစက်တွေရဲ့အလယ် မှာ ပျောက်ဆုံးသွားတဲ့ တိမ်ရောင်တွေပဲလား။ ဘာဖြစ် ဖြစ်ပါပဲ။ ငါကတော့ နင်ဖွင့်လိုက်တဲ့ တိမ်လွှာတွေနောက် လိုက်ရင်း၊ ရင်စည်းခံထားရတဲ့ ဝေဒနာအရိပ်က ပြေးမ လွတ်သာတော့ဘူး။ နေ့ရှိသရွေ့ ညရှိသရွေ့ အတိတ်က အမှတ်တရတွေကို တူးဆွ၊ အထပ်ထပ် သတိရခြင်းတွေ ထဲမှာ အခန်းဆက်တမ်းတ၊ အပြတ် ပြတ် စွန့်ခွာမှုတွေ နဲ့ အိပ်ရေးတွေပျက်၊ မျက်တွင်းတွေ နက်ခဲ့တယ်။ ခံစား မှုတစ်ခုကြောင့်ပဲ။ ခံတွင်းပျက်နေတဲ့ ညတွေဟာ လ ရောင်ကို မျှော်လင့်၊ ဖြစ်မလာတော့တဲ့ အရပ်ဆီပဲ အ လွမ်းတွေထမ်းရင်း တမ်းတစွာ ခြေဆန့်ခဲ့တယ်။ 'ဆုံး' မှတ်တွေရဲ့ အလယ်မှာ 'စ'မှတ်ဆီကို ရောက်ရောက်နေ တဲ့ စိတ်တွေက ပုဏ္ဏာတွက်ရင်း အဖြေပျောက်နေတဲ့ က လေး တစ်ယောက်လိုပဲ လိုရင်းမရောက်ဘဲ ပေးချက်တွေ ထဲမှာ ရီဝေနေခဲ့တယ်။

'တမ်းတခြင်း'ဆိုတာ မေ့ပစ်ဖို့ လွယ်လင့် အရာလား နန်းရေ။ နင့်ကို တမ်းတနေရလို့ ငါ့ကို အ တစ်ယောက်လို့ ပြောရင်တောင် ဒီကမ္ဘာပေါ်မှာ ရှူးခဲ့ နေတဲ့သူတွေ ဒုနဲ့ဒေးရှိတယ်လို့ အော်ဟစ်ပြီး ငါ့ရဲ့ ဆွတ် တမ်းတခြင်းတွေကို ဘွာမခတ်ဘဲ အလံထူ မယ် နန်း။ (ဒါပေမဲ့ လိုက်ကာနောက်က ငါ့ရဲ့ ငိုရှိုက် တွေကို ဖုံးထားပါ့မယ်) ဒါဟာ မျှော်လင့်ခြင်းအ သက် ဖေးကူမှုတွေနဲ့ စာနာခဲ့တဲ့ အဖြည့်ခံသက်သ နင်လိုရာ ကပြခဲ့တဲ့ နယ်ရုပ်တစ်ရုပ်ရဲ့ အမှောင်ဝင် တဲ့ ဆည်းဆာပေ့ါ နန်းရယ်။

တကယ်ဆို ငါ့ဘဝက နင့်ရဲ့အချစ်ပဲ လိုခဲ့ ပါ။ ဘဝရဲ့ပြည့်စုံခြင်း၊ မပြည့်စုံခြင်းဆိုတာ နင့်ဆီ တယ်။ ဘဝရဲ့ ပျော်ရွှင်မှု၊ မပျော်ရွှင်မှုဆိုတာ နင့်ရဲ့ နှ ခမ်းလှလှလေးထက်မှာ ခိုဝင်ခဲ့တယ်။ ဘဝရဲ့ ကျေန မကျေနပ်မှုဆိုတာ နင့်မျက်ဝန်းတွေထဲမှာ ရှာဖွေခဲ့တ 'သိက္ခာကျတယ်'ပဲပြောပြော 'ညံ့လိုက်တာလို့'ပဲ ငါဟာရင်ဘတ်စည်တီးပြီး နင့်အချစ်မှာ ပျော်ဝင်ခွ တာကို ကျေနပ်နေခဲ့တယ်။ အကျေနပ်ဆုံး ကျေနပ် တွေနဲ့ ဂုဏ်ယူနေခဲ့တယ်။ ခုတော့ ပြောစမှတ် လောက်တဲ့ နှင်းစက်တွေကြားမှာ ငါ့ရင်ဟာ ပူ ငြိမ်းသတ်လို့မရတဲ့ မီးတောက်တွေနဲ့ နွေ ခေါ လောင်မြိုက်လို့ပေ့ါ။ နင့်ရဲ့ အထီးကျန်ခြင်းတွေကို




www.burmeseclassic.com

www.burmeseclassic.com

ထူရင်းနဲ့ ငါဟာ အဲဒီ့အထီးကျန်ခြင်းရဲ့ လောင်ချိုင့်ထဲမှာ ပိတ်မိသွားတယ်။ ငါ့အတွက် ခပ်ဟဟ ပွင့်နေတဲ့ အလွမ်းတံခါးရဲ့ စည်းချက်သံတွေက မိုးစက်ကြမ်းကြမ်းတွေကို အန်ထုတ်ပေးခဲ့တယ်။ ဒီပွဲမှာ နင်တော်လွန်းလို့ ငါ ညှို့သွားတာလား နန်းရေ၊ ယုံစားမိတဲ့ ငါ့နှလုံးသားကတော့ လေစိမ်းတွေကြားမှာ ကိုယ့်ရင်ဘတ်ကိုယ် ပြန်စမ်းရင်း ဟက်တက်ကွဲလို့ပေါ့။

ငါတို့ရဲ့ ဇာတ်လမ်းက ဖူးစာမဟုတ်ပေမဲ့ ဦးရာစနစ်လည်း မဟုတ်ခဲ့ဘူး။ တိုက်ဆိုင်မှုလေးတစ်ခုကြောင့်





ရင်ဘတ်ချင်းနီးစပ်ခွင့်ရခဲ့ ပုံပြင်လေးတစ်ပုဒ်ပေါ့နော် 'နန်း' ... ကံကြမ္မာရဲ့ လှည့်ကွက်တစ်ခုမှာ နင်နဲ့ငါတွေ့ခဲ့တယ်။

အဲဒီနေ့က ၁၂-၂-၀၈ (အင်္ဂါ)နေ့ပေါ့ ... သနပ်ပင်ကနေ(၆)နာရီခွဲ ရန်ကုန်ကိုပုံမှန်ထွက်နေတဲ့ နန်းထိုက်စံ EXPRESS ကားကိုစီးပြီး ဒီဂရီကောလိပ်ကို လာနေကျဖြစ်တဲ့ငါက အဲဒီနေ့ ၁၂-၂-၀၈ က အိပ်ရာထ နောက်ကျပြီး ကားမမီခဲ့ဘူး ... ပုံမှန်ပြေးဆွဲနေတဲ့ သနပ်ပင်-ရန်ကုန်ပြေးဆွဲနေတဲ့ ဟိုင်းလပ်ကားတွေ ရှိပေမယ့် ငါက မြို့ပြင်လမ်းကနေ သတ္တလက(၇)နာရီခွဲ ဝန်းကျင် သနပ်ပင်ရောက်နေကျ မင်းမကိုင် Express ကားကိုတားစီးခဲ့တယ် ... ရှင်းရှင်း ပြောရရင် ကိုကိုလွင် ဆိုတဲ့ ငါ ဟာ နန်းဦးဝေဆိုတဲ့နင့်ကို အဲဒီမှာ စတွေ့ခဲ့တာပါပဲ။ လမ်းကတားဆီးရတာမို့ ကားပေါ်ရောက်ရောက်ချင်းပဲ နေရာလွတ်ငါရှာခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ နောက်ဆုံးခုံတန်း (နင်နဲ့နင့်သူငယ်ချင်းထိုင်နေတဲ့)က လွတ်နေတဲ့ တစ်နေရာမှာ ငါထိုင်ခွင့်ရခဲ့တယ်။ တကယ့်ကို မှတ်မှတ်ရရပါပဲ။ "နန်း"နင့်ကို တွေ့လိုက်ရတဲ့ တဒင်္ဂလေးမှာ ငါ့နှလုံးသားဟာ အိပ်စက်ရာက နိုးထရှင်သန်လာခဲ့တယ် ... ရင်ခုန်သံစည်းချက်တွေ ဆူညံသွားတယ် ....

ငါ့အတွက်တော့ နင်နဲ့စတင်တွေ့ဆုံရတဲ့ မနက်



www.burmeseclassic.com

www.burmeseclassic.com





ဒါဟာ မုသားမပါတဲ့
ဖြောင့်ချက်တစ်ခုပါ
"နန်း"အချစ်ကိုယုံကြည်မိတဲ့
လူတစ်ယောက်ရဲ့
ရှုးသွပ်မှုလည်း ဖြစ်ပါလိမ့်မယ်။

ခင်းက တကယ့်ကိုပြီးပြည့်စုံသွားတဲ့ မနက်ခင်းလေး တစ်ခု ဖြစ်ခဲ့တယ်။ ကားပေါ်မှာ စာကို သဲသဲမဲမဲ ခေါင်းငုံ့ ဖတ်နေတဲ့နင့်ကို ခဏခဏခိုးကြည့်မိတယ်။ နင့်ရဲ့ ကိုယ်သင်းရနံ့ကို လူတစ်ယောက်စာ အကွာက ရ ရနေတဲ့ငါက ရင်ခုန်သံကိုထိန်းမနိုင်ခဲ့ဘူး။ လေတိုက်တိုင်း လွင့်လွင့်နေတတ်တဲ့ နင့်ဆံနွယ်လေးတွေကို · ငါမြတ်နိုးခဲ့မိတယ်။ မျက်ဝန်းနက်နက်၊ နှာတံဆင်းဆင်းနဲ့ ဘေးတိုက်မြင်နေရတဲ့ နင့်မျက်နှာလေးက ငါ့ရင်ကို လွှမ်းမိုးသွားတယ်။ Pratical အချိန်မီဖို့ စိတ်စောစွာ ကားပေါ်ရောက်လာတဲ့ငါက ဒရိုင်ဘာကို ဖြည်းဖြည်း မောင်းပေးဖို့ စိတ်ထဲကနေပြောနေမိတယ် ... "ချစ်သူကိုမြင်ရခြင်း၌ မျက်စိသည်ရောင့်ရဲခြင်းမရှိ" ဆိုတဲ့ စကားဟာ ငါ့ အသိမှာ ကျယ်လောင်သွားတယ်။

ဒါဟာ မုသားမပါတဲ့ ဖြောင့်ချက်တစ်ခု "နန်း"အချစ်ကိုယုံကြည်မိတဲ့ လူတစ်ယောက် ရှုးသွပ်မှုလည်းဖြစ်ပါလိမ့်မယ်။ ကန္တာရထဲမှာလမ်းမှား အိုအေစစ်ကိုတွေ့လိုက်ရတဲ့ လူတစ်ယောက်ရဲ့ပျော်ရွှ ဝမ်းသာမှုမျိုးလည်းဖြစ်တယ်။ "နန်း"ရေ အဲဒီ အတွေးတွေထဲမှာလည်နေတဲ့ ငါဟာ နင့် နာမည်လေး အမှတ်တမဲ့သိခွင့်ရခဲ့တယ် .... ကားဘရိတ်အုပ်လိုက်ထ ကြောင့် ရုတ်တရက် ဟန်ချက်ပျက်သွားတဲ့နင်ဟာ ရေ လက်စ စာအုပ်လေးကို ငါ့ရှေ့ချပေးလိုက်သလို ဖြစ်သွ တယ်။ ငါက စာအုပ်ကောက်ပြီး ပေးလိုက်တော့ "ကျေ ဇူး" ဆိုတဲ့ နင့်ရဲ့စကာသံလေးက ငါ့နားထဲမှာ ဆည်း

www.burmeseclassic.com



တည်းသံလေးလိုပါပဲ ... ပြီးတော့ "နန်းဦးဝေ" 2nd year Physics ဆိုတဲ့ စာအုပ်မျက်နှာဖုံးပေါ်က လက်ရေးဝိုင်းဝိုင်းလေးတွေ ငါ့မှတ်ဉာဏ်ထဲမှာ တစ်ခါတည်းသံမှိုစွဲသွားခဲ့တယ် ....

နှလုံးသားရဲ့စေရာကို မလွန်ဆန်နိုင်တဲ့ငါ ဟာ နင့်ရဲ့နောက်ကနေ တိတ်တခိုးလိုက်ကြည့်ခဲ့ တယ် ... "B" ဆောင်မှာတက်နေတဲ့ နင့်ရဲ့အခန်း နံပါတ်ကို ငါသိခဲ့တယ်။ ဝမ်းသာလွန်းလို့ အဲဒီနေ့ တစ်နေ့လုံး အူမြူးနေတဲ့ငါ့ကို သူငယ်ချင်းတွေက ကောင်းချီးပေးခဲ့တယ်။ "ဟော့ကောင်လွင်ကြီး မင်း အိမ်က ဆေးများသောက်လာတယ်ထင်တယ်"တဲ့ ဟုတ်တယ် "နန်း"ရေ ... ငါဟာ "အချစ်"ဆိုတဲ့ ဆေးကို မှားယွင်းမှုမရှိဘဲ သောက်ခဲ့မိတာပါ ....

> မျှော်လင့်ခြင်းအတတ်နဲ့
> ဖက်တွယ်မိတဲ့
> ရင်ခုန်ခံစည်းချက်
> (ရင်ဘတ်ထဲ) သံမှို
> ရိုက်သွင်းလိုက်သလို
> နုတ်မရတဲ့ ငါ့အသိမှာ
> ညတွေကိုတိုက်စားလို့ . . .

"မျှော်လင့်ခြင်းအတတ်နဲ့
ဖက်တွယ်မိတဲ့ ရင်ခုန်ခံစည်းချက်
(ရင်ဘတ်ထဲ)သံမှိုရိုက်သွင်းလိုက်သလို
နုတ်မရတဲ့ ငါ့အသိမှာ
ညတွေကိုတိုက်စားလို့
(အဲဒီ)တဒင်္ဂလေးမှာပေါ့ "နန်း"ရယ် ..."
"အမြစ်တွယ်နေတဲ့ အဖြည့်ခံပုံပြင်"

သေချာပါတယ်"နန်း" ... ငါဟာ နင်နဲ့ စတွေ့မိတဲ့ ညကတည်းက ကဗျာဆရာတစ် ယောက်ဖြစ်ခဲ့တာပါ။ "လူတိုင်းဟာ အချစ်နဲ့တွေ့ရင် ကဗျာဆရာတစ်ယောက်ဖြစ်လာတယ်"ဆိုတဲ့ စကားကို ငါလက်ကိုင်ထားခဲ့မိတယ်။ အမှတ်တမဲ့ လွန့်လူးလာတဲ့ ငါ့နှလုံးသားဟာ ခေါင်းစဉ်မရှိတဲ့ ကဗျာတစ်ပုဒ်ကို (အဲဒီညမှာပဲ) ရှင်သန်နိုးထစေခဲ့တယ်။ ငါဟာ ကဗျာဆရာတစ်ယောက်လို ကဗျာဝမ်းစာမပြည့်ဝပေမယ့် နင့်ဆီမှာပျော်ဝင်သွားတဲ့ ငါ့ရဲ့အသိတွေက ကဗျာတစ်ပုဒ်လို နူးညံ့သွားတာပါ။ ပြီးတော့ အဲဒီညမှာပဲ ငါဟာ သိမ်မွေ့ခြင်းအတတ်ကို တတ်ခဲ့တယ်"နန်း" .... သို့ဝှက်မထားနိုင် လောက်အောင် မျှော်လင့်ခြင်းကို လရောင်အောက်မှာ သွန်ချပြခဲ့တာပါ ....

နောက်ပိုင်းတော့ သချ်ာကျောင်းသားဖြစ်တဲ့




www.burmeseclassic.com

www.burmeseclassic.com



ငါဟာ အတန်းချိန်တွေမမှန်တော့ဘဲ နင်ရှိတဲ့ "B" ဆောင်ကို ရွှေစွန်ညိုတစ်ကောင်လို ဝဲခဲ့တယ်။ နံနက်တိုင်း လက်တွေ့ချိန်တွေ နောက်ကျခံပြီး နင် စီးလာတတ်တဲ့ မင်းမကိုင့်ကားကို မြို့ပြင်လမ်းကနေ စောင့် စောင့်စီး တတ်ခဲ့တယ် … မျက်ဝန်းချင်းဆုံအောင် ငါကြိုးစား ခဲ့တယ်။ နင့်ရဲ့နွေးထွေးတဲ့ အပြုံး တစ်ချက်နဲ့တင် ငါ့ဘဝ လုံးလုံးလျားလျား ယိုင်နဲ့သွားခဲ့တယ်ဆိုတာ နင်သိဖို့ ကောင်းတယ် "နန်း" ရယ် .. "သွားပါများ ခရီး ရောက်"ဆိုသလိုပဲ နင့်ရဲ့ ရင်းနှီးမှု၊ ခင်မင်မှုတွေကို ငါရခဲ့တယ်။ ပြီးတော့ နင့်ရဲ့သူငယ်ချင်းတွေနဲ့ ရင်းနှီးခဲ့တယ်။ (နင်လည်း ငါ့ရဲ့သူငယ်ချင်းတွေနဲ့ ရင်းနှီး ခဲ့တယ်) ထမင်းစားချိန်ဆို သူငယ်ချင်းတွေစုပြီး ကန် တင်းထဲက "မခိုင်"ဆိုင်မှာ ငါတို့မတွေအတူစားခဲ့တယ် ဒါတွေကို နင်မေ့သွားရင်တောင် ငါ့ရင်မှာတော့ စွဲမြဲ ကျန် နေပါတယ် "နန်း" ….

ကန်တင်းထဲက "မခိုင်"ဆိုင်မှာ
ငါတို့မတွေအတူစားခဲ့တယ်။
ဒါတွေကို နင်မေ့သွားရင်တောင်
ငါ့ရင်မှာတော့ စွဲမြဲစွာ ကျန်
နေပါတယ် "နန်း" ….



အဲဒီလိုနဲ့ First Semster မဖြေခင်လေး ကွယ်ဝှက်ထားရတဲ့ ငါ့ခံစားချက်တွေကို နင်သိအောင် ပြောပြခဲ့တယ်။ "စဉ်းစားဦးမယ်"ဆိုတဲ့ နင့်ရဲ့စကာ လုံးလှလှလေးတွေအောက်မှာ စိုးတထိတ်ထိတ်နဲ့ ငါ တွေဆုတောင်းခဲ့ရတာအမောပေါ့။ နင့် ဆီက "ကိုထွ လိုပဲ"ဆိုတဲ့ စကားသံချိုချိုကို မိန်းဆောင်နောက် ခရေပင်တွေအောက်မှာ ကြားလိုက်ရတော့မှ Secon Semester ကိုတက်နေတဲ့ ငါ့ရဲ့ရက်တွေ ပိုပြီးစိုပြည် ပခဲ့တယ်ဆိုတာ နင် သိခွင့်ရှိမှာပါ"နန်း"ရယ် … ဒါ

www.burmeseclassic.com

www.burmeseclassic.com



## "နန်း" ... အထာ မသိတဲ့ငါဟာ နင့်ရဲ့ မာယာကွန်ရက်အောက်မှာ အထပ်ထပ်အခါခါပိတ်မိခဲ့တာပေါ့ .. ပြန်တွေးကြည့်မိတော့ ငါ့ဝဲဘက်ရင်အုံက နာကျည်းခဲ့တာ မဟုတ်ပေမဲ့ လှိုက်လှိုက်လှဲလှဲကိုတော့ နာကျင်ခဲ့ရတယ် ..

နင်မျက်ကွယ် ပြုထားတဲ့ ဂုဏ်ဖိတစ်ချက်ပဲလား "နန်း" ... အထာ မသိတဲ့ငါဟာ နင့်ရဲ့မာယာကွန်ရက်အောက်မှာ အထပ်ထပ်အခါခါ ပိတ်မိခဲ့တာပေါ့ .. ပြန်တွေး ကြည့်မိတော့ ငါ့ဝဲဘက်ရင်အုံက နာကျည်းခဲ့တာ မဟုတ်ပေမဲ့ လှိုက်လှိုက်လှဲလှဲကိုတော့ နာကျင်ခဲ့ ရတယ် .. "နင် ငါ့ကို ထစားခဲ့တာ" ဆိုတဲ့အသိက အလွမ်းကိုရင့်စေခဲ့တယ် လေ .... ညတွေမှာ အလင်းရောင်တွေကို ပျောက်စေခဲ့တယ် .... ဒါ တွေကို နင်သိပါစ "နန်း" ရယ် ....

ငါက နင့်ဆီက "ချစ်ပါတယ်" ဆိုတဲ့ စကားသံ လွင်လွင်လေးကို ကြားရတိုင်း ငါ့ရဲ့ ရဲရင့်မှုတွေဟာ အလိုလိုပေါ်ပေါက်လာခဲ့တာပါ။ ဒါဟာ ငါ့ရဲ့ဖြူစင်တဲ့ မေတ္တာတရားပါ "နန်း" .... အရောင်ဆိုးမထားတဲ့ ကြင်နာခြင်းလည်းဖြစ်တယ်။ ပြီးတော့ ငါ့ရဲ့အဖြူရောင် ပန်းချီကားတစ်ချပ်ဟာ တဖြည်းဖြည်းနဲ့ ဒီလိုအရောင်လွင့်ပြယ်သွားလိမ့်မယ်လို့ ငါ ဘယ်တော့မှ မယုံကြည်ခဲ့ဘူး ... (ခုလည်းမယုံကြည်နိုင်သေးဘူး "နန်း") နင်နဲ့ တွေ့ခွင့်ရနေတဲ့ နေ့တိုင်းဟာ ငါ့အတွက်တော့ ကျေနပ်ပျော်ရွှင်ခြင်းတွေနဲ့ အဓိပ္ပာယ်တွေ လေးနက်ပြည့်စုံနေခဲ့တယ် ... သူငယ်ချင်းတွေမပါဘဲ နင်နဲ့ငါ မခိုင်ဆိုင်မှာ နှစ်ယောက် အတူတူစားရတဲ့ ထမင်းကိုပိုပြီးခုံမင်လာခဲ့တယ် ...

ဒါပေမဲ့ ... နင့်ရဲ့ပါးပြင်ပေါ်က သနပ်ခါး ရနံ့လေးတွေကို ငါက အဝေးကနေရှူရှိုက်ခဲ့တယ်။ နင်သုံးတဲ့ Shampoo ရနံ့တွေကို ငါလေပြည်ထဲကနေ သိခွင့်ရခဲ့တယ်။ မြတ်နိုးလွန်းလို့ပါ "နန်း" ရယ် .... ကိုယ့်

www.burmeseclassic.com



ဥယျာဉ်ထဲက ပန်းလေးကိုမခူးရက်၊ မညှိုးရက်စေချင်လို့ အရိပ်တကြည့်ကြည့်နဲ့ ပျော်ရွှင်နေတဲ့ ဥယျာဉ်မှူး တစ်ယောက်လိုပါပဲ ... ငါဟာ နင့် လက်လေးကို ကိုင်ခွင့်ရရုံလေးနဲ့ ရောင့်ရဲခဲ့တယ် .... တင်းတိမ်ခဲ့တယ် ... ယောကျ်ားတစ်ယောက်ရဲ့ စောင့်စည်းခြင်းတွေနဲ့ ငါ့ရဲ့ စိတ်ဆင်ရိုင်းကို ချွန်းအုပ်ခဲ့တယ်။ ငါ့ပုခုံးလေးပေါ်မှာ နင်မှေးစက်ခွင့်လေးနဲ့ပဲ ငါဟာ ဖြေသိမ့်ခဲ့တယ် ... မောင်နှမတွေကြားမှာ ဆိုးခွင့်နွဲ့ခွင့်ရတဲ့ငါဟာ နင့်အပေါ်မှာတော့ အနွံ တာတွေ နှစ်ထပ်တင်ခဲ့တယ် .... နဂိုကတည်းက





ရေစီးကမ်းပြိုဖြစ်နေတဲ့ အကြွင်နာတွေဟာ နင့်ရဲ့ ဘဝတစ်စိတ်တစ်ပိုင်းကို သိခွင့်ရတော့ ပိုပြီးအကြင် နာတွေ ပြိုကျခဲ့တယ် ... လောကကြီးထဲမှာ တစ်ကော ကြွက်ဖြစ်ပြီး အဒေါ်မိသားစုနဲ့ အတူနေရတဲ့ နင့်ဘဝ လေးကို ပိုပြီးကရုဏာသက်ခဲ့တယ် ...

" "နန်း" ပထမနှစ်တက်တုန်းက သက္ကလ ရည်းစားတစ်ယောက်ရှိဖူးတယ်။ သူက ချမ်းသာတယ် ဒေါ်ဒေါ်တို့ဦးလေးတို့ကလည်း သိပေမဲ့ မကန့်ကွက်ခဲ့ဘူး ... ဒါပေမဲ့ သူက အတ္တသိပ်ကြီးတယ် ... နောက်ဆုံး တော့ သူနဲ့ "နန်း" ကိုယ့် လမ်းကိုယ်လျှောက်ခဲ့ကြ တယ်"

ရင်ထဲကို ထိုးနှက်လိုက်တဲ့စကားဖြစ်ပေမဲ့ နင့် အပေါ်ထားတဲ့ ငါ့ရဲ့မေတ္တာတရားကတော့ မလွင့် ပြယ် ခဲ့ဘူး ... ပိုပြီးတောင်ချစ်ခဲ့မိတယ်။ နင့်ဘဝ နင့်အလှတွေ အောက်မှာ ငါ ပြားပြားဝပ်ခဲ့ရတယ်။

"နန်း" လိုချင်တာ ရွှေငွေဥစ္စာတွေမဟုတ်ဘူး စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာတဲ့ ... နင့်ရဲ့စကားလုံးတွေ ရွေးချယ်မှု သပ်ရပ်မှုတွေကြောင့်ပဲ နင် မွတ်သိပ်ခဲ့တဲ့ မေတ္တာတရားတွေ၊ ကြင်နာခြင်းတွေကို ငါကြိုးစားပြီး ပေးဆပ်ခဲ့တယ် ... နင်ပျော်ဖို့ အသုံးတော်ခံခဲ့တယ် မိန်းဆောင်နောက်က သရက်သီးရောင်းတဲ့ ဈေးဗန်း လေးတွေ ဘေးနားမှာ နင်နဲ့အတူ သရက်သီးတွေ ခူးစားခဲ့ဖူးတယ် ... ငါမကြိုက်မနှစ် သက်တဲ့အကြော်တို



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလမ်းမှာ နှင်နဲ့အတူ ထိုင်စားခဲ့ဖူးတယ် ... နှင့်ကို ချစ်တဲ့စိတ်၊ နှင့်ဘဝလေးကို နားလည်မိတဲ့စိတ်နဲ့ ငါဟာ အရာရာကို မျက်လုံး စုံမှိတ်ပေးခဲ့တာပါ "နှန်း" ရယ် ...

နှင်အလိုရှိတိုင်း ငါရှိနေပေးခဲ့တယ် .... ဆိုးနွဲ့ချင်တဲ့နှင့်ကို ငါက အတန်းချိန်တွေဖျက်ပြီး ပါရမီဖြည့်ပေးခဲ့တယ်။ အိမ်ကိုရောက်လာတဲ့ ကျောင်းကတိုင်စာတွေကို ငါဇာတ်တွေခင်းပြခဲ့တယ်။ နှင်ကြည့်ချင်တဲ့ဇာတ်ကားတိုင်းကို ငါက ညွှန့်ရုပ်ရှင်ရုံမှာ လိုက်ပြခဲ့တယ်။ အဲဒီလောက် ပါရမီ ဖြည့်ခဲ့တဲ့ငါက နောက်ဆုံးတော့ အတ်သိမ်းမလှခဲ့ဘူးနော်"နှန်း" ... နှင်လိုချင်တဲ့ စစ်မှန်တဲ့မေတ္တာ တရားရဲ့အောက်မှာ ခပ်ညံ့ညံ့အလွမ်းကို ရင်မှာ ပိုက် ပြီး နှင့်ကိုတမ်းတရုံပဲ အခွင့်အရေးရှိခဲ့တယ် ....

"အချိန်ကငါ့အတွက် မြန်လွန်းသွားတာလား၊ ဒါမှမဟုတ် နောက်ကျလွန်းတာလား"နှန်း" နောက်ကျောက အလွမ်းကို ငါ့ရှေ့ချပြမှ ငါသိခဲ့ရတယ် ... အဲဒီနေ့က ငါတို့ရဲ့တတိယနှစ် Second Semester စာမေးပွဲနောက်ဆုံးနေ့ပေါ့ ... ချစ်သူချင်း ရှေ့ဆက်ဖို့ စကားကိုမဆိုလည်း ကားပေါ်ရောက်ပြီးမှ နှင်က ငါ့အတွက် စာအိတ်လေးတစ်အိတ်ပေးခဲ့တယ်။ နှင် ထော်ပါတယ်"နှန်း"ရယ် ... ငါစာအိတ်လေးကို ဖောက်ကြည့်ချိန်မှာတော့ နှင်စီးသွားတဲ့ကားက ငါ့ရဲ့အဝေး

"အချိန်ကငါ့အတွက်
မြန်လွန်းသွားတာလား၊
ဒါမှမဟုတ်
နောက်ကျလွန်းတာလား
"နှန်း" နောက်ကျောက
အလွမ်းကို ငါ့ရှေ့ချပြမှ
ငါသိခဲ့ရတယ် ...

ကို ထွက်သွားခဲ့ပြီလေ ... ဘာတဲ့ "နှန်းတို့ရဲ့ဇာတ်လမ်းကို ဒီမှာတင်ပဲ ရပ်လိုက်ပါတော့ .... ပြီးတော့ "နှန်း" ကိုလည်းမေ့လိုက်ပါတော့"ဟုတ်လား။ ငါ့ရဲ့အချစ်က မေ့ပစ်ဖို့မှမဟုတ်ဘဲ"နှန်း" .... ထာဝရတိုင် ငါရည်စူးပြီး နှင့်ကိုချစ်ခဲ့တာ ... နှင့်ရဲ့ လက်ရေးဝိုင်းဝိုင်းလေးကို ဖတ်ပြီး အရုပ်ကြိုးပြတ်ဒဏ်သင့်တဲ့ ငါ့ကို သူငယ်ချင်းတွေက အားပေးခဲ့တယ် ....

"မလွမ်းလောက်ပါဘူး"တဲ့ ..

မဟုတ်ဘူး ... ငါ့အတွက်တော့ နှင်ဟာ လွမ်း



www.burmeseclassic.com

www.burmeseclassic.com



လောက်ခဲ့တယ်"နန်း"၊ နှင်ပေးခဲ့တဲ့အက်ကြောင်းတွေကြားထဲမှာ ငါဟာ အိပ်မက်တွေကို ရှာဖွေနေမိတယ်။ အချစ်ဆိုတာ လှည့်စားခြင်းမဟုတ်ရင်တောင် ဟန်ဆောင်ခြင်းတော့ ငါ့အတွက် ဖြစ်ခဲ့ပြီ"နန်း"... နှင့်ကို သတိရမိတိုင်း ဒဏ်ရာက ပြန် ပြန်အက်လာတယ်။ နှင့်အကြောင်းတွေတွေးမိတိုင်း ငါဟာ ကဗျာတွေစာတွေ ရေးတတ်လာတယ်။ ဝမ်းနည်းစရာကတော့ ငါ့ကဗျာတွေ ငါ့စာက အလွမ်းတွေပဲ အက်ကြောင်းထပ်နေခဲ့ရတယ် နှင်မေ့ရက်ခဲ့တဲ့ ခရေပင်အောက်တွေ၊ နှင်မေ့ပစ်ခဲ့တဲ့ မခိုင်ဆိုင်က ခုံလေးတွေပေါ်မှာ ငါကတော့ သတိတရ သွား သွားနေမိတယ် ... ငါ့ဘေးနားမှာ နှင်မရှိပေမယ့် နှင့်အရိပ်လေးတွေနဲ့ ငါအကြော်ဆိုင်တွေ ထိုင်တတ်ခဲ့ပြီ ရုပ်ရှင်တွေကြည့်တတ်ခဲ့ပြီ ဘယ်လိုပဲဖြစ်ဖြစ် သစ်စိမ်း ချိုး ချိုးသွားတဲ့နှင့်ကို ရင် ဘတ်ကမေ့ပစ်ဖို့ လက်မခံခဲ့ဘူး ... ငါ့ရဲ့အသိက ဖျောက်ဖျက်လို့မရခဲ့ဘူး"နန်း"ရယ် ....

တကယ်ဆို သွားမယ်ဆိုလည်း ငါ့ ကိုအချက်ပြ သင့်တာပေါ့ ... ခုတော့ မကျက်နိုင်တဲ့ ငါ့ဒဏ်ရာက နှင့် အရိပ်တွေကြားထဲမှာ

"မည်သို့ပင်ဖြစ်စေ

ကျွန်တော်ကတော့ မျှော်နေမည်ဖြစ်ပါသည်"

ဆိုတဲ့ တာရာမင်းဝေရဲ့"မျှော်သူ"ကဗျာလေးထဲကလိုပဲ နှင့်ရဲ့အချက်ပြသံတွေမျှော်လင့်ရင်း ... မျှော်လင့်ရင်း ... ရတုတွေအဆက်ဆက် ငါခရီး ဆက်နေမယ် "နန်း" ရေ ......

တစ်ချိန်က နှင့်ရဲ့အဖြည့်

ကိုကို

**လူထက်မင်း**

"ကဲ "ရှိ (တက္ကသိုလ်)"ရဲ့ "ဆေးရောင်ပြည့် လွင့်သွားသော ပန်းချီကားတစ်ချပ်" ဆိုတဲ့ နှလုံးသား ရှုထောင့်ထဲက "မေ" ရဲ့ခံစားချက်တွေကို "မောင်" က ဘယ်လိုပြန်ပြီး ဖြေရှင်းမလဲ။ "မောင်"ရဲ့ကိုယ်စား ကိုယ်ပွားခံစားပြီး ၁၀-၉-၂၀၁၄ ရက်နေ့ နောက်ဆုံး ထားကာ ရေးသားပေးပို့ကြပါလို့ မေတ္တာရပ်ခံအပ်ပါ တယ်။

**မောင်ငြိမ်းသူ (ကြို့ပင်ထောက်)**

**ဒုတိယအယ်ဒီတာချုပ်**

**ရှုထောင့်မှုခင်းနှင့် ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသားရှုထောင့်၊ ပြောင်ချက်နှလုံးသား တာဝန်ခံအယ်ဒီတာရဲ့ သုံးသပ်ချက်



၂၀၁၄ခုနှစ်၊ ဇွန်လထုတ်၊ မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ **"သံထွင်မိုး (မုတ္တမ)"**ရဲ့ **"ဝန္နဝင် အထွမ်းနဲ့ ထဗျာနွယ်"**ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **"ထဗျာနွယ်"**ရဲ့ စွပ်စွဲချက်တွေကို **"မောင် (ခ) ထစ်ဖြစ်ကြီး စိုးခင်၊"**ရဲ့ ကိုယ်စားကိုယ်ပွားခံစားပြီး ဖြေရှင်းပေးထားသူတွေထဲက ပဏာမရွေးချယ်ထားတဲ့ (၁၀)ဦးရဲ့ စာရင်းကို ဖော်ပြလိုက်ပါတယ်-

| | | |
|---|---|---|
| (၁) | သက်ဇော်မောင် | "ညှဉ်းရက်လေဘူးကွယ်" |
| (၂) | ကျော်စိုးမိုး | "မေတ္တာအရင်းခံနဲ့ပါ" |
| (၃) | အောင်မင်းထိုက် | "မောင့်ဝန်တာ" |
| (၄) | ဆွေသန့်ကို | "သံယောဇဉ်နွယ်" |
| (၅) | တင်ကိုကို | "ခွင့်လွှတ်ပါလို့ မပြောချင်" |
| (၆) | ငွေမင်းဆွေ | "တာရန်မဲ့သွားပြီနွယ်" |
| (၇) | ဇော်ဇော်မော် | "နွယ်ရယ်----" |
| (၈) | သက်ထူးအောင် | "ချစ်အားမာန်" |
| (၉) | သီရိမေ | "နားလည်ပေးပါနွယ်" |
| (၁၀) | ဟန်နီ(တောင်ကြီး) | "လွမ်းသမျှအပူတို့ ငြိမ်းပါစေ" |

**"ပြန်ထည့်စိစစ်သုံးသပ်ချက်"**

(၁) သက်ဇော်မောင် **"ညှဉ်းရက်လေဘူးကွယ်"**

တိုက်ပွဲမှာ ဒဏ်ရာရ၊ ဒုက္ခိတဘဝမို့ နွယ့်ဆီပြန်လာပြီး သောကအပူမပေးလိုတာကြောင့် နွယ့်ကို အဆက်ဖြတ်လိုက်ရတာပါလို့ ကျိုးကြောင်းဖော်ပြထားတာ သင့်ပါတယ်။

(၂) ကျော်စိုးမိုး **"မေတ္တာအရင်းခံနဲ့ပါ"**

နွယ့်ကိုချစ်ပေမယ့် စစ်သားဘဝဟာ ကိုယ့်ဘဝကို ကိုယ်မပိုင်တဲ့ဘဝ၊ ကိုယ့်အသက်ကို နိုင်ငံအတွက် ပေးလှူထားရတဲ့ဘဝ၊ ဒီဘဝနဲ့ နွယ့်ကိုချစ်ပေမယ့် နွယ်ရဲ့နောင်ရေးကို တွေးပြီး မေတ္တာအရင်းခံနဲ့ ဖြေသိမ့်နေရတာပါလို့ ရေးသားထားတာ သင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၃) အောင်မင်းထိုက် **"မောင့်ဝန်ထာ"**

အလွမ်းသီချင်းနဲ့ အလွမ်းကဗျာတွေများပြီး ကျိုးကြောင်းဖော်ပြချက်က မပီပြင်ပါ... စကားပြေ အရေးအသားသင့်ပါတယ်။

(၄) ဆွေသန့်ကို **"သံထောစဉ်နွယ်"**

မောင်စိန်ဝင်း (ပုတီးကုန်း)ရဲ့ "တစ်ပင်တည်းရင်ထဲကနွယ်" ကဗျာနဲ့ တင်စားပြီး နိဒါန်း... ချီလာတာကောင်းပါတယ်။ ဒါပေမဲ့ နွယ့်ကိုဘာကြောင့် အဆက်အသွယ်ဖြတ်ထား... တယ်ဆိုတာကိုတော့ ဖော်ပြမထားတော့ ပေါ့သွားတာပေါ့။

(၅) တင်ကိုကို **"ခွင့်လွှတ်ပါလို့ မပြောချင်"**

တိုက်ပွဲမှာ ဒဏ်ရာရ၊ ခြေတစ်ဖက်ပြတ်သွားလို့ အနီးကပ်ပြုစုပေးတဲ့ ကျေးဇူးရှင် ထ... တောသူလေးနဲ့ လက်ထပ်ပေါင်းသင်းနေရပြီလို့ ဖြေရှင်းထားတာသင့်ပါတယ်။

(၆) ငွေးမင်းဆွေ **"ထာရန်မဲ့သွားပြီ"**

ရှေ့တန်းမှာ ဗုံးဒဏ်သင့်လို့ မျက်စိနှစ်ဖက်စလုံး ကွယ်ခဲ့ရပြီမို့ ချစ်အိပ်မက်ပျက်ပြယ်သွားပြီ... နွယ်ရယ်လို့ ဖြေရှင်းထားတာ သင့်ပါတယ်။

(၇) ဖော်ဖော်မော် **"နွယ်ရယ်----"**

အရေးအသားပြေပြစ်ပေမဲ့ ကျိုးကြောင်းဖော်ပြချက်မှာ အားနည်းနေပါတယ်။

(၈) သက်ထူးအောင် **"ချစ်အားမာန်"**

ရှေ့တန်း အတွေ့အကြုံတွေက များလွန်းနေပြီး နွယ့်ဆီဘာကြောင့် ပြန်မလာနိုင်တဲ့အ... ကြောင်းက မပီပြင်ပါ။

(၉) သီရိမေ **"နားလည်ပေးပါ"**

မောင့်ရဲ့ကိုယ်စား မောင့်ဇနီးဖြစ်သူက ကြားဝင်ဖြေရှင်းပေးထားတာပါ။ ချိုင်းထောက်နဲ့ ဒုက္ခိတဘဝမှာ သူမနဲ့ပေါင်းသင်းနေတာ ကလေးနှစ်ယောက်တောင်ရနေပြီမို့ နားလည် ပေးပါလို့ ဖြေရှင်းထားတာ သင့်ပါတယ်။

(၁၀) ဟန်နီ (တောင်ကြီး) **"လွမ်းသချ္ချအဝှတိုငြိမ်းပါစေ"**

ကျိုးကြောင်းဖော်ပြချက် သဘာဝယုတ္တိရှိပြီး ဆွဲဆောင်မှုရှိပါတယ်။

**"အကြိုက်ဆုံးဖြေ‌ာင့်ချက်နလုံးသားပိုင်ရှင်"**

ဒီလအတွက် အကြိုက်ဆုံးဖြောင့်ချက်နလုံးသားပိုင်ရှင်အဖြစ် **"ဟန်နီ (တောင်ကြီး)"** ကိုရွေးချယ်လိုက်ပါတယ်။ **"ဟန်နီ(တောင်ကြီး)ရဲ့ လွမ်းသချ္ချအဝှတိုငြိမ်းပါစေ"** ဆိုတဲ့ ဖြောင့်ချက်နလုံးသားကို ခံစားကြည့်ကြပါစို့။

**မောင်ငြိမ်းသူ (ကြို့ပင်ထောက်)-ထာဝန်ခံအယ်ဒီတာ**

**ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားရှုထောင့်
ဖြောင့်ချက်နှလုံးသား



# “လွမ်းသမျှအပူတို့ငြိမ်းပါစေ”

**တန်နီ(ထောင်ကြီး)**

မန္တလေးလို့ခေါ်ရင်းနဲ့ပဲ ကျွန်တော့်ကိုကျွန်တော် မိတ်ဆက်ပါရစေ။ ကျွန်တော်က တပ်မတော်က ဆေးပင်စင်နဲ့ အငြိမ်းစားယူလိုက်တဲ့ တပ်ကြပ်ကြီးရဲနိုင်ပါ။ ကျွန်တော် မန္တလေးရဲ့စာကို ဖတ်ရပါတယ်။ တပ်ကြပ်ကြီးစိုးမင်းနဲ့ ကဗျာနွယ်ဆိုတာတွေ့လိုက်ရတော့ ကျွန်တော်ရဲ့ သူငယ်ချင်းစိုးမင်းဆိုတာ သေချာသွားတယ်။ “ကဗျာနွယ်”ဆိုတဲ့ နာမည်က နာမည်တူမရှိ



www.burmeseclassic.com

www.burmeseclassic.com



သလောက်ရှားတယ်လေ။ မန္တယ်ရဲ့စာကိုဖတ်ပြီး ကျွန်တော် စိတ်မကောင်းတော်တော်ဖြစ်ခဲ့တယ်။ စိုးမင်းနဲ့ မန္တယ် ပြန်မဆုံ ဖြစ်တော့တာ စာဖတ်ပြီး သိလိုက်ရတော့ မန္တယ် ဘာသတင်းမှ မရဘူးဆိုတာ တော်တော်သေချာသွားတယ်။ စိတ်မကောင်းစရာဆိုပေမဲ့ မန္တယ်အဖြစ်က ပိုပြီး ရင်နင့်ဖို့ကောင်းတယ်လေ။ မန္တယ်ရဲ့စာဖတ်ပြီး ရေငုံနှုတ်ပိတ်နေလို့ မရတော့မှန်း သိတာကြောင့် ကျွန်တော် ပြောပြပါ့မယ် မန္တယ်။

ကျွန်တော်နဲ့ စိုးမင်းက တပ်ရင်းတစ်ရင်းထဲမှာပါ။ တော်တော်လေးလည်း ခင်မင်ရင်းနှီးကျပါတယ်။ မန္တယ်အကြောင်းကို သူပြောပြထားလို့ ကျွန်တော် မန္တယ်ကို သိနေပါတယ်။ အချိန်ရတိုင်း မန္တယ်ရဲ့ဓာတ်ပုံနဲ့ စာတွေ ထုတ်ကြည့်လွန်း စာနွေးလွန်းလို့ 'လွန်းပို'လို့ ကျွန်တော်တို့ နာမည်ပြောင် ပေးထားကြတာပါ။ စိုးမင်းက မန္တယ်ကို တော်တော်လေး ချစ်ခင်မြတ်နိုးတန်ဖိုးထားတဲ့သူတစ်ဦးပါ။ မန္တယ်ဆီ စာလွှာတွေအမြဲမပါးခဲ့နိုင်ခဲ့ပေမယ့် နေ့စဉ်နေ့တိုင်း အချိန်ရတိုင်း မန္တယ်ကို သတိရလွမ်းနေတတ်တာ ကျွန်တော်တို့အမြင်၊ အသိပါ။ တိုင်းပြည်ရဲ့တာဝန်ကို ထမ်းဆောင်နေရတဲ့ ရှေ့တန်းရောက်တပ်မတော်သားတွေရဲ့ဘဝက ကိုယ့်ကိုယ်ကိုယ် မပိုင်ပါဘူး။ အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်ရတဲ့အတွက် ကျွန်တော်တို့မှာ အချိန်မှန်၊ အချိန်အတိအကျဆိုတာ မရှိပါဘူး။ တိုက်ခိုက်ရေးသမားတွေမို့ ချိန်ခါမရွေး အမြဲအဆင်သင့်ဖြစ်နေဖို့ အမြဲပြင်ဆင်ထားရတဲ့သူတွေပါ။ တွေ့ဖို့ဆုံဖို့ မဆိုထားနဲ့ လွမ်းရတာတောင် အပြေးအလွှား အချိန်ကျပ်ကြီးမှာ ပင့်သက်ခိုးရှိုက်နေရတာပါ။ သူများတွေလို ချစ်စကားတွေ တီတီတာတာ ချွဲနွဲ့ဖို့ အချိန်မရတာလည်း ကျွန်တော်တို့လို ရှေ့တန်းရောက် တပ်မတော်သားတွေပါ မန္တယ်။ မန္တယ် ကိုယ်တိုင်ကြုံဖူးတာမို့ မန္တယ်အသိပါ။

ခဏအားလပ်ချိန်လေးမှာ တစ်ယောက်တစ်လှည့် ရင်ဖွင့်ကြရင်း အလွမ်းပြေသောကရင်အပူတွေကို တစ်ယောက်ရင် တစ်ယောက်ကူးစက်လို့ အားပေးဖေးမစကားတွေနဲ့ အချိန်တွေကို ဖြတ်ကျော်ခဲ့ကြတာပါ။ မန္တယ်ကို အပြင်မှာ မမြင်ဖူးပေမဲ့ ဓာတ်ပုံထဲမှာ ရင်းနှီးဖူးသလို မန္တယ်နဲ့ ပတ်သက်တဲ့အကြောင်းတွေကလည်း ရင်းနှီးပြီးသားပါ။ အချိန်အားရတိုင်း စိုးမင်းနားက ထွက်သမျှအသံတွေမှာ မန္တယ်မ

**ခဏအားလပ်ချိန်လေးမှာ**
**တစ်ယောက်တစ်လှည့်**
**ရင်ဖွင့်ကြရင်း အလွမ်းပြေသော**
**ကရင်အပူတွေကို**
**တစ်ယောက်ရင်**
**တစ်ယောက်ကူးစက်လို့**
**အားပေးဖေးမစကားတွေနဲ့ . . .**



www.burmeseclassic.com

www.burmeseclassic.com



ရှင် မပြီးပါဘူး။ စကားကြုံတိုင်း ကဗျာအကြောင်း၊ စာအကြောင်းလေးတွေ ပြောဖြစ်တိုင်း ကဗျာဆန်တဲ့သူ့ချစ်သူ မနွယ်ကို လွမ်းမဆုံးနိုင်ဖြစ်ခဲ့တာလဲ စိုးမင်းပါပဲ။ ဘယ်အချိန်ဆုံရမလဲဆိုပြီး လက်ချိုးရေတွက်နေတဲ့သူပါ။ တာဝန် ကျေပွန်တဲ့ စစ်သားကောင်းတစ်ယောက်ပါ။ အလုပ်ချိန်မှာ အလုပ်ကို အလေးထားဆောင်ရွက်သလို အားလပ်ချိန်ခဏလေးမှာတောင် မနွယ်ကိုမေ့မထားတဲ့သူက စိုးမင်းပါပဲ မနွယ်။ မနွယ်အပေါ် ချစ်တတ်လွန်းတာကြောင့် ကျွန်တော်သိတာ မြင်တာကြားတာကို တစ်ဆင့်ပြန်ပြောပြတာပါ။

ကျွန်တော်နဲ့ စိုးမင်းက တိုင်ပင်ဖော်တိုင်ပင်ဖက် ဆိုရင်လည်း မမှားပါဘူး။ ကျွန်တော်တို့အဖွဲ့ ကွန်ဟီန်းဘက်ကို တိုက်ပွဲထွက်ရတယ်။ တော်တော်လေးလည်း ပြင်းထန်တယ်။ အဲဒီတိုက်ပွဲမှာပဲ စိုးမင်းကျသွားခဲ့တယ်။ ကျွန်တော်ကတော့ ခြေတစ်ဖက်ဖြတ်လိုက်ရတယ်။ နောက်တော့တစ်ကနေ ဆေးပင်စင်နဲ့ အနားယူလိုက်ရတယ်။ ကျွန်တော် အခုအချိန်ထိ စိုးမင်းကို သတိရနေပါတယ်။ မနွယ်ကို သတင်းပေး ဆက်သွယ်ချင်ပေမဲ့ ဘယ်ဆီဘယ်ဝယ်ရောက်နေမှန်းလဲ ကျွန်တော်မသိတော့ မဆက်သွယ်နိုင်ခဲ့ပါဘူး။ စိုးမင်းရဲ့အကြောင်းကိုလည်း ပြောမပြနိုင်ခဲ့ဘူးပေါ့။ စိုးမင်းရဲ့ ရင်ဖွင့်အလွမ်းစာအုပ်လေး ကျွန်တော်လက်ထဲမှာ ရှိနေပါသေးတယ် မနွယ်။ တိုက်ပွဲမထွက်ခင်မှာ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စာအုပ်လေးကို ကာယကံရှင်လက်ထဲရောက်အောင်ပို့ပေးဖို့ ကတိပြုပြီးသားပါ။ မှာစရာတွေ ပြောစရာတွေ အရေးကြီးတာတွေ စစ်မထွက်ခင်မှာ ကျွန်တော်တို့နှစ်ယောက် တိုင်ပင်ဆွေးနွေးကြတယ်။ ကျွန်တော်တို့ရဲ့ အလွမ်းပုံတင်သံတွေကို ကြားစေဖို့အတွက် ခဏ





www.burmeseclassic.com

www.burmeseclassic.com



အားလပ်တဲ့အချိန်လေးမှာ စာရေးကြတယ်။ ကိုယ့်ရဲ့ချစ်သူကို ပြောပြခွင့်မရတဲ့ ရင်ထဲက ခံစားချက်တွေ၊ အလုပ်ထဲမှာ ဖြစ်ပျက်နေတဲ့အကြောင်းတွေ၊ ပျော်တာ၊ စိတ်ညစ်တာတွေကို တိတ်တခိုးဖွင့်ထုတ်ထားတဲ့ ဆည်ပေါက်ကလေးပါ။

ကျွန်တော့်မှာလည်း ချစ်သူရှိနေတဲ့ အချိန်ပေါ့။ ခံစားချက်တူချင်းဆိုတော့ ပိုပြီးရင်ဖွင့်လို့ကောင်းတယ်လေ။ တိုက်ပွဲနဲ့ ရှေ့တန်းထွက်ရပြီဆို စာအုပ်လေးတွေကို တစ်နေရာတည်းမှာ အတူတူသိမ်းခဲ့ကြတယ်။ စစ်တိုက်ထွက်ရပြီဆို အသက်ကခန္ဓာမြဲဖို့ မရေရာတဲ့အလုပ်ပါ။ အသက်နဲ့ရင်းရတဲ့ ပွဲတွေချည်းပါပဲ။ ရန်သူတွေနဲ့တွေ့ပြီဆိုရင် အနိုင်မခံအရှုံးမပေးဘဲ စစ်သားဆိုတဲ့အတိုင်း သွေးရဲပါတယ်။ အဲဒီလို သွေးရဲလို့ပဲ စိုးမင်းကျခဲ့ရတာ။ ပြန်ပြောရရင် ရင်နာပေမဲ့ မှန်မြတ်တဲ့သေခြင်းတရားကို ပိုင်ဆိုင်တဲ့သူပါ။ ကျွန်တော်တို့ရှေ့တန်းထွက်တဲ့အချိန် အခါမဲ့မိုးတွေရွာကျလာခဲ့တယ်။ မိုးကလည်း ရပ်လိုက်ရွာလိုက်နဲ့ တစ်ညလုံးပဲ။ ကျွန်တော်တို့တွေ ရိက္ခာခြောက်တွေကိုပဲ စားခဲ့ရတယ်။ အဝတ်စိုတွေနဲ့ တစ်ညလုံး မိုးလင်းခဲ့ရတယ်။ ဖြစ်ချင်တော့မိုးက သုံးရက်ဆက်တိုက်ပဲ။ အအိပ်ပျက်၊ အစာငတ်ခံရတာ ကျွန်တော်တို့စစ်သားတွေ ဘဝပါမန္တယ်။ တော်ရုံဖွဲ့ တော်ရုံသတ္တိနဲ့တော့ မဖြစ်ပါဘူး။ ကျွန်တော်တို့လည်း လူပါပဲ။ အားငယ်တဲ့အချိန်၊ ကြောက်တဲ့အချိန်တွေလည်း ရှိပါတယ်။ အိပ်ရေးပျက်နေတဲ့အချိန် အစားနည်းနေတဲ့အချိန်မှာ တိုက်ပွဲဖြစ်တာပါ။ သူတို့ဘက်က အကျများသလို ကျွန်တော်တို့ဘက်လည်း မနည်းပါဘူး။ စစ်

ကျွန်တော့်မှာလည်း
ချစ်သူရှိနေတဲ့
အချိန်ပေါ့
ခံစားချက်တူချင်းဆိုတော့
ပိုပြီးရင်ဖွင့်လို့ကောင်းတယ်လေ
တိုက်ပွဲနဲ့ ရှေ့တန်းထွက်ရပြီဆို

သတင်းမို့ ဘယ်သူဘယ်ဝါနဲ့ဆိုတာကိုတော့ ကျွန်တော်မ
လိုတဲ့အတွက် ချန်ခဲ့ပါရစေနော် မန္တယ်၊ အဖြစ်အပျက်ထို
ပြောပြချင်ပါတယ်။ တိုက်ပွဲကအမှောင်ကိုကူးလာပြီး မ
သေးဘူး။ ဖြစ်ချင်တော့ စိုးနိုင်က ပေါင်ကိုထိပြီးပစ်ကျသွ
တဲ့အချိန် စိုးမင်းက ပစ်ထွက်ထွက်ပြီး စိုးနိုင်ကိုကာထား
တယ်။ စိုးနိုင်ကို ဆွဲပြီးပြန်အထုတ်မှာ စိုးမင်းကျည်သင့်သွ
တာပဲ။ ဆီးစပ်ကိုမှန်သွားတယ်။ ကျွန်တော်တို့ သူတို့ကိုပြ
သယ်တဲ့အချိန်အထိ သူသတိကောင်းပါတယ်။ တစ်ချက်
မဲ့ဘူး။ တကယ့်ယောကျ်ားကောင်းပါ။ စိုးနိုင်ကတော့
လမ်းလုံးစိတ်မကောင်းလို့ မျက်ရည်တွေကျနေတယ်။ ကျွ
တော့်ကိုတော့ စာအုပ်ကိုမန္တယ်ဆီပို့ပေးပါလို့ ပြောသွားတယ်



www.burmeseclassic.com

www.burmeseclassic.com



အုပ်ထဲက စကားတွေက သူ့ရင်ထဲကစကားတွေပါ။ မနွယ် တ်ပြီး သူ့ကိုနားလည်မှာပါတဲ့။ စစ်သားတစ်ယောက်ရဲ့ ချစ် သူဆိုတော့ သူများချစ်သူမိန်းကလေးတွေလို ပျော်ရွှင်မှုတွေ ပေးနိုင်ခဲ့တာ ခွင့်လွှတ်ပါလို့ပြောသွားပါတယ် မနွယ်။ သူက တော့ ကျန်တဲ့သူတွေကိုလည်း စနောက်နေသေးတယ်။ ပြီး တော့ သူသိပ်ကြိုက်တဲ့ စိုင်းထီးဆိုင်ရဲ့ "မင်းခယောကျ်ား" သီချင်းကိုဆိုရင်း ဆုံးသွားခဲ့တယ်။

နောက်ဆုံးအချိန်ထိ သေခြင်းတရားကို သူမ ကြောက်ခဲ့ဘူး။ ကျွန်တော်ငိုခဲ့ရပါတယ်။ သူပေးစေချင်တဲ့စာ အုပ်ကို ဘယ်ဆီပေးရမှန်းလည်းမသိလို့ သိမ်းထားခဲ့တာ ဆယ်စုနှစ်တောင်ကျော်လာခဲ့ပြီ။ ဒီစာအုပ်လေး မပေးနိုင် သေးတာကို စိတ်ဘဝင်မကျနိုင်ခဲ့တာလည်း ကြာပါပြီ။ သူမရှိ တဲ့နောက်ပိုင်း ရှေ့တန်းထွက်ရင်လည်း မှာတမ်းခြွေပြီး ထွက်ခဲ့တာလည်း အလုပ်တစ်ခုလိုပါပဲ။ ကျွန်တော်လည်း ရှေ့တန်းမှာထိခိုက်မိပြီး ခြေထောက်တစ်ချောင်း ဖြတ်လိုက် ရတယ်။ အဲဒီနောက် တပ်ကနေ ဆေးပင်စင်နဲ့ အနားယူ လိုက်ရတယ်။ ကျွန်တော့်ချစ်သူကတော့ ဇနီးမယားအဖြစ် ကျွန်တော့်ဘေးမှာရှိနေပေမဲ့ ဒီစာအုပ်နဲ့စိုးမင်းကတော့ ကျွန် တော့် ရင်ထဲမှာ သိမ်းထားဖြစ်တဲ့ ဇာတ်လမ်းတစ်ပုဒ်ဖြစ်နေ ခဲ့တယ်။ အကြောင်းတိုက်ဆိုင်တိုင်း သတိရသလို လက်လှမ်း မီရာ စုံစမ်းပေမဲ့ မနွယ်ရဲ့သတင်းကို မရခဲ့ဘူး။ ဝန်ထမ်း တွေဆိုတာကလည်း ကျရာနေရာမှာ တာဝန်ထမ်းဆောင်ရတဲ့ ဘဝဆိုတော့ စိတ်သွားတိုင်း ကိုယ်မပါနိုင်တဲ့ ဘဝတွေပါ။ ကျွန်တော့်ရင်မှာ အကြွေးတင်နေတဲ့ စိတ်ကလေး အခုမှ ဘဝင်ကျတော့တယ်။



ဒါပေမဲ့ မနွယ်ရယ် ဘဝင်ကျတယ် ဆိုပေမဲ့ သတင်းကောင်းမပေးနိုင်ခဲ့လို့ အားနာတယ်ဗျာ။ မနွယ်မျှော် လင့်သလို မဖြစ်လာပေမဲ့ အဖြေကိုခွဲခွဲခြားခြား သိနိုင်တာကို တော့ ဖြေသာပါတယ်။ မနွယ်ထင်သလို စိုးမင်းက မျက်နှာ သစ်ရှာသွားတာ မဟုတ်ပေမဲ့ ဘဝခြားသွားခဲ့တာပါ။ စိုးမင်းက

www.burmeseclassic.com



သစ္စာရှိတယ်၊ သတ္တိရှိတယ်၊ ရဲဘော်ရဲဘက်စိတ်အပြည့်ရှိတဲ့ စစ်သားကောင်းပါဗျာ။ ဒါကိုတော့ မနွယ်ဂုဏ်ယူပါ။ မနွယ်ရဲ့ စာထဲမှာတွေ့တဲ့အတိုင်း ဝေါလေ့ရှာကို ဒီစာအုပ်ပို့ဖြစ်အောင် ကျွန်တော်ပို့လိုက်ပါပြီ။ ကျွန်တော်ကိုယ်တိုင် မလာနိုင်တဲ့ အတွက် တောင်းပန်ပါတယ်ဗျာ။ ကျွန်တော့်ရဲ့ကျန်းမာရေးက လည်း သိပ်မကောင်းဘူး။ ဒါကြောင့် ကျွန်တော့်တပည့်လေး ကို ပို့ခိုင်းလိုက်ပါတယ်။ မနွယ်ရဲ့လက်ထဲရောက်အောင်လို့ စာတိုက်ကနေတောင် မပို့ခိုင်းတာပါ။ ကြားထဲမှာ ပျောက်ရှ သွားမှာ ကျွန်တော်အဖြစ်မခံနိုင်ဘူး။ စိုးမင်းရဲ့စကားကို ကျွန် တော်ဖြည့်ဆည်းရမယ့် တာဝန်ရှိတယ်လေ။ တာဝန်သက် သက်ချည်းလည်း မဟုတ်ပါဘူး။ ကျွန်တော့်ဘဝအတွက် တကယ့်ကို မှတ်မှတ်ရရဖြစ်နေတဲ့ ကိစ္စတစ်ခုဆိုရင်လည်း မဟုတ်ပါဘူး။ ကျွန်တော်အသက်ရှိနေတုန်းလေး ဖြည့် ဆည်းခွင့်ရလိုက်တာကိုပဲ ဝမ်းသာလို့မဆုံးဖြစ်ရတယ်။ မနွယ် စာဖတ်ပြီး မနွယ်ကိုတကယ်လေးစားပါတယ်။ သစ္စာရှိရှိ ချစ် ခင်မြတ်နိုးပြီး စိတ်ရှည်ရှည်စောင့်မျှော်နေတဲ့မနွယ်ကို ကျွန် တော်တကယ်လေးစားပါတယ်ဗျာ။ ဒီလောက်နှစ်တွေကြာ သွားတာတောင် စိတ်မပျက်အားမလျှော့ မျှော်လင့်နေခဲ့တာ စိုးမင်းသာသိရင် ဘယ်လောက်ဝမ်းသာပြီး ပျော်နေလိမ့်မလဲ မသိဘူး။

မနွယ်ရေ စိုးမင်းရဲ့စာအုပ်ကိုဖတ်ပြီး လွမ်း[illegible] ဖြေလိုက်ပါ။ မနွယ်ဆီ စိုးမင်းပြန်မလာနိုင်ပေမဲ့ မနွယ်ကို[illegible] ချစ်ခဲ့တာ စာအုပ်လေးက ပြောပြပါလိမ့်မယ်။ မနွယ်ချ[illegible] အတွက် ဂုဏ်ယူနိုင်ပါစေ။ စာအုပ်လေးကို မနွယ်ဆီရော[illegible] အောင် သတင်းတံခါးဖွင့်ပေးခဲ့တဲ့ မှုခင်းရှုထောင့်ရ[illegible] မဂ္ဂဇင်းကိုလည်း ကျေးဇူးတင်ရင်း မနွယ်မကြားမသိသေ[illegible] သတင်းစကားလေးကို စိတ်မကောင်းစွာနဲ့ပဲ ပြောလိုက်[illegible] တယ်။ စိုးမင်း ကောင်းရာဘုံဘဝမှာ ပျော်ရွှင်နိုင်သလို မ[illegible] လည်း လွမ်းသမျှအပူတွေ ငြိမ်းချမ်းပါစေလို့ ဆုတော[illegible] လိုက်ပါတယ်ဗျာ။

ခင်မင်[illegible]


[illegible]

တန်နီ(တောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



# ပေါ်ဒဉ်ရဇဝင်

ကျော်ဇောဟိန်း (ဒေါပုံ)

www.burmeseclassic.com

www.burmeseclassic.com



**"မော်ဒန်ရာဇဝင် ရုပ်ရှင်ဇာတ်ကား"**

**ကျော်ဇောဟိန်း (ဒေါ်ပုံ)**

တော်ဝင်ပတ္တမြား ရုပ်ရှင်ထုတ်လုပ်ရေး အတွက် နေရဲမာန်ကစီစဉ်ပေးပြီး လွင်မင်းအုံ၏ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ညီညီထွန်းလွင်က "မော်ဒန်ရာဇဝင်"ဟု ရုပ်ရှင်ရိုက်ကူးထားသည်။

ကင်မရာမင်း ကျောက်ဖြူနှင့်အတူ ပြင်ဦးလွင်မြို့ ရိုက်ကွင်းများမှာ ရိုက်ကူးခဲ့သည်။ ဇာတ်ကားကို ကျော်ခိုင်စိုးက တည်းဖြတ်ပေးပြီး ဇာတ်ကား နောက်ခံသံစဉ်များကိုတော့ လီယိုနတ် မောင်မောင်လွင်က ဖန်တီးဖြည့်ဆည်းပေးထားသည်။



ဤဇာတ်ရုပ်ပေါ်လွင်အောင် ခန့်စည်သ ဝေဠုကျော်၊ ပြေတီဦး၊ ရန်အောင်၊ ထွန်းအိ ဗို၊ ဝတ်မှုံရွှေရည်၊ စန္ဒီမြင့်လွင်တို့နှင့် ဇာတ် ဇာတ်ရန်များ ပါဝင်ထားကြသည်။

ရှေးဟောင်းပစ္စည်း မှောင်ခိုရောင်းဝယ်သ ဦးရာမသည် A.D (၆)ရာစုမှ သာကေတတိုင်းပြည် သုဝဏ္ဏမြို့စားကြီး၏ လက်သုံးတော် ဆေးပုရပိုက် ကို ရောင်းချရန်ညှိနှိုင်းနေစဉ် သူခိုးကြီး စံစား ခိုးနားထောင်ပြီး အဆိုပါ ပုရပိုက်ကိုရအောင် မည်ဖြစ်ကြောင်း ဖုန်းဆက်အကြောင်းကြားလို ရာ ဦးရာမ အလွန်ထိတ်လန့်သွားပြီး ပုရပိုက် လုံခြုံ ရေးအတွက် ရုပ်ရှင်လူကြမ်း မိုးသီးနှင့်အဖွဲ့ကို ငှာ ရမ်းလိုက်ရသည်။

နေခနှင့် ကျော်ကြားမှာ ယောက်ဖတော် ဝမ်းကွဲများ ဖြစ်ပြီး နေခ၏ အဒေါ်ဖြစ်သူ ဒေါ်ကြ သစ်၊ အစ်မဖြစ်သူ ကြင်နာသစ်တို့နှင့် အတူတ နေထိုင်ကြသည်။ နေခမှာ အလုပ်အကိုင် မည်မည် ရရမရှိဘဲ ရုပ်ရှင်မင်းသားရူးဖြစ်ပြီး ကျော်ကြားမှ တက္ကစီမောင်းသူ ဖြစ်သည်။ တက္ကစီပိုင်ရှင် ကာ ရောင်းလိုက်၍ အလုပ်လက်မဲ့ဖြစ်နေသော ကျော် ကြားမှာ စပေါ်ငွေများ ဘောလုံးပွဲလောင်းကြေ ရှုံးသွားသဖြင့် အိမ်ပေါ်တင်ကျွေးထားရသော ဒေ ကြာသစ်မှာ သည်းမခံနိုင်တော့ဘဲ သမက် ကျော် ကြားနှင့် တူနေခကို အိမ်ပေါ်မှ နှင်ချလိုက်တော့ သည်။

နေခနှင့်ကျော်ကြားတို့ မိုးသီးနှင့် ဆက်

www.burmeseclassic.com



သွယ်မိပြီး ပုရပိုက်စောင့်ရှောက်သည့် လုံခြုံရေး ဝန်ထမ်းအဖြစ် လုပ်ကိုင်ကြစဥ် သူခိုးကြီးစံစား လက်ချက်ဖြင့် ပုရပိုက်ပျောက်ဆုံးသွားရာမှ နေခ နှင့် ကျော်ကြားတို့မှာ ကြံရာပါအဖြစ် စွပ်စွဲခံရကာ ထွက်ပြေးရာမှ သာကေတတိုင်းပြည်၊ သုဝဏ္ဏ အုတ်မြို့ရိုးပျက်အား ကားနှင့်ဝင်တိုက်မိပြီး ၂၁ ရာစုမှ A.D ၆ရာစုသို့ ရောက်ရှိသွားသည်။

A.D ၆ ရာစုအတွင်း နေခနှင့်ကျော်ကြား တို့ တကွဲတပြားစီဖြစ်ကာ နေခက သုဝဏ္ဏမြို့စား ကြီး၏ သမီးတော်လေးဆီရောက်ရှိသွားပြီး ကျော် ကြားမှာ ဒိသပါမောက္ခဆရာကြီးထံ ရောက်ရှိသွား တော့သည်။ သမီးတော်လေး စောင့်ရှောက်ထား



သော နေခမှာ ရဲမက်တို့၏ ဖမ်းဆီးခြင်းခံရကာ သူလျှိုအဖြစ် သတ်မှတ်ပြီး သေဒဏ်ချမှတ်ခံရကာ အသတ်ခံရခါနီးတွင် ကျော်ကြားကားဖြင့် ရောက် လာကာ ကယ်ထုတ်သွားတော့သည်။ ၂၁ ရာစုသို့ ပြန်နိုင်ရန် အုတ်နံရံကို ကားဖြင့်ပြန်ဝင်တိုက်ပြီး ကြိုးစားကြသော်လည်း ၂၁ ရာစုသို့မရောက်ဘဲ သတိလစ်မေ့မြောသွားကြသည်။

သတိလစ်နေသော နေခနှင့် ကျော်ကြား တို့မှာ ဗေဒါရီ (ကြင်နာသစ်နှင့်ရုပ်တူသူ)က ကယ် တင်သွားပြီး သိဒ္ဓိရှင်ဆရာမကြီး (ဒေါ်ကြာသစ်နှင့် ရုပ်တူသူ)ထံ ခေါ်ဆောင်သွားတော့သည်။ သိဒ္ဓိရှင် မကြီးက သုဝဏ္ဏမြို့အုတ်ရိုးအကြောင်းရှင်းပြပြီး နက္ခတ်ကြုံချိန် နောက်ရှစ်ရက်တွင်မှ ၂၁ ရာစုသို့ ပြန်နိုင်မည့်အကြောင်း ရှင်းပြလိုက်လေသည်။

နေခနှင့် ကျော်ကြားတို့ ဗေဒါရီ အကူ အညီဖြင့် မြို့စားကြီး၏ ဆေးပုရပိုက်ကို ခိုးယူရန်ကြံ စည်စဥ် သမီးတော်လေးမှာလည်း နေခ၏စိတ်ဖြင့် စိတ်ဝေဒနာခံစားနေရရာ နန်းတွင်းသမားတော်ကြီး က သမီးတော်လေးအား ကြင်ဖက်တော်ရွေးချယ် ပေးလျှင် ဝေဒနာသက်သာနိုင်ကြောင်း လျှောက် တင်လေရာ မြို့စားကြီးက လေးတင်ပွဲကျင်းပပြီး ကြင်ဖက်တော် ရွေးချယ်မည်ဟု အမိန့်ချမှတ်လိုက် လေသည်။


ဘာတွေဆက်ဖြစ်မလဲဆိုတာ စောင့်မျှော် ကြည့်ရှုကြပါရန်။

ကျော်ဇောဟိန်း(ဒေါ်ပုံ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ခြံအမှတ်(၅၂)

နိုင်ဇင်သန့်

မာန်ထက်ချီ ဗီဒီယိုထုတ်လုပ်ရေးအတွက် မစန်းစန်း ဝင်း(မော်လမြိုင်)စီစဉ်ပေးပြီး ဒါရိုက်တာ ပြည့်ဟိန်းသီဟက ဇာတ်လမ်းဖန်တီးရေးဖွဲ့၊ ဇာတ်ညွှန်းရေးဖွဲ့ကာ ကိုယ်တိုင်သရုပ်ဖော်အသက်သွင်း ရိုက်ကူးထားသည့် "ခြံအမှတ်(၅၂)"ဗီဒီယိုကားကို မာန်ထက်ချီ ဗီစီဒီစက်ဖြင့် ကိုသူရက တည်းဖြတ်ထားပြီး နောက်ခံသံစဉ်များကို ဂီတမှူး ဝင်းကိုက ဖန်တီးထားပါသည်။

ဟိန်းဝေယံ၊ မိုးဟောကို၊ 5 Stars အဖွဲ့မှ



အောင်သော်၊ အောင်မော်၊ မျောက်ရှုံး၊ ကြာစီ၊ ကျင်ဝှက်၊ ဆင်မ၊ တိမ်ညွန့်တို့နှင့် ဇာတ်ပို့ဇာတ်ရန်များ ပါဝင်ထားကြသည်။

အစွဲအလမ်းကြီးခဲ့၍ သရဲဖြစ်နေသော သရဲကြီးငါးကောင်နှင့် တစ္ဆေသရဲများအကြောင်းကို ဝတ္ထုရေးရန်ကုန်ကြမ်းများရှာနေသော စာရေးဆရာလေး မောင်မောင်လွင် ....

မိဘများမှာ ကားမှောက်၍ သေဆုံးသွားကြသဖြင့် ကျန်ရှိနေသော သမီးလေးမှာ အားကိုးစရာမရှိဘဲ ဥစ္စာစည်းစိမ်များဖြင့် အထီးကျန်ဖြစ်ကာ စိတ်ဖောက်ပြန်ပြီး နောက်ဆုံးတွင် မိမိကိုယ်မိမိ အဆုံးစီရင်လိုက်လေသည်။ ထို့နောက်တွင် ထိုအိမ်ကြီးမှာ အစိမ်းသေဟု နာမည်ကြီးကာ လူသူ မရှိဘဲ အထီးကျန်စွာတည်ရှိနေသည်။ တစ်ခါတစ်ရံ ထိုအိမ်ကြီးအတွင်း ရတနာပစ္စည်းများ မြှုပ်ထားသည်ဟူသော သတင်းကြောင့် ရတနာ လာတူးကြသူများပင် ရှိကြသည်။ သို့သော် ထိုအိမ်ကြီးတွင် ကြီးစိုးနေသော သရဲကြီးငါးကောင်၏ ခြောက်လန့်မှုကြောင့် တစ်ယောက်မျှမအောင်မြင်ချေ။

သရဲကြီးငါးကောင်မှာ တစ်ယောက် တစ်မျိုးစီပင် အစွမ်းရှိကြသည်။ နံပါတ်တစ်သရဲမှာ ဂျပန်ခေတ်က ဗုံးပေါက်သေဆုံးရာမှ မကျွတ်သော ဂျပန်သရဲပင်။ ဒုတိယသရဲမှာ အိန္ဒိယပြည်မှ မြန်မာနိုင်ငံသို့ အလည်အပတ်လာစဉ် လမ်းဖြတ်ကူးရင်း ဘတ်စ်ကားတိုက်၍ သေဆုံးရာမှ အစွဲကြောင့်သရဲဖြစ်ရသူ ဖြစ်သည်။ တတိယသရဲမှာ တရုတ်လူမျိုး

www.burmeseclassic.com



မြန်မာနိုင်ငံတွင် မြေဈေးကောင်းနေ၍ မြေလာဝယ်ရာမှ တိုက်ပေါ်မှပြုတ်ကျပြီးအစွဲကြောင့် သရဲဖြစ်ရပြန်သည်။ စတုတ္ထသရဲကတော့ မြန်မာပြည်မှ သရဲ။ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ ဒေါ်လာဈေးကြီးမြင့်ခြင်းနှင့် ကားဈေးများကျခြင်း စသည်တို့ကြောင့် ဘဝပျက်အရှုံးပေါ်ကာ စိတ်ညစ်၍ သတ်သေခဲ့သော လုပ်ငန်းရှင် သရဲ။ နောက်ဆုံး ပဉ္စမမြောက် သရဲမှာမူ အမေရိကန်လူမျိုး မြန်မာပြည်အလည်အပတ်လာစဉ် မီးပျက်သည်နှင့်ကြုံပြီး မီးစက်နှိုးရာမှ အရှိန်လွန်ကဲ၍ နောက်စိကွဲကာ သေဆုံးခဲ့ရာမှ အစွဲကြောင့် သူလည်းသရဲဖြစ်ရပြန်သည်။

ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသ မဟုတ်သောကြောင့် နေရာမရှိကာ နောက်ဆုံး မြန်မာသရဲအကူအညီဖြင့် ထိုအိမ်ကြီးတွင် နေကြလေသည်။

တစ်နေ့တွင် စာရေး ဆရာလေး မောင်မောင်လွင်နှင့် တပည့်ကျော် ဆင်ပေါက် ထိုအိမ်ကြီးသို့ ရောက်လာကြသည်။ ဆရာသမား၏ အတင်းခေါ်ဆောင်၍သာ လိုက်ခဲ့ရပြီး သရဲဆိုလျှင် သေးထွက်အောင်ပင် ကြောက်သော တပည့်ကျော် ဆင်ပေါက်ခမျာ တစ်ကိုယ်လုံး စိပ်ပုတီးများဆွဲပြီး ပရိတ်ချည်ကြိုးများ တစ်ကိုယ်လုံးပတ်၍နေလေသည်။

အိမ်ကြီးသို့ စတင် ရောက်သောနေ့တွင်ပင် ဦးစွာ အိမ်ရှင်မလေး ယွန်းဝတီ၏ ဓာတ်ပုံကို မြင်ပြီး မောင်မောင်လွင်၏ မသိစိတ်က တိတ်တခိုး ချစ်မိသွားသည်။ ထို့နောက် ရှေးဘဝက ရေစက်



ကြောင့် ယွန်းဝတီ၏ဝိညာဉ်ကို မောင်မောင်လွ[illegible]
တွေ့ခဲ့သည်။ ထို့အပြင် ယွန်းဝတီနှင့် ရင်းနှီးခင်မ[illegible]
ခွင့်ရခဲ့ပြီး ယွန်းဝတီ ကျွတ်တန်းဝင်ဖို့ မောင်မော[illegible]
လွင်မှာ စီစဉ်လေတော့သည်။ ထိုအခါ သရဲ [illegible]
ကောင်ကလည်း သူတို့လည်း ဒီဘဝမှ ကျွတ်ချင်[illegible]
ကြ၍ မောင်မောင်လွင်အား ကိုယ်ထင်ပြကာ အ[illegible]
အညီတောင်းကြလေသည်။ သရဲငါးကောင်[illegible]
ထိုအိမ်အတွင်းမြှုပ်ထားသော ရွှေအိုးများထား[illegible]
နေရာကိုသိပြီး မောင်မောင်လွင်အား ပေးသည[illegible]
ဇာတ်လမ်းနိဂုံး အဆုံးသတ်မည်ကိုတော့ မာ[illegible]
ထက်ချီဗီဒီယို ထုတ်လုပ်ရေးမှ ဖြန့်ချိပေးသည့်[illegible]
ဆက်လက် ကြည့်ရှုခံစားကြစေချင်ပါသည်။

နိုင်ဇင်သ[illegible]

www.burmeseclassic.com

www.burmeseclassic.com



# စာအုပ်စင်ရှုထောင့်

**ကိုကြီးထူး**

## "ဂျိုကာဖေဖေနှင့် ရာဇဝတ်ကောင်များ"



**"စီစဥ်သူ ဆရာ ညီမေတ္တာ"**၏ အဲဒါငါ့အဖေစာစဥ် (၄) "ဂျိုကာဖေဖေနှင့် ရာဇဝတ်ကောင်များ"စာအုပ်တွင် မေတ္တာရှင် (ရွှေပြည်သာ) အပါအဝင် စာရေးဆရာ၊ ဆရာမ (၃၃)ဦး၏ ကိုယ်တွေ့ခံစားခဲ့ကြရသော အဖေများအကြောင်းစုံ ပါရှိသည်။ ဝယ်ယူသိမ်းဆည်းထားသင့်သည်။ ရွှေပြည်သာစာပေမှ တစ်အုပ်လျှင် ၂၀၀၀/-နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

## "အခြေခံရှေးဟောင်းသုတေသနပညာ"

**"အမျိုးသားစာပေဆုရ ဆရာမနုသဲကျော်ဝင်း"**၏ ဤစာအုပ်မှာ ၁၉၇၇ခုနှစ်တွင် ပထမအကြိမ် ထုတ်ဝေခဲ့ပြီး စာချစ်သူများ၏ တောင်းဆိုချက်အရ ယခု ဒုတိယအကြိမ် ထပ်မံထုတ်ဝေခြင်းဖြစ်သည်။ ကျမ်းကိုးအထောက်အထား ဓာတ်ပုံများနှင့်တကွ ရေးသားထားရာ သုတေသီတိုင်း လက်ကိုင်ဆောင်ထားသင့်သည်။ ရန်အောင်စာပေမှ တစ်အုပ်လျှင် ၂၀၀၀/-နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။






www.burmeseclassic.com

www.burmeseclassic.com



## "အဝေးမှ မိန်းမတစ်ဦးဖတ်သင့်သောအနီးမှ မိန်းမတစ်ယောက်အကြောင်း"



**"စာရေးဆရာ အယ်ဒီတာ ဆရာအောင်ဆင့်"**သည် သရုပ်မှန်သရော်စာများကို ရေးသားနေခဲ့ရာမှ ယ
ငယ်မူပြန် ငယ်ဇာတ်လမ်းကို ဆန်းသစ်စွာရေးသားထားရာ တစ်မျိုးတစ်ဘာသာ ခံစားရသည်။ အရဲစွန့်ရေးသားသူဟု သ
ပြုမိသည်။ အောင်သွယ်တော်စာပေ ဖုန်း-၀၁ ၅၇၈၃၆၆၊ ၀၉၄၂၂၅၃၁၃၆၆ မှတစ်အုပ်လျှင် ၁၅၀၀/-နှုန်းဖြင့် တစ်ပြည်
သို့ ဖြန့်ချိလျက်ရှိသည်။

BURMESE CLASSIC

## "အံ့ဖွယ်ထူးခြားအိပ်မက်များ"



**"ဆရာမ ငြိမ်းငြိမ်း (ထျိုင်းထုံ)"** ၏ ဤစာအုပ်တွင် အံ့ဖွယ်ထူးခြားအိပ်မက်ပေါင်း (၁၀)အိပ်မက်၊ ပ
ဆန်သောအိပ်မက် (၃)အိပ်မက်ပါဝင်သည်။ လူသည် ညအိပ်ရာဝင်သောအခါ အပြင်စိတ်က အနားယူပြီး အတွင်းစိတ်
အိပ်မက်ကို ဖြစ်ပေါ်စေသည်ဟု ဆိုထားရာ စိတ်ဝင်စားစရာကောင်းလှသည်။ အိပ်မက်ဗဟုသုတလေ့လာသူများအ
အကျိုးသက်ရောက်မှုရှိနိုင်သည်။ ရန်အောင်စာပေမှ တစ်အုပ်လျှင် ၁၅၀၀/-နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျ
ရှိသည်။




www.burmeseclassic.com

www.burmeseclassic.com



## "ကလောင်စုံ၏ ပန်းစေတမန်"



မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ စာရေးနည်းလမ်းညွှန်သင်တန်း အမှတ်စဉ် (၄)ဆင်း သင်တန်းသား၊ သင်တန်းသူများ၏ ဒုတိယမြောက်လုံးချင်းဖြစ်သည်။ ပထမ "ကလောင်စုံ ပန်းရတု" လုံးချင်းကို ထုတ်ဝေခဲ့သေးသည်။ ကဗျာ (၁၆)ပုဒ်၊ ဆောင်းပါး (၉)ပုဒ်၊ ဝတ္ထုတို (၈)ပုဒ်၊ ဝတ္ထုလတ် (၃)ပုဒ် ပါရှိရာ ကလောင်သစ်များဟု မထင်ကြရဘဲ တန်းဝင်ရသာ စုတစ်စွယ်စုံပါရှိရာ ဆွဲဆောင်မှုရှိလှသည်။ ရန်အောင်စာပေမှ တစ်အုပ်လျှင် ၂၅၀၀/-နှုန်းဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**ထိုကြီးထူး**



www.burmeseclassic.com

www.burmeseclassic.com



# တစ်လတာသင့်ကံကြမ္မာ

တက္ကသိုလ်စိုးမိုးနိုင်

## တနင်္ဂနွေ



လက်နှင့်ထိလျှင်ပင် ရွှေအတိဖြစ်သည်ဟူသော ပုံပြင်ထဲက လက်ကိုရရှိသူ တန်ခိုးရှင်တစ်ဦးကဲ့သို့ဖြစ်နေမည့်ကာလ။ ရိုးသားခြင်း၊ မှန်ကန်တိကျခြင်းတို့ကြောင့် ဆုံမိသူတိုင်း၏ အထင်ကြီးလေးစားမှုကို လက်ခံရရှိပေလိမ့်မည်။ အကြံပေး၊ ကူညီသူတို့နှင့်ကြုံရလိမ့်မည်။ ကျန်းမာရေး ကောင်းစေရန် လမ်းမှန်မှန်လျှောက်ပါ။ အရက်သေစာနှင့် အပျော်အပါးရှောင်ပါ။

သင့်နှလုံးသားအဘိဓာန်မှာ အချစ်ကို စာလုံးပေါင်းခွင့်ရမည်။ အကြင်နာ၊ မေတ္တာများစွာ ချစ်သူကို အသက်ထက်တန်ဖိုးထား ချစ်မိနေမည်။

**ထီထိုးရမည့်နေ့** – ကြာသပတေး၊ တနင်္လာ။

**အထိုးပေးဝဏ္ဏန်း** – (၃ ၈ ၆) (၇ ၈ ၁)

**ထကြော** – ယောဂီဝတ်ကို ဆေးနှင့်ငွေလှူပါ။

## တနင်္လာ



လှပသော မွှေးရနံ့များကို ပိုက်ထွေးရှူရှိုက်ခွင့်ရမည့်ကာလ။ အရာရာကို စိတ်ဝင်စားနေပေလိမ့်မည်။ ဘက်မလိုက်သူတစ်ဦးအဖြစ် လူအများ၏လေးစားချစ်ခင်မှုကို ရရှိပေလိမ့်မည်။ လူမှုရေးစိတ်ဓာတ်ပြည့်ဝသူ တစ်ပါးသူကို အကူအညီနှင့်အကြံဉာဏ်ပေးတတ်သော ကြောင့် အောင်မြင်ပျော်ရွှင်ရမည်။ ကျန်းကျန်းမာမာ ပျော်ရွှင်ရွှင်ရှိနေမည်။

ချစ်သူအပေါ် ပေးဆပ်ခြင်းသက်သက်ရ ရန် မမျှော်ကိုးဘဲ ချစ်နေလိမ့်မည်။ ချစ်သူ၏ အမှားမှန်မျှကို အပြစ်မမြင်ဘဲ ခွင့်လွှတ်ချစ်ခင်နေမည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ တနင်္ဂနွေ။

**အထိုးပေးဝဏ္ဏန်း** – (၁ ၈ ၂) (၇ ၈ ၂)

**ထကြော** – စနေထောင့်မှာ ပန်းများများလှူပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ



အမွေးအတောင်စုံစ ကြွက်ကလေးသဖွယ် ည်ပြိုင်ရင်ဆိုင် တက်ကြွပြီး အားမာန်ပြည့်ဝနေမည့်ကာ ။ ဆန္ဒနှင့်ဘဝ ထပ်တူကျရန် ကြိုးစားနေရပေလိမ့် ည်။ မှန်ကန်သောအတွေးကြောင့် တိုးလိုးတန်းလန်းဖြစ် နေသောကိစ္စရပ်တို့ အဆင်ချောသွားလိမ့်မည်။ ကျန်းမာ စရန် ဗောဓိချင်သုတ်တော်ကို ရွတ်ဖတ်သင့်၏။

သင်နှင့် ဘုဘောက်ကျနေသူလေးနှင့် ခပ်ငြိုငြို ဖြစ်သွားရတတ်သည်။ အချစ်ရေးမှာ ဆန္ဒမစောသင့်။ လောမကြီးသင့်ပေ။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး ကြာသပတေး။

**အကျိုးပေးဂဏန်း** – (၂ ၈ ၈) (၇ ၈ ၇)

**ဆေးကြွာ**– ငှက်စာကျွေးပါ။

## ဗုဒ္ဓဟူး



ပြိုင်မြင်းတစ်အုပ် ပြေးလာသည်နှင့်ရင်ဆိုင် တွေ့ကြုံရတတ်သောကာလ။ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်း ရ၊ တေ့တေ့ဆိုင်ဆိုင်ဖြေရှင်းစရာများနှင့် ကြုံရပေလိမ့် ည်။ အသိ၊ သတိနှင့် လှုပ်ရှားသွားလာသင့်၏။ "မြင်း" တောင်းခွာလိပ်မှုမျိုးမကြုံရစေရန် ဉာဏ်ပညာနှင့် ဝီရိယ ကို ပေါင်းစပ်ကာ ကြိုးစားသင့်၏။ ကျန်းမာရေးအတွက် ရာသီပေါ်အသီးအနှံများကို စားသုံးသင့်၏။

ဖူးစာရေးနတ်က သင့်အတွက် လှပလွန်းသော အချစ်အိပ်မက်ကလေးတစ်ခု ဖန်တီးပေးလိမ့်မည်။ အချစ်ကံကောင်းပြီး ခမ်းနားထည်ဝါသော အချစ်ခရီးလမ်း ကို စတိုင်လ်အပြည့်နှင့် လျှောက်ခွင့်ရပေလိမ့်မည်။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ သောကြာ။

**အကျိုးပေးဂဏန်း** – (၇ ၈ ၀) (၉ ၈ ၉)

**ဆေးကြွာ**– မွေးနံထောင့်မှာ တံခွန်၊ ကုက္ကားနှင့် ရွှေထီး လှူပါ။

## ကြာသပတေး



ကန်ရေပြင်ပြာလဲ့လဲ့မှာ ကြာဖြူ၊ ကြာနီစသည့် ကြာမျိုးစုံဖူးပွင့်ဝေဖြိုင်နေခြင်းကို စိတ်ချမ်းမြေ့စွာ တွေ့ မြင်နေရမည့်ကာလ။ စုတ်ရောလာဘ်ပါ အထူးဝင်ပေလိမ့် မည်။ အိမ်၊ ခြံ၊ မြေတိုက်တာကိစ္စ အိုကေသွားလိမ့်မည်။ ဟိတ်ဟန်လုပ်ပြီး ကြွားဝါတတ်သောဝါသနာကို ဆင်ခြင် သင့်၏။ ကျန်းမာရေးအတွက် ဆေးကောင်းဝါးကောင်း တွေ့မည်။

အချစ်အိပ်မက်ဆိုးမှ နိုးထခွင့်ရပေလိမ့်မည်။ ချစ်သူ၏ မာယာထောင်ချောက်မှ လွတ်မြောက်ခွင့်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားသည် ရင်ခုန်သံတို့ တိုးတိတ်လျက် ပကတိ တည်ငြိမ်နေပေလိမ့်မည်။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ ဗုဒ္ဓဟူး

**အထိုုးပေးဂဏန်း** – (၃ စ ၆) (၇ စ ၇)

**ထကြော–** ကလေးများကို ကောက်ညှင်းပေါင်းဒါနပြု ကျွေးပါ။

## သောကြာ



ကံတရားကို ဉာဏ်ကစားနေမည့် ကာလ။ ပြောင်းလဲမှုများကြောင့် တက်လမ်းပွင့်ပေလိမ့်မည်။ လူတကာ၏ လိုက်လှဲပျူငှာစွာ အရေးပေးမှုကို ခံရလိမ့်မည်။ ကျေးဇူးတုံ့ပြန်မှုခံရဖွယ်ရှိသည်။ သူတစ်ပါးကို ချီးမွမ်းထောမနာပြုရန် မမေ့ပါနှင့်။ ကျန်းမာရေးကောင်းစေရန် ရေကောင်းရေသန့်ကို သောက်ပါ။ ရေကို ကြိုချက်သောက်ပါ။

အချစ်ရေးမှာ မိမိ၏နှလုံးသားရင်ခုန်သံကို မိဘ များ၏ဆန္ဒကြောင့် ဘရိတ်အုပ်လိုက်ရလိမ့်မည်။ ချစ်ခြင်း ရင်ခုန်သံများကို စွန့်လွှတ်လိုက်ရမည်။

**ထီထိုးရမည့်နေ့** – ကြာသပတေး၊ စနေ။

**အထိုုးပေးဂဏန်း** – (၃ စ ၀) (၄ စ ၇)

**ထကြော–** အုန္နရာယ်ကင်းပရိတ်ရွတ်ဖတ်ပါ။

## စနေ



လိုတရ ဆီမီးခွက်ကို လက်ဝယ်ရရှိမည့်ကာ[...] ဒဏ္ဍာရီဆန်ဆန် ပေးအပ်လာမည့် ကံအခွင့်အလမ်း[...] နှင့် ကြုံရပေလိမ့်မည်။ အပြင်ပန်းသဏ္ဍာန်က မာ[...] ခက်ထန်သော်လည်း အတွင်းစိတ်က ပျော့ပျောင်းနူး[...] နေပေလိမ့်မည်။ သူတစ်ပါးအကူအညီနှင့် အကြံ[...] ချက်များမယူဘဲ မှန်ကန်သောဆုံးဖြတ်ချက်များ ချနိုင်[...] လိမ့်မည်။ အသက်ကို ဉာဏ်စောင့်သောကြောင့် [...] ကျန်းမာရေးကို မိမိဂရုစိုက်စောင့်ရှောက်သင့်၏။

မိမိ၏ ချစ်သူချောလေးကို ဖူးဖူးမှုတ်ချစ်ခင်[...] လိမ့်မည်။ ချစ်သူလေးကို အများသူငါမျက်စိစပါးမွေး[...] လောက်အောင် သဲသဲကဲကဲ ချစ်နေလိမ့်မည်။

**ထီထိုးရမည့်နေ့** – ကြာသပတေး၊ စနေ။

**အထိုုးပေးဂဏန်း** – (၅ စ ၀) (၁ စ ၂)

**ထကြော–** ရတနာမြတ်သုံးပါး၏ ဂုဏ်တော်ကို ပွား[...] ရွတ်ဖတ်ပါ။

**ထတ္တသိုလ်စိုးမိုး[...]**



www.burmeseclassic.com